

ခေါင်းတစ်ရာ သချိုင်း
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သောအခန်းစဉ်များ


ခေါင်းတစ်ရာသင်္ချိုင်းဥဒါန်း

အခန်း(၁) ခေါင်းတစ်ရာသင်္ချိုင်းနိဒါန်း

အခန်း(၂) သင်္ချိုင်းကုန်းမှ လမ်းလျှောက်သော အလောင်းကောင်

အခန်း(၃) တက်ခါး၏နောက်ဆုံးခရီး သို့မဟုတ်....

အခန်း(၄) ဒေါက်တာမင်းခေါင်နှင့် ထူးဆန်းသောညသည်

အခန်း(၅) ရွှေရေတာကောင်းနှင့် သန်းခေါင်ယံမြင်းစီးညသည်

အခန်း(၆) ပဋ္ဌလက်ဖျတ်ကျော်နှင့် ခေါင်းတစ်ရာသင်္ချိုင်း

အခန်း(၇) ခေါင်းတစ်ရာသင်္ချိုင်းသို့ မိုးရေလာလှုံ့သူတစ်ဦး

အခန်း(၈) ညတစ်ည၊ ရေတစ်ကောင်းတစ်လုံး၊ ခေါင်းပြတ်သရဲတစ်ကောင်

အခန်း(၉) ရွှေရေတာကောင်းတစ်ခု၏ အရုပ်တော်ပွဲ

အခန်း(၁၀) ရှေးဟောင်းရာဇဝင်ထဲက သမိုင်းဝင်ဓားမြောင်တစ်ချောင်း

အခန်း(၁၁) မြွေတစ်ကောင်၏ကျိန်စာ

အခန်း(၁၂) ခေါင်းတစ်ရာသင်္ချိုင်းရှာပုံတော်

အခန်း(၁၃) ဗြိတိသျှသမိုင်းရေးဆရာများထိန်ချန်ထားခဲ့သော ခေါင်းတရာသင်္ချိုင်း

အခန်း(၁၄) ပေပင်မော်သမိုင်းမော်ကွန်း၏ ခရီးနိဒါန်းအစ

အခန်း(၁၅) မြားတစ်စင်း၊ ဓားတစ်လက်၊ အသက်တစ်ချောင်း

အခန်း(၁၆) ပေပင်မော်သို့ ပြည်တော်ဝင်ခြင်း

အခန်း(၁၇) ပေပင်မော်မှ ငုတ်လျှိုးနေသောဇာတိမာန်များ

အခန်း(၁၈) စန္ဒားနက္ခတ်နှင့်တွေ့ဆုံခြင်း သို့မဟုတ်....

အခန်း(၁၉) ဇော်ဂနီမျိုးမို့ အစွယ်တိုးလေသလား

အခန်း(၂၀) အချစ်၊ အမုန်း၊ ပဋိပက္ခများနှင့်ရင်ဆိုင်ခြင်း

အခန်း(၂၁) ပေပင်မော်၏ဇာတိမာန် ဘဝဂ်တွင်ညံ့စေရှေ့

အခန်း(၂၂) သမိုင်းတွင်ရစ်မည့် ပေပင်မော်တိုက်ပွဲ

အခန်း(၂၃) ခေါင်းတစ်ရာသင်္ချိုင်း၏ သမိုင်းနိဒါန်းအစ

အခန်း(၂၄) သမိုင်းတွင်ခဲ့သော ခေါင်းတစ်ရာသင်္ချိုင်း

အခန်း(၂၅) လပြည့်ညနှင့် သန်းခေါင်ယံမြင်းညိုဂျင်

အခန်း(၂၆) အတိတ်မြို့ဟောင်းတစ်နေရာမှအပြန်....

အခန်း(၂၇) အန္တရာယ်ရင်ခွင်သို့တိုးဝင်ကြခြင်း သို့မဟုတ်....

အခန်း(၂၈) ခေါင်းတစ်ရာသင်္ချိုင်းမှ သန်းခေါင်ယံအသက်လုပွဲ

အခန်း(၂၉) ခေါင်းတစ်ရာသင်္ချိုင်းမှ ရှင်းတမ်းနိဂုံး


www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းတစ်ရာသင်္ချိုင်းနှင့် ပတ်သက်၍...

ဤစာအုပ်နှင့်ပတ်သက်၍ အနည်းငယ် ရှင်းလင်းတင်ပြရန်လိုအပ်သည်ဟု ထင်မြင်ယူဆမိပါသဖြင့် ဤအမှာစာကို ရေးသားရခြင်းဖြစ်ပါသည်။ အကြောင်းမှာ လွန်ခဲ့သောနှစ်ပေါင်း (၁၂၀)ခန့်က မြန်မာပြည် ------ မြစ်ဝကျွန်းပေါ်ဒေသရှိ 'ပေပင်မော်ရွာ'တွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သော 'ခေါင်းတစ်ရာသင်္ချိုင်း'၏သမိုင်းဖြစ်ရပ်မှန်ကို အင်္ဂလိပ်စာရေးဆရာကြီး 'ရုဒ်ယတ်ကစ်ပလင်' (Rudyard Kipling) က ယင်းခေါင်းတစ်ရာသင်္ချိုင်း လူသတ်ပွဲကြီးတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သူ 'ဆူဗဒါပရက်တေဝါရီ' (Subadar Prag Tewarri) ၏ ပြောပြချက်များကို အခြေခံ၍ ဖြစ်ရပ်မှန်ကဗျာတစ်ပုဒ်ကိုရေးဖွဲ့ခဲ့ပါသည်။





တစ်ဖန်...

ထိုခေါင်းတစ်ရာသင်္ချိုင်း မူရင်းအင်္ဂလိပ်ကဗျာကိုပင် ဆရာမောင်ဖုန်းပြည့်(တက္ကသိုလ်)က 'ဗြိတိသျှသမိုင်းဆရာများ ထိန်ချန်ခဲ့သော ခေါင်းတစ်ရာသင်္ချိုင်း၏သမိုင်း'ဟူသောအမည်ဖြင့် အမှတ်(၇၈)၊ ၁၉၉၆ခုနှစ်၊ စက်တင်ဘာလထုတ် နတ်ရေကန်မဂ္ဂဇင်းတွင် မြန်မာဘာသာပြန်ဆို၍ ဖော်ပြခဲ့သည်ကို ဖတ်ရှုခဲ့ရပြန်ပါသည်။

ယခုတဖန်...

ဆရာပြည်ပန်းမိုးက 'ခေါင်းတစ်ရာသင်္ချိုင်းက မြင်းစိုင်းသံ'ဟူ၍ အတွဲ(၇)၊ အမှတ်(၅)၊ ၂၀၀၇ခုနှစ်၊ မေလထုတ် သူရဇ္ဇမဂ္ဂဇင်းတွင် ထပ်မံ၍ဖတ်ရှုရသောအခါမှာတော့ ခေါင်းတစ်ရာသင်္ချိုင်းမှ လပြည့်ညမြင်းစိုင်းသံ၊ ပေပင်ချောင်းမှရေစီးသံ၊ ဝေန်မြစ်မှ ရေစီးသံများနှင့်အတူ ပေပင်မော်ရွာမှ ငိုရှိုက်သံများက ကျွန်တော်၏ နှလုံးသည်းပွတ်ထိတိုင် အရှိန်ပြင်းပြင်းဖြင့် ထိရှနာကျင်စေခဲ့သည်။ ထို့ထက်မှ ဘဝက်သို့တိုင် ပဲ့တင်ညံခဲ့လေသည်ထင့်။ ထို့ထက်မှ သားလည်းသေ၊ လင်လည်းဆုံးရှုံးခဲ့ရသော ပေပင်မော်မှ မုဆိုးမများ၏မျက်ရည်တို့သည် ပေပင်ချောင်းရေအလျင်ကို ကျော်ဖြတ်ကာ ဝေန်မြစ်ကြီးမှသည် စကြဝဠာဆီသို့



www.burmeseclassic.com

www.burmeseclassic.com



တလျှားထိတိုင် ပျံ့နှံ့စီးဆင်းသွားခဲ့ပါချေပြီတည်း။

အဖြစ်အပျက်တို့မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် ပေပင်မော်ရွာသားတို့၏ ရင်နင့်ကြေကွဲဖွယ်ရာ အဖြစ်ဆိုးများမှာ မနေ့တစ်နေ့ကမှ ဖြစ်ပျက်ကြုံတွေ့ခဲ့ရသော အကြောင်းအရာတစ်ခုပမာ သက်ကြီးစကား သက်ငယ်ကြားဟူသော စကားအတိုင်း ယခုထက်တိုင် ပြောစမှတ်မဆုံးနိုင်၊ မရိုးနိုင်သော ဖြစ်ရပ်မှန် သမိုင်းမှတ်တမ်းတစ်ခုအဖြစ် တည်ရှိနေဆဲပင်ဖြစ်ပါသည်။

BURMESE CLASSIC .com

ဟုတ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၁၂၀)ခန့်က အင်္ဂလိပ်မြန်မာစစ်ပွဲအပြီးတွင် သူ့ကျွန်မခံလိုသူ မျိုးချစ်တော်လှန်ရေးသမားများက မြန်မာနိုင်ငံအနှံ့အပြား၌ အင်္ဂလိပ်ဗြိတိသျှနယ်ချဲ့တို့အား ခုခံတွန်းလှန် တိုက်ခိုက်ခဲ့ကြသည်။ ၁၈၈၆ ခုနှစ်မှ ၁၈၉၀ပြည့် နှစ်အတွင်း မြန်မာပြည် မြစ်ဝကျွန်းပေါ်ဒေသမှ ခုခံတွန်းလှန်မှုများအနက် ပေပင်မော်တိုက်ပွဲတစ်ပွဲ၌ အင်္ဂလိပ်ဗြိတိသျှအရာရှိတစ်ဦး ကျဆုံးခဲ့ရသည်။

ထိုကဲ့သို့ ကျဆုံးခဲ့ရသည်ကို လက်စားချေဒဏ်ခတ်သည့်အနေဖြင့် အင်္ဂလိပ်ဗြိတိသျှတပ်ဖွဲ့က ပေပင်မော်ရွာရှိ မျိုးချစ်





သူရဲကောင်းများအားလုံးကို ရက်စက်စွာ သတ်ဖြတ်ပစ်ခဲ့ကြပါ၏။ သေဆုံးသူတို့၏ဦးခေါင်းများကိုဖြတ်၍ ပေပင်မော်သင်္ချိုင်း၌ စုပုံထားခဲ့ကြသည်။ ဤဖြစ်ရပ်ကိုသိရှိခဲ့ရသော အင်္ဂလိပ်စာရေးဆရာကြီး ရုဒ်ယတ်ကစ်ပလင် (Rudyard Kipling) သည် 'ခေါင်းတစ်ရာသင်္ချိုင်း' (The Grave of The Hundred Heads) ဟူသောကဗျာကို ခံစားရေးဖွဲ့ခဲ့ပါသည်။

မှန်ပါသည်။

မြန်မာတို့၏နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်းပါတော်မူပြီးနောက် ၁၈၈၆ နှင့် ၁၈၉၀ပြည့်နှစ်တို့၏ ကြားကာလတွင် အမှန်တကယ်ပင်ဖြစ်ပျက်ခဲ့သော အကြောင်းအရာဖြစ်သည်။ နယ်ချဲ့ဗြိတိသျှခေတ် မြန်မာ့ပညာရေးလောက၌ သမိုင်းပညာရှင်အဖြစ် ထင်ရှားခဲ့သူမှာ 'ဂျီအီးဟာဗေး' (GE Harvey) ဆိုသူဖြစ်ပါ၏။ သူပြုစုခဲ့သော အခြေခံမြန်မာ့သမိုင်း (Outside of Burmes History-1924) စာအုပ်သည် ကိုလိုနီနယ်ချဲ့ခေတ်တွင် ကျောင်းသုံးစာအုပ်အဖြစ် နှစ်ပေါင်းကြာရှည်စွာ နေရာယူခဲ့သည်။ ထိုသမိုင်းစာအုပ်သည် ဗြိတိသျှအုပ်စိုးသူတို့ဘက်သို့ သာသာထိုးထိုး ဘက်လိုက်မှုများဖြင့် ရေးသားထားခဲ့သော သမိုင်းစာအုပ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီနယ်ချဲ့ခေတ်တစ်ခေတ်လုံး မျိုးချစ်ပုဂ္ဂိုလ်ကြီးများ၏ ဝေဖန်ထောက်ပြမှုများကို ခံခဲ့ရသည်။ မြန်မာတို့ကို နှိမ့်ချ၍ ဗြိတိသျှနယ်ချဲ့တို့ မြန်မာပြည်ကိုသိမ်းပိုက်ခြင်းကပင် မှန်ကန်သယောင်ယောင် ရေးသားထားခဲ့သောအချက်များကို ချေပရန်အတွက် အမျိုးသားပညာဝန် ဦးဖိုးကျား၏ 'မြန်မာ့ဂုဏ်ရည်' ရာဇဝင်ဖတ်စာအုပ်ကဲ့သို့သော သမိုင်းစာအုပ်များပေါ်ပေါက်ခဲ့ပါသည်။

ဤမှာဘက် လွတ်လပ်ရေးခေတ်တွင် မြန်မာ့သမိုင်းဖြစ်စဉ်များကို ပြန်လည်သုံးသပ်ကြသည့် သုတေသနစာအုပ်စာတမ်းများ အများအပြားထွက်ပေါ်လာခဲ့ရာ ရန်ကုန်တက္ကသိုလ်အငြိမ်းစား၊ ဒုတိယအဓိပတိ (ပါမောက္ခချုပ်) သမိုင်းသုတေသနပညာရှင် ဒေါက်တာထင်အောင်က ၁၉၇၅–ခုနှစ်၊ အောက်တိုဘာလထုတ် မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်တွင် 'ဂျီအီးဟာဗေး (GE Harvey) သည် နယ်ချဲ့ဝါဒီလော၊ သမိုင်းပညာရှင်လော'ဟူသောဆောင်းပါးဖြင့် ဂျီအီးဟာဗေး၏ မြန်မာ့သမိုင်းအမြင်များကို ဝေဖန်စိစစ်ထောက်ပြခဲ့ပါသည်။

ထိုဆောင်းပါးတွင် ဂျီအီးဟာဗေးသည် သမိုင်းသုတေသီအဖြစ် မြန်မာနိုင်ငံ၏ဖြစ်စဉ်ကို တစိုက်မတ်မတ်လေ့လာနေစဉ်





ရောဝတီတိုင်းအတွင်း၌ ဗြိတိသျှတို့၏ရက်ရက်စက်စက်ပြုမူခဲ့ကြပုံများကို အတိအကျသိပါလျက်နှင့် မိမိသမိုင်းစာအုပ်တွင် ဖော်ပြမထားခဲ့ခြင်းကို လေ့လာဖော်ထုတ်ထားသည်။ တစ်ဖန် ပထမအကြိမ်ထုတ်ဝေခဲ့စဉ်က ထိုအဖြစ်အပျက်ကို ခိုင်ခိုင်မာမာမသိရှိရသေးသဖြင့် ထည့်သွင်းရေးသားခြင်းမရှိသည့်တိုင် အဖြစ်မှန်ကို တိတိကျကျသိရှိခဲ့ရပြီးသည့် ၁၉၂၆–ခုနှစ်နောက်ပိုင်းတွင်လည်း နောက်ဆက်တွဲဖြည့်စွက်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပြန်လည်ဖော်ပြခြင်းစသည်တို့ကို မပြုလုပ်ဘဲ ရှေငုံနှုတ်ပိတ်နေခဲ့ခြင်းမှာ သဘောရိုး၊ သဘောမှန် သမိုင်းသုတေသီအစစ်မဟုတ်ဘဲ နယ်ချဲ့ဗြိတိသျှဝါဒီဖြစ်၍သာ ဤသို့နှာစေးနေခဲ့ခြင်းဖြစ်ပါ၏ဟု ဝေဖန်ထောက်ပြခဲ့သည်။

သည်တော့လည်း...

ပေပင်မော်ရွာ၏ ငိုရှိုက်သံတို့မှာ ဘဝင်သို့ညံခဲ့သည်။ နှလုံးသည်းပွတ်တို့ ကြေပြုန်းပျက်စီးခဲ့သည်။ ထို့ထက်မူ ခေါင်းတစ်ရာသင်္ချိုင်းမှ မြင်းစိုင်းသံတို့သည် ကျွန်တော်၏နှလုံးသည်းပွတ်ကြားတွင် ပဲ့တင်ညံခဲ့သည်မဟုတ်ပါလား။

တစ်ခေတ်တစ်ခါက မြန်မာတို့၏ဇာတိမာန် (သို့မဟုတ်) ပေပင်မော်ရွာသားတို့၏ဇာတိမာန် ခုခံတွန်းလှန်သောတိုက်ပွဲများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အသက်စွန့်ခဲ့ရရှာသော မျိုးချစ်ရှာသားများ၏ ခေါင်းတစ်ရာသချိုင်းပုံရိပ်များက ကျွန်တော့်အား ထိရှနာကျင်တုန်လှုပ်စေခဲ့သည်။ ထိုနာကျင်ထိရှသောဝေဒနာများမှတစ်ဆင့် ခေါင်းတစ်ရာသချိုင်း၏ပုံရိပ်များစွာတို့ ပူးကပ်ခံစားလာခဲ့ပါ၏။ ထိုခံစားပူးကပ်လာကြသော စိတ်ဝိညာဉ်တို့ကို အတားအဆီးမဲ့လွှတ်ပေးလိုက်သည့်အခါမှာတော့ 'ခေါင်းတစ်ရာသချိုင်း'ဟူသော ဝိညာဉ်ပူးကပ်ခံစားရမှုဖြင့်ယှဉ်သော တကယ့်ဖြစ်ရပ်မှန်ဝတ္ထုကြီးတစ်ပုဒ်ဖြစ်ပေါ်မွေးဖွားလာခဲ့ပါတော့သတည်း။

ဤ 'ခေါင်းတစ်ရာသချိုင်း'ဝတ္ထုကြီးဖြစ်မြောက်လာစေရေးအတွက် မှိုင်းပြမ်းကိုးကားမှုများပြုလုပ်ခဲ့ရသော အင်္ဂလိပ်စာရေးဆရာကြီး ရုဒ်ယတ်ကစ်ပလင် (Rudyard Kipling)၊ ဘာသာပြန်ဆိုပေးခဲ့သော ဆရာမောင်ဖုန်းပြည့်(တက္ကသိုလ်)၊ ဇာတ်ကြောင်းဆောင်းပါးဖြင့်ရေးသားခဲ့သော ဆရာပြည်ပန်းမိုးတို့နှင့် ခေါင်းတစ်ရာသချိုင်းဖြစ်ရပ်မှန်သမိုင်းကြောင်းအချို့အားတစ်စွန်းတစ်စပြောပြခဲ့ကြသော ကျေးရူးရှင်ဖခင်ကြီး ဦးဝင်းမောင်၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီး (ကွယ်လွန်)၊ ဦးစိန်(ခ) ဗိုလ်ကြီးမင်းနိုင်၊ မော်ကွန်းဝင်ဒုတိယအဆင့် (ကွယ်လွန်) ခေါင်းတစ်ရာသချိုင်းဥဒါန်းကဗျာတိုလေးအား ရှာဖွေပေးခဲ့သည့်





ဆရာကြီးသက်ထွန်း (တ. က. က. ငြိမ်း) နှင့် ခုနှစ်စဉ်ကြယ်စာပေမှ ဦးအောင်စိုးတို့မိသားစုတို့အား ရင်မှ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကျွန်တော်၏ စာဖတ်ပရိသတ်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာပြည့်စုံနိုင်ကြပါစေဟု . . .။

ဝေဖန်အကြံပေးစာများကို မျှော်လင့်လျက်

**သက်မင်းဂျူလိုင်**

သက်မင်းဂျူလိုင်စာပေ
အမှတ်-၁၇၀၊ ချယ်ရီလမ်း၊ မြင်သာ (၁၄)၊
တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Ph; C/O - 563271
Ph; C/O - 570316

www.burmeseclassic.com

www.burmeseclassic.com

"ခေါင်းတစ်ရာသင်္ချိုင်းဥဒါန်း"

တစ်မှုန်ဖြေစာ
တစ်လွှာပန်းပြောက်
တစ်ပေါက်နေခြည်
ရေကြည်ချမ်းမြ
တစ်စက်မျှလျှင်
ငါတို့လက်က
သင်းတို့ရသော်
မြန်မာ့သမိုင်း
ရာဇဝင်ရိုင်းလိမ့်...။

( အမည်မသိစာဆို )

BURMESE CLASSIC .com

## အခန်း(၁)
## 'ခေါင်းတစ်ရာသင်္ချိုင်းနိဒါန်း'

အချိန်က လပြည့်ည သန်းခေါင်ယံ။

မိုးရိပ်မိုးသားများနှင့် ဆောင်းနှင်းမြူငွေ့များ ရောယှက်နေသည့် သန်းခေါင်ယံလပြည့်ညသည် ငြိမ့်ငြိမ့်ညင်ညင်စီးဆင်းနေသည့်ပေပင်ချောင်းနှင့် ဝေနှမြစ်တို့၏ ရေစီးသံသဲ့သဲ့အောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေသည့်သို့။

ထိုအတူ ပေပင်မော်ရွာစွန်ရှိ ပေပင်မော်သင်္ချိုင်းကြီးသည်လည်း မိုးရိပ်မြူငွေ့တို့ပျော်ဝင်နေသည့် လပြည့်ည၏ငွေလရောင်



www.burmeseclassic.com

www.burmeseclassic.com



မှန်ဝါးဝါးအောက်တွင် ပီဘိကျောက်ရုပ်တစ်ခုနှယ် မလှုပ်မယှက်နှင့်။

ရံဖန်ရံခါ ဝေ့ဝဲတိုက်ခိုက်လာသည့် မိုးနံ့ပါသောဆောင်းကြမ်းလေပြင်းကြောင့် သစ်ပင်ကြီး၊ ဝါးပင်ကြီးတို့၏ အကိုင်းချင်း၊ အပင်ချင်းပွတ်တိုက်ရိုက်ခတ်သံတစ်ချို့မှလွဲ၍ လပြည့်ည၏ သန်းခေါင်ယံသည် တစ္ဆေတစ်ကောင်၏လက်ချောင်းကြီးများကဲ့သို့ အေးစက်လျက်သာရှိပါချေ၏။

အချုပ်ဆိုရပါမူ ပေပင်ချောင်းနှင့် ဝေန်မြစ်တို့အနီးရှိ ပေပင်မော်ရွာသည်လည်းကောင်း၊ ပေပင်မော်သင်္ချိုင်းကုန်းသည်လည်းကောင်း အေးစိမ့်စိမ့်သန်းခေါင်ယံညဥ့်လယ်၏ လပြည့်ညမိုးသားနှင်းမြူကမ္ဗလာခြုံလွှာကြီးအောက်ဝယ် အနားယူအိပ်စက်လျက်ရှိပါချေပြီတည်း။

ထိုအချိန်တွင်...

ပေပင်မော်ရွာကြီးဘက်ဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သောခွေးအူသံကြီးများက သွေးပျက်ချောက်ချားဖွယ်ရာ ထွက်ပေါ်လာခဲ့သည်။

''ဂူး...အူး...အူး...ဂူး...ဂူး...အူး...အူး''

တစ်ချိန်တည်းမှာပင် ပေပင်မော်သင်္ချိုင်းဘက်ဆီမှ မြင်းခွာသံများနှင့် မြင်းဟီသံသဲ့သဲ့က တိတ်ဆိတ်စွာ အိပ်မောကျနေသည့် သန်းခေါင်ယံလပြည့်ညတွင် ပဲ့တင်ရိုက်ခတ်လာခဲ့ပါသည်။





''ခွပ်...ခွပ်...ခွပ်...ခွပ်''

''ဟီး...ဟီး...ဟီး...ဟီး''

ဟုတ်ပါသည်။, ရုပ်ဝတ္ထုဒြပ်တို့ ထင်ထင်ရှားရှား၊ ပြက်ပြက်ထင်ထင် မမြင်တွေ့ရပါဘဲ မြင်းခွာသံကြီးများနှင့် မြင်းဟီသံများသာ ပဲ့တင်ညံလျက်ရှိသည့် ပေပင်မော်သင်္ချိုင်းဝန်းကျင်မှာတော့ လပြည့်ညသန်းခေါင်ယံပုံပြင်က စတင်သက်ဝင်နိုးထလာခဲ့ချေပြီထင့်။

မကြာမီ တခွပ်ခွပ်နှင့် မြင်းခွာသံကြီးများက ပေပင်မော်ရွာဦးထိပ်ဆီသို့ ဦးတည်စိုင်းနှင်သွားခဲ့ပြီး တစ်ဆက်တည်းမှာပင် ကျယ်လောင်စွာမြည်ဟီးလိုက်သည့် မြင်းဟီသံကြီးများက ပေပင်မော်ရွာဦးစေတီဘက်ဆီမှ ထွက်ပေါ်လာခဲ့သည်။ သစ်ပင်ဝါးပင်များနှင့်အုပ်ဆိုင်းနေသည့် ပေပင်မော်ရွာဦးစေတီပရဝုဏ်ဝန်းကျင်မှာတော့ မိုးနှင်းမြူငွေ့များက ခပ်ပါးပါးမျှသာ ကြဲပက်ဖြန့်ဆင်းလျက်ရှိပါချေ၏။

''ဒေါင်...ဒေါင်...ဒေါင်...ဒေါင်''

ထိုအချိန်တွင်...



www.burmeseclassic.com

www.burmeseclassic.com



ပေပင်မော်ဘုရားရင်ပြင်ထက်၌ရှိသော ကြေးခေါင်းလောင်းကြီးသည် ခေါင်းလောင်းထိုးသူမတွေ့ရှိရပါဘဲနှင့် သူ့အလိုလိုမြည်ဟီးနေသံမှာ လပြည့်ညသန်းခေါင်ယံ၏ ဆောင်းနှင်းမိုးမြူများကြားတွင် လွမ်းဆွတ်ကြေကွဲဖွယ် ပဲ့တင်ထပ်စီးမျောနေပါလေ၏။

မကြာမီ မြင်းခွာသံကြီးများက ပေပင်မော်ရွာတံခါးဝ စည်းရိုးရှိရာသို့ တစ်ကျော့တစ်ပြန်ရောက်ရှိလာခဲ့ပြီး ရွာစည်းရိုးအတိုင်း လှည့်ပတ်ကာ စိုင်းနှင်နေသံကြီးများကိုပါ မယုံကြည်နိုင်ဖွယ် ကြားနေရပါလေတော့သည်။

"ခွပ်...ခွပ်...ခွပ်"

"ဟီး...ဟီး...ဟီး"

ထိုစဉ်မှာပင်

ပို၍ ပို၍ထူးဆန်းအံ့ဩဖွယ်၊ သွေးပျက်ချောက်ချားဖွယ်၊ မယုံကြည်ဖွယ်ရာမြင်ကွင်းတစ်ခုက ဆောင်းနှင်းမိုးမြူတို့လွှင့်ပြယ်စလပြည့်ည၏လရောင်ဖွေးဖွေးအောက်တွင် မြင်လိုက်ရပါချေပြီတည်း။

ဟုတ်သည်။ မြင်ကွင်းက တကယ်ပင်ထိတ်လန့်အံ့ဩဖွယ်ရာပင်။ သန်မာထွားကျိုင်းလှသည့် မြင်းညိုကြီးကိုစီးလျက်





ရင်အုပ်ကားကား၊ ညိုမောင်းသောအသားအရည်နှင့် လက်ထဲတွင် သွေးစွန်းလျက်ရှိသော ငှက်ကြီးတောင်ဓားရှည်ကြီးကို ကိုင်စွဲကာ နီညိုရောင်ပိုးထည်ပုဆိုးကို ခါးတောင်းကျိုက်ထားသည့် မြင်းစီးလူရွယ်၏သွင်ဟန်က လရောင်အောက်တွင် ကြွားဝင့်ထည်ဝါစွာနှင့်။

ထို့ပြင် ရင်ဘတ်တွင်စည်းနှောင်ထားသည့် အနီရောင်ရွှေကျင်ခတ်ပိုးပုဝါလေးကလည်း မြင်းညိုကြီးကို အပြင်းစိုင်းနှင်လိုက်တိုင်း လေတွင်တဖျတ်ဖျတ် တလွင့်လွင့်နှင့် ဝဲပျံလျက်ရှိပါ၏။

"ခွပ်...ခွပ်...ဖြောင်း...ဖြောင်း...ခွပ်...ခွပ်"

"ဟီး...ဟီး...ဟီး...ဟီး"

သို့သော် ထူးခြားဆန်းပြားနေခြင်းမှာ ထိုမြင်းစီးလူရွယ်မှာ ဦးခေါင်းမပါရှိခြင်းပင်တည်း။ ဟုတ်သည်။ လည်တိုင်တစ်ပိုက်တွင် သွေးစွန်းသွေးကွက်ရာကြီးများ စွန်းထင်းပေကျံလျက် ခန္ဓာကိုယ်ကြီးတွင် ဦးခေါင်းမပါရှိတော့သည့် မြင်းစီးလူရွယ်၏ တဖြောင်းဖြောင်းနှင့် မြင်းစိုင်းနှင်သံကြီးက လပြည့်ညသန်းခေါင်ယံတွင် ပိုမို၍သွေးပျက်ချောက်ချားစေလေပြီလား။

မကြာမီ ထိုဦးခေါင်းမပါသည့်မြင်းစီးလူရွယ်မှာ ပေပင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မော်ရှာကြီးကို ရှာစည်းရိုးအတိုင်း သုံးလေးကြိမ်မျှလှည့်ပတ်၍ စိုင်းနှင်နေပြီးမှ ပေပင်မော်သချိုင်းဘက်ဆီသို့ ပြန်လည်ထွက်ခွာသွားပါလေတော့သည်။

''ခွပ်...ခွပ်...ခွပ်...ဖြောင်း...ဖြောင်း...ဖြောင်း''

''ဟီး...ဟီး...ဟီး...ဟီး...ဟီး''

''အူး...ဂူး...ဂူး...အူး...ဂူး...အူး''

တစ်ချိန်တည်းမှာပင် ပေပင်မော်သချိုင်းဘက်ဆီမှလည်း ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီးများနှင့်အတူ တဖွဲဖွဲပြန်လည်ကျဆင်းလာသည့် မိုးနှင်းမြူလွှာထုကြီးအောက်တွင် မြင်းစီးခေါင်းပြတ်လူရွယ်၏သွင်ဟန်က တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားပါတော့သည်တကား။

## အခန်း(၂)

## 'သချိုင်းကုန်းမှ လမ်းထလျှောက်သောအလောင်းကောင်'

ည...။ မိန်းပိတ်အောင်မှောင်မည်းနေသည့်ည။

မိုးရိပ်မိုးငွေ့တို့ကိုသယ်ဆောင်လာသည့် မိုးသက်လေကြမ်းက တဝေါဝေါတိုက်ခတ်လျက်ရှိပါလေ၏။

ခေါင်းတစ်ရာသချိုင်းဇရပ်ပျက်ခေါင်မိုးဘက်မှ ပျက်စီးပြုတ်ကျလျက်ရှိသော သွပ်ပြားချပ်များက မိုးသက်လေကြမ်းဒဏ်ကြောင့် တဂျွမ်းဂျွမ်း တပြန်းပြန်းနှင့် သံစုံဟစ်ကြွေးလျက် ရိုက်ခတ်နေကြသည်။

''ဝေါ...ဝေါ...ဝေါ...ဖရော...ဝုန်း''



www.burmeseclassic.com

www.burmeseclassic.com



"ဂျွမ်း...ဂျွမ်း...ဖြန်း...ဂျွမ်း"

ယခုတော့ လမိုက်ညသည် လမိုက်ညသက်သက် မဟုတ်တော့ဘဲ ညဥ့်ဦးယံလောက်ကမရှိနေသေးသည့် ကြယ်ရောင်မှိန်မှိန်လေးများပင် မတွေ့မမြင်ရပါလေတော့။ အနောက်တောင်ဘက်အရပ်ဆီမှ တရိပ်ရိပ် တလိပ်လိပ်တက်လာကြသည့် မည်းညစ်ညစ်မိုးသားတိမ်လိပ်များက ခေါင်းတစ်ရာသင်္ချိုင်းကြီး၏ ညဥ့်လယ်ယံကို ပိုမို၍ ပိန်းပိတ်အောင် နက်မှောင်စေခဲ့ပြီထင့်။

ဆိုရပါမူ ဖြည်တည်နေဆဲလောကကြီးတစ်ခုလုံးကို ဘာဆိုဘာမျှမမြင်ရအောင် အမှောင်ကမ္ဗလာကြီးတစ်ခု ဖုံးအုပ်ချထားလိုက်သကဲ့သို့။ ထိုသို့ ဘာမျှမမြင်ရသည့် အမှောင်ထုကြီးထဲမှာပင် မိုးသက်လေကြမ်းကြောင့် ယိမ်းထိုးလှုပ်ခါနေကြသည့် သစ်ပင်ခြုံနွယ် ဝါးရုံပင်ကြီးများက မကောင်းဆိုးဝါး နာနာဘာဝကောင်ကြီးများ ယိမ်းကနေကြသည့်နှယ်ပါတည်း။

"ဂျိမ်း...ဖြန်း"

"ဒိန်း...ဂျရိမ်း...ဝုန်း"

တစ်ချက်တစ်ချက် လျှပ်စီးများကလည်း တဝင်းဝင်း လက်လျက်။ မိုးခြိမ်းသံ၊ မိုးကြိုးပစ်ခွင်း ထစ်ချုန်းမြည်ဟီးသံကြီးများက တဝုန်းဝုန်း၊ တဂျိမ်းဂျိမ်းနှင့်။ လျှပ်စီးများဝင်းလက်





သွားစဥ်အခိုက် တွေ့မြင်လိုက်ရသည့် သင်္ချိုင်းမြေပုံမှတ်တိုင်များနှင့် အုတ်ဂူပျက်ကြီးများက လမိုက်ညမြင်ကွင်းကို ပိုမို၍ သွေးပျက်ချောက်ချားဖွယ်ကောင်းအောင် လှစ်ဟဖော်ကျူးပြနေသကဲ့သို့။

ထိုအချိန်တွင် ခေါင်းတစ်ရာသင်္ချိုင်းဇရပ်ပေါ်တွင် ရှိနေသည့်ခေါင်းတလားကြီးသုံးလုံးနှင့် ဖျာလိပ်နှင့်ပတ်ချည်ထားသည့် လူသေအလောင်းနှစ်လောင်းတို့က သင်္ချိုင်းဇရပ်ပျက်ကြီး၏ သရဏဂုံတင်သည့် စင်မြင့်ထက်ဝယ် စီစီရီရီနှင့် ရှိနေကြပါ၏။ မကြာမီ သန်းခေါင်ယံကျော်လွန်လာခဲ့သည်နှင့် ခေါင်းတလားကြီးသုံးလုံးအနက် အလယ်ခေါင်မှ ခေါင်းတလားကြီးဆီမှ အသံဗလံအချို့ ထွက်ပေါ်လာပါ၏။

"ဂျွတ်...ဖရော...ကျွိ...ကျွိ...ကျွိ"

သေချာစွာနားစိုက်ထောင်ပါမှ ကြားနိုင်လောက်သည့် တကျွိကျွိမြည်သံများနှင့်အတူ ခေါင်းတလားဖုံးကြီးသည် တစ်စတစ်စ နံဘေးတစ်ဖက်သို့ ရွေ့လျားပွင့်ဟလာသည်ကို ထိတ်လန့်ချောက်ချားဖွယ်မြင်တွေ့လိုက်ရပါတော့သည်။

"ကျွိ...ကျွိ...ဂျစ်...ဂျစ်...ဖရော"

"ဂျစ်...ဂျစ်...ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဒုန်းခနဲ ခေါင်းဖုံးကြီး အောက်သို့ပြုတ်ကျသွားသည့် မတိုးမကျယ်အသံကြီးမှာ တဂျွမ်းဂျွမ်း တဖြန်းဖြန်းရိုက်ခတ်နေကြသော သွပ်ပြားချပ်အော်မြည်သံများအောက်တွင် ပျောက်ကွယ်သွားပါလေ၏။ တစ်ချိန်တည်းမှာပင် လူသေခေါင်းတလားကြီးထဲမှ အလောင်းကောင်ကြီးမှာ ရုတ်ခနဲ ထထိုင်လိုက်သည်။

ထူးဆန်းအံ့သြဖွယ်၊ သွေးပျက်ထိတ်လန့်ဖွယ် ထိုမြင်ကွင်းကို ယခုကဲ့သို့ အ,ကာလ မိုးလေကြမ်းသည့်အချိန်ခါသမယတွင် တစ်စုံတစ်ယောက်သာ မမျှော်လင့်ဘဲ မြင်တွေ့လိုက်ရပါလျှင် လိပ်ပြာများပင် လွင့်စင်လုမတတ်ဖြစ်သွားမည်မှာ မြေကြီးလက်ခတ်မလွဲပင်တည်း။

ခေါင်းတလားကြီးထဲမှ ထထိုင်လိုက်သည့် အလောင်းကောင်ကြီးမှာ ရုတ်တရက် အပြင်သို့မထွက်သေးဘဲ ပိန်းပိတ်အောင်မှောင်နေသည့် အမှောင်ထုကြီးထဲသို့ အတန်ကြာမျှ ငေးစိုက်ကြည့်နေပြန်ပါ၏။ တစ်ချက်တစ်ချက် ပြိုးကနဲ ပြက်ခနဲလင်းလက်သွားသည့် လျှပ်ရောင်အောက်တွင် ကတုံးကြီးနှင့် အလောင်းကောင်ကြီးထိုင်နေပုံက သွေးပျက်ကျောချမ်းဖွယ်ရာပါတည်း။





''ဝေါ...ဖရော...ဝုန်း...ဂျွမ်း''

''ဖျတ်...ဖလတ်...ဖလတ်''

ငြိမ်သွားတော့မယောင်နှင့် တစ်ချီတစ်ချီ ဆောင့်၍ဆောင့်၍ မွှေနှောက်တိုက်ခတ်လိုက်သည့် လေသရမ်းကြောင့် အစိမ်းကြွေ ကြွေလွင့်လာသည့် လတ်လတ်ဆတ်ဆတ် သစ်ရွက်စိမ်းများက အလောင်းကောင်ကြီး၏မျက်နှာတည့်တည့်သို့ တဖျတ်ဖျတ်နှင့် ထိမှန်ရိုက်ခတ်လာသည်။

ထိုအခါမှ အလောင်းကောင်ကြီးက မျက်နှာထက်တွင် ကပ်နေသည့် သစ်ရွက်စိမ်းတချို့ကို လက်ကြီးနှင့် ခပ်ကြမ်းကြမ်းဆွဲဖယ်ပစ်ကာ ခေါင်းတလားကြီးထဲမှ ကုန်း၍ထလိုက်သည်။ ပြီးလျှင် ကြိုတင်စီစဉ်ထားသည့်အတိုင်း ခေါင်းတလားထဲမှ ဓားမြှောင်တစ်ချောင်းနှင့် နှစ်တောင့်ထိုးလက်နှိပ်ဓာတ်မီးတစ်လက်ကို ဆွဲယူလိုက်ပါ၏။ အားလုံးယူငင်၍ပြီးစီးသည်နှင့် အလောင်းကောင်မဟုတ်သော အလောင်းကောင်ကြီးမှာ သင်္ချိုင်းဇရပ်ပျက်ကြီးပေါ်မှ တိတ်ဆိတ်ညင်သာစွာ ဆင်းလာခဲ့ပါတော့သည်။

စင်စစ် ထိုအလောင်းကောင်သည် အစစ်အမှန်အလောင်းကောင်မဟုတ်။ ခေါင်းတစ်ရာသင်္ချိုင်းခေါ် ပေပင်မော်သင်္ချိုင်းအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ကွက်တစ်ခုဖန်တီးခဲ့သော ဖောက်ထွင်းဝိဇ္ဇာ တက်ခါးပင်ဖြစ်ပါ၏။ ဤသို့မှ စွန့်စား၍ဝင်ရောက်ခြင်းမပြုခဲ့လျှင် ဤခေါင်းတစ်ရာ သင်္ချိုင်းအတွင်းသို့ဝင်ရောက်ရန် မလွယ်ကူလှပါ။ အခြားအခြား သောသင်္ချိုင်းများတွင် သင်္ချိုင်းစောင့် သုဘရာဇာတစ်ယောက် နှစ်ယောက်ခန့်သာ ရှိကြသည်မှန်သော်လည်း ဤခေါင်းတစ်ရာ သင်္ချိုင်းမှာတော့ သုဘရာဇာလေးယောက်တိတိရှိကြပြီး နေ့ည မပြတ် စောင့်ရှောက်လျက်ရှိသည်မှာ မကြုံဖူး၊ မကြားဖူးသော ဖြစ်ရပ်ပင်ဖြစ်ပါလေ၏။

ထို့ကြောင့်လည်း တစ်ကိုယ်တော်ဖောက်ထွင်းဝိဇ္ဇာ တက်ခါးမှာ ယခုကဲ့သို့ မိုးလေကြမ်းရမ်းသည့်လမိုက်ညကို ရွေးချယ်၍ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ရှင်းရှင်းဆိုရပါလျှင် သူ၏ အဓိကပစ်မှတ်မှာ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀)ခန့်က နယ်ချဲ့ အင်္ဂလိပ်များအား သူ့ကျွန်မခံ တော်လှန်တိုက်ခိုက်ရင်း ကျဆုံးသွားခဲ့ရသည့် သီပေါဘုရင်၏ ကိုယ်ရံတော်တပ်မှူးလေး ဗိုလ်သူရိန်၏အုတ်ဂူအား တိတ်တဆိတ်လာရောက်ဖောက်ထွင်းခြင်း သာဖြစ်ပါ၏။

ဖောက်ထွင်းဝိဇ္ဇာတက်ခါးသည် သူ၏လုပ်ငန်းနှင့်ပတ်သက်၍ စည်းစနစ်ကြီးသည်။ စိတ်ရှည်သည်။ လေ့လာစေ့ငသည်။ လုပ်ငန်းတစ်ခုကိုလုပ်ကိုင်တော့မည်ဆိုလျှင် သုံးလေးလခန့်အချိန်ယူ၍ အဘက်ဘက်မှလေ့လာစုံစမ်းသည်။ ပိုင်ပြီဆိုမှ လုပ်ငန်းစသည်။ ထို့ကြောင့် သူ၏လုပ်ငန်းဆယ်ပုံတွင် ရှစ်ပုံမျှ အောင်မြင်လေ့ရှိသည်မဟုတ်ပါလား။ ကျန်နှစ်ပုံလွဲချော်ခြင်းမှာလည်း သူ၏ဘက်မှ စည်းဖောက်၍မဟုတ်ပါ။ ကာယကံရှင်၏ သတင်းများ မမှန်မကန်မှားယွင်းခဲ့သဖြင့် နောက်ဆုတ်ခဲ့ခြင်းသာ ဖြစ်ပါ၏။ ယခုအရေးကိစ္စသည် သူ၏ကိစ္စမဟုတ်ပါ။ သူ၏ လက်ဦးဆရာရင်း ပဥ္စလက်ဗျတ်ကျော်၏စီစဉ်ခိုင်းစေမှုကြောင့် ဤခေါင်းတစ်ရာသင်္ချိုင်းအတွင်းသို့ ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။

"ဒီမှာတက်ခါး...သေသေချာချာနားထောင်၊ တပ်မှူးလေး ဗိုလ်သူရိန်ကို သိဒ္ဓိဝင်အပ်တစ်ချောင်းနဲ့ အမြုတေတစ်ခုကို အစီအရင်တွေပြုပြီး မြှုပ်နှံပေးထားခဲ့တယ်၊

အေး...အဲဒီသိဒ္ဓိဝင်အပ်ဟာ ကာယသိဒ္ဓိအပြီးအစီးဘက်မှာ အင်မတန်ကိုစွမ်းတာကွ၊ အဲဒါ ငါသေသေချာချာစုံစမ်းပြီးပြီ၊ ရောဝတီမြစ်ဝကျွန်းပေါ်ဘက်မှာ ပေပင်မော်ရွာဆိုတာရှိတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း(၁၀၀)လောက်က အဲဒီသင်္ချိုင်းကို ပေပင်မော် သင်္ချိုင်းရယ်လို့ ခေါ်ခဲ့ကြပေမယ့် နယ်ချဲ့အင်္ဂလိပ်တွေက ဗိုလ်တောက်ထိန်ဆိုတဲ့ သီပေါမင်းရဲ့ ကိုယ်ရံတော်ဗိုလ်မှူးလေးနဲ့







www.burmeseclassic.com

www.burmeseclassic.com



ပေပင်မော်ရှာသားတစ်ရာကျော် ရက်ရက်စက်စက် ခေါင်းဖြတ်အသတ်ခံခဲ့ရတာကို အကြောင်းပြုပြီး ခေါင်းတစ်ရာသချိုင်းရယ်လို့ နာမည်ပြောင်းလဲခေါ်တွင်ခဲ့ကြတယ်၊ ငါစုံစမ်းသိရသလောက်ဆိုရင်တော့ အဲဒီဗိုလ်တောက်ထိန်တို့ရဲ့ ဦးခေါင်းပြတ်တွေကို ခန္ဓာကိုယ်ကြီးတွေနဲ့ပြန်ဆက်ပြီး သင်္ဂြိုဟ်ကြတယ်လို့သိရသလို တချို့ကတော့လည်း ဗိုလ်တောက်ထိန်ရဲ့ဦးခေါင်းကို ' လုံးဝရှာမတွေ့ရဘူးလို့လည်းပြောကြတယ်၊ ဗိုလ်တောက်ထိန်ရဲ့ဇနီးဟာ သူတို့မှာရှိတဲ့ ရွှေငွေလက်ဝတ်လက်စားတွေနဲ့ ရတနာပစ္စည်းတွေကို ယွန်းသေတ္တာလေးထဲမှာထည့်ပြီး ဗိုလ်တောက်ထိန်ရဲ့ဦးခေါင်းနဲ့အတူ လျှို့ဝှက်လုံခြုံတဲ့နေရာမှာ မြှုပ်နှံထားရစ်ခဲ့တယ်လို့လည်းသိရတယ်၊ ဘယ်ဟာက အဖြေမှန်လည်းဆိုတာတော့ ငါလည်းစုံစမ်းဆဲပဲတက်ခါး''

မိုးသံလေသံ တဝေါဝေါ တဖြောဖြောကြားမှာ ဆရာရင်းပဍ္ဍလက်ဗျတ်ကျော်၏စကားသံများကို တက်ခါးတစ်ယောက်ပြန်လည်ကြားယောင်နေမိခြင်းဖြစ်သည်။ သူမှတ်သားထားခဲ့သော လမ်းကြောလေးအတိုင်း အုတ်ဂူအပျက်အစီးများနှင့် ခြုံနွယ်ပိတ်ပေါင်းများကို အကာအကွယ်ပြုကာ လက်နှိပ်ဓာတ်မီးကို လက်ဝါးနှင့်အုပ်၍ထိုးရင်း တိတ်တဆိတ်တိုးဝင်လာခဲ့သည်။





''အေး...မင်း အခုဖောက်ထွင်းရမယ့်အုတ်ဂူကတော့ အင်္ဂလိပ်နယ်ချဲ့တွေရဲ့ တစ်ရာ့သုံးယောက်မြောက် ခေါင်းဖြတ်အသတ်ခံခဲ့ရတဲ့ ဗိုလ်တောက်ထိန်ရဲ့သွေးသောက်ညီအစ်ကိုဖြစ်တဲ့ ဗိုလ်သူရိန်ရဲ့အုတ်ဂူပဲ၊ ရော့...ဟောဒါက အုတ်ဂူအမှတ်အသား။ တည်နေရာနဲ့ မြေပုံညွှန်း၊ ငါလိုချင်တာက သိဒ္ဓိဝင်အပ်တစ်ချောင်းပဲ၊ ကျန်တဲ့ကိစ္စတွေ ငါစိတ်မဝင်စားဘူး၊ တစ်ခုတော့ရှိတယ်၊ ဗိုလ်သူရိန်ရဲ့အုတ်ဂူနဲ့ သူ့ရဲ့ရုပ်အလောင်းသာစစ်မှန်ခဲ့မယ်ဆိုရင် မင်းအတွက်တော့ ရတနာပုံဆိုက်ပြီပဲ တက်ခါးရေ...ဟား...ဟား...ဟား၊ ဘာကြောင့်လဲဆိုတော့ ဗိုလ်သူရိန်ရဲ့ဦးခေါင်းပြတ်ကိုဖယ်လိုက်ရင် သူ့အောက်က ခေါင်းအုံးလေးထဲမှာ ရတနာပစ္စည်းတွေ အပြည့်ပဲတဲ့တက်ခါးရေ...ဟင်း...ဟင်း''

ပဍ္ဍလက်ဗျတ်ကျော်၏ ရင်ခေါင်းသံကြီးနှင့် ပြောလိုက်သည့်ရယ်မောသံကြီးက အနီးကပ်ကြားလိုက်ရသည့်သို့။ တစ်ချိန်တည်းမှာပင် ဝင်းခနဲ ပြက်ခနဲ လျှပ်အလင်းတန်းအောက်တွင် အရင်တစ်ခေါက် အသုဘတစ်ခုပို့စဉ်က မှတ်သားထားခဲ့သည့် ဗိုလ်သူရိန်၏အုတ်ဂူပျက်နေရာကို ဖျတ်ခနဲတွေ့မြင်လိုက်ရသည်။

''ဟော...ဟို...ဟိုမှာတွေ့ပြီ''

ထိုစဉ်မှာပင် ခေါင်းတစ်ရာသချိုင်း၏ သင်္ချိုင်းဇရပ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဘက်ဆီမှလေလားမသိ။ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြီးပေါ်လာသဖြင့် တက်ခါးပင် ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထသွားပါ၏။

"ဟာ...အရေးထဲမှ ဒီခွေးစုတ်ခွေးနာကတစ်မျိုး"

တက်ခါးတစ်ယောက် အထိတ်ထိတ်အလန့်လန့်ဖြင့် သတ်မှတ်ထားရာ ဗိုလ်သူရိန်၏အုတ်ဂူပျက်ရှိရာသို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် တဝေါဝေါနှင့် တိုက်ခတ်လျက်ရှိသည့် မိုးသက်လေကြမ်းသည် အတန်ငယ်အားပျော့စပြုလာခဲ့သည်။ မိုးရိပ်မိုးသားများပြည့်နှက်နေသည့် ညဥ့်ကောင်းကင်မှာမူ ပိန်းပိတ်အောင်မှောင်နေဆဲ။

မကြာမီ တက်ခါးမှာ သူကြိုတင်၍ သိုဝှက်ထားခဲ့သည့် ဖောက်ထွင်းကိရိယာလွယ်အိတ်ကြီးကို ခြုံပုတ်များကြားမှ ဆွဲထုတ်ယူလိုက်သည်။ ထို့နောက် အချိန်မဆွဲတော့ဘဲ ဗိုလ်သူရိန်၏အုတ်ဂူကို လွန်ပူကိရိယာနှင့် စတင်ဖောက်ထွင်းပါလေ၏။ စင်စစ် ဤကဲ့သို့သော အခြေအနေမျိုးသို့ရောက်လာအောင် အချိန်နှစ်လခန့်ကြိုတင်၍ လှုပ်ရှားထားရသည်။ ခေါင်းတစ်ရာသင်္ချိုင်းသို့ သူနှင့်ရင်းနှီးကျွမ်းဝင်ခြင်းမရှိသော အသုဘသုံးလေးခုလောက်ကို လိုက်လံပို့ဆောင်ခဲ့ရသည်။ အသုဘတစ်ကြိမ် လာ





ရောက်၍ပို့တိုင်း တက်ခါး အကျိုးအမြတ်တစ်ခုခုတော့ ရရှိခဲ့သည်ချည်းသာ။ ယခုနောက်ဆုံး ကိုယ့်ကိုယ်ကို ကိုယ်တိုင်အသုဘချကာ ခေါင်းတစ်ရာသင်္ချိုင်းကြီးထဲသို့ ကြိုတင်၍ ခိုလှုံရောက်ရှိနေခြင်းဖြင့် ဖောက်ထွင်းရေးစီမံချက်ကို စနစ်တကျလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

မိုးမှောင်ကျ၍ လေပြင်းတိုက်ခတ်နေသည့် ဆိုးဝါးနေသောရာသီဥတုကို အကာအကွယ်ပြုကာ တက်ခါးတစ်ယောက် သူကျွမ်းကျင်လိမ္မာသော လုပ်ငန်းကြီးတစ်ခုကို စနစ်တကျဆောင်ရွက်နေပါလေ၏။ တက်ခါးသည် လွန်ပူနှင့်ဖောက်ထားသည့် အုတ်ချပ်များကို ဓားမြှောင်တစ်လက်နှင့် တစ်ချပ်ချင်းထိုးဖောက်ဖွင့်နေသည်။

"ဝေါ...ဖရော...ဖျော...ဝေါ"

မိုးသက်လေသည် ငြိမ်သွားတော့မယောင်နှင့်။ ရံဖန်ရံခါဆောင့်၍ တိုက်ခတ်လိုက်သော လေပွေကြမ်းကြောင့် ယိမ်းထိုးလှုပ်ရမ်းသွားကြသည့် သစ်ပင်ကြီးငယ်တို့က တဝုန်းဝုန်းနှင့် လဲပြိုလုမတတ် ရှိနေကြသည်။

"ကျွီ...ကျီ...ကျီ...ကျွီ"

"ဒုတ်...ကျိ...ဒုတ်...ဝေါ...ဖရော"



www.burmeseclassic.com

www.burmeseclassic.com



လွန်ပူသံတကျိုကျို၊ ဂူဖောက်ထွင်းသံ တဒုတ်ဒုတ်တို့ က
တဝေါဝေါနှင့် ဆူညံစွာတိုက်ခတ်လျက်ရှိသော မိုးသက်လေ
ကြမ်းအောက်တွင် လွင့်စင်ပျောက်ကွယ်သွားကြသည်။ ဤသ
ဖြင့် အချိန်တစ်နာရီကျော်ကျော်ခန့်တွင် အုတ်ဂူအတွင်းမှ အ
ကျနေပြီဖြစ်သည့် မိုလ်သူရိန်၏အရိုးစုရုပ်အလောင်းကြီးက ဘွား
ခနဲပေါ်ထွက်လာခဲ့ပါတော့သည်။

အခန်း(၃)

## 'တက်ခါး၏ နောက်ဆုံးခရီး သို့မဟုတ် . . .'

အချိန်က ညဥ့်သန်းခေါင်ယံကိုပင် ကျော်လွန်လာခဲ့ပါပြီ။ ပိန်းပိတ်အောင်မှောင်မည်းနေသည့် ညဥ့်သန်းခေါင်တွင် ကြယ်ရောင်အချို့ ပြန့်၍ရောက်ရှိလာကြလေသည်ထင့်။ ကောင်းကင်တွင် အလင်းစတချို့ မှိန်ပျပျလင်းလက်လာသည့်အချိန်။

တက်ခါးမှာ သူ့အား သွားကြီးဖြဲကာကြည့်နေသည့် အရိုးစုကြီးကို မကြောက်မရွံ့ပင် စနစ်တကျရှာဖွေကြည့်ရှုစစ်ဆေးနေပါ၏။ ဦးခေါင်းခွံကို ဖယ်ရှားလိုက်သည်နှင့် ကတ္တီပါအဖုံးစတို့က တစ်စစီပဲ့ကြွေနေသည်။ သားရေတစ်မျိုးနှင့်ပြုလုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် တစ်ထွာသာသာခန့်ရှိ ခေါင်းအုံးလေးတစ်လုံးက တက်ခါးကို ညို့ယူဖမ်းစားလိုက်သည်။

''ဟော...ဆရာကြီးပြောလိုက်တဲ့ခေါင်းအုံးလေးလား မသိဘူး၊ ဟုတ်နေရင်တော့လား''

တက်ခါးအတွေးစိတ်ကူးနှင့်မပျော်။ လက်တွေ့အကောင်အထည်ဖော်လိုက်သည်။ လက်ထဲမှ ဓားမြှောင်ဦးချွန်နှင့် သားရေပျော့ခေါင်းအုံးလေးကို ဆတ်ခနဲထိုးခွဲကြည့်လိုက်သည်တွင်...

''ဟာ''

ချွင်ခနဲ၊ ထန်ခနဲကြားလိုက်ရသဖြင့် သားရေခေါင်းအုံးအပြကြားမှ ပစ္စည်းတချို့ကို ဓားမြှောင်ဦးနှင့် ပင့်ထိုးကော်ယူကြည့်လိုက်တော့ ရတနာလည်ဆွဲတစ်ကုံးနှင့် လက်ကောက်အချို့က တချွင်ချွင်နှင့် ဓားမြှောင်ဦးထိပ်ဖျားတွင် ချိတ်တွယ်ပါလာခဲ့ပါသည်ကော။ ဝင်းခနဲ၊ ပြက်ခနဲ လျှပ်ရောင်တွင် လင်းလက်သွားသည့်ရောင်စဉ်တန်းများကြောင့် တက်ခါးခမျာ ပါးစပ်အဟောင်းသားဖြစ်သွားပါလေ၏။

''ဟာ...ဒါ...ဒါ ရွှေးဟောင်းရတနာလည်ဆွဲကြီးပဲ၊ နောက်ပြီး လက်...လက်ကောက်၊ ရွှေ...ရွှေလက်ကောက်တွေရော၊ အ...အများကြီးပါလား''





တက်ခါးအချိန်မဆွဲတော့။ ထိုရတနာများပါရှိသည့် သားရေခေါင်းအုံးလေးကို သူ၏ပစ္စည်းများထည့်ထားသည့် လွယ်အိတ်ကြီးထဲသို့ထည့်လိုက်သည်။ ပြီးလျှင် ဆရာကြီးကိုယ်တိုင် အသေအချာမှာလိုက်သည့် သိဒ္ဓိဝင်အပ်သုံးချောင်းကို လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ်ထိုးကာ အရိုးစုအလောင်းကြီးတွင် မရှိမရှာနှင့် ရှာဖွေနေပါလေ၏။

သို့သော် ဦးခေါင်းခွံနှင့် ခန္ဓာကိုယ်ဆက်နွယ်နေသည့် လည်ပင်းကုပ်သားသည် ခေါင်းဖြတ်ခံထားရသဖြင့် အတန်ငယ်ပျက်စီးကြေမွနေသည်။ ဗိုလ်သူရိန်အား စတင်၍မြှုပ်နှံထိုးသွင်းပေးခဲ့သည့် ညာလက်ဖျံရိုးထဲမှာတော့ ကံကောင်းထောက်မစွာ သိဒ္ဓိဝင်အပ်ကို ရှာဖွေတွေ့ရှိလိုက်ပါ၏။

''ဟော...ဟောဒီလက်ဖျံရိုးတစ်ချောင်းမှာ စိုက်ဝင်နေတဲ့ ဆူးလေးဟာ ဆရာကြီးပြောတဲ့ သိဒ္ဓိဝင်အပ်ပဲဖြစ်ရမယ်''

တက်ခါးမှာ ထိုသိဒ္ဓိဝင်အပ်ကိုလည်း လက်ဖျံရိုးအား ဓားမြှောင်နှင့်ခွဲကာ ဂရုတစိုက်ထုတ်ယူလိုက်သည်နှင့်...

''ရှစ်...ဝှစ်''

''ဖောက်''

''အ...အား''



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဖြစ်ပေါ်လာသည့် မထင်မှတ်သောဖြစ်ရပ်တစ်ခုကြောင့် တက်ခါးတစ်ယောက် သူ၏ညာဘက်မျက်လုံးကို ဖျတ်ခနဲ ယောင်မှားအုပ်ကိုင်လိုက်ရင်း အလန့်တကြား အော်ဟစ်ညည်းညူလိုက်မိသည်။ သို့သော် ကံကောင်းချင်တော့ တက်ခါး၏အော်ဟစ်သံက မိုးသံလေသံအောက်တွင် နစ်မြုပ်ပျောက်ကွယ်သွားခဲ့သည်။

"အား...ကျွတ်ကျွတ်၊ ငါ့မျက်လုံး...မျက်လုံးတော့ ကန်းသွားပြီလားမသိဘူး၊ သွေး...သွေးတွေလည်း စီးကျလာပြီ၊ ဟို...ဟိုဆူးတစ်ချောင်း အရှိန်ပြင်းပြင်းနဲ့ မျက်လုံးထဲကို စိုက်ဝင်သွားသလိုပဲ၊ ဘုရား...ဘုရား...ဘယ်လိုဖြစ်တာပါလိမ့်"

ချက်ချင်းပင် တက်ခါးမှာ သူ၏အင်္ကျီလက်မောင်းစကို ဆွဲဖြဲလိုက်ပြီး ဒဏ်ရာရသွားသည့် ညာဘက်မျက်လုံးကိုအုပ်၍ စည်းနှောင်လိုက်သည်။

ယခုတော့ တက်ခါးတစ်ယောက် ပေးဆပ်လိုက်ရသော ဒဏ်ရာရ ညာမျက်လုံးတစ်လုံးနှင့် လက်ဝတ်ရတနာများအပြည့်ပါရှိသည့် ခေါင်းအုံးတစ်လုံးတို့ကို ခေါင်းတစ်ရာသချိုင်းအတွင်းမှ ရရှိလိုက်ပါပြီ။

ထိုအချိန်တွင် တဝုန်းဝုန်း တဂျိမ်းဂျိမ်းနှင့် မာန်ပြင်





စ်ခင်းနေသည့် မိုးက တဖွဲဖွဲနှင့်ရွာသွန်းစပြုလာပါပြီ။ တက်ခါးမှာ ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ခေါင်းတစ်ရာသချိုင်းနှင့်နီးမဝေးတွင်ရှိသည့် ပေပင်ချောင်းရှိရာသို့ ဦးတည်၍ထွက်ခွာလာခဲ့သည်။ ထိုပေပင်ချောင်းလှေဆိပ်တွင် သူ၏လှေတစ်စင်းကို ကြိုတင်၍ သိုဝှက်ထားရှိခဲ့သည်မဟုတ်ပါလား။

"အင်း...မိုးတောင်ရွာချလာပြီ၊ ဒီမိုးမသည်းခင် လှေပေါ်ကိုရောက်မှဖြစ်မယ်၊ ခပ်သွက်သွက်သွားမှပဲ"

မျက်လုံးမှဒဏ်ရာက သွေးများယိုစီးကျကာ တဆစ်ဆစ်နာကျင်လာပါ၏။ ခြုံထဲတွင်ဖွက်ထားသောလှေကို ဒရောသောပါးဆွဲထုတ်ယူလိုက်သည်။

ထို့နောက် လှေပေါ်သို့ သူ၏လွယ်အိတ်ကြီးကို ဝုန်းခနဲပစ်ချလိုက်ပြီး လှေကို ကမ်းမှခွာထုတ်လိုက်သည်။ လှေကလေးက ချောင်းရေစီးအတိုင်း ဝေါခနဲအရှိန်ဖြင့် လည်ထွက်သွားပါ၏။ တက်ခါးမှာ မျက်လုံးဒဏ်ရာမှ စူးရှစွာ နာကျင်လိုက်ခဲလာသဖြင့် ချက်ချင်း လှော်တက်ကိုမကိုင်နိုင်။ လှေပေါ်ရောက်သည်နှင့် ရင်ခုန်မောဟိုက်လျက် ရှိပါလေ၏။

မိုးကလည်း တဝေါဝေါနှင့် ရွာချလာသည်။ ပေပင်ချောင်းရေစီးကလည်း အရှိန်အဟုန်ပြင်းလှပါ၏။ တက်ခါး ကြွတ်



www.burmeseclassic.com

www.burmeseclassic.com



မှိတ်ကာ လှော်တက်ကိုကိုင်လိုက်သည်။ ပေပင်ချောင်းရေစီးမှာ ချောင်းဖျားထက်တွင် မိုးသည်းထန်စွာရွာချနေမှုကြောင့် အရှိ အဟုန်ပြင်းစွာနှင့် စီးဆင်းလျက်ရှိသည်။ တက်ခါးက အတန်ငယ် ရင်မောပြေသွားပြီမို့ လှော်တက်နှင့် လှေကလေးကိုထိန်းကာ ချောင်းအောက်ဘက်သို့ စုန်ဆင်းလာခဲ့ပါချေ၏။

ယခုခရီးသည် အောင်မြင်သည်ဟုဆိုရပါမည်။ သူ့ လက်ဦးဆရာရင်း ပဥ္စလက်ဗျတ်ကျော်အတွက် သိဒ္ဓိဝင်အပ်တ ချောင်းနှင့် သူ့အတွက် ရှေးဟောင်းရတနာပစ္စည်းများ ရရှိ သည်မဟုတ်ပါလား။ သို့သော် အမှတ်မထင် ပေးဆပ်လိုက်ရ သော မိမိ၏ညာဘက်မျက်လုံးတစ်လုံးအတွက်မူ တက်ခါး နာ ကျည်းစွာ တက်ခေါက်မိလိုက်သည်။

"တောက်...သတိတစ်ချက်လွတ်သွားတာနဲ့ မျက်လုံး တစ်လုံးကို ပြန်ပြီးပေးဆပ်ခဲ့ရတယ်၊ ဟင်း...နေနှင့်ဦးပေါ့ ခေါင်း တစ်ရာသင်္ချိုင်းကြီးရယ်...ဟင်း...ဟင်း"

တက်ခါးသည် ပေပင်ချောင်းနှင့်ပေါင်းဆုံမည့် ဝေနိမြစ် ကြီးဆီသို့ ဦးတည်၍လှော်ခတ်လာခဲ့ပါသည်။ တညဉ့်လုံး သည်းသည်းမည်းမည်းတိုက်ခတ်ခဲ့သည့် မိုးသက်လေကြမ်းသည် လည်းကောင်း၊ တဖွဲဖွဲရွာချနေသည့်မိုးစက်များသည်လည်းကောင်း





လင်းပျပျအရုဏ်ဦးသို့ရောက်ရှိလာသည်နှင့် ပင်ပန်းမောလျှသွားကြ လေပြီထင့်။ တဖြည်းဖြည်းနှင့် မိုးလေငြိမ်သက် လျော့ပါးစပြုလာ သည်နှင့်အတူ မိုးစက်များကလည်း တဖွဲဖွဲရွာသွန်းချနေရာမှ တစ်စတစ်စ ကျဲပါးလာခဲ့ပါချေပြီကော။

ညဉ့်ကောင်းကင်ထက်တွင်လည်း တစ်ညလုံး အလည် လွန်ကာပျောက်ဆုံးနေသည့် တခြမ်းပဲ့လကလေးနှင့် ကြယ်ရောင် တချို့ ပြန်လည်ထွက်ပြူလာသဖြင့် အမှောင်ထုသည် တဖြည်း ဖြည်း အားပျော့ယုတ်လျော့စပြုလာခဲ့သည်။ ထို့အတူ မှုန်ဝါးဝါး လရောင်နှင့် ကြယ်စင်စုလေးများ၏ အလင်းဖျော့ဖျော့က ဝေနိ မြစ်ရေပြင်ကျယ်ကြီးထက်သို့ ဖြန့်ကျက်ကျဆင်းပေးထားပါ၏။

ထိုအချိန်လေးမှာပင်...

တက်ခါးရှေ့ မနီးမဝေးလှေကြမ်းပြင်ထက်ရှိ တက်ခါး၏ လွယ်အိတ်ကြီးမှာ လှုပ်လှုပ်ရွရွဖြစ်နေသည်မို့ မျက်လုံးကြီးအပြူး သားနှင့် ငေးစိုက်ကြည့်နေမိသည်။ စိတ်ထဲတွင်လည်း သူ၏ လွယ်အိတ်ကြီး လှုပ်လှုပ်ရွရွဖြစ်နေခြင်းကို မေးမြန်းစီစစ်နေမိ သည်။

"ဘာလဲ...ဒါဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ လွယ်အိတ် ကြီးက တလှုပ်လှုပ်ဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တက်ခါးတစ်ယောက် ပဟေဋ္ဌိကြီးကို ဖြေဆိုနိုင်ရန် ကြိုးစားနေဆဲမှာပင် လွတ်အိတ်ကြီးကိုဖောက်၍ တရှူးရှူးနှင့် ပါးပျဉ်းထောင်ကာ ထွက်လာကြသည့် မြွေကြီးများကြောင့် သွေးရူးသွေးတန်းဖြင့် ဟစ်အော်လိုက်မိပါတော့သည်။

"အား...အမယ်လေး...မြွေ...မြွေ...မြွေကြီးတွေ၊ ထွက်...ထွက်လာကြပြီ...အား"

ကြီးမားလှသော ပါးပျဉ်းခွက်ကြီးများကိုထောင်ကာ လှေဦးမှသည် တက်ခါးရှိရာ လှေပဲ့ပိုင်းဆီသို့ တရွေ့ရွေ့တိုးဝင်လာသည့် မြွေကြီးများ၏ စိမ်းဖန့်ဖန့်မျက်လုံးများကိုကြည့်ကာ တက်ခါးတစ်ယောက် ထိတ်လန့်တုန်လှုပ်လျက်ရှိပါပြီ။

"အား...အား...အား၊ သွား...သွားကြ၊ ငါ့ဆီကို မလာကြနဲ့...သွား...သွားကြ"

တက်ခါးအဖို့ ပြေးစရာလည်း မြေမရှိပါလေတော့။ လုံးဝရေမကူးတတ်သည့် တက်ခါးအဖို့ အော်ရလွန်းသဖြင့် လည်ချောင်းများပင် အက်ကွဲခြောက်သွေ့လာပါ၏။ လက်ထဲမှ လှော်တက်ကြီးနှင့် ရှေ့ဆုံးမှတိုးဝင်လာသည့်မြွေကြီးကို ကြောက်ကန်ကန်၍ ရိုက်လိုက်သည်တွင် လှော်တက်က လက်ထဲမှချော်ထွက်ကာ ရေထဲသို့ကျသွားသည်။





တစ်ချိန်တည်းမှာပင် မြွေကြီးများ တရှိုးရှိုးနှင့်အော်မြည်လျက် တက်ခါး၏ကိုယ်ကို အစွယ်အဖွေးသားနှင့် အုပ်မိုးလိုက်သည်။ နောက်ဆုံး တက်ခါးတစ်ယောက် ကြောက်လန့်တကြားနှင့် မျက်စိစုံမှိတ်လိုက်ချိန်တွင် ဒေါသတကြီးပေါက်ချလိုက်သည့် မြွေကြီးများ၏ဒဏ်ကြောင့် အသည်းခိုက်မတတ်ဟစ်အော်ရင်း မြွေဆိပ်တက်ကာ လဲကျသွားပါလေ၏။

"အ...အား"

သွေးပျက်ချောက်ချားစွာ ဟစ်အော်လိုက်သည့် တက်ခါး၏ အက်ကွဲရှတသောဟစ်အော်သံကြီးက အမှောင်ကွယ်ပျောက်လုလု အရုဏ်ဦး၏ ဝေန်မြစ်ရေပြင်ထက်တွင် စီးမျောပဲ့တင်ရိုက်ခတ်သွားပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄)

## 'ဒေါက်တာမင်းခေါင်နှင့် ထူးဆန်းသောဧည့်သည်'

ဒေါက်တာမင်းခေါင် (အမ်အေပီအိပ်ချ်ဒီ–လန်ဒန်)သည် ဒေါက်တာဘွဲ့ရ သမိုင်းပါမောက္ခပညာရှင်ကြီးတစ်ဦးဖြစ်ပါ၏။ ရှေးဟောင်းသမိုင်းဆိုင်ရာ အတ္ထုပ္ပတ္တိများ၊ သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းပစ္စည်းများနှင့် သုတေသနလုပ်ငန်းအရပ်ရပ်ကို လွန်စွာဝါသနာထုံလွန်းသူတစ်ယောက်ဖြစ်သည်။

မြန်မာပြည်အရပ်ရပ်တွင် လှည့်လည်နေထိုင် သွားလာခဲ့ပြီး ယခုအခါတွင် မြန်မာနိုင်ငံအောက်ပိုင်း မြိတ်ကျွန်းစုများရှိရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပါလေ၏။ မြိတ်ဒီစတြိတ်သည် လွန်စွာဝေးလံခေါင်သီ၍ အသွားအလာခက်ခဲသောနေရာတစ်ခု





ဖြစ်သလောက် အလွန်သာယာလှပသော ကျွန်းစုလေးများဖြင့် ဖွဲ့တည်ထားသော နေချင့်စဖွယ်နေရာလေးတစ်ခုဖြစ်ပါသည်။ မြိတ်ခရိုင်အတွင်းဝယ် လူနေသောကျွန်း၊ လူမနေသောကျွန်းဟူ၍ ကျွန်းစုလေးများ အများပြားရှိနေသည်ကို ဒေါက်တာမင်းခေါင် စိတ်ဝင်စားနေမိသည်။ ထိုကျွန်းစုလေးများအနှံ့သွားရောက်ကာ ကြည့်ရှုလေ့လာချင်သည်။

ဒေါက်တာမင်းခေါင် လက်ရှိနေထိုင်သောအိမ်ကြီးသည် မြစ်ဆိပ်ကမ်းနဖူးရှိ တောင်စောင်းလေးပေါ်တွင် တည်ရှိနေပါ၏။ သူနေထိုင်သည့်အိမ်ကြီး၏အောက်တည့်တည့်ရှိ မြေပြန့်နှင့် မနီးမဝေးတွင် ဆိပ်ကမ်းအဆောက်အဦးများ၊ နေအိမ်များက တန်းစီလျက်ရှိသည်။ ဒေါက်တာမင်းခေါင်၏နေအိမ်မှကြည့်လျှင် ပထော်ပထက်ကျွန်းကိုလည်း တွေ့မြင်ရပါသေး၏။ ပေသုံးထောင်ကျော်အမြင့်ရှိသည့် တောင်ထွတ်တောင်တန်းများနှင့် ကိုရင့်ကျွန်း (King Island) တို့ကိုလည်း ညို့ညို့မှိုင်းမှိုင်းနှင့် တွေ့မြင်နေရသည်။

စင်စစ် ဒေါက်တာမင်းခေါင်မှာ ချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာသူတစ်ဦးဖြစ်သဖြင့် သူနေထိုင်ရာအိမ်ကြီးကိုလည်း ရှေးဟောင်းပြတိုက်ငယ်တစ်ခုနှယ် စိတ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးတည်ဆောက်ထားပါ၏။ ထိုအိမ်ကြီးပေါ်မှနေ၍ တောင်
ကမ်းပါးစောင်းသို့ လှိုင်းရိုက်ခတ်သည့်အသံများကို နားထောင်
ရသည့်ခံစားမှုမျိုးက ကိုယ်တိုင် ပင်လယ်ပြင်အတွင်းသို့ ရောက်ရှိ
နေသည့်နှယ်ပါတည်း။

လောကတွင် ဒေါက်တာမင်းခေါင် စိတ်အဝင်စားဆုံး
ဝါသနာအပါဆုံးလုပ်ငန်းကိစ္စတစ်ခုကိုပြပါဆိုလျှင် သမိုင်းဆို
ရာသုတေသနပြုလုပ်ခြင်း၊ ခရီးထွက်ခြင်းနှင့် စွန့်စားရှာဖွေ
လုပ်ငန်းများတွင် နှစ်နှစ်ခြိုက်ခြိုက်ပျော်မွေ့သူဖြစ်သည်။ သို
သော် ထိုခရီးထွက်ခြင်းနှင့် စွန့်စားမှုလုပ်ငန်းများက သူ့အာ
အန္တရာယ်အပေးဆုံးသောကိစ္စရပ်များ ဖြစ်နေကြပါချေ၏။

ဒေါက်တာမင်းခေါင် မည်မျှခရီးထွက် ခြေဆန့်ခဲ့ပ
သနည်းဆိုလျှင် မြန်မာပြည်မြောက်ဖျားဆိုပါက ခါကာဘိုရာ
တောင်ထိပ်ထိတိုင် တက်ရောက်ခဲ့ပြီး တောင်ဘက်ဆိုလျှင်လည်
ကပ္ပလီပင်လယ်ပြင်ထိတိုင် ခြေဆန့်ခရီးရှည်ခဲ့ဖူးသည်။ အနောက်
ဘက်ဆိုလျှင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်များမှတစ်ဆင့် ဖြ
ပုတ္တာရဘက်ထိတိုင် စွန့်စွန့်စားစားသွားရောက်ခဲ့ဖူးပါသည်။
သို့ခရီးထွက်ခြင်း၊ စွန့်စွန့်စားစားသွားရာတွင် စိတ်ဝင်စားလှ
သူ ဒေါက်တာမင်းခေါင်အတွက် မဖြစ်မနေ ခရီးထွက်





အကြောင်းကိစ္စတစ်ခုက မြိတ်မြို့ရှိ သူနေထိုင်ရာ ရှေးဟောင်း ပြတိုက်ဆောင်ကြီးထိတိုင် ရောက်ရှိလာခဲ့ပါသည်။

စင်စစ် ပြဿနာ၏အစနိဒါန်းသည် ရှေးဟောင်းပစ္စည်းများကို ဝယ်ယူစုဆောင်းလေ့ရှိသော ဒေါက်တာမင်းခေါင်၏ ဝါသနာကြောင့်ပင်ဖြစ်ပါ၏။ ယင်းဝါသနာကြောင့် မြိတ်မြို့မှ ထွက်ခွာ၍ မြန်မာပြည် မြစ်ဝကျွန်းပေါ်အလယ်ပိုင်းသို့ ရောက်ရှိလာခဲ့ရခြင်းဖြစ်သည်။ ဤဇာတ်လမ်းကို ဇာတ်ရည်လည်အောင် ရှင်းပြရမည်ဆိုပါလျှင် ရွှေရေတကောင်းတစ်ခုမှ အစပြုနိဒါန်း ချီရမည်ဖြစ်ပါ၏။

တစ်နေ့တွင် အသက်(၃၀)ခန့် လူကြီးတစ်ယောက်သည် ဒေါက်တာမင်းခေါင်နေထိုင်ရာ မြိတ်ကျွန်းကမ်းပါးစောင်းထက်ရှိ နေအိမ်သို့ရောက်ရှိလာခဲ့ပါသည်။ ထိုလူကြီး၏အသွင်သဏ္ဍာန်ကို တွေ့မြင်ရသည်မှာ လတ်တလောအခြေအနေအရ အထင်ကြီးစရာ တစ်ကွက်မှမရှိပါ။ နီကြောင်ကြောင်ဆံပင်ရှည်ကြီးများက ဆီနှင့်မည်မျှကွာဝေးနေပြီဖြစ်ကြောင်း ပြသနေသကဲ့သို့ ပိန်လှီဖျော့တော့သော သူ၏သွင်ပြင်ကလည်း ထမင်းခုနစ်ရက်ခန့်မစားရသေးသည့်ပုံစံပေါက်နေပါ၏။ သည်ကြားထဲ နံနံစော်



www.burmeseclassic.com

www.burmeseclassic.com



စော်ရှိလှသည့် အရက်နံ့၊ ချွေးနံ့များကလည်း ထိုလူရှယ်ထံမှ တလှိုင်လှိုင်ပျံ့လွင့်လာသည်။

ဒေါက်တာမင်းခေါင်ရှိရာ ညှိခန်းထဲသို့ ဖွတ်အတင်း ဝင်ရောက်လာခဲ့သည်ထင့်။ သူ၏နောက်မှ ခြံစောင့်ကုလားလေး ဆာမိက ထပ်ချပ်မကွာလိုက်ပါလာပြီး ထိုအမူးသမားကြီးကို ဆွဲထုတ်ရန် ကြိုးစားနေသည်ကို တွေ့မြင်နေရသည်မဟုတ် ပါလား။

''ဒီ...ဒီလူ ဆရာကြီး၊ ကျွန်တော်တားနေတဲ့ကြားက ဒီအထိတောင် ဖွတ်အဓမ္မဝင်ရောက်လာပါတယ်ဆရာကြီး၊ အဲ... အဲဒါ...''

''ဒီမှာ...ဒေါက်တာမင်းခေါင်ဆိုတာ ခင်ဗျားလား''

''ဟုတ်ပါတယ်၊ ကျုပ် ဒေါက်တာမင်းခေါင်ပါ၊ ဒါနဲ့ ဘာကိစ္စများရှိလို့ပါလဲ''

ထိုညှို့သည့်လူကြီးမှာ ကုလားလေး၏စကားများကို လုံးဝဂရုစိုက်ဟန်မတူ။ သူ့အရေးအကြီးဆုံးက ဒေါက်တာမင်း ခေါင်ကို အမြန်ဆုံးတွေ့ချင်နေခြင်းပင်တည်း။

''ခင်...ခင်ဗျားဟာ ဒေါက်တာမင်းခေါင်အမှန်သာဆို ရင် ကျုပ်...ကျုပ်ကို ထမင်းအရင်ကျွေးပါလားဗျာ၊ ကျုပ် ထမင်း





မစားရတာ သုံးလေးရက်တောင်ရှိသွားပြီ၊ ခင်ဗျားနဲ့တွေ့ချင်လို့ သာ ဟိုးအဝေးကြီးကနေ လာခဲ့ရတာ''

ပဟောဋ္ဌိဆန်ဆန်စကားများနှင့် ပြောနေသည့် ပုဂ္ဂိုလ်ကြီး ကို ဒေါက်တာမင်းခေါင် အကဲခတ်နေမိသည်။ သူ့စကားအရ ဆိုလျှင် အနှိပုဂ္ဂိုလ်ကြီးသည် ဝေးလံသောခရီးမှ လာခဲ့ရဟန်တူ ပါ၏။ လွယ်ထားသည့် လွယ်အိတ်ညိုညိုကြီးကလည်း ညစ်ပေ ဖောင်းကားလျက်ရှိသည်။ ဤနယ်မှ လူတော်တော်များများကို ဒေါက်တာမင်းခေါင်သိသည်။ ထို့အပြင် ဤနယ်တစ်ဝိုက်ရှိ ဒေသ ခံများကလည်း ဒေါက်တာမင်းခေါင်ကို လေးလေးစားစားဆက်ဆံ ကြသည်။ ဤပုဂ္ဂိုလ်ကမူ တမူထူးခြားနေသည်။ သူ၏နာမည် ကိုမေးပြီးမှ ထမင်းကျွေးခိုင်းသည့် အမူးသမားပုဂ္ဂိုလ်သည် မည် သူဖြစ်မည်နည်း။ သိချင်လျှင်တော့ ထိုပုဂ္ဂိုလ်တောင်းဆိုသမျှ ကို အရင်ဦးစွာပေးကမ်းမှဖြစ်ပေမည်။

''ကိုင်း...ဆာမိရေ၊ ဒီပုဂ္ဂိုလ်ကြီးကိုခေါ်သွားပြီး ထမင်း ကျွေးလိုက်ပါ၊ ပြီးရင် ကော်ဖီကြမ်းတစ်ခွက်ဖျော်ပြီး တိုက်လိုက် ဦး''

ဒေါက်တာမင်းခေါင်က သူ့တပည့် ကုလားလေးဆာမိ အား မှာကြားလိုက်သည်။ ပြီးလျှင် အမူးသမားပုဂ္ဂိုလ်ကြီးအား...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သူနဲ့လိုက်သွားပြီး ခင်ဗျားစားချင်တဲ့ထမင်းစားပြီးရင် ဒီဧည့်ခန်းထဲကို ပြန်လာခဲ့ပါ၊ ခင်ဗျားပြောမယ့်စကားတွေကို ကျုပ်နားထောင်ဖို့စောင့်နေမယ်"

ထို့နောက်မှာတော့ ဒေါက်တာမင်းခေါင်မှာ သူ၏ဆေးတံကြီးကို ကောက်ယူလိုက်ပြီး မုတ်ဆိတ်ကြီးတံဆိပ် တာကျီးနီးယားဆေးများကိုထည့်ကာ မီးညှိဖွာရှိုက်ရင်း ထူးဆန်းစွာရောက်ရှိလာသည့် ဧည့်သည်တော်ပုဂ္ဂိုလ်ကြီးကို စိတ်ရှည်လက်ရှည်စောင့်နေပါတော့သည်။

မကြာမီ ထူးဆန်းသောပုဂ္ဂိုလ်ကြီးသည် ဆာမိနှင့်အတူဧည့်ခန်းထဲရှိ ဒေါက်တာမင်းခေါင်ရှေ့သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ကုလားလေးဆာမိက ပုဂ္ဂိုလ်ကြီးကို သူ၏ဆရာကြီးရှေ့မှောက်သို့ပို့ပေးပြီးသည်နှင့် အလိုက်တသိပင် အပြင်သို့ ပြန်ထွက်သွားပါလေ၏။

"ကိုင်း...ကျုပ်ဆီကို ရပ်ဝေးကနေ တကူးတကလာပြီး ထမင်းစားတာတော့ မဟုတ်ပါဘူးနော် ကို..."

"ကျွန်တော့်နာမည် ပဥ္စလက်ဗျတ်ကျော်ပါ ဆရာကြီး၊ ဆရာကြီးက ရှေးဟောင်းပစ္စည်းတွေ ဝယ်ယူစုဆောင်းတယ်၊





ကြိုက်နှစ်သက်ရင်လည်း ထိုက်တန်တဲ့တန်ကြေးတွေလည်း ပေးတယ်လို့သိရတာနဲ့ ကျွန်တော်လာခဲ့တာပါခင်ဗျာ"

သည်တစ်ကြိမ်တော့ လူထူးဆန်းပုဂ္ဂိုလ်က သူ၏အမည်နာမပါပြောဆိုရင်း ရည်မွန်စွာ ဆက်ဆံလာခဲ့သည်။ သူ၏ညှိုညစ်ညစ်လွယ်အိတ်ကြီးထဲမှလည်း တစ်စုံတရာကိုထုတ်ယူ၍ ဒေါက်တာမင်းခေါင်၏လက်သို့ တရိုတသေပေးအပ်လိုက်ပါ၏။

"ကျေးဇူးပြုပြီး ဟောဒီပစ္စည်းလေးကို စစ်ဆေးပေးပါ ဆရာကြီး၊' အင်း...စစ်ဆေးကြည့်လို့ ဆရာကြီးစိတ်ဝင်စားမယ်ဆိုရင် ကျွန်တော် ဒီပစ္စည်းနဲ့ ပတ်သက်ဆက်နွှယ်တဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို ပြောပြပါ့မယ်ခင်ဗျား"

ဒေါက်တာမင်းခေါင်က ယခုအချိန်ထိတိုင် ပဟေဠိပုစ္ဆာများပေးနေသည့် ပဥ္စလက်ဗျတ်ကျော်၏ ပစ္စည်းထုပ်ကလေးကို ယူ၍ကြည့်လိုက်သည်။ ပစ္စည်းက ရှည်မျောမျောအရာတစ်ခု။ ပစ္စည်းကိုရစ်ပတ်ထားသည့် အညိုရောင်ဆီစိမ်စက္ကူကို ခွာ၍ကြည့်လိုက်တော့ မဲညစ်ညစ်နှင့် ကျောက်အဖေးများတက်နေသည့် ရှေးဟောင်းရေတကောင်းတစ်ခုဖြစ်နေသည်ကို ဒေါက်တာမင်းခေါင် တွေ့မြင်လိုက်ရသည်။

"ဒါ ရေတကောင်းလေးတစ်ခုပဲ၊ ရှေးဟောင်းပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်လောက်ပေမယ့် သူ့ကို သေသေချာချာ ချေးညှော်တွေ ကျောက်ဖေးတက်နေတာတွေကို အချိန်နည်းနည်းလောက်ပေးပြီး တိုက်ချွတ်ဆေးကြောလိုက်ရင်တော့ ကျုပ်တပ်အပ်နီးပါး ပြောဆိုနိုင်ပြီ ကိုဗျတ်ကျော်၊ ဒါနဲ့ ဒီရေတကောင်းလေးကို ဘယ်နေရာက ရခဲ့တာလဲ''

ဒေါက်တာမင်းခေါင်က ရေတကောင်းလေးကို သေချာစွာလှည့်ပတ်ကြည့်ရင်း ပဉ္စလက်ဗျတ်ကျော်ကိုမေးမြန်းလိုက်သည်။ သို့သော် ပဉ္စလက်ဗျတ်ကျော်က ချက်ချင်းမဖြေသေးဘဲ လက်ချောင်းလေးနှင့် စားပွဲခုံကို စဉ်းစားသလို စိတ်မှတ်မဲ့ခေါက်နေပါ၏။ အတန်ကြာမှ သက်ပြင်းမောကြီးတစ်ခုကိုချလိုက်ရင်း...

''အင်း...အဲဒီကိစ္စကတော့ ကျွန်တော်နဲ့ ဆရာကြီး အပေးအယူတစ်ခုလောက် လုပ်မှဖြစ်မယ်ထင်တယ်၊ ဒီလိုပါ ဆရာကြီး၊ ဆရာကြီးရဲ့အိမ်မှာ ကျွန်တော့်ကို သုံးရက်တိတိ နေခွင့်ပေးပါ၊ ဒီသုံးရက်အတွင်း ဆရာကြီးကလည်း ဒီပစ္စည်းလေးဟာ ဘယ်လိုအမျိုးအစား၊ ဘယ်ခေတ်က၊ ဘယ်ဘုရင်မင်းလက်ထက်ကလဲဆိုတာ သိလာခဲ့ရင်၊ ဒါမှမဟုတ် ဒီပစ္စည်းနဲ့ ပတ်သက်ပြီး တစ်ခုခုထူးခြားတာတွေဖြစ်လာခဲ့ရင် ကျွန်တော့်ကို





အမှန်အတိုင်းပြောပြပါ၊ ဆရာကြီးပြောပြခဲ့တဲ့ဖြစ်ရပ်ကို နားထောင်ရလို့ ကျွန်တော်လက်ခံနိုင်တယ်ဆိုရင် ဒီပစ္စည်းကို ဆရာကြီးဆီက ငွေတစ်ပြားတစ်ချပ်မှမယူဘဲ ထားရစ်ခဲ့ပါ့မယ်ဆရာကြီး''

ဒေါက်တာမင်းခေါင်မှာ ထူးဆန်းသော အလောင်းအစားဆန်ဆန်ကိစ္စကြောင့် သူ၏လက်ထဲရှိ ရေတကောင်းလေး၏ ရာဇဝင်ကို သိရှိနိုင်ရန် ပို၍စိတ်ဝင်စားလာမိခဲ့သည်။ ဤသို့ဖြင့် ပဉ္စလက်ဗျတ်ကျော်၏အစီအစဉ်ကို ဒေါက်တာမင်းခေါင် လက်ခံသဘောတူကာ ရေတကောင်းလေးကို တပည့်ကျော် ဆာမိလက်သို့အပ်လိုက်ပြီး အမြန်ဆုံး ချေးချွတ်ခိုင်းလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

## 'ရွှေရေတကောင်းနှင့် သန်းခေါင်ယံမြင်းစီးညသည်'

အံ့သြဖွယ်ရာပင်။

လူထူးဆန်းညသည် ပဒ္ဒလက်ဗျတ်ကျော်နှင့်အတူ ရောက်ရှိလာခဲ့သော ရေတကောင်းလေးအား ကုလားလေးဆာမိက ကျောက်အဖေးများ၊ ချေးညှော်ရေညှိများကို နှစ်ရက်လုံးလုံး အချိန်ယူ၍ ဆေးကြောသုတ်သင်လိုက်သည်နှင့် ဝင်းလက်အိစက်နေသည့် ရွှေအစစ်ဖြင့်ပြုလုပ်ထားသည့် ရွှေရေတကောင်းတစ်ခုဖြစ်ကြောင်း အံ့သြစွာသိရှိလိုက်ရပါတော့သည်။

"ဟာ...တကယ့်ကို ရွှေရေတကောင်းလေးတစ်ခုပါလား၊ ဒီပစ္စည်းမျိုးဟာ ရှေးမြန်မာကေရာဇ်မင်းကြီးတွေသုံးစွဲတဲ့ အဆိပ်ဖြေရွှေတကောင်းလို့ခေါ်တဲ့ ရွှေရေတကောင်းတစ်ခုပဲ၊ အဆိပ်





ခတ်ရင်သိစေနိုင်တဲ့ ရွှေရေတကောင်းလေးပေါ့၊ ကြည့်ရတာတော့ မြန်မာဘုရင်တွေ သောက်တော်ရေသောက်သုံးတဲ့ ရွှေရေတကောင်းလေးပဲဖြစ်မယ်"

ဟုတ်သည်။ မြန်မာပညာရှင်များသွန်းလုပ်ထားသည့် ထူးခြားလှပသော ရွှေရေတကောင်းပတ်ပတ်လည်တွင် မြွေများ တစ်ကောင်နှင့်တစ်ကောင် လိမ်ယှက်နေကြပုံကို ထွင်းထုရေးခြယ်ထားသည်ကိုပါ တွေ့မြင်ရသည်။ သေသေချာချာကြည့်မှ မြွေသုံးကောင်လိမ်ယှက်နေပုံကို အံ့သြစွာမြင်တွေ့ရပါ၏။ ထို့ထက်ပို၍ထူးခြားသည်မှာ လက်နှင့်အသာအယာထိခတ်မိရုံမျှနှင့် တယောတစ်ချောင်းကို တို့ခတ်မိလိုက်သကဲ့သို့ ထူးဆန်းသောသံစဉ်တစ်ခုက တုန်ခါ၍ ပျံ့လွင့်လာခဲ့ခြင်းပင်ဖြစ်ပါတော့သည်။

ဤသို့သောဖြစ်ရပ်များကို နှစ်ရက်မြောက်ညဉ့်နက်မှ ဒေါက်တာမင်းခေါင် သိရှိလိုက်ရသည်မို့ သုံးရက်မြောက်နံနက်မိုးစင်စင်လင်းမှပင် ပဒ္ဒလက်ဗျတ်ကျော်အား ဖွင့်ဟပြောကြားတော့မည်ဟုတွေးတောရင်း အိပ်ရာထက်၌ ခေတ္တလဲလျောင်းလိုက်စဉ်မှာပင် အိပ်ပျော်သွားခဲ့လေသည်လား၊ ခဏမျှမေ့ခနဲဖြစ်သွားခဲ့လေသည်လားမပြောတတ်။ သေချာသည်ကတော့ အိပ်မက်ထဲတွင် ပဒ္ဒလက်ဗျတ်ကျော်ယူဆောင်လာခဲ့သောရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရေတာကောင်းလေးနှင့်ပတ်သက်၍ အနီဗွာရုံအိပ်မက်ဆိုးကြီးများကို မြင်မက်ခဲ့ခြင်းဖြစ်သည်။ နောက်တစ်နေ့မိုးလင်းတော့ ပဥ္စလက်ဗျတ်ကျော်အား ထိုအိပ်မက်ဆိုးကြီးအကြောင်းကို ဒေါက်တာမင်းခေါင်ပြောပြခဲ့သည်။ ထိုအခါမှ ပဥ္စလက်ဗျတ်ကျော်က ထူးဆန်းသောရွှေရေတာကောင်းလေးနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းလှသည့် အောက်ဖော်ပြပါဇာတ်လမ်းတစ်ပုဒ်ကို ဒေါက်တာမင်းခေါင်အား ခရေစေ့တွင်းကျပြောပြလိုက်ပါတော့သည်။

အခန်း(၆)

## 'ပဥ္စလက်ဗျတ်ကျော်နှင့် ခေါင်းတစ်ရာသင်္ချိုင်း'

အချိန်က နေဝင်ရီတရော နွားရိုင်းသွင်းစ ညီအစ်ကို မသိတသိအချိန်။ သစ်ပင်ခြုံနွယ်များဖြင့် ထူထပ်စွာပိတ်ဖုံးနေသည့် ခေါင်းတစ်ရာသင်္ချိုင်းတစ်ဝိုက်မှာတော့ အမှောင်ထုတို့က ကွက်တိကွက်ကျားနှင့် ဖြန့်ကျက်စိုးမိုးထားပါလေ၏။ ယိုင်တိယိုင်ထိုးနှင့် လင်းတအိုကြီးတစ်ကောင်နှင့်တူသည့် သင်္ချိုင်းဇရပ်ပျက်ကြီးရှေ့မှာတော့ ပိန်ခြောက်ခြောက်လူတစ်ယောက်က ကျိုးကန်းတောင်းမှောက်မျက်လုံးအစုံဖြင့် လျှောက်နေပါ၏။ သို့သော် သင်္ချိုင်းအုတ်ဂူပျက်တစ်လုံးပေါ်တွင် ဆေးပြင်းလိပ်တုတ်တုတ်ကြီးကို ပါးစောင်းတွင် ခဲကာ . . . စစ်ဦးထုပ် အစုတ်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို . မျက်နှာဖုံးအုပ်လုမတတ်ဆောင်းထားပြီး ဒူးပေါ်ပေါင်ပေါ် ထိုင်နေသည့် ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို မမြင်မိရာသည့်ထင့်။

"ဟိတ်...မင်းဘယ်သူလဲ၊ ဘာကိစ္စနဲ့ ဒီကိုရောက်လာတာလဲ"

"ဟာ...ဗျာ..."

"မေးနေတာဖြေလေကွာ၊ ဘာအကြောင်းကြောင်းလုပ်နေတာလဲ"

ယခုမှ သင်္ချိုင်းအုတ်ဂူပျက်ကြီးပေါ်မှ ဆေးလိပ်မီးရဲရဲ ကို တွေ့မြင်လိုက်ရသဖြင့် ဝင်လာသူမှာ ခြေလှမ်းများပင် ရပ်တန့်သွားသည်သို့။

"ဟို...ဟို...ဟို...ကျွန်တော် အညာကပါ၊ ဒီမှာ နေစရာလေးများရမလားလို့ အားကိုးတကြီးနဲ့ လာပြီးရှာတာပါခင်ဗျာ"

"အောင်မာ...ကျလည်း ကျတဲ့ကောင်ပဲဟေ့၊ ဒီမှာနေစရာတော့မရှိဘူးကွ၊ အဲ...သေစရာတော့ရှိတယ်၊ အေး...ဟုတ်တယ်၊ သေမယ်ဆိုရင်တော့ သေစရာနေစရာရှိတယ်ကွ၊ ဘယ့်နှယ့်...ပေါက်ပေါက်ရှာရှာ၊ သင်္ချိုင်းမှာလာပြီး တည်းခိုစရာနေရာလာပြီးရှာရတယ်လို့ကွာ...ဟင်း...ဟင်း"

"တကယ်ပါခင်ဗျာ၊ အညာမှာ အလုပ်အကိုင်မယ်မယ်





ရရမရှိတာနဲ့ မြစ်ဝကျွန်းပေါ်ဘက်ကို ခြေဦးလှည့်လာခဲ့တာပါ၊ လောလောဆယ်နေစရာ ကျောတစ်ခင်းစာလောက်ရရင် တော်ပါပြီခင်ဗျာ"

သင်္ချိုင်းအုတ်ဂူပေါ်မှ သစ်ကုလားအုတ်ဦးထုပ်စုတ်နှင့် ကုတ်အင်္ကျီညိုညစ်ညစ်ကြီးကို အောက်ခံအင်္ကျီလုံးဝမပါရှိဘဲ ဝတ်ဆင်ထားသည့်ပုဂ္ဂိုလ်ကြီးက သူ့ရှေ့မှ ပိန်ခြောက်ခြောက်လူငယ်ကိုကြည့်ကာ သူ၏မေးစေ့မှ အမွေးကျိုးတိုးကျဲတဲများကို ပွတ်သပ်ရင်း စဉ်းစားဟန်ပြုနေပါ၏။ အတန်ကြာမှ...

"ကိုင်း...ဒီလိုဆို လာလိုက်ခဲ့၊ သင်္ချိုင်းဇရပ်ကိုမှ တည်းခိုချင်တဲ့ကောင်၊ ငါဖြင့် အံ့ရောပဲဟေ့"

သင်္ချိုင်းဇရပ်ပျက်ကြီးပေါ်သို့ရောက်တော့ ဦးထုပ်စုတ်နှင့်ပုဂ္ဂိုလ်ကြီးက ပိန်ခြောက်ခြောက်ညှော်သည့်တော်ကြီးကို သူ့အနီးတွင်ထိုင်စေလိုက်သည်။

"ဒါနဲ့ ဦးကြီးက ဘယ်သူလဲ"

"ဟေ...ကြားသားမိုးကြိုး၊ ငါက မင်းကိုမေးရမှာလေ၊ ဘယ့်နှယ့်...မင်းက ငါ့ကိုပြန်မေးနေရတယ်လို့၊ ဘာလဲ...မင်းက ဟိုဆားပုလင်းစိန်ရိုးနဲ့ အမျိုးတော်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဦးကြီးကလည်း ကြဲကြီးစည်ရာ၊ ဘယ်က ဆားပုလင်းက ဝင်ပါလာရတာလဲ"

" …ဟေ၊ မသိပါဘူးကွာ၊ အဲဒီ ဆားပုလင်း စိန်ရိုးဆိုတဲ့ကောင်က လူမပြောနဲ့၊ တိရစ္ဆာန်တောင် အလကား နေရင်း မသက်သာနေတဲ့ကောင်ကွ…သိရဲ့လား၊ အေး…မင်းသိချင်တယ်ဆိုရင်တော့ ငါ့နာမည်က သုဘရာဇာလူဝတဲ့၊ ဟောဒီ ခေါင်းတစ်ရာသင်္ချိုင်းကြီးရဲ့ အရှင်သခင်တစ်ဦးပဲ၊ အေး…ကျန်တဲ့ သုဘရာဇာလေးဦးကတော့ ယာယီခွင့်တင်ထားကြတယ်၊ ဒါနဲ့ မင်းကရော ဘယ်သူလဲ"

"ကျွန်တော့်နာမည်က လူချောပါ၊ လောလောဆယ် တော့ အလုပ်မရှိ အကိုင်မရှိ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်ပေါ့ ခင်ဗျာ၊ အဲဒါ နေစရာကလည်းမရှိ၊ စားစရာကလည်းနတ္ထိဆို ပြီး စိတ်ညစ်ညစ်နဲ့ ခြေဦးတည့်ရာလျှောက်လာခဲ့ရင်းက ဒီသင်္ချိုင်း ကုန်းထဲကို ရောက်လာခဲ့ရတာပါဦးလူဝ"

သုဘရာဇာကြီးဦးလူဝက သူ့ကိုယ်သူ မောင်လူချောဟု ပြောဆိုလာသည့် ကျီးကန်းအသားအရေနှင့် ကုပ်ချောင်းချောင်း လူသားကို အသေအချာကြည့်လိုက်ပါ၏။ ဆံပင်နီကြောင်ကြောင် စုတ်ဖွားဖွား၊ နံရိုးအပြိုင်းပြိုင်းက မဲညစ်ညစ်စွပ်ကျယ်အောက်မှ





ရုန်းကန်ထွက်တော့မယောင်။ မျက်လုံးမွဲပြာပြာ၊ မျက်တွင်း ဟောက်ပက်နှင့် ပါးရိုးငေါငေါထွက်နေသည့် ရုပ်ဆင်းသဏ္ဌာန်နှင့် မောင်လူချောဆိုသူကိုကြည့်ကာ သုဘရာဇာကြီးဦးလူဝမှာ ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျနေပါချေ၏။

"ဟွန်း…ဟွန်း…ကောင်းကွာ၊ ပညတ်သွားရာ ဓာတ် သက်ပါဆိုတဲ့စကားဟာ မင်းနဲ့ကျမှပဲ ပျက်စီးတော့တာပဲ၊ နာမည်ကလူချော၊ ပုံစံက ကျီးကန်းကို ဝါးလုံးနှစ်ချောင်းတပ်ထားတဲ့ပုံနဲ့၊ ဟွန်း…ဘာလဲ၊ ငါ့သင်္ချိုင်းမှာလာပြီး အလုပ်လာလျှောက်တာလား"

"ဟာ…မဟုတ်ကဟုတ်ကဗျာ၊ သင်္ချိုင်းကုန်းမှာလာပြီး ဘယ်သူကအလုပ်လျှောက်မှာလဲဗျ၊ အိပ်စရာ နေစရာမရှိလို့ လာခဲ့တာပါလို့ ပြောပြီးပြီပဲ၊ ဘာလဲ…ကျွန်တော့်ကို ဦးလူဝက အလုပ်ပေးမလို့လား"

"ဟာ…ဟ၊ မင်းနဲ့ပြောရတာကလည်း ဂျာအေး သူ့ အမေရိုက်သလိုဖြစ်နေပြီ၊ ငါမေးတာကို တိုတိုရှင်းရှင်းပဲဖြေ၊ မင်း ဒီသင်္ချိုင်းကိုလာခဲ့တာ အလုပ်လျှောက်ဖို့လာတာလား၊ အိပ်ဖို့နေဖို့လာတာလား"

သုဘရာဇာကြီးဦးလူဝက ခြေနှစ်ချောင်းကို တင်ပလ္လင်



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ထိုင်ကာ လူချောဆိုသည့် ကျီးကန်းပိန်တာရိုးကိုမေးလိုက်သဖြင့် မောင်လူချော ယောင်နနဖြစ်သွားပါလေ၏။ ဟုတ်သည်။ ဦးလူဝကြီးမေးမြန်းစစ်ဆေးနေပုံက ကုမ္ပဏီကြီးတစ်ခု၊ မန်နေဂျင်းဒါရိုက်တာကြီးတစ်ယောက် မေးမြန်းနေသည့်နှယ်ပါတည်း။

စင်စစ် ပဥ္စလက်ဗျတ်ကျော်က ဖောက်ထွင်းဝိဇ္ဇာတို့၏ အရှင်သခင်တစ်ပါးဖြစ်သည်။ ဤခေါင်းတစ်ရာသင်္ချိုင်းသို့ ရောက်ရှိလာခဲ့ခြင်းမှာ လွန်ခဲ့သောခြောက်လခန့်က သူ၏တပည့်ကျော်တစ်ယောက်ဖြစ်သူ တက်ခါးဆိုသူအား ဤခေါင်းတစ်ရာသင်္ချိုင်းသို့ စေလွှတ်ခဲ့ဖူးသည်။ ယခုအချိန်ထိ သတင်းအစအန မရဘဲ ပျောက်ချင်းမလှပျောက်ဆုံးနေသဖြင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်စုံစမ်းရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ် ရောက်လာခဲ့ခြင်းဖြစ်သည်။

သူ၏အဓိကရည်ရွယ်ချက်မှာ မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဗိုလ်တောက်ထိန်၏ သင်္ချိုင်းအစစ်ကို တိတ်တဆိတ် လိုက်လံရှာဖွေနေခြင်းဖြစ်သည်။ တချို့က ဤပေပင်မော်သင်္ချိုင်းတစ်ဖြစ်လဲ ခေါင်းတစ်ရာသင်္ချိုင်းတွင် မြှုပ်နှံခဲ့သည်ဟုဆိုကြသည်။ တချို့ကမူ ဗိုလ်တောက်ထိန်၏ဇနီးဖြစ်သူကိုယ်တိုင် သူပိုင်ရတနာပစ္စည်းများနှင့်အတူ ဗိုလ်တောက်ထိန်၏





ဦးခေါင်းကို သီးသန့်ယူငင်၍ လျှို့ဝှက်မြေအောက်သင်္ချိုင်းတွင် မြှုပ်နှံခဲ့သည်ဟုလည်း ဆိုကြသည်။ ထို့ကြောင့် သုဘရာဇာဦးလူဝထံချဉ်းကပ်၍ သတင်းအစအနနှိုက်ယူရန် ဝင်ရောက်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

“အဲဒီကိစ္စနှစ်ခုလုံးကို ဦးလူဝက ဖန်တီးပေးနိုင်မယ်ဆိုရင်တော့ ခင်ဗျားဟာ ကျွန်တော့်ရဲ့ နံပါတ်တစ်ကျေးဇူးရှင်အစစ်ဖြစ်သွားပြီပေါ့ဗျာ”

“အဟေး...ဟေး၊ ငါကလည်း မင်းကိုပြန်ပြီးကျေးဇူးတင်ရမယ်ကွ၊ ဘာဖြစ်လို့လဲဆိုရင် သင်္ချိုင်းကုန်းက သုဘရာဇာတစ်ယောက်ဆီမှာ ပထမဦးဆုံး အလုပ်လာလျှောက်တာမို့လို့ ငါတို့လိုသုဘရာဇာတွေအဖို့ ဂုဏ်ယူစရာအကောင်းဆုံး မှတ်တမ်းတစ်ခုပဲဟေ့၊ တကယ်တော့ သုဘရာဇာဆိုတာ မင်းတစ်ပါးလိုခန့်ထည်တဲ့ဂုဏ်ပုဒ်တစ်ခုပဲကွ၊ အဲဒီတော့ မင်းလည်း ငါ့ဆီမှာ အလုပ်လုပ်မယ်ဆိုရင် ဂုဏ်ရှိတယ်၊ ဂုဏ်ကျက်သရေတိုးမယ်၊ ကိုင်း...ဘယ့်နှယ့်လဲ၊ လုပ်နိုင်ပါ့မလား”

“ကျွန်တော်က ဘာလုပ်ရမှာလဲဦးလူဝရဲ့”

“ဟ...သုဘရာဇာတွေရဲ့သင်္ချိုင်းမှာ အလုပ်လုပ်မှတော့ လူသေကောင်တွေကိုမြှုပ်တဲ့ အလုပ်ပေါ့ကွာ၊ အင်း...လုပ်အားခ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လူသေကောင်ပါးစပ်ထဲက ပိုက်ဆံတစ်မတ်ကို တစ်ဝက် တိတိခွဲပေးမယ်''

''ဟုတ်မှလည်းလုပ်ပါ သုဘရာဇာကြီးရယ်၊ ပိုက်ဆံ တစ်မတ်ကို ဘယ်လိုလုပ်ခွဲပေးမှာလဲဗျ''

''ဟား...ဟ ကြိုက်သွားပြီလူချောရေ၊ လုပ်လိုက်ကွ၊ မင်းရဲ့မေးခွန်းက ဘယ်ဘုရင်ခံမှဖြေလို့မရတဲ့ မေးခွန်းတစ်ခုပဲ၊ ဒါပေမယ့် မပူနဲ့၊ သုဘရာဇာလူဝ ဖြေရှင်းပေးမယ်၊ ငွေတစ်မတ် ရလာခဲ့ရင် ကျုပ်ကဆယ်ပြား၊ မင်းကဆယ်ပြားပေါ့၊ ကျန်နေတဲ့ ငါးပြားကတော့ ကာကာကြီးဆိုင်က လက်ဖက်ရည်ကျကျတစ် ခွက်သောက်ဖို့ထားကြတာပေါ့ မောင်လူချောရာ၊ အေး...ဒါပေ မယ့် အင်ခရီမန်တွေ ဘာတွေတော့ မရှိဘူးနော်''

''ဘာလဲဗျ...အင်ခရီမန်ဆိုတာ''

''ဟကောင်ရ...မင်း ဘိုကြက်ချေးကျောင်းမှာ မနေခဲ့ရ ဘူးထင်တယ်၊ နှစ်တိုးကြေးကို ဘိုလိုပြောလိုက်တာလေ၊ နောက် ပြီး မင်းကို အပွိုင့်မင့်အော်ဒါတို့ ဘာတို့လည်းမပေးနိုင်ဘူးနော်''

''ဟာ...ဘာတွေပြောနေတာလဲ ဦးလူဝကြီးရယ်၊ ခင်ဗျား စကားတွေက အင်ခရီမန့်တို့၊ အပွိုင့်မန့်တို့၊ တံတွေးတောင်သီး





လိုက်တာဗျာ၊ တစ်ခါတည်းနဲ့ ရှုံးချင်စိတ်တွေတောင်ပေါက် သွားပြီ''

''ဟား...ဟ ရှုံးတော့ မရှုံးလိုက်ပါနဲ့ဦး မောင်ရာ၊ မနက် ဖြန်ကျရင် အလုပ်စပြီးဆင်းတာနဲ့ ပေါက်တူးပေါက်ရဦးမှာမို့ပါ၊ ကိုင်း...ကိုင်း၊ မင်းနားချင်ရင်လည်း နားပေတော့၊ ဂွတ်နိုက်... ပီးယူ တူမောရိုးမောနင်းပေါ့ကွာ၊ အဟေး...ဟေး''

''အာ...ခင်ဗျားစကားကြီးတွေကလည်း တံတွေးစင် လိုက်တာဗျာ''

''အဟား...ဟား...အင်္ဂလိပ်စကားလေးဘာလေး အခုလို ရှုပ်ညှပ်ပြောတာ ဝေလဘုရင်ကြီးအကြိုက်ပေါ့ကွာ၊ သူတို့ရဲ့ လက်သုံးစကားတွေကို ငါလိုသုဘရာဇာကြီးတစ်ယောက်က တောင် ပြောနိုင်ဆိုနိုင်တယ်ဆိုပြီး ရွှေစလွယ်ဆုတွေ၊ ငွေဓားဆု ကြီးတွေ လာပြီးပေးချင်ပေးနေဦးမှာကွ...ဟား...ဟား...ဟား... ဟား''

လူချောတစ်ဖြစ်လဲ ''ပဥလက် ဗျတ်ကျော်'' မှာ ... သုဘရာဇာကြီးဦးလူဝရဲ့စကားများကို နားမထောင်ပါလေတော့။ အနီးတဝိုက်ကြမ်းပြင်များကို သူ၏ပုဆိုးစုတ်တစ်ထည်နှင့်ရိုက် ခါလိုက်ပြီး တစ်ဖက်သို့စောင်း၍ အိပ်နေလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ လူချောတစ်ယောက် ပင်ပန်းနွမ်းနယ်မှုအရှိ
နှင့် အမှန်တကယ်ပင် အိပ်ပျော်သွားပါလေတော့သည်။

နောက်တစ်နေ့နံနက်မိုးလင်းသည်နှင့် လူချောတဖြစ်လဲ ပဥ္စလက်ဇျတ်ကျော်၏ပခုံးပေါ်သို့ ပေါက်ပြားတစ်လက် ရောက်ရှိလာခဲ့သည်။ ထို့နောက် သုဘရာဇာကြီးဦးလူဝ ညွှန်ပြနိုင်းစေထားရာ ညောင်ပင်ကြီးတစ်ပင်အောက်သို့ လျှောက်လာခဲ့ပါ၏။ ခေါင်းတစ်ရာသင်္ချိုင်းကြီးက ခန့်မှန်းခြေ ငါးကေခန့်ကျယ်ဝန်းကာ မြက်ရိုင်းတောကြီးများက သင်္ချိုင်းနေရာအနှံ့ ထူထပ်စွာပေါက်ရောက်နေကြသည်။

''အင်း...ငါ့မြေပုံအညွှန်းအတိုင်းဆိုရင်တော့ ဗိုလ်သူရိန်ရဲ့အုတ်ဂူကို အလွယ်တကူရှာဖွေလို့ရနိုင်ပေမယ့် ဗိုလ်တောက်ထိန်ရဲ့ လျှို့ဝှက်သင်္ချိုင်းဂူကတော့ အချိန်ယူပြီးတော့ ရှာရမယ့်



www.burmeseclassic.com

www.burmeseclassic.com



သဘောရှိတယ်၊ ဘာပဲဖြစ်ဖြစ် ဦးလူဝကို အယုံသွင်းပေါင်းပြီး ငါ့အကြံအစည်ကို အောင်မြင်အောင်လုပ်ဆောင်ရမှုဖြစ်မယ်”

ပဥ္စလက်ဖျတ်ကျော်က ထိုကဲ့သို့ ရေရှည်ကို မျှော်ခေါ်တွေးဆကြည့်ရင်း ဦးလူဝခိုင်းစေထားသည့် မြေကျင်းတစ်ကျင်းကို တူးဖော်လုပ်ကိုင်နေပါ၏။ အမှန်စင်စစ် ဒီနေရာသည် လူစည်ကားသင့်သောနေရာမဟုတ်။ သေသူတို့ကိုမြှုပ်နှံရာ သုသာန် သင်္ချိုင်းတစပြင်သာ ဖြစ်သည်မဟုတ်ပါလော။

“ဪ...လူတွေ လူတွေ၊ သေဖို့အတွက် မွေးဖွားလာကြတဲ့သူတွေ၊ ဒါနဲ့များတောင်မှ အတ္တတွေ၊ မာန်မာနတွေ ထောင်လွှားပြီး တရားမရှိ တရားမသိကြပုံများပြောတယ်၊ အဟင်း...ဟင်း၊ ငါကစပြီးတော့ ဆိုပါစို့ကွာ...အဟင်း...ဟင်း”

တူးလက်စမြေကျင်းကိုလက်စသတ်ပြီး မြေကြီးထဲမှာပင် မောမောနှင့် သူထိုင်ချပစ်လိုက်သည်။ အခိုက်တန့်လေးမှာတော့ အသစ်ကျပ်ချွတ်မြေကျင်းသည် အပြင်မှာထက်အေးနေသလို ခံစားရသည်။ မျက်လုံးအိမ်ထဲသို့စီးကျလာသည့် ချွေးသီးချွေးပေါက်များကို လက်ခုံနှစ်ဘက်ဖြင့် ခပ်ကြမ်းကြမ်းသုတ်ဖယ်ပစ်လိုက်ပါ၏။

“လူတွေ ခဏခဏမသေကြပါစေနဲ့...ဟူး”





စိတ်မောလူမောနှင့် သက်ပြင်းရှည်ကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်စဉ်မှာပင် ကြေးစည်ရိုက်သံသဲ့သဲ့မျှကြားလိုက်မိသည်။ မကြာမီ သူ၏နားထဲသို့ လူသံ၊ အော်သံ၊ ငိုကြွေးသံတို့က အစီအရီတိုးဝင်လာကြပါ၏။ တစ်ချိန်တည်းမှာပင် သစ်ရွက်ကိုင်းခြောက်များအပေါ် ခပ်ကြမ်းကြမ်းနင်းလျှောက်လာသည့်ခြေသံကိုပါ ကြားလိုက်ရသည်။ ..

“လူချောရေ...ဟေ့ကောင် လူချော၊ တယ်...ဒီကောင် ဘယ်များသွားနေပါလိမ့်”

သုဘရာဇာကြီးဦးလူဝ၏အသံကိုကြားလိုက်ရသဖြင့် ပေါက်တူးနှင့် ခြင်းစုတ်ကို အပေါ်သို့ပစ်တင်လိုက်ရင်း မြေကျင်းထဲမှ အပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။

ကြေးစည်သံ၊ ငိုကြွေးသံတို့ကို ယခုမှ ပီပီပြင်ပြင်ကြားလိုက်ရသည်။ မကြာမီ လူတစ်ယောက်သေဆုံး၍ အသုဘပို့ဆောင်ခြင်းကိစ္စသည် ထုံးစံအတိုင်း ငိုကြွေးသံ၊ ရင်ဘတ်စည်တီး ငိုကြီးချက်မနှင့် သောကပရိဒေဝမီးများ တညီးညီးတောက်လောင်နေပုံများက ယူတတ်လျှင် သံဝေဂရယူစရာပင်တည်း။ သည်ကြားထဲ သူ၏ဆရာ သုဘရာဇာ လူ့ခွစာကြီးဦးလူဝနှင့် အသုဘ



www.burmeseclassic.com

www.burmeseclassic.com



ရှင်အမျိုးသမီးတို့ အချီအချပြောနေပုံများကလည်း မိုးကြိုးစက်ကွင်းမလွတ်ချင်စရာပါတည်း။

"အင်း...ဦးလူဝပြောဆိုနေပုံက ဘယ်အချက် အရိုက်ခံရမလဲ မသိပါဘူးဗျာ၊ သူဟာသူကြွေးထူတာ၊ သူလင်သေလို့ ငိုတာတွေ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်တော်ဖြင့် ကြားထဲကနေ မျက်ခုံးလှုပ်လှုပ်ပဲဗျို့"

"ဟာ...ဟာ...မောင်လူချောကလည်း သုဘရာဇာရဲ့ စက္ကူထေရီလုပ်နေပြီးတော့ လူတွေကို တယ်ကြောက်တာပဲကိုး၊ ဒီမှာ...လူချောရဲ့၊ သုဘရာဇာဆိုတာ ဘယ်တော့မှ ဘက်မလိုက်ရဘူးကွ၊ သူဟာ လောကကြီးရဲ့အကြောင်းကိုသိနေတဲ့ ဟောဒီ ခေါင်းတစ်ရာသင်္ချိုင်းကြီးရဲ့မြေကြီးထဲမှာ အိပ်မောကျနေကြတဲ့ ကိုးရာတစ်ဆယ့်တစ်ယောက် စောစောက အသုဘအလောင်း အပါအဝင်ပေါ့ကွာ၊ သူတို့ဟာ ငါတို့လောက် လောကကြီးရဲ့ အကြောင်းတွေကို သိမသွားကြရရှာဘူးကွ"

"ဟာ..ဦးလူဝ တော်တော်မှတ်ဉာဏ်ကောင်းတာပဲ၊ ဒါဆို ခုနကမမြှုပ်လိုက်တဲ့လူနဲ့ဆိုရင် ဒီသင်္ချိုင်းမှာ ကိုးရာ တစ်ဆယ့် တစ်ယောက်ပေါ့နော်...ဟုတ်လား"





"ဟ...သိပ်မှန်တာပေါ့ လူချောရ၊ ဒါဟာ ငါ့ရဲ့အလုပ်
း၊ ကိုယ့်အလုပ်မှ ကိုယ်မသိတဲ့လူဟာ အရူးပဲဟေ့၊ အုတ်ဂူက
းဆယ့်ကိုးလုံးတောင်ရှိသေးတယ်၊ အေး...နောက်တိုးအုတ်ဂူ
တွက သီးသန့်ခွဲထားသေးတယ်၊ အဲဒီအုတ်ဂူတွေပါ ထည့်ပြီး
ါင်းရင် အုတ်ဂူက တစ်ရာခြောက်ဆယ့်သုံးလုံးအတိရှိတယ်၊
တစ်ဖစ်နက်လေကွာ...ဟင်း...ဟင်း၊ အဲဒီတော့ လူတွေသေ
ားကြတဲ့အခါမှာ ကျန်ရစ်တဲ့လူရဲ့အမူအကျင့် ငိုပုံငိုပေါက်တွေ
ကြည့်ပြီး ငါအတတ်ဟောနိုင်တယ်လေ..ဟား...ဟား...ဟား၊
ွတွေဟာ တိရစ္ဆာန်တွေထက်သာတာဆိုလို့ ကလိန်ကကျစ်ကျ
ာပဲပိုတယ် လူချောရေ..ဟား...ဟား"

"ဟင်း...ဦးလူဝကြီးကတော့ လုပ်ချလိုက်ပြန်ပြီ၊ ခင်ဗျား
ာ သဘာဝတရားကြီးကို ဖောက်ထိုးမိုးမျှော်လုပ်ပစ်လိုက်ဖို့
ြစည်နေတဲ့သူတစ်ယောက်ပဲဗျ"

"ဒါကတော့ မင်းထင်ချင်သလိုထင်ပါ၊ လူတိုင်းဟာ
ွတ်လပ်စွာနဲ့ အယူအဆကွဲလွဲနိုင်ပါတယ်၊ ဩော်...မင်းအလုပ်
ရင် ဒီမှာရယ်ယာခွဲရအောင်၊ ထမင်းထုပ်နဲ့ ဆေးလိပ်ကတော့
မရိကန်စစ်စတန်ပေါ့ကွာ၊ ဟောဒီမှာရော ငွေတစ်မတ်၊ ကာ



www.burmeseclassic.com

www.burmeseclassic.com



ကာကြီးဆိုင်က လက်ဖက်ရည်တစ်ခွက်ဝယ်ပြီးရင် ကျန်တဲ့ပို
ဆံက မင်းနဲ့ငါ တစ်ယောက်ဆယ်ပြားစီ ခွဲယူကြတာပေါ့ကွ
ဟင်း...ဟင်း''

ထို့နောက်မှာတော့ နှစ်ယောက်သား သချိုင်းဇရပ်ပျ
ကြီးရှိရာသို့ စကားတပြောပြောနှင့် လျှောက်လာကြသည်။

''ဒါ့ထက် ဟို...ဟို ကိုးဆယ့်ကိုးခုရှိတယ်ဆိုတဲ့အုတ်
တွေကလည်း ကိုးလိုးကန့်လန့်နဲ့နော်၊ မသကာ တစ်ရာဆိုလ
မှတ်ရသားရလွယ်သေးတယ်၊ ခုတော့...''

''ဟိုး...စတော့...စတော့၊ မင်းရဲ့စကားတွေကို ခ
လေးရပ်လိုက်စမ်း၊ အဲဒီကိုးဆယ့်ကိုးခုရှိတဲ့အုတ်ဂူတွေက သမို
ကြောင်းနဲ့လာခဲ့တဲ့ မျိုးချစ်တော်လှန်ရေးသမားတွေရဲ့အုတ်ဂူ
ဟောဒီခေါင်းတစ်ရာသင်္ချိုင်းဆိုတဲ့ သင်္ချိုင်းကြီးရဲ့ ရာဇဝင်သမို
ကြောင်းတစ်ခုကွ လူချောရ''

''အင်း...ခင်ဗျားရှင်းပြမှပဲ ပိုပြီးရှုပ်ကုန်ပြီ၊ နောက်
သင်္ချိုင်းဂူ ကိုးဆယ့်ကိုးလုံးပဲရှိပြီး သင်္ချိုင်းတစ်ရာမပြည့်ဘဲ
ကြောင့် ခေါင်းတစ်ရာသင်္ချိုင်းလို့ ခေါ်ရတာလဲဦးလူဝ''

ဒီတစ်ကြိမ်တော့ သုဘရာဇာဦးလူဝက ချက်ချင်းမ





သေးဘဲ ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိရှိက်ဖွာနေပါ၏။ ပြီးမှ ဆေးလိပ်မီးခိုးများနှင့်အတူ သက်ပြင်းမောကြီးတစ်ခုကို မှုတ်ထုတ်လိုက်ရင်း...

''အင်း...အဲဒီကိစ္စကိုဖြေရှင်းဖို့ကြိုးစားကြတာ ငါသိသလောက်ဆိုရင် လေးငါးယောက်လောက်ရှိသွားပြီ၊ ဒါပေမယ့် အဲဒီလေးငါးယောက်စလုံး သေသွားကြတဲ့အထိ ခေါင်းတစ်ရာသင်္ချိုင်းအဖြေကို သိမသွားခဲ့ကြဘူး၊ ဟောဒီခေါင်းတစ်ရာသင်္ချိုင်းကြီးဟာ ဂမ္ဘီရလျှို့ဝှက်ပညာရပ်တွေ ဖွဲ့စည်းထားတဲ့နေရာတစ်ခုပဲလူချော၊ ရှာဖွေကြတဲ့သူတိုင်းဟာ ကိုးဆယ့်ကိုးလုံးသာရှိတဲ့ သင်္ချိုင်းအုတ်ဂူပဲတွေ့ကြတယ်၊ ခေါင်းတစ်ရာမြောက်အုတ်ဂူဟာ အခုချိန်ထိ ရှာဖွေလို့မတွေ့ခဲ့ကြဘူးကွ၊ အင်း...ဒီအကြောင်းဖြစ်စဉ်တွေကို နောက်မှ အေးအေးဆေးဆေးပြောပြမယ်လူချောရေ''

ထိုနေ့က နောက်ထပ်အသုဘသုံးခုသာလာသွားခဲ့ပြီးနောက် ညနေစောင်းသွားခဲ့ပြီမို့ သုဘရာဇာကြီးဦးလူဝနှင့် လက်ထောက်သုဘရာဇာလက်သစ် မောင်လူချောတို့မှာ အလုပ်ခွင်သိမ်း၍ ပြန်လာခဲ့ကြသည်။ အခြေအနေသည် တစ်စတစ်စနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စလက်ဖျတ်ကျော်၏ ညွှတ်ကွင်းထောင်ချောက်ထဲသို့ ချဉ်းနင်းဝင်ရောက်ခဲ့လေပြီထင့်။

## အခန်း(၇)

## 'ခေါင်းတစ်ရာသချိုင်းသို့ မိုးရေလာလှုံသူတစ်ဦး'

မိုးရိပ်မိုးသားများက ကောင်းကင်တစ်ခုလုံးအား လွှမ်းမိုးထားကြသဖြင့် နံနက်(၉)နာရီခန့်ရှိသည့်တိုင် ခေါင်းတစ်ရာသချိုင်းထက်တွင် နေလုံးကို ကောင်းစွာမမြင်ကြရသေး။ သချိုင်းဇရပ်ပေါ်မှာတော့ ကာကာကြီးဆိုင်မှဝယ်လာသော လက်ဖက်သုပ်တစ်ခွက်ကို နို့ဆီဗူးခွံနှစ်ခွက်ထဲတွင် မောင်လူချောက အညီအမျှဝေခြမ်း၍ထည့်နေပါ၏။

ဦးလူဝကမူ သချိုင်းဇရပ်အောက်တွင်တည်ထားသည့် မီးဖိုခွင်ပေါ်မှ မြေခရားအိုးမည်းမည်းကြီးကိုယူလာပြီး ဇရပ်ပေါ်တွင်ချလိုက်သည်။ ပြီးလျှင် လွယ်အိတ်ကြီးထဲမှ ငှက်ပျောသီးလေးလုံးထုတ်ကာ နှစ်လုံးစီအညီအမျှခွဲဝေလိုက်သည်။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်မာခေါက်ခေါက်နှစ်ခုကိုပါ ရေနွေးကြမ်းခရားအိုးအန တင်ချကာ သုဘရာဇာဆရာတပည့်နှစ်ယောက် လက်ဖက်ရည် ဝိုင်း ဆွေးနွေးခန်းသို့ ရောက်သွားကြပါတော့သည်။

"ကျွန်တော် ဦးလူဝကို အကြံပေးစရာတစ်ခုရှိလို့ဗျ"

"အင်း...ဆိုပါဦးကွယ့်"

ပဥ္စလက်ဖျတ်ကျော် (မောင်လူချော)က ဤသို့စကား စလိုက်သည်နှင့် ဦးလူဝကလည်း နှီးဆီခွက်ထဲမှ လက်ဖက်ရည် ကို တစ်ကျိုက်ခန့်သောက်လိုက်ရင်း စကားလမ်းခင်းပေးလိုက် ပါ၏။

"အင်း...အဲ...ဟို...ဒီ...ဒီလိုပါ၊ သင်္ချိုင်းကြီးတစ်ခုလုံး မြက်ရိုင်းပင်ရှည်ကြီးတွေက ဖုန်းဆိုးကုန်းဖြစ်အောင် ဖုံးအုပ်ထား ကြတာ မြင်မကောင်းတော့သလိုကိုဖြစ်နေပြီ၊ အဲ...အဲ...နောက်ပြီး မြေကျင်းတူးတဲ့နေရာမှာလည်း အခက်အခဲတစ်ခုလိုဖြစ်နေလေ တော့ သင်္ချိုင်းကုန်းကြီးလည်း သပ်သပ်ရပ်ရပ်နဲ့ လှလှပပဖြစ် သွားအောင် ခြုံနွယ်မြက်ရိုင်းပင်ကြီးတွေလည်း ရှင်းလင်းပြီးသား ဖြစ်သွားအောင် ဒီမြက်ရိုင်းတောကြီးကို ရှင်းလင်းခုတ်ထွင်ပစ် ရင်ကောင်းမလားလို့ ဦးလူဝကိုတိုင်ပင်ကြည့်တာပါ"

"ဟာ...ဟ...ဝွဒ်၊ ဘဲရီးဝွဒ်အိုင်ဒီယာပဲ မောင်လူချော





ကြည့်စမ်း...ဒီလိုစိတ်ကူးမျိုးကို ဟိုးအစောကြီးကတည်းက ဘာဖြစ်လို့များ စိတ်မကူးမိပါလိမ့်၊ ဟုတ်တာပေါ့၊ သင်္ချိုင်းကြီး လှလှပပဖြစ်နေမှ သေချင်တဲ့သူတွေပေါ်လာမှာပေါ့၊ အဲဒီတော့ ငါ့ရဲ့ဘစ်ဖစ်နက်က ပိုပြီးတွင်ကျယ်လာမှာပေါ့၊ အေး...ဒါပေ ယ့် မြက်ရိုင်းတောကြီးကိုရှင်းတဲ့အတွက်တော့ မင်းကို အိုဗာ ိုင်ကြေးတွေ ဘာတွေတော့ ငါတစ်ပြားမှမပေးနိုင်ဘူးနော်... ဟေး...ဟေး"

"အိုး...ဒါတွေမလိုပါဘူး ဦးလူဝရယ်၊ ကျွန်တော်က သင်္ချိုင်းကြီးတစ်ခုလုံး သန့်ရှင်းသွားစေချင်တဲ့စေတနာပါ"

"ဘုရား...ဘုရား၊ ကျားသားမိုးကြိုး၊ မင်းရဲ့စေတနာ လည်း တခြားလူတွေများကြားသွားခဲ့ရင် ကျောချမ်းစရာ ကောင်းတဲ့စေတနာပဲဟေ့၊ အင်း...ဒါပေမယ့် သဘာဝကိုလွန် န့်ပြီး ပသာဒဖြစ်လာအောင် လုပ်ချင်တဲ့စိတ်ကူးစိတ်သန်းက သဘောရိုးသာဆိုရင်တော့ မင်းကိုချီးကျူးရမယ်လူချောရေ... ဟင်း...ဟင်း"

"ဟာ...ဦးလူဝကလည်းဗျာ၊ အတွေးခေါင်လိုက်တာ၊ ဘာအရောင်မှမပါတဲ့ သဘောရိုးသက်သက်ပါ၊ ခင်ဗျားပြော သလို သင်္ချိုင်းလေးက လှလှပပနဲ့ သန့်သန့်ရှင်းရှင်းလေးဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ လူတွေ မြန်မြန်လာပြီးသေချင်ကြမှာပေါ့၊ သူတို့ အဲဒီလ
သေမှ ကျွန်တော်တို့သုဘရာဇာတွေ အလုပ်ဖြစ်ကြမှာပေါ့ ဦးလူ
ရယ်''

ဖောက်ထွင်းဝိဇ္ဇာဆရာကြီး ပဥ္စလက်ပျတ်ကျော်က သူ
လျှို့ဝှက်စစ်ဆင်ရေးစီမံချက်မှ ကျားကွက်တစ်ကွက်ကိုရွှေ့ရ
ခြေတစ်လှမ်းစတင်လိုက်ခြင်းဖြစ်ပါ၏။ ဤကိစ္စသာအောင်မြ
ခဲ့လျှင် ပျောက်ဆုံးနေသည့် ခေါင်းတစ်ရာသချိုင်းအုတ်ဂူက
ရှာဖွေတွေ့ရှိနိုင်မည့်လမ်းစပေါ်မဟုတ်ပါလား။

''အင်း...နေဦးကွ၊ မင်းရဲ့အတွေးအခေါ်က ဟုတ်သလို
လိုရှိပေမယ့် မဟုတ်သေးဘူးဖြစ်နေတယ်၊ ငါ့စိတ်ထဲမှာ တ
မျိုးကြီးများဖြစ်နေသလားလို့''

''ဟာ...ဘာဖြစ်လို့လဲဦးလူဝရဲ့၊ ခင်ဗျားရဲ့စကားက
ဘယ်လိုယူရမှာလဲ''

ဦးလူဝက ချက်ချင်းပြန်မဖြေသေး။ သူ၏ကုတ်အင်္ကျ
အစုတ်ကြီးထဲမှ နဂါးဆေးပေါ့လိပ်တစ်လိပ်ကိုထုတ်ယူကာ သူ
ကြေးမီးခြစ်ကြီးနှင့် စိတ်ရှည်လက်ရှည် မီးညှိနေပါ၏။ ပြီးမှ
တစ်ချက်နှစ်ချက်မျှရှိုက်ဖွာကာ တကယ့်ကုမ္ပဏီကြီးတစ်ခုမ
မန်နေဂျင်းဒါရိုက်တာတစ်ဦး၏ဟန်ပန်မျိုးဖြင့် တစ်လုံးချင်းပြော
ပြနေပါတော့သည်။





''အေး...ဒီလိုရှိတယ် မောင်လူချောရဲ့၊ သချိုင်းဆိုတာဟာ လူသေမြှုပ်တဲ့ အမင်္ဂလာနေရာ၊ တစ်နည်းအားဖြင့် ချောက်ချားထိတ်လန့်စရာကောင်းတဲ့နယ်မြေ၊ အဲဒီတော့ ဒီလိုနယ်မြေမျိုးကို လှမ်းပြီးမြင်လိုက်ရတာနဲ့ လူတွေဟာ အမြဲတမ်းထိတ်လန့်ကြောက်ရွံ့နေကြတာ၊ သွေးပျက်ချောက်ချားနေရတာဟာ အကောင်းဆုံးအမှန်တရားတစ်ခုပဲကွ၊ ကိုင်း...မင်းအခုရောက်နေတဲ့ ပတ်ဝန်းကျင်ကိုကြည့်လိုက်စမ်းလူချော၊ သစ်ပင်အိုကြီးတွေ၊ ညောင်မှတ်ဆိတ်တွေနဲ့ တွန့်လိမ်ရှုပ်ပွနေတဲ့ညောင်ပင်ကြီးတွေ၊ ဂူပျက်ဂူဆွေးတွေ၊ ထိုးထိုးထောင်ထောင်မှတ်တိုင်တွေနဲ့ မြက်ရိုင်းတောကြီးတွေက လောကလူသားတွေကို ချောက်ချားအောင်၊ ဝင်မလာရဲအောင် ခြောက်လှန့်ထားကြတယ်မဟုတ်လား၊ ဒီလိုသဘာဝရဲ့ကြောက်ရွံ့ထိတ်လန့်ဖွယ် အဟန့်အတားတွေကြောင့် လူတွေဟာ သချိုင်းကိုရောက်ရမှာ၊ သေရမှာကို ကြောက်ရွံ့ထိတ်လန့်ကုန်ကြတယ်၊

အေး...အဲဒီလို ကြောက်ရွံ့ထိတ်လန့်ကုန်ကြတာနဲ့အမျှ လူတွေဟာ သေမှာကြောက်ပြီး မသေဖို့ အမျိုးမျိုးကြိုးစားကြလိမ့်မယ်၊ နောက်ဆုံး ကံကောင်းရင် ဘယ်တော့မှမသေနိုင်တဲ့နည်းတွေ၊ မသေဆေးတွေတောင် ရှာဖွေတွေ့ရှိသွားနိုင်တယ် လူချောရေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟ...ဒါ...ဒါဆို ဘယ်ဖြစ်မလဲ၊ ခင်ဗျားရော၊ ကျွန်တော်ရော၊ ဟိုသုဘရာဇာတွေအားလုံးပါ ထမင်းငတ်ကုန်ကြတော့မှာပေါ့"

"အိုး...ဟိုး...ဟိုး မင်းက မလွယ်တဲ့ကောင်ပါလားဟေ့၊ ငါ့ဆီမှာအလုပ်ဝင်တာမှ တစ်ပတ်ကျော်ကျော်လောက်ရှိသေးတယ်၊ တစ်ခါတည်း မန်နေးဂျင်းဒါရိုက်တာတင်ရမယ့်ကိန်းဆိုက်နေပြီ၊ ကြည့်လည်းလုပ်ပါဦးလူချောရေ၊ လူတိုင်းလူတိုင်း လောဘတော့မကင်းကြပါဘူး၊ ဒါပေမယ့် ငါတို့လို သုဘရာဇာတွေက လောဘဇောကပ်ပြီး လူတွေများများသေကြပါစေလို့ ဆုတောင်းရင် နတ်လူသာဓုမခေါ်တဲ့အပြင် ဟိုးယောယုဝရဲအထိတောင် ကန်ချချင်ချကြမှာကွ၊ အင်း...ဒါကြောင့် မင်းရဲ့ ဗီလိုဆော်ဗီအတွေးအခေါ်တွေက ဟုတ်သလိုလိုနဲ့ မဟုတ်သေးဘူးပြောတာပေါ့ကွာ၊ ပထမတော့ ဟုတ်သလိုလိုရှိပေမယ့် သေချာတွေးကြည့်လိုက်ရင် ပျားရည်ဆမ်းထားတဲ့ ဆေးခါးကြီးလိုဖြစ်နေတယ်ကွ"

ပဥ္စလက်ဗျတ်ကျော်၏ လျှို့ဝှက်စစ်ဆင်ရေးစီမံချက် ပျားရည်ဆမ်းထားသည့် ဆေးခါးကြီးတစ်ဖုံက အတွေးအခေါ်ရင့်ကျက်လှသည့် သုဘရာဇာကြီးဦးလူဝ၏ ထူးခြားနက်နဲသော





ဆင်ခြင်တုံတရားအောက်တွင် ပျက်စီးသွားရတော့မည်လေလား။

"အို...ကျွန်တော်က သင်္ချိုင်းကြီးရဲ့ ရေရှည်လုပ်ငန်း ကြီးတိုးတက်ကောင်းမွန်စေဖို့နဲ့ နောက်...နောက်..."

"ဟိုး...စတော့ပ်...စတော့ပ်၊ ရပ်...ရပ်...တော်...တော်ပါတော့ မောင်လူချောရယ်၊ ငါတို့ဘိုးဘွားဘီဘင်တွေ လက်ထက်ကတည်းကတည်ရှိနေခဲ့တဲ့ သင်္ချိုင်းတစ်ခုရဲ့ သဘာဝအလှတရား ဒါမှမဟုတ် သဘာဝအရှိတရားတစ်ခုကို ငါတို့လက်ထက်ကျမှ ပျက်စီးမသွားစေချင်ဘူး၊ နောက်ပြီး အရာရာတိုင်းဟာ သူ့နေရာနဲ့သူရှိနေတာ အကောင်းဆုံး သဘာဝတရားတစ်ခုဆိုတာ မင်းလက်ခံနိုင်အောင်ကြိုးစားပါ မောင်လူချောရေ၊ ဟော...ပြောရင်းဆိုရင်းတောင် သင်္ချိုင်းရဲ့ သဘာဝအလှတရားကို ဖြည့်ဆည်းပေးမယ့်သူတွေ ရောက်လာကြပြီ၊ ပေါက်တူးထမ်းပြီးသာ ငါ့နောက်ကိုလိုက်ခဲ့ပေတော့"

ဟုတ်သည်။ သုဘရာဇာဆရာတပည့်နှစ်ယောက် စကားကောင်းနေကြစဉ်မှာပင် အသုဘပို့လာသူ လူတစ်စုကို သင်္ချိုင်းပေါက်ဝတွင် တွေ့မြင်လိုက်ရသဖြင့် ဦးလူဝ ဇရပ်ပေါ်မှ ကပျာကယာဆင်းကာ ထိုလူစုထံသို့ လျှောက်သွားပါတော့သည်။

ပဥ္စလက်ဗျတ်ကျော် (မောင်လူချော)က သူ၏ပထမ



www.burmeseclassic.com

www.burmeseclassic.com



အကြံအစည် အထမမြောက်သဖြင့် နောက်ထပ်အစီအစဉ်တစ် ပြောင်းရန် စဉ်းစားရင်း ပေါက်တူးထမ်းကာ ဦးလှူဝနောက်သို့ လိုက်သွားပါလေတော့သည်။

ပဥ္စလက်ဗျတ်ကျော် ခေါင်းတစ်ရာသချိုင်းသို့ရောက်ပြီး ရက်နှစ်ပတ်ခန့်အကြာတွင် ဗိုလ်သူရိန်၏အုတ်ဂူကို စတင်၍ တွေ့ရှိခဲ့သည်။ မြေပုံညွှန်းကို တက်ခါးအားပေးလိုက်သည့်မို့ စိတ်မှန်းဖြင့် တွက်ချက်ရှာဖွေနေခြင်းကြောင့် ဤမျှကြာမြင့်သွားခြင်းဖြစ်ပါ၏။ သို့သော် ဗိုလ်သူရိန်၏အုတ်ဂူက ခြေရာလက်ရာပျက်ယွင်းလျက်ရှိသည်ကိုပါ တွေ့မြင်လိုက်ရပါသည်။

''အင်း...ကြည့်ရတာ တက်ခါး ဒီဂူထဲကပစ္စည်းတွေ ရသွားပုံပေါ်တယ်၊ ဒါပေမယ့် ခက်နေတာက တက်ခါးပျောက်နေတဲ့ကိစ္စပဲ၊ ငါ့ဆီကိုလည်း ရောက်မလာ၊ ဒီမှာကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထွင်းပြီးသွားတဲ့ လက္ခဏာရပ်တွေတွေ့ရ၊ ဒီကြားထဲမှာ တက်ခါး ဘယ်ရောက်နေလဲ''

အချိန်က တကယ်ပင် နွားရိုင်းသွင်းချိန်စစ်စစ်။

အမှောင်ရိပ်တို့ တစ်စတစ်စကြီးစိုးမင်းမူလာသော ခေါင်းတစ်ရာသချိုင်း၏ ချုပ်ညှရိသည့် လေပြည်ရိုင်းတို့ ကျီစယ်ကစားမှုအောက်တွင် ဟိုယိမ်းဒီယိုင်နှင့် ကျိုးကျိုးကျည်ကျည် သံစုံမြည်လျက်ရှိပါလေ၏။

''ဒီကောင်ဟာ ငါ့အပေါ်မှာ ဘယ်လိုမှ သစ္စာဖောက်စရာအကြောင်းလည်းမရှိပါဘူး၊ သူ့အတွက်အခွင့်အရေးတွေ ရပိုင်ခွင့်တွေပါ တစ်ခါတည်းပေးပြီးသားပါ၊ သိဒ္ဓိဝင်အပ်တစ်ချောင်းနဲ့တော့ ဒီကောင်သစ္စာမဲ့တာမဖြစ်နိုင်ဘူး၊ အင်း...မတွေးကောင်းတွေးကောင်း ဟောဒီသင်္ချိုင်းမှာပဲ လူမိခံရပြီး မြေကြီးထဲရောက်သွားပြီလားမသိဘူး...ဟူး''

ပဥ္စလက်ဗျတ်ကျော်မှာ သူ့တပည့်၏ဖောက်ထွင်းလက်ရာကို သေချာစွာစီစစ်ကြည့်ရှုနေပါလေ၏။ ထိုအချိန်တွင်...

''ဟိတ်...ဟိုအကောင်၊ အုတ်ဂူကြီးအနားမှာ ကုပ်ချောင်းချောင်းနဲ့ ဘာလဲ...ဂူဖောက်ပြီး အလောင်းခိုးမလို့လား ဟင်''





''ဟာ...''

ရုတ်တရက်ဆူဝေလာသောဒေါသသည် ကြားလိုက်ရသောအသံရှင်၏အသံကြောင့် ပြေလျော့ကျသွားပါ၏။ ပဥ္စလက်ဗျတ်ကျော် ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ အုတ်ဂူတစ်လုံးပေါ်တွင်ရပ်လျက် အုတ်ခဲကျိုးနှင့်ချိန်ရွယ်ထားသည့် ကောင်မလေးတစ်ယောက်ကိုတွေ့လိုက်ရသည်။ ဆံပင်က ဖားလျားဖြန့်လျက်။ လည်ပင်းတွင် နှီးဆီခွက်နှစ်ခွက်ဆွဲထားသောပုံသဏ္ဌာန်ကိုမြင်လိုက်ရသည်နှင့် ပဥ္စလက်ဗျတ်ကျော် စိတ်ပျက်လက်ပျက်ဖြစ်သွားရပါလေ၏။

''တောက်...ကိုယ့်ဟာကိုယ် စိတ်ရှုပ်နေရတဲ့အထဲ ဒီအရူးမကတစ်မှောင့်''

''ဘာ...ဘာပြောလိုက်တယ်၊ ဟင်...ငါလိုမြစိမ်းရောင်သခင်မလေးကိုများ မတော်မတည့် အရူးမလို့ပြောရဲတယ်၊ သိုက်ထဲကိုပို့လိုက်ပြီး သိုက်စောင့်လုပ်ပစ်လိုက်မှ အရှင်လတ်လတ်နှစ်ဘဝပြောင်းနေရဦးမယ်''

ထိုစဉ်မှာပင် ကောင်းကင်တစ်ခုလုံး လျှပ်ရောင်တဝင်းဝင်း မိုးခြိမ်းသံတဂျိမ်းဂျိမ်းနှင့် မိုးသက်လေက ပြိုင်တူစစ်ခင်းလာခဲ့ပါချေပြီကော။ မိုးက တဖွဲဖွဲကျနေရာမှ မိုးသက်လေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တစ်ခုလုံး အမှောင်ကျသကဲ့သို့ရှိလာပါချေ၏။ မကြာခင် ခေါင်းတစ်ရာသချိုင်းကြီးထဲတွင် မိုးတဖွဲဖွဲရွာသွန်းလာခဲ့ပါတော့သည်။

ပဥ္စလက်ဗျတ်ကျော်မှာ မိုးထဲရေထဲတွင် အရှုးမတစ်ယောက်နှင့် ဖက်ပြိုင်စကားမပြောချင်သဖြင့် ဗိုလ်သူရိန်အုတ်ဂူပျက်ကြီးရှေ့မှ ရှောင်ခွာထွက်ရန် ခြေလှမ်းပြင်လိုက်သည်နှင့်...

''ဝှစ်...ဖြောင်း...ဘုန်း''

သူ၏ခြေထောက်ရှေ့သို့ အုတ်ခဲကျိုးပိုင်းကြီး ဖြောင်းခနဲကျရောက်လာပြီး အနီးရှိ အုတ်ဂူပျက်ကြီးအား ဘုန်းခနဲထိမှန်လွင့်စင်သွားပါ၏။

''ဟေး...ဘယ်လိုလဲ၊ သတ္တိမရှိဘူးလား။ ဘာဖြစ်လို့သခင်မကိုတွေ့တာနဲ့ ရှောင်ထွက်သွားရတာလဲ၊ ငါက ငါ့ရဲ့ခမည်းတော်ဆီကိုလာခဲ့တာ၊ ထီးတော်မိုးမပါခဲ့တာနဲ့အတော်ပဲ၊ လာ...လာ၊ သခင်မလေးကို ထီးတော်မိုးစမ်းဟဲ့၊ ဟို...ဟိုမှာနှင်းတွေတောင်ရွာချလာပြီဟဲ့''

သူရပ်နေရာအုတ်ဂူထက်မှ ဝုန်းခနဲခုန်ချလာပြီး ပဥ္စလက်ဗျတ်ကျော်အနီးသို့ ဇွေ့ခနဲရောက်ရှိလာခဲ့သည်။ ပြီးလျှင်အနီးရှိကြီးမားလှသော ပိန်းရွက်ကြီးတစ်ခုကိုဆွဲချိုးကာ သူ့အား





းတော်မိုးလုပ်ခိုင်းနေခြင်းကြောင့် ပဥ္စလက်ဗျတ်ကျော် ဦးခေါင်းကို တဗျင်းဗျင်းကုတ်နေပါ၏။

''တောင်း...တောင်းပန်ပါတယ် အရှုးမ...အဲ...အင်း...ခင်မလေးရယ်၊ ငါမအားသေးလို့ သွား...သွားတော့မယ်နော်''

''ဟဲ့...ဟဲ့...နေပါဦးဟဲ့၊ နင်က ဘာဖြစ်လို့လောနေတာ၊ အေး...ငါ့ခမည်းတော်ကြီးလည်း နင့်လိုပဲ လောလော လောလာနဲ့ အရက်သောက်ရာကနေ သေသွားတာဟဲ့၊ အဲဒါ ဒီချိုင်းက သုဘရာဇာကြီးကပြောတယ်၊ အခုအရက်တွေကဆိပ်ခတ်တွေကို ရေနဲ့ရောပြီး သီးသန့်ဖျော်စပ်ထားကြတာတဲ့၊ ယာက်လိုက်တာနဲ့ တစ်ခါတည်း အစိမ်းသေပဲတဲ့၊ ဟဲ့...ကဲ...ကလေ၊ မျက်လုံးကြီးပြူးပြီး ဘာကိုကြည့်နေတာလဲ...ဟွန်း''

''ဟွန်း...ဒီအရှုးမနဲ့တော့ ခက်နေပါပြီ၊ ဒီမှာ မိုးတွေရွာပြီဟဲ့...သိလား''

ပဥ္စလက်ဗျတ်ကျော်မှာ စိတ်မရှည်နိုင်တော့သည်မို့ အရှုးဖွဲထားသည့် သူ၏ပုဆိုးစကို ပြန်၍ဆွဲယူလိုက်သည်။ သို့သော်ရှုးမကမလွှတ်။

''အဲ...ဟုတ်တယ်နော်၊ ဒါဆိုရင်လည်း နောက်မှပဲ လာတော့မယ်၊ ဒီနေရာက ငြိမ်းချမ်းတယ်ဟ၊ နောက်ပြီး နင်နဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်ရတယ်၊ ဒီမှာက ငါ့ကိုဆူမယ့်လူလည်းမရှိဘူး ဆဲမယ့်လူလည်းမရှိဘူး၊ ပျော်ဖို့လည်းကောင်းသေးတယ်၊ ကဲ… ကဲ…သွားတော့၊ ငါကတော့ ဖခမည်းတော်ကြီးကို နှုတ်ဆက် ရဦးမယ်၊ ပြီးရင်တော့ တစ်လမ်းလုံး မိုးရေတွေကိုလှုပ်ပြီးပြန်မယ် သူငယ်ချင်းရေ…ဟေး…ဟေး…ဟေး''

ပဥ္စလက်ဗျတ်ကျော်မှာမူ မိုးရွာကြီးထဲတွင် ကလေ တစ်ယောက်နှယ် ပြေးဆော့ခုန်ပေါက်ကာထွက်သွားရင်း 'နှ ပျောက်တဲ့နွေ' သီချင်းကို ဟစ်အော်ဆိုသွားသည့် ထူးဆန်းသေ အရူးမလေးကိုကြည့်ကာ ရင်မှာအမျိုးအမည်မသိ ဝေဒနာတစ် သနွေတည် ကျန်ရစ်ခဲ့ပါတော့သတည်း။

အခန်း(၈)

## 'ညတစ်ည၊ ရွှေရေတကောင်းတစ်လုံး၊ ခေါင်းပြတ်သရဲတစ်ကောင်'

နေသာသောနေ့တစ်နေ့၏ နေ့လည်ခင်းတစ်ခု။

လူမစည်ကားသင့်သော ခေါင်းတစ်ရာသချိုင်းကုန်းတွင် အသုဘပို့သူ၊ ပြန်သူများနှင့် အတန်ငယ်စည်ကားနေပါလေ၏။ ကြေးစည်သံ၊ ငိုရှိုက်သံ၊ လူသံသူသံများက နေ့လည်ခင်းလေစီး ထဲဝယ်လွင့်မျောလျက် ပခက်နှင့်ဝေးလာလေလေ သေခြင်းနှင့် နီးလာလေလေပင်ဖြစ်သည့်မို့ သင်္ချိုင်းသို့ တစ်ခေါက်မျှရောက် ရုံနှင့် သံဝေဂယူတတ်မည်ဆိုလျှင် ရလောက်ဖွယ်ရှိပါလေ၏။

သုဘရာဇာကြီးဦးလူဝမှာ အလောင်းကိုလက်ခံထားပြီး မှ မြေတူးမည့်စက္ကာထဲရှိ လူချောပျောက်ဆုံးနေသဖြင့် အော်ဟစ် ခေါ်ငင်ရင်း လိုက်လံရှာဖွေနေပါလေ၏။

★ ခုနစ်စင်ကြယ်စာပေ ★

www.burmeseclassic.com

www.burmeseclassic.com



''လူချောရေ...ဟေ့...လူချော၊ လူချောရေ''

သင်္ချိုင်းဇရပ်အနီးအနားမှာတော့ ရှိဟန်မတူ။ ပေါက်တူးနှင့် ကြိမ်ခြင်းစုတ်ကိုပါမတွေ့ရသဖြင့် ဤသင်္ချိုင်းကုန်းကြီး၏ တစ်နေရာရာတွင် လူချောရှိနေမည်မှာ သေချာပါ၏။ မည်သည့် အုတ်ဂူထက်တွင် ခွေမေ့မျိုးမေ့ အိပ်ပျော်နေလေသည်လားမသိ တတ်ပါ။

''တောက်...ဒီကောင်ကွာ၊ ခါတိုင်း ဒီလောက်မရှာရပါ ဘူး၊ ဘယ်ချောင်ကြိုချောင်ကြားမှာများ သွားပြီးအိပ်နေလဲမသိ ဘူး။ ပေါက်တူးနဲ့ ခြင်းပါပါသွားတာဆိုတော့ ဒီကောင် တစ်နေရာ ရာမှာ နပ်နေတာပဲဖြစ်ရမယ်၊ လူချောရေ...ဟေ့...လူချော''

ရူးရူးဝါးဝါးခေါ်ငင်သံကြောင့် တူးလက်စမြေကျင်းထဲတွင် မေ့ခနဲအိပ်ပျော်သွားသည့် ပဥ္စလက်ဗျတ်ကျော်မှာ ဖျတ်ခနဲ လန့်နိုးလာခဲ့သည်။ သေချာစွာနားထောင်ကြည့်လိုက်တော့ ဦးလူဝ၏ခေါ်ငင်သံမှန်း သူသိလိုက်ရသည်။

''ဗျို့...ဦးလူဝရေ ကျွန်တော် ဒီမှာဗျို့''

ပေါက်တူးနှင့် ခြင်းစုတ်ကို ကျင်းပေါ်သို့ပစ်တင်လိုက် ပြီး တူးလက်စမြေကျင်းကြီးထဲမှ သူ လွှားခနဲခုန်တက်လိုက်စဉ် သုဘရာဇာကြီးဦးလူဝ မြေကျင်းအနီးသို့ရောက်လာခဲ့သည်။





''ဟာ...ဟေ့ကောင် လူချော၊ ဒီမြေကျင်းတူးနေတာ ဘာအတွက်လဲ၊ ဘယ်အသုဘအလောင်းအတွက်လဲ...ဟင်၊ ပြော စမ်း၊ မင်း ငါမသိဘဲနဲ့ အသုဘမှောင်ခိုလုပ်နေတာလားဟင် လူချော''

''ဟာ...ဦးလူဝကလည်း ပေါက်ပေါက်ရှာရှာပြောရော့ မယ်၊ ဒီနေ့ ကျွန်တော် အားလည်းအားလပ်နေ၊ ပျင်းလည်း ပျင်းနေတာနဲ့ မြေကျင်းတစ်ခု ကြိုပြီးတူးနေတာပါဗျ''

ပဥ္စလက်ဗျတ်ကျော်၏စကားကြောင့် သုဘရာဇာကြီး ဦးလူဝ၏မျက်နှာတွင် ကြီးစွာသောအံ့အားသင့်မှုအသွင်သဏ္ဌာန် တစ်ခု ဆိုးဝါးစွာဖြစ်ပေါ်လာခဲ့ပါလေ၏။

''ဟား...မင်း သောက်ရူးပဲ၊ လူမသေဘဲနဲ့ ကျင်းမတူး ရဘူးကွ၊ ဟား...တော်တော်ခက်တဲ့ကောင်ပါလား၊ သင်္ချိုင်းကုန်း မှာ ဒီလောက်နေလာပြီးမှ ဒါလေးတောင်မသိဘူးလား လူ ချောရယ်...ဟွန်း''

''အာ...ဦးလူဝကလည်းဗျာ၊ ဘာမှန်းလည်းမသိဘူး၊ နောက်နေ့တွေကျတော့လည်း တူးရမယ့်အတူတူ တစ်လက်စ တည်းတူးထားလိုက်တော့ရော ဘာဖြစ်တာမှတ်လို့ဗျာ၊ ကိုင်း... အခု အသုဘတစ်လောင်းရောက်လာပြီမဟုတ်လား၊ ဒီမှာမြှုပ် လိုက်ရင် အဆင်သင့်ပဲလေ ဦးလူဝရဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမျှအလေးအနက်မထား။ ကိုယ်ဖြစ်ချင် လုပ်ချင်သည်များကိုသာ စွတ်ရွတ်လုပ်ကိုင်နေသည့် လူချောအား ပြင်းပြင်းထန်ထန်သတိပေးမှုဖြစ်တော့မည်။ ယခုလုပ်ရပ်သာ အများပြည်သူသိရှိသွားကြမည်ဆိုလျှင် သူပါရောယောင်ပြီး သုဘရာဇာဘဝမှ အရှင်လတ်လတ်ကြီး အလုပ်ပြုတ်သွားမည်မှာ မြေကြီးလက်ခတ်မလွဲပင်တည်း။

"မင်းဟာမင်းသာ မြှုပ်လိုက်တော့ လူချောရေ၊ ဒီကိစ္စဒီမှာပဲပြီးပါစေ၊ နောက်ကို ငါ့ဆီကခွင့်ပြုမိန့်အော်ဒါမရရင် ဘယ်နေရာမှ မြေကျင်းမတူးရဘူး၊ ဒါနောက်ဆုံးဖြစ်ပါစေ လူချော၊ အေး...ငါ့စကားကို နားမထောင်ခဲ့ရင်တော့ မင်းအတွက် နေစရာကျောတစ်ခင်းစာနဲ့ စားစရာ လက်တစ်ဆုပ်စာပါ ဘုံပျောက်သွားလိမ့်မယ်"

ထို့နောက်မှာတော့ ဦးလူဝမှာ ဒေါပွပွနှင့် ထိုနေရာမှ လှည့်၍ထွက်သွားပါလေ၏။ ခပ်လှမ်းလှမ်းသို့ရောက်မှ...

"ဟေ့ကောင် ဘာလုပ်နေတာလဲ၊ ပေါက်တူးနဲ့ ခြင်းစုတ်ယူပြီး ငါ့နောက်ကိုလိုက်ခဲ့"

ပဉ္စလက်ဗျတ်ကျော်တစ်ယောက်ကတော့ ဇာတ်လိုက်





မင်းသားဟန်ဖြင့် ပခုံးနှစ်ဘက်ကို ဟန်ပါပါတွန့်လိုက်ရင်း ပေါက်တူးကို စိတ်မပါ့တပါနှင့်ကောက်ယူလိုက်ပြီး လက်တစ်ဖက်ကကြိမ်ခြင်းကိုဆွဲကာ ဦးလူဝနောက်သို့ လိုက်ပါသွားပါလေတော့သည်။

အမှန်စင်စစ် ပဉ္စလက်ဗျတ်ကျော်မှာ ခေါင်းတစ်ရာသင်္ချိုင်းထဲတွင် သူမသက်သာသည့်နေရာတစ်ဝိုက်အား တိတ်တဆိတ်ရှာဖွေတူးဖော်ကြည့်နေခြင်းသာဖြစ်ပါ၏။ မမျှော်လင့်ဘဲ ဦးလူဝကြီးတွေ့ရှိသွားသဖြင့်သာ ချော်လဲရောထိုင်လိုက်ရခြင်းဖြစ်သည်မဟုတ်ပါလား။ ဘာလိုလိုနှင့် ပဉ္စလက်ဗျတ်ကျော်တစ်ယောက် သုဘရာဇာလူချောဘဝသို့ ကူးပြောင်းရောက်ရှိနေသည်မှာ နှစ်လနီးပါးခန့်ရှိခဲ့ပါပြီ။ သုဘရာဇာဦးလူဝသည် လူကောင်ကြီးဝသလောက် ပါးနပ်သောလူတစ်ယောက်ဖြစ်ကြောင်း ပဉ္စလက်ဗျတ်ကျော်သိခဲ့ရပါ၏။ ဦးလူဝသည် သူနေထိုင်ကျက်စားရာ ခေါင်းတစ်ရာသင်္ချိုင်းသာမက လောကကြီးတစ်ခုလုံးကိုပင် နှတ်မျက်စိရရှိထားသူတစ်ယောက်ကဲ့သို့ ထွင်းဖောက်သိမြင်နိုင်သူတစ်ယောက်လည်းဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ ပဉ္စလက်ဗျတ်ကျော်မှာ ဦးလူဝကြီးကို လျှော့တွက်၍မဖြစ်ကြောင်း မှတ်ယူထားလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ခေါင်းတစ်ရာပြည့် ဗိုလ်တောက်ထိန်၏ သင်္ချိုင်းဂူကိုရှာဖွေစုံစမ်းရာတွင် စိတ်ရှည်ရှည်ဖြင့် ပိပိရိရိ သာစုံစမ်းပါတော့သည်။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဟူသော ဖွဲလုံ့လဝီရိယဖြင့် ရှာဖွေနေခဲ့ရာမှ တစ်နေ့တွင် အုတ်ဂူ (၉၉)လုံးနှင့် မနီးမဝေးနေရာ၌ အသုဘတစ်ခုအတွက် မြေကျင်းတူးဖော်ရာမှ ထူးခြားမှုတစ်ခုနှင့်ကြုံတွေ့ခဲ့ရပါလေ၏။

ထိုနေ့နံနက်က ဦးလူဝ၏ခိုင်းစေမှုဖြင့် ညောင်ချပ်ပင်ကြီးတစ်ပင်အောက်တွင် မြေကျင်းတစ်ကျင်းကိုတူးဖော်နေရာ တစ်ကြိမ်တွင် သူ၏ပေါက်တူးက မာကျောသောအရာတစ်ခုကို သွားရောက်ထိနိုက်မိလိုက်သည်။

''ထန်...ချွမ်''

''ဟာ...ဘာလဲဟ၊ ချွမ်ခနဲ ချွင်ခနဲအသံတွေ ကြားနေရတယ်''

တစ်စုံတစ်ခုကို ထိခတ်မိသောသံစဉ်ကြောင့် ပဋ္ဌလက်ဖျတ်ကျော် စိတ်ဝင်တစားနှင့် ထိုအရာကို ပေါက်ပြားနှင့် ဂရုတစိုက်တူးဖော်ကြည့်လိုက်မိသည်။

''ဘာလေးလဲဟ၊ ရေခွက်လိုလို ရှည်မျောမျောလေးနဲ့ ပုလင်းလည်းမဟုတ်ပါဘူး''





မြေစိုင်ခဲနှင့် ရွှံ့စေးများကပ်ငြိနေကြသည်မို့ မည်သည့်အရာဟု ရေရေရာရာမသိရှိရသည့်တိုင် ပေါက်ပြားချက်ထိရှသွားသည့်နေရာမှ ဝင်းလက်နေသည့်အရာကြောင့် ပဋ္ဌလက်ဖျတ်ကျော် စိတ်ဝင်စားသွားမိသည်။ ထို့ကြောင့် ဦးလူဝရောက်မလာခင် ထိုပစ္စည်းကို လုံခြုံစိတ်ချရာတစ်နေရာတွင် သိုဝှက်သိမ်းဆည်းထားလိုက်ပါ၏။

ညနေခင်းအလုပ်ကိစ္စများပြီးစီးသွားမှသာ ပေပင်ချောင်းရှိရာသို့ သွားရောက်ရေချိုးရင်း ထိုပစ္စည်းကို အင်္ကျီပုဆိုးထုပ်အတွင်းဝယ် သိုဝှက်ယူငင်လာခဲ့သည်။ ထို့နောက် လူရှင်းသောနေရာတွင် အဝတ်များကိုဖွတ်လျှော်ရင်း ထိုပစ္စည်းလေးကို ဆေးကြောသုတ်သင်နေပါ၏။ ရေနှင့် ကျကျနနဆေးကြောလိုက်သည့်တွင် ကပ်ငြိနေသည့် မြေကြီးရွှံ့စေများ ပြောင်စင်သွားသည့်အခါမှာတော့ ကျောက်အဖေးများတက်နေသည့် ရွှေဟောင်းရေတကောင်းလေးတစ်ခုဖြစ်ကြောင်း သိရှိရသည့်အပြင် အလေးချိန် ထူးခြားစွာစီးနေခြင်း၊ ပေါက်ပြားချက်ထိသည့်နေရာတွင် ဝင်းအိနေခြင်းတို့ကြောင့် ရွှေဟောင်းရွှေရေတကောင်းလေးဖြစ်ကြောင်း ပဋ္ဌလက်ဖျတ်ကျော် မှတ်ယူလိုက်ပါတော့သည်။

''အင်း...သေချာတယ်၊ ဒါဟာ ရွှေဟောင်းရွှေရေတ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလေးပဲဖြစ်ရမယ်၊ အင်း…ဒီလိုအလေးချိန်မျိုးနဲ့ ရှေးဟောင်းပစ္စည်းအစစ်သာ အမှန်ဖြစ်ခဲ့ရင်တော့လား…ဟင်း၊ နောက်ပြီး ဒီရွှေရေတာကောင်းနဲ့ ဗိုလ်တောက်ထိန်တို့ရဲ့ဇာတ်လမ်းဟာ ဆက်နွယ်မှုရှိမရှိ ငါစုံစမ်းရဦးမယ်''

သို့သော် ပဋ္ဌလက်ဗျတ်ကျော်မစုံစမ်းရသေးမီမှာပင် ထူးခြားသောဖြစ်စဉ်တစ်ခုက တစ်ခုသောညဉ့်တွင် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ပါတော့သည်။ ထိုညက မှတ်မှတ်ရရ ဦးလူဝကြီး ကိုယ်လက်မအီမသာဖြစ်နေသဖြင့် ဆေးသောက်၍ စောစောစီးစီးပင် အိပ်ရာဝင်သွားခဲ့ပြီမို့ သချိုင်းဇရပ်ပေါ်တွင် အိပ်မပျော်သောလူသားဆို၍ ပဋ္ဌလက်ဗျတ်ကျော်သာရှိပါလေတော့သည်။

သူကိုယ်တိုင်မှာလည်း သည်နေ့တစ်နေ့ခင်းလုံး အသုဘပွဲဆက်များသဖြင့် ပင်ပန်းနွမ်းနယ်နေသလိုဖြစ်နေပါ၏။ ပေပင်မော်ရှာကြီးဘက်ဆီမှ သံချောင်းခေါက်သံဆယ်ချက်တိတိကို လေအသွဲ့တွင် ခပ်သဲ့သဲ့ကြားလိုက်ရပြီးသည်နှင့် ပဋ္ဌလက်ဗျတ်ကျော် သချိုင်းဇရပ်ထောင့်ရှိ သူ၏အိပ်ရာထက်တွင် ကျောခင်းလိုက်ပါတော့သည်။ မှန်အိမ်မီးကိုငြိမ်းသတ်လိုက်ပြီမို့ လတစ်ခြမ်းပဲ့နှင့် ကြယ်ရောင်ပျပျတို့၏အလင်းသာရှိပါလေ၏။ ပဋ္ဌလက်





ဗျတ်ကျော်တစ်ယောက် တိတ်ဆိတ်သောညဉ့်ဝယ် အိပ်ပျော်လုနီးနီး မှေးခနဲဖြစ်သွားစဉ် တစ်ကြိမ်တစ်ခါမျှ ကြားခဲ့ဖူးခြင်းမရှိသော အသံတစ်မျိုးကို သချိုင်းဇရပ် ခေါင်းရင်းဘက်မှလိုလို ကြားလိုက်ရသည်။

''ဟင်…ဘာသံပါလိမ့်၊ ကလေးရယ်သံလိုလိုနဲ့…ဟော… မကြားရပြန်ဘူး''

ပဋ္ဌလက်ဗျတ်ကျော်မှာ အိပ်ချင်လုလုဖြစ်နေရာမှ ရုတ်တရက်ထွက်ပေါ်လာသည့်အသံကြောင့် နားစွင့်နေပါ၏။ တိတ်ဆိတ်စွာ အိပ်မောကျနေသည့် သချိုင်းတစ်ပြင်၏ညဉ့်ယံသည် သည်နေ့မှာမှ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသည်လေလား။ ထိုအခိုက် ပဋ္ဌလက်ဗျတ်ကျော်ကိုယ်တိုင်ပင် အိပ်မောကျသွားခဲ့လေသည်လား။ အိပ်ပျော်လုလုအချိန်တွင်လားမသိ။ ဒွိဟစိတ်နှင့် ဝေဝေဝါးဝါးဖြစ်နေစဉ် ထူးခြားသောသံစဉ်တစ်ခုက လေစီးထဲမှ လွင့်မျောလာသည်သို့။

''ဟီး…ဟီး…ဟီး…ဟီး''

''ခွပ်…ခွပ်…ခွပ်…ဖျောင်း…ဖျောင်း…ဖျောင်း''

ရယ်မောသံလိုလို၊ မြင်းဟီသံလိုလိုအသံများနှင့်အတူ တဖျောင်းဖျောင်းတခွပ်ခွပ်နှင့် အဝေးဆီမှစိုင်းနှင်လာသော မြင်း



www.burmeseclassic.com

www.burmeseclassic.com



ခွာသံများကို ရုတ်တရက်ကြားလိုက်ရသည်မို့ ဗျတ်ကျော် ထိတ်ခနဲ ရင်ခုန်သွားပါလေ၏။

"ဘာသံတွေလဲဟ၊ မြင်းဟီသံတွေရော၊ မြင်းခွာသံတွေ ပါကြားရတယ်၊ ကြည့်ရတာ ဒီဘက်ကိုဦးတည်ပြီး လာနေသလို ပဲ"

ရုတ်တရက်နီးကပ်လာသည့် မြင်းခွာသံများကြောင့် ပဥ္စ လက်ဗျတ်ကျော် အိပ်နေရာမှ ဖျတ်ခနဲထထိုင်လိုက်သည်။ ကြယ် ရောင်တချို့နှင့် မှုန်ဝါးဝါးလရောင်အောက်တွင် သချိုင်းဇရပ်မှို ရာသို့စိုင်းနှင်လာသည့် မြင်းတစ်စီးကို ထူးထူးခြားခြားတွေ့မြင် လိုက်ရပါ၏။

"ရော်...ညဦးနက်သန်းခေါင် ဘယ်လိုလူကများ သချိုင်း ကုန်းထဲကို မြင်းစီးပြီးဝင်လာတာပါလိမ့်၊ တရပ်တကျေးက ညှေ သည်နဲ့တူတယ်"

ပဥ္စလက်ဗျတ်ကျော် ထိုသို့တွေးနေစဉ်မှာပင် မြင်းစီး လူညိုထွားကြီးက သချိုင်းဇရပ်အနီးသို့ မြင်းညိုကြီးကိုစီးနှင် လျက် ဝင်ရောက်လာခဲ့သည်။

"ဟီး...ဟီး...ဟီး...ဟီး"

"ခွပ်...ခွပ်...ခွပ်...ခွပ်"

သို့သော် သချိုင်းဇရပ်ရှေ့အရောက်တွင် မြင်းညိုကြီး





ပေါ်မှမဆင်းသေးဘဲ အတန်ကြာမျှရပ်နေပါသေးသည်။ ပြီးမှ မြင်းညိုကြီးဖြင့် သချိုင်းဇရပ်ကြီးအား သုံးလေးပတ်မျှပတ်၍ မြင်းညိုကြီးကို စိုင်းနှင်းနေပါလေ၏။ မှုန်ဝါးဝါးလရောင်အောက် တွင် အနီးကပ်မြင်တွေ့လိုက်ရသော မြင်းစီးလူရွယ်၏ ဝတ်စား ဆင်ယင်မှုကြောင့် ဗျတ်ကျော်မှာ ပါးစပ်အဟောင်းသားနှင့် ငေး ကြည့်နေမိပါတော့သည်။

ဟုတ်သည်။ မြင်းစီးလူရွယ်၏သဏ္ဍာန်မှာ ရင်အုပ်ကား ကား၊ ညိုမောင်းသောအသားအရည်နှင့် လက်ထဲတွင်လည်း ဓားရှည်ကြီးတစ်ချောင်းကိုင်စွဲကာ တစ်စုံတစ်ရာကို သည်းသည်း မည်းမည်းရှာဖွေနေလေသည်သို့။ နီညိုရောင်ပိုးထည်ကို ခါး တောင်းကျိုက်ကာ ရင်ဘတ်တွင်စည်းနှောင်ထားသည့် အနီ ရောင်ရွှေကျင်ခတ်ပုဝါက လေတွင် တဖျတ်ဖျတ်လွင့်လျက်။

ထူးခြားဆန်းပြားလှသည့်မြင်ကွင်းထူးကို တွေ့မြင်လိုက် ရသူက ပဥ္စလက်ဗျတ်ကျော်။ သူ့မျက်စိထဲဝယ် ထိုမြင်းညိုရှင် လူရွယ်၏ဦးခေါင်းပိုင်းကို မတွေ့လိုက်ရသလိုလို။ သစ်ပင်ရိပ် များ၊ ရင်စည်းပုဝါနှင့် ဝတ်ရုံလွှာများက လေတွင် တဖျတ်ဖျတ် လွင့်စင်နေသဖြင့်လည်းကောင်း၊ မှုန်ဝါးဝါးလရောင်အောက်တွင် ဖျတ်ခနဲတွေ့မြင်လိုက်ရသဖြင့်လည်းကောင်း ရေရေရာရာမသိ လိုက်၊ မမြင်လိုက်ရ။



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စလက်ဗျတ်ကျော် ကြည့်ရှုနေဆဲမှာပင် မြင်းညိုရှင် ရာဇဝင်ထဲက မင်းသားကြီးမှာ သချိုင်းဇရပ်လေ့ကားရင်းတွင် မြင်းကိုရပ်ကာ လွှားခနဲခုန်ဆင်းလိုက်သည်။ ထိုအချိန်ကျမှ ထိတ်လန့်အံ့သြဖွယ်မြင်ကွင်းကို ပဥ္စလက်ဗျတ်ကျော် မြင်တွေ့လိုက်ရပါတော့သည်။

''အား...ဘုရား...ဘုရား၊ ဒီမြင်းညိုရှင်က ခေါင်း... ခေါင်း...ဦးခေါင်းလည်း မပါပါလား၊ ဘုရားကယ်ပါ၊ ဘာတွေဖြစ်ကုန်ကြပြီလဲ''

ထိတ်လန့်တကြား အော်ဟစ်ပြောဆိုလိုက်သည့်အသံများက လည်ချောင်းဝတွင် တစ်ဆို့နေကြပြီး ခန္ဓာကိုယ်ကြီးကလည်း လုံးဝလှုပ်ရှားလို့မရပါလေတော့။ ထိုအချိန်တွင် ဦးခေါင်းမပါသည့် မြင်းညိုရှင်ကြီးက ဗျတ်ကျော်အား လက်ညှိုးကြီးတထိုးထိုးနှင့် တစ်စုံတရာကို သည်းကြီးမည်းကြီး ငြင်းဆိုပြောပြနေသကဲ့သို့။

ထိုအခိုက် မြင်းညိုရှင်ပုဂ္ဂိုလ်ကြီးက ပဥ္စလက်ဗျတ်ကျော်၏ လွယ်အိတ်အား လုယူရန်ကြိုးစားလာသဖြင့် ဗျတ်ကျော်မှာ ပစ္စည်းဇောဖြင့် လွယ်အိတ်ကို ဖျတ်ခနဲဆွဲယူလိုက်သည်။ သို့သော်...





''ဝုစ်...ဝိုး''

''ချွင်...ထန်...ထန်''

မြန်လိုက်သည့်ဖြစ်ခြင်း။ မြင်းညိုရှင်၏လက်ထဲမှ ဓားရှည်ကြီးက မြောက်တက်သွားကာ ဗျတ်ကျော်အား လွှဲခုတ်လိုက်သည်။ ကပျာကယာ လွယ်အိတ်နှင့်ခံလိုက်၍သာ ဓားကြီးက လွယ်အိတ်ထဲမှ ရွှေရေတကောင်းကိုထိကာ လွယ်အိတ်စပါပြုစုတ်သွားပါ၏။

မြင်းညိုရှင်က နောက်တစ်ကြိမ် ဗျတ်ကျော်၏လည်ပင်းဆီသို့ ပိုင်းဖြတ်ရန် ရွယ်လိုက်သည့်တွင်...

''ဒေါင်...ဒေါင်...ဒေါင်...ဒေါင်''

ရုတ်တရက် မမျှော်လင့်ဘဲ ရွာဦးစေတီဘက်မှ ခေါင်းလောင်းထိုးသံသဲ့သဲ့ကို လေစီးထဲမှကြားလိုက်ရသည်နှင့် ပဥ္စလက်ဗျတ်ကျော်အား ရန်မပြုတော့ဘဲ ဇရပ်ပေါ်မှ တဝုန်းဝုန်းနှင့် ဆင်းချသွားပြီး မြင်းညိုကြီးပေါ်သို့ လွှားခနဲခုန်တက်ကာ စိုင်းနှင်ထွက်ခွာသွားပါလေတော့သည်။

''ဟီး...ဟီး...ဟီး...ဟီး''

''ခွပ်...ခွပ်...ဖျောင်း...ဖျောင်း''

''အူ...ဂူ...အူး...အိုး...အူ...အူ''



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် ပေပင်မော်ရှာဘက်ဆီမှ ရူးရူး ဝါးဝါးထွက်ပေါ်လာသည့် ခွေးဟောင်သံကြီးများနှင့်အတူ ဆွဲဆွဲ ငင်ငင်အူလိုက်သော ခွေးအူသံကြီးများကြောင့် တစ်ရွာလုံးရှိ ရွာသူရွာသားများ လန့်ဖျတ်နိုးထလာကြသကဲ့သို့ ပဉ္စလက်ဗျတ် ကျော်ခမျာမှာလည်း အိပ်မောကျနေရာမှ ဖျတ်ခနဲ အော်ဟစ် ရုန်းကန်နိုးထလာပါတော့သည်။

''ဝုန်း...ဒုန်း...အ...အား''

''ဟ...ဟ...ဟကောင် လူချော...လူချော၊ အိပ်ရာထဲ ကနေ ဘာတွေထပြီး ကန်ကျောက်နေရတာလဲကွ''

ဇရပ်ထောင့်တစ်ဖက်ဆီမှ ဦးလူဝ၏အော်ဟစ်မေးမြန်း သံကြီးနှင့်အတူ မီးအိမ်ထွန်းညှိလိုက်သဖြင့် သင်္ချိုင်းဇရပ်ကြီး ထဲဝယ် လင်းလင်းချင်းချင်းရှိသွားပါလေ၏။

''ဗျာ..ဦးလူဝ၊ ဘာဖြစ်တယ်၊ ဟို...ဟို...မြင်း...မြင်းခွာ သံတွေ ကြား...ကြားလိုက်ရသလား ဦးလူဝ...ဟင်''

''ထပ်တရိုး...မင်းဟာမင်း အိပ်မက်ထဲမှာ ယောင်ပြီး အော်ဟစ်နေတဲ့ကိစ္စကို ငါက ဘယ်လိုလုပ်ပြီးသိမှာလဲကွ၊ ညကြီး သန်းခေါင် မင်းထပြီးယောင်အော်တာနဲ့ ငါတောင်မှ အဖျား ပျောက်ချင်သလိုဖြစ်သွားပြီထင်တယ်''





သုဘရာဇာကြီးဦးလူဝက သူယောင်ယမ်း၍ အော်ဟစ် ရုန်းကန်နေသည်ဟုဆိုသည်။ သို့သော် အိပ်မက်ထဲတွင် ခေါင်း ပြတ်သရဲက သူ၏လွယ်အိတ်ကြီးကို အတင်းအဓမ္မလုယူရန် ကြိုးစားခဲ့သည်။ တစ်ချိတွင် မြင်းညီရှင် ခေါင်းပြတ်သရဲခုတ် လိုက်သည့်ဓားချက်ကြောင့် သူ၏လွယ်အိတ်ကြီးကို ခွဲချလိုက်သည်။ အထဲမှာရှိသော ရွှေရေတကောင်းကို ထိသွားသည်ထင်ပါ၏။ ချွင်ခနဲ၊ ထန်ခနဲပင် ကြားလိုက်ရသေးသည်မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ဤရွှေရေတကောင်းကိုယူ၍ ခေါင်း တစ်ရာသင်္ချိုင်းမှ သုတ်တိတ်တဆိတ်ထွက်ခွာမှသာဖြစ်ပေတော့မည်။ ဤရွှေရေတကောင်းသည်သာ ဗိုလ်သူရိန် သို့မဟုတ် ဗိုလ် တောက်ထိန်၏ရတနာသိုက်မှပစ္စည်းတစ်ခုဖြစ်ခဲ့ပါလျှင် သူတူး ဖော်ခဲ့ရာမြေကျင်းတပိုက်တွင် လျှို့ဝှက်သင်္ချိုင်းရတနာသိုက်ရှိရ မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ပါ၏။

နောက်ဆုံးတော့ သုဘရာဇာကြီးဦးလူဝကိုပင်အသိမပေး တော့ဘဲ အခွင့်သာသည့်တစ်နေ့တွင် ပဉ္စလက်ဗျတ်ကျော်တစ် ယောက် (မောင်လူချော)ဘဝကိုဇာတ်သိမ်းကာ ခေါင်းတစ်ရာ သင်္ချိုင်းမှ တိတ်တဆိတ်ထွက်ခွာလာခဲ့ပါတော့သတည်း။

www.burmeseclassic.com

## အခန်း(၉)
## 'ရွှေရေတကောင်းတစ်ခု၏ အရုပ်တော်ပုံ'

ဒေါက်တာမင်းခေါင်၏စာကြည့်ခန်းထဲတွင် ဗာဂျီးနှံး ယားဆေးနံ့တသင်းသင်းနှင့် မီးခိုးငွေ့လေးများက ဝေ့ဝိုက်စီးမျော နေပါ၏။ ပဉ္စလက်ဗျတ်ကျော်ဆိုသူပြောပြနေသည့် ခေါင်းတစ်ရာ သင်္ချိုင်းအတ္ထုပ္ပတ္တိတစ်စွန်းတစ်စနှင့် ထူးဆန်းသောရွှေရေတ ကောင်းတစ်ခုအကြောင်းတို့ကို စိတ်ဝင်တစားနှင့် နားထောင် နေသည်မို့ ဆေးတံထဲတွင် ဆေးမှုန့်ကုန်သွားသည်ကိုပင် သတိ မထားမိပါလေတော့။

တစ်ဆက်တည်းမှာပင် သူမြင်မက်ခဲ့သောအိပ်မက်ဆိုးကြီး ကို ဒေါက်တာမင်းခေါင် အမှတ်ရလာမိခဲ့သည်။ သူ့ထံသို့





ပဉ္စလက်ဗျတ်ကျော်ယူဆောင်လာခဲ့သော ရွှေရေတကောင်းသည် ထူးဆန်းသောလျှို့ဝှက်ချက်များဖြင့် ရောပြွန်းနေသောရှေးဟောင်း ပစ္စည်းတစ်ခုဟု ဒေါက်တာမင်းခေါင် တစ်ထစ်ချယူဆလိုက်ပါ တော့သည်။

ပဉ္စလက်ဗျတ်ကျော်ကလည်း သူ၏ဘဝဖြစ်စဉ်နှင့် ခေါင်း တစ်ရာသင်္ချိုင်းသို့ တပည့်ဖြစ်သူတက်ခါးကိုစေလွှတ်ခဲ့ပုံ၊ သတင်း အစအနပင်မကြားရတော့ဘဲ ထူးဆန်းစွာပျောက်ဆုံးသွားခဲ့ပုံနှင့် နောက်ဆုံး သူကိုယ်တိုင် မောင်လူချောဆိုသည့်ဘဝနှင့် ခေါင်း တစ်ရာသင်္ချိုင်းမှ သုဘရာဇာကြီးဦးလူဝထံသို့ချဉ်းကပ်ကာ ခေါင်း တစ်ရာသင်္ချိုင်းအတွင်းသို့ ဝင်ရောက်မွှေနှောက်ရှာဖွေခဲ့ပုံတို့ကို ဒေါက်တာမင်းခေါင်က ခရေစေ့တွင်းကျပြောပြလိုက်ပါတော့သည်။

"အင်း…ထင်တော့ထင်သား၊ မောင်ရင် ဒီကိုစပြီးဝင် လာကတည်းက ဒီလူဟာ သာမန်လူတစ်ယောက်တော့ မဟုတ် နိုင်လောက်ဘူးလို့၊ နောက်တော့မှ ပဉ္စလက်ဗျတ်ကျော်ဆိုတာ သိလိုက်ရတော့မှ အင်းစိန်စီအိုင်ဒီမှာ မောင်ရင်ဟာ နာမည်ကြီး ပဉ္စလက်ဖောက်ထွင်းဝိဇ္ဇာတစ်ယောက်ဆိုတာ သိလိုက်ပြီးသား ပါ"

"ဟင်…ဒါ…ဒါဆိုရင် အင်း…အင်းစိန်စီအိုင်ဒီကို ပို့… ပို့…ပို့…"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း ထိတ်လန့်မနေပါနဲ့ မောင်ဗျတ်ကျော်၊ မောင်ရင့်ကိုဖမ်းပြီး အင်းစိန်စီအိုင်ဒီကိုပို့ချင်မှတော့ ကျုပ်အိမ်ကို ရောက်လာကတည်းက အကြောင်းကြားလိုက်ပြီပေါ့၊ နောက်ပြီး ဒီကိစ္စမှာ မောင်ရင်က ဖောက်ထွင်းခိုးယူလာတာမှမဟုတ်တာ၊ ခိုးယူခဲ့သည်ထားဦး၊ ကျုပ်ကိုယုံကြည်အားကိုးလို့ ရောက်လာတဲ့ သူတစ်ယောက်ကို ဒီလိုမျိုး အောက်တန်းကျတဲ့စိတ်ဓာတ်နဲ့ မဆက်ဆံပါဘူး၊ အင်း...ဒါပေမယ့် တစ်ခုတော့ရှိတယ် မောင်ဗျတ်ကျော်"

ပဥ္စလက်ဗျတ်ကျော်မှာ ဒေါက်တာမင်းခေါင်၏စကားကြောင့် အနည်းငယ်စိတ်အေးသွားပါ၏။ အပြီးတိုင် စိတ်အေးလက်အေးနေနိုင်ရန်အတွက်မူ ဒေါက်တာမင်းခေါင်နှင့် တိုင်ပင်ဆွေးနွေးရမည်ဖြစ်သည်။ ထို့ကြောင့် ဒေါက်တာကြီး၏စကားကိုသာ တိတ်ဆိတ်စွာနားထောင်နေလိုက်ပါတော့သည်။

"တချို့လူတွေက ကျုပ်တို့လို ရှေးဟောင်းပစ္စည်းရှာဖွေတဲ့သူတွေ၊ တူးဖော်ယူငင်တဲ့သူတွေကို သိုက်တူးသမားတွေလို့ အထင်ရှိကြတယ်၊ နောက်ပြီး ရှေးဟောင်းပစ္စည်းတွေ၊ တချို့ရတနာပစ္စည်းမျိုးတွေကိုလည်း သိုက်သမိုင်းတွေနဲ့ဆက်နွယ်နေသလိုလို၊ ရှေးမင်းအဆက်ဆက်တွေရဲ့ သိုက်နန်းကပစ္စည်းတွေ





ဆိုပြီး ထင်မှတ်ယုံကြည်နေကြတယ် မောင်ဗျတ်ကျော်၊ ဒီ့အပြင် ရှေးဟောင်းပစ္စည်းဆိုရင် ဥစ္စာစောင့်တွေ၊ သိုက်ဘီလူးတွေ၊ သိုက်စောင့်တွေ၊ နတ်တွေနဲ့ ဆက်နွယ်စောင့်ရှောက်လေ့ရှိတယ်လို့လည်း အယူအစွဲတွေရှိကြတယ်ကွယ့်၊

အေး...အဲဒီရှေးဟောင်းပစ္စည်းတွေကို တူးဖော်ယူငင်တာမျိုး၊ မတော်တဆတွေ့ရှိရတာမျိုးဆိုပြန်ရင်လည်း အဲဒီပစ္စည်းတွေရဲ့အစောင့်တွေ၊ ပိုင်ဆိုင်ထားတဲ့သူတွေ၊ နတ်တွေက မကြိုက်ကြဘူး၊ ယူရင်လည်း အန္တရာယ်ပေးတတ်တယ်၊ ကျိန်စာသင့်တတ်တယ်ဆိုတဲ့ အစွဲအလန်းတွေက တချို့ဆိုရင် အရိုးစွဲပြီးတော့ ယုံကြည်မှုတွေ၊ စွဲလန်းမှုတွေကြီးကြတယ် မောင်ဗျတ်ကျော်"

"ဒီလိုဆို အဲဒီအယူအဆအတွေးအခေါ်တွေဟာ မှားသလားဆရာကြီး၊ ခေတ်နောက်ပြန်ဆွဲတဲ့ ရှေးဟောင်းအယူအစွဲတွေဆိုပြီး ပစ်ပယ်လိုက်ရမှာလား၊ ဒါ...ဒါပေမယ့် အခု ကျွန်တော်တို့ရင်ဆိုင်နေရတဲ့ အခက်အခဲကျတော့ရော ဘာပြောမလဲဆရာကြီး"

ပဥ္စလက်ဗျတ်ကျော်မှာ ထိုအယူအစွဲများကို ယခင်က ယုံကြည်ခဲ့သော်လည်း ယခုကိုယ်တွေ့ကြုံရ၍ ရင်ဆိုင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



မြင်းညိုရှင်ခေါင်းပြတ်သရဲကြောင့် ဒွိဟာအတွေးများပင် ဝင်ရောက်
လျက်ရှိပါချေပြီ။

''အဲဒီလိုမျိုးတော့လည်း ပြောလို့မရဘူးကွယ့်၊ ကျုပ်ရဲ့
အတွေ့အကြုံအရဆိုရင် တချို့က ရှေးဟောင်းပစ္စည်းတွေကို
သိပ်ပြီးမရောင်းချင်ကြဘူး၊ မြိတ်ကျွန်းစုတွေဘက်က မိန်းမ
တစ်ယောက်ဆိုရင် သူ့ရဲ့ရှေးဟောင်းကြွေပန်းအိုးလေးကို ငွေတွေ
ဘယ်လောက်ပုံပြီးပေးပေး မရောင်းဘူးတဲ့လေ၊ အဲဒီကြွေပန်းအိုး
လေးဟာ တန်ခိုးကြီးတဲ့ဘုရင်တစ်ပါးပါး၊ ဒါမှမဟုတ် နတ်ဝိဇ္ဇာ
တစ်ပါးပါးက ပိုင်ဆိုင်ခဲ့တဲ့ပစ္စည်းဖြစ်တယ်တဲ့၊ ဘာဖြစ်လို့လဲ
ဆိုတော့ အဲဒီကြွေပန်းအိုးလေးဟာ ထားတဲ့နေရာမှာမနေဘဲ
သူ့အလိုအလျောက် နေရာရွှေ့ပြီးသွားတတ်တယ်၊ သူ့ကို မသန့်
ရှင်းတဲ့နေရာမှာထားလိုက်ရင် သူ့အလိုလို လှုပ်ယိမ်းနေတတ်
တယ်တဲ့၊ အဲဒါ သူနဲ့ထိုက်လို့ရတဲ့ပစ္စည်းကို သူများကိုပြန်ပြီး
တစ်ဆင့်ရောင်းလိုက်မိရင် အစောင့်တွေက မကျေနပ်လို့ဒုက္ခ
ပေးခဲ့ရင် သူပဲခံရမှာဆိုပြီး အဲဒါမရောင်းလိုက်တော့ဘူးလေ၊
ဘယ်လောက်ပေးပေး၊ ဘယ်လိုပဲပြောပြော မရောင်းနိုင်တော့
ဘူးဆိုလို့ ကျုပ်လည်း လက်လျှော့ပြီးပြန်ခဲ့ရတယ်''

ဒေါက်တာမင်းခေါင်ပြောနေသည်များမှာ ဟုတ်လောက်
ပေသည်။ သူကိုယ်တိုင်ပင် ယခုရွှေရေတကောင်းကို ရွှေပိဿာ
ချိန်တွက်ချက်ကြည့်လျှင်ပင် လွန်စွာအဖိုးအနဂ္ဃထိုက်တန်မှန်း
သိရှိသဖြင့် လောဘစိတ်ကြောင့် ယူငင်လာခဲ့မိသည်။ သုဘ
ရာဇာကြီးဦးလူဝကိုပင် အသိမပေးဘဲ တိတ်တိတ်ကလေးလစ်
ထွက်လာခဲ့ခြင်းဖြစ်ပါ၏။ ယခုတော့ ဤရွှေရေတကောင်းလေး
က သူ့ကို ကောင်းကောင်းကြီးဒုက္ခပေးခဲ့ပါပြီ။

အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရနှင့်
လူလည်း ပိန်ချုံးချည့်နဲ့လာခဲ့သည်။ လပြည့်၊ လကွယ်ညများ
ရောက်ရှိလာမည်ကိုလည်း စိုးတထိတ်ထိတ်နှင့် စောင့်စားနေရ
၏။ ဘယ်အချက်တွင် မြင်းညိုရှင်ခေါင်းပြတ်သရဲ၏ သွေးဆာ
နေသည့်မားချက်ဖြင့် အသက်ပါပျောက်ရကိန်းဆိုက်မည်နည်း
စသည်တို့ကိုပါတွေးတောရင်း အိပ်မပျော်ညများက ကြာခဲ့ပြီ
မဟုတ်ပါလား။

''အေး...တစ်ခုတော့ရှိတယ်၊ ခေါင်းတစ်ရာသင်္ချိုင်းက
မင်းယူလာခဲ့တဲ့ ရွှေရေတကောင်းလေးကို သူ့ရဲ့မူလနေရာမှာ
ပြန်ပြီးထားလိုက်မယ်ဆိုရင်တော့ အခုဖြစ်ပျက်၊ ကြုံတွေ့ ခံစား
နေရတာတွေအားလုံး ပြီးဆုံးသွားလိမ့်မယ်လို့ ကျုပ်ထင်မြင်မိ
တယ်၊ ဒါကလည်း မောင်ဇျတ်ကျော်ရဲ့ သဘောဆန္ဒအတိုင်းပဲ







www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါ၊ ဒါပေမယ့် မောင်ရင့်ရဲ့အဖြစ်အပျက်နဲ့ ဆင်ဆင်တူတဲ့ အဖြစ်အပျက်မျိုး ကျုပ် ပျဉ်းမနားဘက်မှာနေထိုင်ခဲ့စဉ်က ကြုံ ခဲ့ဖူးတယ်ကွယ့်''

''ဟုတ်လားဆရာကြီး၊ အဲဒီလူကလည်း ဟို...ဟို ကျွန် တော့်လိုမျိုး ရွှေရေတကောင်းလေးပဲလား၊ သူ...သူရောင်းစား လိုက်သလား၊ ဒါမှမဟုတ် ပြန်ပြီး မူလနေရာမှာပဲထားသွားပါ သလားဆရာကြီး''

ပဥ္စလက်ဗျတ်ကျော်မှာ သူ၏ဖြစ်ရပ်နှင့်ဆင်ဆင်တူ သည်ဆိုသောကြောင့် သိချင်စိတ်များက ပြင်းထန်လာပါ၏ ထို့ကြောင့် ဒေါက်တာမင်းခေါင်အား ပြောပြပေးပါရန် အပူကပ် နေပြန်သဖြင့် တစ်ချိန်သောအခါကာလတစ်ခုဆီက ပျဉ်းမနား မြို့ ဆင်ဖြူတောင်တစ်ဝိုက်တွင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက် တစ်ခုကို ပြောပြနေပါသည်။

''ဒီလိုရှိတယ်ကွယ့် မောင်ဗျတ်ကျော်၊ ဒီလိုကိစ္စရပ်တွေ ဟာ ပရလောကသားတွေနဲ့ မကျွတ်မလွတ်ကြသေးတဲ့၊ ပြိတ္တာ ဘုံသားတွေနဲ့လည်း ဆက်နွယ်နေကြလေ့ရှိတယ်၊ လူသာမန် မျက်စိနဲ့ မမြင်မတွေ့ကြရတဲ့ ပြိတ္တာလို့ခေါ်တဲ့ (ပေတ) တစ္ဆေ ဝေမာနိကမျိုးနွယ်၊ နာနာဘာဝ၊ အစိမ်းသရဲ၊ မြေဘုတ်၊ ဖုတ်





ပြိတ္တာ၊ ကျတ်တစ္ဆေ၊ မှင်စာ၊ ဘီလူး၊ ဥစ္စာစောင့်တွေနဲ့ ရက္ခစိုး စတဲ့ ပရလောကသားတွေဟာ လူ့ဘဝဖြစ်စဉ်တုန်းက တစ်စုံ တစ်ရာကို အစွဲအလန်းကြီးမားပြီး မကျွတ်မလွတ်နိုင်ကြတဲ့ ပရ သတ္တဝါတွေလို့ ပေတဝတ္ထု၊ သံဝေဂဝတ္ထုဒီပနီကျမ်း၊ ပြိတ္တာဘုံ ခန်းစတဲ့ ကျမ်းကြီးတွေမှာ အနိုင်အမာရေးဖွဲ့ထားကြတယ်''

''အမှန်ကတော့ အစွဲအလန်းကြီးမားကြလို့ မိမိစွဲလန်း နှစ်သက်တဲ့အပေါ်မှာတည်မှီပြီး မကျွတ်မလွတ်နိုင်သေးတဲ့ ပြိတ္တာ ဘုံသားဘဝကနေ ပြုမူလုပ်ဆောင်နေကြတဲ့ဖြစ်ရပ်တွေပဲ၊ ဒါကို လူတချို့က ကျိန်စာဆိုထားခဲ့တဲ့ပစ္စည်း၊ ကျိန်စာမိတတ်တယ်၊ ရှေးဟောင်းကျိန်စာတွေရယ်လို့ သမုတ်ခဲ့ကြတာကွယ့်၊ အခု ဆင်ဖြူတောင်မှာဖြစ်ပျက်ခဲ့တဲ့ ကျုပ်ရဲ့တူ အောင်စည်ရဲ့ဖြစ်စဉ် ကလည်း ဒီအတိုင်းပါပဲ မောင်ဗျတ်ကျော်ရယ်''

ထိုကဲ့သို့ အစချီနိဒါန်းဖွင့်ကာ ပျဉ်းမနားမြို့ ဆင်ဖြူ တောင်တွင် ကြုံတွေ့ခဲ့ရသော အောင်စည်၏ကိုယ်တွေ့ဇာတ် လမ်းရေယဉ်ကြောတွင် ပဥ္စလက်ဗျတ်ကျော်တစ်ယောက် စီးမျော လိုက်ပါသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)

## 'ရွှေဟောင်းရာဇဝင်ထဲက သမိုင်းဝင်စားမြောင်တစ်ချောင်း'

ရွှေဟောင်းပစ္စည်း အရောင်းအဝယ်သမားတစ်ယောက်ဖြစ်သည့် အောင်စည်တစ်ယောက် ပျဉ်းမနားမြို့နယ်အတွင်းရှိ ဆင်ဖြူတောင်တစ်ဝိုက်သို့ ရောက်ရှိနေပါ၏။ ဤနယ်တစ်ဝိုက်တွင် ခေတ်သစ်သိုက်သမားများ ခြေချင်းလိမ်လျက်ရှိကြသည်။ ခေတ်အဆက်ဆက်သုံးစွဲခဲ့ကြသော ရွှေဟောင်းအသုံးအဆောင်ပစ္စည်းများက ဤပေါင်းလောင်းမြစ်အနီးတဝိုက်နှင့် လေှုခွင်းတောင်၊ ဆင်ဖြူတောင်တစ်ဝိုက်တွင် တွေ့ရှိရတတ်သည်မဟုတ်ပါလား။

အထူးသဖြင့် သုံးမည်ရတောင်ဟု သတင်းကြီးနေသည့် လှေခွင်းတောင်၊ လှေထွင်းတောင်၊ လေခွင်းတောင်ဟူသည့်





တောင်နှင့် ဆင်ဖြူတောင်တစ်ဝိုက်တွင် ရွှေဟောင်းကျောက်ဆစ်လက်ရာများ၊ ဆင်းတုတော်များကိုတွေ့ရလေရာ စီးပွားရေးသမားပီပီ လောဘဇောတက်မိပါ၏။

သို့သော် အောင်စည်မှာ ကိုယ်တိုင်တူးဖော်ခြင်း၊ ဌာပနာဖောက်ခြင်း စသည်တို့ကိုမူ အထူးရှောင်ကြဉ်သူဖြစ်သည်။ တချို့ဆိုလျှင် ထိန်းသိမ်းစောင့်ရှောက်သူအဖွဲ့အစည်းများကို ရှောင်ကွင်းကာ သိုက်တူးကြလေ့ရှိပါ၏။ ကုန်းမို့မို့များတွေ့ရှိလျှင် ဖြိုချခြင်း၊ တူးဆွဖော်ယူခြင်းစသည်ဖြင့် ရွှေဟောင်းအသုံးအဆောင်ပစ္စည်းများကို သူထက်ငါ အလုအယက်ယူငင်ခြင်းပြုကြသည်မဟုတ်ပါလား။

ယခုလည်း အောင်စည်မှာ သူတည်းခိုသောအိမ်မှ မောင်မိုးဆိုသည့်လူရွယ်တစ်ဦးနှင့်အတူ နာမည်ကျော် လှေခွင်းတောင်ထိပ်တွင် ရောက်ရှိနေပါလေ၏။ တောင်ပေါ်တွင် တရုတ်စကားနံ့များက သင်းပျံ့ကြိုင်လှိုင်နေကြသည်။ တောင်ထိပ်ပေါ်ရှိ 'ကိုးမုခ်ပြန်ကပ်ကျော် ပတ္တမြားစေတီ'မှ ဆည်းလည်းလှုပ်ခတ်သံလေးများက ညနေခင်းလေပြည်ထဲတွင် ဝဲလည်စီးမျောလျက် နားဆင်၍မငြီးနိုင်သော ဗမ္မရသတေးတစ်ပုဒ်ကို သီဆိုနေသည်သို့။



www.burmeseclassic.com

www.burmeseclassic.com



''ဒါ ကိုးမှန်ပြန်ကပ်ကျော် ပတ္တမြားစေတီပဲ ကိုအောင်စည်၊ ဒီဘုရားရဲ့ထူးခြားချက်ကတော့ မှန်ကိုးမှန်ရှိနေတာရယ် စေတီရင်ပြင်မှာ တြင်းကျေ၊ နဝင်းကျေဖြစ်တဲ့ မန်ကျည်းကိုးပင်၊ ထန်းပင်ကိုးပင်နဲ့ ပိတောက်ပင်ကိုးပင်လည်း စိုက်ထားတယ်လို့ ဆိုထားတယ်ဗျ။ အင်း...ဒီနယ်တစ်ဝိုက်မှာတော့ ဟောဒီလှေခွင်းတောင်ရယ်၊ ဟောဟိုမှာ ခပ်မှိုင်းမှိုင်းမြင်နေရတဲ့ ဆင်ဖြူတောင်ရယ်က နာမည်အကြီးဆုံးပဲ ကိုအောင်စည်''

မောင်မိုးရှင်းပြနေသည့်စကားသံများကို သေချာဂရုတစိုက်နားထောင်နေရသည်။ တောင်ထိပ်မှာမို့ လေက အတားအဆီးမဲ့ တဝီဝီနှင့်တိုက်ခတ်နေပါ၏။ သံပန်းကာထားသည့်ဝရံတာမှ အောင်စည်အဝေးဆီသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။ မှိုင်းမှုန်နေသည့် မြူခိုးမိုးငွေ့များကြားမှ ရစ်ခွေစီးဆင်းနေသည့် ပေါင်းလောင်းမြစ်ရေအလျဉ်နှင့် မှိုင်းညို့ညို့ဆင်ဖြူတောင်ကို ဝေဝေဝါးဝါးမြင်တွေ့နေရသည်။

''ဟိုးမှာလှမ်းမြင်နေရတဲ့ ဆင်ဖြူတောင်ကိုလည်း သွားချင်သေးတယ်မောင်မိုးရေ၊ အဲဒါ မနက်ဖြန် တနင်္ဂနွေနေ့ကွ၊ မင်းအလုပ်နားရက်နဲ့လည်းတိုက်နေတော့ သွားကြရအောင်လား မောင်မိုး''





''ရတယ်လေ၊ ကျွန်တော်တို့ကလည်း ညွှန့်သည်သွားဖို့ရင်းမှပဲ ဆင်ဖြူတောင်ဘက်ကိုရောက်ကြတာ၊ နို့မို့ဆိုရင် မရောက်တော့ဘူးလေ''

ဤသို့ဖြင့် နောက်တစ်နေ့နံနက်စောစောတွင် အောင်ည်နှင့် မောင်မိုးတို့နှစ်ယောက် ဆင်ဖြူတောင်ခရီးသို့ ခြေဆန့်ထွက်လာခဲ့ကြပါသည်။ တသွင်သွင်စီးဆင်းနေသည့် ပေါင်းလောင်းမြစ်ကိုဖြတ်ကျော်ကာ ဆီးပိုင်းရွာ (ယခု–ဆီးရိုင်းရွာ) သို့ရောက်ရှိလာခဲ့ပါ၏။

''ဒီရွာက ဆီးပိုင်းရွာလို့ခေါ်တယ်၊ ဟိုးအရင်က ရဲညီနောင်လို့ခေါ်တဲ့ မြို့စားလေးရဲသီဟနဲ့ ရဲဒိဗ္ဗတို့ စခန်းချခဲ့တဲ့နေရာပေါ့၊ ဆင်ဖြူတော်တွေ ရွာတွေကိုဝင်ပြီး ဖျက်ဆီးကြတော့ က်ခင်းတွေပျက်၊ လယ်ယာတွေပျက်စီးလို့ ပုဂံပြည့်ရှင် အနော်ထာက ရမည်းသင်းမြို့စားညီနောင်ဖြစ်ကြတဲ့ ရဲသီဟနဲ့ ရဲဒိဗ္ဗတို့ကိုလွှတ်ပြီး ဆင်ဖြူတော်တွေရန်ကို နှိမ်နင်းခိုင်းခဲ့တယ်လေ''

''အင်း...ဒီမှာဘက်တွေမှာရှိတဲ့တောင်တွေ၊ ဘုရားတွေ သမိုင်းကြောင်းတွေနဲ့ချည်းပဲနော်၊ စိတ်ဝင်စားစရာကောင်းလို မှတ်သားစရာတွေ၊ သင်ခန်းစာတွေလည်း ဒီသမိုင်းထဲ ဒုနဲ့ဒေးပါသွားကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူတောင်ခရီးသွားလမ်းကြောင်းတစ်လျှောက် အမိ
ကနေရာများ ရွာများ၏သမိုင်းကြောင်းများကို တိုစိတိုစိရှင်းပြ
ပြောဆိုသွားသည်မှ ခရီးစဥ်သည် ပျင်းရိငြီးငွေ့ဖွယ်ရာမရှိ။ စိတ်
ဝင်စားဖွယ်ရာများနှင့်သာ ပြည့်လျှမ်းနေသည်မဟုတ်ပါလား
ဤသို့ဖြင့် ဆင်ဖြူတောင်သို့ နေ့ခင်းသာသာလောက်တွင်
ရောက် ရှိလာကြသည်။

''အင်း...ဆင်ဖြူတောင်ဆိုတာကလည်း အမှန်တော့
မြို့စားရဲညီနောင်တို့ ဆင်ဖြူတွေနောက်ကိုလိုက်ကြရင်းနဲ့ ဆင်ဖြူ
တွေဟာ ပြေးစရာမြေမရှိတော့တာကြောင့် သူ့ရှေ့မှာရှိတဲ့တော
ကြီးကို ခွင်းပြီးဝင်သွားကြတယ်၊ အဲဒီဆင်ဖြူတွေခွင်းပြီးဝင်သွား
တဲ့တောင်ကို အခုချိန်ထိ ဆင်ဖြူတောင်လို့ နာမည်တွင်ရစ်ပြ
ကျန်ရစ်တယ်ကိုအောင်စည်''

အောင်စည်နဲ့ မောင်မိုးတို့နှစ်ယောက်သား မြေကုန်
မြင့်မြင့်လေးအတိုင်း တက်ရောက်ခဲ့ကြရာ ကျိုးပဲ့နေသော ဆင်
တုတော်တစ်ဆူနှင့် ညာဘက်ခြမ်းတွင် ဘုရားငုတ်တိုတစ်ဆူ
တွေ့ရှိလိုက်ကြသည်။ စင်စစ် ဤဆင်ဖြူတောင်၊ လှေခွ
တောင် စသည့်တောင်များတစ်ဝိုက်တွင် ရှေးဟောင်းအမွေအနှ
များစွာရှိကြပါ၏။ လွန်ခဲ့သောနှစ်ပေါင်းကိုးရာကျော် ပုဂံပြည်က





စည်ပင်ဝပြောခဲ့စဥ်က ဤနယ်ပယ်များသည် သမိုင်းအစဥ်
အဆက် တိုးတက်ထွန်းကားခဲ့ရာ နယ်မြေများဖြစ်ခဲ့ကြသည်
မဟုတ်ပါလား။

အောင်စည်သည် အုတ်တံတိုင်းပျက်ကြီးတစ်ခုအနီးတွင်
လှည့်ပတ်ကြည့်ရှုနေပါ၏။ တစ်နေရာတွင် မြေကြီးပွပွကိုနင်းမိ
လိုက်သဖြင့် မောင်မိုးကိုခေါ်ရန် လှည့်ကြည့်လိုက်စဥ် ချေပ်တစ်
ဆောင်ပေါ်တွင် ထိုင်၍နားနေသည်ကိုတွေ့ရသည်။

''အင်း...သူ့ဟာသူ နားနေပါစေလေ၊ ငါ့ဟာငါပဲ ဒီမြေ
ပွပွကို တူးဖော်ကြည့်တာပဲကောင်းပါတယ်''

အောင်စည်က အုတ်တံတိုင်းပျက်ကြီးအနီးတွင် ထိုင်ချ
လိုက်ရင်း လက်ဖြင့်ခပ်သွက်သွက်တူးဖော်လိုက်သည်။ တတောင်
သာသာခန့်ထိတိုင် မြေသားက ပွယောင်းယောင်းရှိနေသေး
သဖြင့် ဆက်၍တူးဖော်ကြည့်နေပါ၏။ ထိုစဥ်မှာပင် မြေတွင်းက
အုတ်တံတိုင်းဘက်သို့ စွေစောင်း၍ရောက်သွားသည်။ ထိုအခိုက်
မှာပင် သံထည်ကဲ့သို့ မာကျောကျော ရှည်မျောမျောတစ်ခုကို
အောင်စည်စမ်းသပ်မိသွားပါ၏။

''ဟ...ဘာလေးလဲဟ၊ အုတ်တံတိုင်းပျက်ကြီးထဲကို စိုက်
ဝင်သွားတယ်၊ လက်နဲ့တော့ ဆက်ပြီးတူးလို့မရတော့ဘူး၊ တစ်ခု
ခုနဲ့ဆက်ပြီးတူးမှရမယ်''



www.burmeseclassic.com

www.burmeseclassic.com



အနီးတဝိုက်တွင် အောင်စည်မျက်စိကစားကြည့်လိုက် စဉ် အုတ်တံတိုင်းပျက်အနီးတွင်ထောင်ထားသည့် တစ်တောင် သာသာခန့် သံချောင်းပြားတစ်ခုကို တွေ့လိုက်ရသည်။ ထိုသံ ချောင်းပြားရှည်နှင့် မြေကျင်းကိုဆက်၍တူးဖော်လိုက်သည်တွင် မာကျောကျောနှင့် ခပ်ပါးပါးရှည်မျောမျောအရာတစ်ခုကို ရယူ နိုင်လိုက်သည်။ တစ်ထွာကျော်ကျော်ခန့်ရှိသည့် ဓားဦးချွန်ကဲ့သို့ ပစ္စည်းတစ်ခုကို မမျှော်လင့်ဘဲရရှိလိုက်သဖြင့် အောင်စည် ထိတ် ခနဲဝမ်းသာသွားပါ၏။

"ဟာ...ဓားဦးချွန်လေးတစ်ချောင်းနဲ့တူတယ်၊ မြေခဲ မြေစေးတွေကပ်ငြိနေတော့ ရှေးဟောင်းပစ္စည်းလားဘာလား ခွဲ ခြားလို့တော့မရသေးဘူး၊ အိမ်ကျမှပဲ သေချာဆေးကြောပြီး ကြည့် တော့မယ်"

ထို့နောက် အောင်စည်မှာ သူ၏လက်ကိုင်ပုဝါနှင့် ဓား ဦးချွန်လေးကို ရစ်ပတ်ထုပ်ပိုးလိုက်ပြီး မောင်မိုးမရိပ်စားမိခင် လွယ်အိတ်ထဲသို့ထည့်လိုက်သည်။ နောက်ထပ်တွေ့ရလို တွေ့ရ ငြား သံချောင်းပြားရှည်နှင့် မြေကြီးများကို ထိုးဆွရှာဖွေကြည့် တော့ တစ်နေရာတွင် မာကျောသောအရာဝတ္ထုတစ်ခုကို ထပ်မံ ၍ တွေ့ရပြန်ပါ၏။ မြေကျစ်တာများကို ကပျာကယာဖယ်ထုတ်





ရှုကြည့်လိုက်တော့ စောစောကတွေ့ရှိခဲ့သောဓားဦးချွန်နှင့် မတိမ်း ယိမ်း ခပ်ပြားပြားသံထည်တစ်ခုဖြစ်နေသည်ကို တွေ့မြင်လိုက် ရသည်။

"ဟာ...ကေန္တ ဒါ...ဒါ စောစောက ဓားဦးချွန်ရဲ့ ဓား အိမ်လေးလားမသိဘူး၊ မှန်းစမ်း...မြေစာခဲတွေ ရသမျှဖယ်ထုတ် ကြည့်စမ်းမယ်"

အောင်စည် မြေစာခဲများကို ကုတ်ခြစ်ဖယ်ရှင်းနေစဉ် မှာပင် ရင်တထိတ်ထိတ်ခုန်နေပါသည်။ ဟုတ်သည်...မြေစိုင်ခဲ ရှုံ့စေးများကို ဖယ်ထုတ်ကြည့်လိုက်တော့ ကနုတ်ပန်းများနှင့် ထုဆစ်ထားသည့် ဓားမြှောင်အိမ်လေးဖြစ်ကြောင်း သိလိုက်ရ သဖြင့် ကပျာကသီပင် အိတ်ထဲသို့ထည့်ကာ နေရာမှထလိုက် သည်။ ဤတွင် အောင်စည်မှာ မိုက်ခနဲဖြစ်သွားသည်မို့ အနီးရှိ အုတ်တံတိုင်းပျက်ကို လက်ထောက်၍ မှီထားလိုက်ရပါ၏။

"အလို...ဘုရား...ဘုရား၊ ဘယ်လိုဖြစ်တာလဲ၊ ခေါင်း ထဲမှာမိုက်ခနဲဖြစ်သွားပြီး ငါရပ်နေတဲ့မြေပြင်ကြီးက လှုပ်ခါသွား သလိုပါလား၊ မြေငလျင်များလှုပ်သွားတာလား"

အုတ်တံတိုင်းအနီးတွင် ထရပ်လိုက်ရင်း ဦးခေါင်းကို လက်နှင့်ဖိနှိပ်ထားသည့် အောင်စည့်အနီးသို့ မောင်မိုးအပြေး အပိုင်းနှင့် ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သွားတာလဲ ကိုအောင်စည်၊ အင်း...နေပြင်းလို့ ခေါင်းမူးသွားတယ် ထင်တယ်၊ ဘယ်နှယ်လဲ၊ သက်သာရဲ့လား"

"ရပါတယ် ဆောင်မိုးရေ၊ မင်းပြောသလို ခရီးသည် [illegible] နေကာသည်းပြီးကာနဲ့ မိုက်ခနဲဖြစ်သွားတယ်ထင်တယ်၊ [illegible] နားလိုက်ရင် သက်သာ [illegible]"

ထိုနောက်မှာတော့ ဆင်ဖြူတောင်၏ရေပိုက်ခေါင်းတစ်ခု [illegible] နားနေရင်း နေပူနိုက်ကျသွားသည်နှင့် နှစ်ယောက်သား ဆင်ဖြူတောင်မှ ပြန်လာခဲ့ကြပါတော့သည်။

အပြန်လမ်းတစ်လျှောက်လုံး အောင်စည်မှာ ကိုယ်လက် မအီမသာဖြစ်နေပါ၏။ ထိုနေ့ညမှာတော့ အောင်စည်တစ်ယောက် အဖျားတက်လာပါတော့သည်။ အဖျားမှာ ရှင်းရှင်းမပျောက်။ တက်လိုက်ကျလိုက်ဖြစ်နေသဖြင့် နောက်ဆုံး အောင်စည်တစ်ယောက် ဖျားနာနေလျက်နှင့်ပင် ရန်ကုန်သို့ပြန်လာခဲ့ပါတော့သည်။

ရန်ကုန်နေအိမ်သို့ ပြန်လည်ရောက်ရှိလာသည်နှင့် ဆေးကုသပါသော်လည်း [illegible] အနည်းငယ်သက်သာလာသဖြင့် [illegible] ဆင်ဖြူတောင်မှရရှိလာခဲ့သော ပစ္စည်း [illegible] ရှာလကာရည်နှင့် ဘုန်းဆံဖတ်များကိုအသုံးပြု၍ ချေး





ချွတ်ဆေးကြောကြည့်ရာ ရှေးဟောင်းစားအိမ်တစ်ခုနှင့် စားမြောင်းတစ်ချောင်းဖြစ်နေသည်ကို အံ့သြစွာတွေ့ရှိလိုက်ရပါတော့သည်။

စားမြောင်ချွန်လေးမှာ နှစ်ဖက်သွားဖြစ်ပြီး မျှောကြောင်းနေရာတွင် မာန်စောင်နေသည့် မြွေရုပ်ကလေးတစ်ကောင်ကို ထွင်းထုထားသည်ကြောင့် ထူးဆန်းသောရှေးဟောင်းပစ္စည်းတစ်ခုမှန်း သိရှိလိုက်ရပါ၏။ သံထည်ဖြင့်ထွင်းထုထားသည့် စားအိမ်လေးမှာလည်း စားမြောင်ချွန်မျှောကြောင်းတွင်တွေ့ရသည့် မြွေမျိုးပင် ထပ်တူထွင်းထုထားသည့်အပြင် ရှေးဟောင်းလက်ရာနှင့် စာတမ်းများပါ၊ပါရှိသဖြင့် အောင်စည်တစ်ယောက် အဖျားရောဂါပင် မေ့သွားလောက်အောင် ဝမ်းသာသွားပါလေ၏။

"ဟုတ်တယ်...စားမြောင်အိမ်မှာရေးထိုးထားတဲ့စာအရဆိုရင်တော့ 'သူရစည်သူ ရဲဒိဗ္ဗ'လို့ အဓိပ္ပါယ်ရတယ်၊ ဒါ... ဒါဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်းကိုးရာကျော်လောက်က ရမည်းသင်း မြို့စား ရဲညီနောင်ထဲက ရဲဒိဗ္ဗရဲ့စားမြောင်ပဲဖြစ်ရမယ်၊ ဒါ...ဒါ တကယ်ရှေးဟောင်းပစ္စည်းအစစ်အမှန်ပဲ၊ မနက်ဖြန်ကျမှ တရုတ်ကြီးလောင်စူးဆီကို သွားပြီးပြရမယ်"

အတွေးစိတ်ကူးထဲမှာတော့ လွန်ခဲ့သောနှစ်ပေါင်းကိုးရာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခန့်က ပစ္စည်းအစစ်အမှန်ဖြစ်နေသည်မို့ အောင်စည်တစ်ယောက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်နေပါလေ၏။ ထိုနေ့ညအိပ်ရာဝင်တော့လည်း ရမည်းသင်းမြို့စားလေးရဲဒိဗ္ဗ၏ ဓားအိမ်နှင့် ဓားမြှောင်တို့လေးအကြောင်းကိုသာ စိတ်စွဲရင်း အိပ်မောကျသွားခဲ့ပါတော့သည်။

အခန်း(၁၁)

## 'မြွေတစ်ကောင်၏ကျိန်စာ'

ရှိခနဲ ထွက်ပေါ်လာသည့်မြွေတွန်သံလိုလို အသံကြီးတစ်ခုကို အောင်စည်ကြားလိုက်ရသည့်တိုင် ထိုအသံဆီသို့ အာရုံမရောက်မိပါ။ အောင်စည်အာရုံစူးစိုက်မိသွားသည်က ဆင်ဖြူတောင်၏ မြေသားပွပွကုန်းမြေထက်တွင် မြေခနေသည့် ရှေးဟောင်းကျောက်ထီးတော်ဟောင်းကြီးတစ်ခုနှင့် ထီးတော်ကြီး၏နံဘေးတွင် တကွဲတပြားစီရှိနေကြသည့် ဓားမြှောင်တိုတစ်လက်နှင့် ဓားအိမ်တစ်ခု။

"ဟာ...ဒါ...ဒါ ငါရှာဖွေနေတဲ့ နှစ်ဒေါပါင်းကိုးရာကျော်က ဓားမြှောင်နဲ့ ဓားအိမ်လေးပဲ၊ ဘုရား...ဘုရား၊ တိုက်တိုက်ဆိုင်ဆိုင်၊ ကံကောင်းလို့ ငါတွေ့...တွေ့ရတာ"

★ ဆုနစ်စဉ်ကြယ်စာပေ ★

www.burmeseclassic.com

www.burmeseclassic.com



အောင်စည် ဝမ်းသာအားရနှင့် ကပျာကယာပြေး၍ ကောက်ယူလိုက်သည်။ ထိုစဉ်မှာပင် လေ့ခွင်းတောင်ဘက်ဆီမှ တဝေါဝေါနှင့်အော်မြည်သံကြီးများနှင့်အတူ မိုးသက်လေပြင်းများ တိုက်ခတ်လာပြီး မိုးမှောင်ကြီးကျရောက်လာခဲ့သည်။ ဝန်းကျင်တစ်ခုလုံး မိုးသက်မုန်တိုင်းနှင့် အမှောင်ထုကြီးများကြောင့် သဲကွဲစွာမမြင်ရပါလေတော့။

ထိုစဉ်မှာပင် စောစောကကြားလိုက်ရသော မြွေတွန်သံကြီးကဲ့သို့ တရှဲရှဲအော်မြည်လာနေသည့် မြွေတွန်သံကြီးကိုလည်း မိုးသက်မုန်တိုင်းများကြားမှ အောင်စည်ကြားလိုက်ရပါလေ၏။

"ရှဲ…ရှဲ…ရှဲ…ရှဲ…ရှဲ"

တစ်ချိန်တည်းမှာပင် သူ့နံဘေးရှိ ကျောက်ထီးတော်ကြီးအနီးမှ ကြီးမားလှသောငန်းမြွေနက်ကြီးတစ်ကောင် မာန်ဖီ၍ ထွက်လာသဖြင့် အောင်စည်တစ်ယောက် သူရရှိထားသော ရှေးဟောင်းပစ္စည်းနှစ်ခုကို မလွှတ်တမ်းဆုပ်ကိုင်လျက် ခြေဦးတည့်ရာသို့ ထွက်ပြေးပါလေတော့သည်။

"ရှဲ…ရှူး…ဖရော…ဖြော…ဝရော"

အံ့သြဖွယ်ရာပင်။ ကျောက်ထီးတော်အနီးမှထွက်ပေါ်လာသည့် ငန်းမြွေနက်ကြီးက အောင်စည်ပြေးရာနောက်သို့





သစ်ပင်ခြုံနွယ်များကို တဝေါဝေါ တဖြောဖြောဖြတ်ကျော်ကာ ထပ်ကြပ်မကွာ လိုက်ပါလာခဲ့သည်။

"ဖြော…ဖရော…ဖရော…ဝေါ"

"ရှဲ…ရှဲ…ရှဲ…ရှဲ"

ယခုအချိန်မှာတော့ မှောင်မှောင်မည်းမည်း မိုးသည်းသည်းအောက်တွင် မြွေတွန်သံကြီးများက နားကွဲလုခမန်း ဆူညံစွာအော်မြည်လျက် ရှိပါချေပြီကော။ မြွေကြီးများ၏ ဒေါသတကြီးအော်မြည်နေသံများက အောင်စည်အား ပြေးနိုင်မှလွတ်မည်ဟု ဟစ်အော်ကြိမ်းဝါးနေသည်သို့။

နောက်ဆုံး ပြေးလွှားနေရင်းမှပင် အောင်စည်တစ်ယောက် တောင်စွန်းတစ်ခုမှ အောက်သို့ပြုတ်ကျသွားသည့်အတိုင်း ခံစားလိုက်ရသဖြင့် သွေးပျက်ချောက်ချားစွာဟစ်အော်ရင်း နက်ရှိုင်းမည်းမှောင်လှသည့် အမှောင်ကမ္ဘာအတွင်းသို့ ဦးစိုက်ကျွမ်းပြန်ထိုးကျသွားပါလေတော့သည်။

"အား…"

အောင်စည်တစ်ယောက် မိမိအော်သံနှင့်မိမိ အိပ်မောကျနေရာမှ လန့်ဖျတ်၍နိုးလာတော့ ကိုယ်ပူရှိန်က ခြစ်ခြစ်တောက်ပူလောင်လျက်ရှိပါ၏။ ရင်အစုံသည် တောင်တက်သလား



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှယ် မောပန်းနွမ်းလျှနေပါ၏။ ခြောက်သွေ့ပူလောင်နေသည့်အာခေါင်က ရေတောင်းနေသဖြင့် ရေအေးအေးတစ်ခွက်ကို သောက်လိုက်သည်။

"ဘုရား…ဘုရား၊ ငါ့ဘာတွေ အိပ်မက်မက်နေပါလိမ့်၊ ကေနွ ငါရခဲ့တဲ့ဓားမြှောင်သွား မျှော့ကြီးထဲက မြွေရုပ်ကိုစိတ်စွဲသွားတာနဲ့တူတယ်၊ အဖျားမာတ်ခံကလည်းမပျောက်သေးလို့ ကယောင်ချောက်ချားတွေ မြင်မက်နေတာဖြစ်မယ်"

နောက်ဆုံးတော့ နေမကောင်းသဖြင့် ကယောင်ကတမ်း အိပ်မက်များ မြင်မက်ခြင်းသာဖြစ်မည်ဟု ပေါ့ပေါ့တန်တန်ပင် သဘောထားလိုက်ပါတော့သည်။ ဤသို့ဖြင့် နောက်တစ်နေ့နေ့ လည်ခင်းလောက်တွင် ဓားမြှောင်နှင့် ဓားအိမ်ကို လွယ်အိတ်တွင်ထည့်ကာ တရုတ်ကြီးလောင်စူး၏အိမ်သို့ အောင်စည်ရောက်ရှိလာခဲ့သည်။

လောင်စူးမှာ ရှေးဟောင်းပစ္စည်းများနှင့်ပတ်သက်၍ ဗဟုသုတအတွေ့အကြုံများစွာရှိသူဖြစ်သည့်အပြင် ရှေးဟောင်းပစ္စည်းအစစ်နှင့် အတုကိုလည်း ကျွမ်းကျင်စွာခွဲခြားနိုင်စွမ်းရှိသူလည်းဖြစ်ပါ၏။ အဆက်အသွယ်ကောင်းသူ၊ သစ္စာရှိသူတစ်ယောက်ဟု ရှေးဟောင်းပစ္စည်းလောကတွင် နာမည်တစ်လုံးနှင့် နေသူလည်းဖြစ်သည်မဟုတ်ပါလား။





အောင်စည်မှာ လောင်စူး၏ဧည့်ခန်းထဲသို့ဝင်လိုက်သည်နှင့် တရုတ်ကြွေပန်းကန်တစ်ချပ်ကို မှန်ဘီလူးငယ်နှင့် အသေးစိတ်ကြည့်ရှုစစ်ဆေးနေသည့် လောင်စူးကို တွေ့လိုက်ရသည်။ အောင်စည်ဝင်ရောက်လာသည်ကိုမြင်လိုက်သည်နှင့် ထိုတရုတ်ပန်းကန်ကို စားပွဲပေါ်သို့တင်လိုက်ပြီး…

"ဟာ…အောင်စည်၊ ပျောက်ချက်သားကောင်းလှချည်လား၊ အခုမှပေါ်လာတယ်ဆိုတော့ ခရီးထွက်ရာကနေပြန်လာပြီး ငါ့အတွက် ပစ္စည်းလက်ဆောင်ကောင်းလေးတွေပါလာပြီထင်တယ်ဟေ့"

အောင်စည် မည်သို့မျှပြန်မပြောဘဲ သူ၏လွယ်အိတ်ထဲမှ ဓားမြှောင်အိမ်နှင့် ဓားမြှောင်တစ်ချောင်းကို လောင်စူးရှေ့ရှိ စားပွဲကြီးပေါ်သို့တင်လိုက်သည်။

"ဟုတ်တယ်လောင်စူးရေ၊ ဒီတစ်ခေါက် သိပ်မစွံလှပါဘူး၊ ဟောဒီပစ္စည်းနှစ်ခုပဲရလာခဲ့တယ်၊ အဲဒါ စစ်ဆေးကြည့်ပါဦး၊ ဝယ်လက်ရှိရင်လည်း ပြောပေါ့ဗျာ၊ ထုံးစံအတိုင်း ခင်ဗျားမနစ်နာစေရပါဘူး"

လောင်စူးက အောင်စည်ပေးလာသည့် ပစ္စည်းနှစ်ခုကို တစ်ခုချင်းသေချာစွာ စစ်ဆေးကြည့်ရှုနေပါလေ၏။ စစ်ဆေးနေ



www.burmeseclassic.com

www.burmeseclassic.com



ရင်းမှလည်း အဖြေရှာတွေ့သွားသည်ထင့်။ သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်လျက်။

''အင်း...မင်းယူလာခဲ့တဲ့ပစ္စည်းတွေကတော့ နှစ်ခုလုံး အမှန်တွေချည်းပဲကွ၊ ဒါပေမယ့် ဆင်ဖြူတောင်တို့၊ လှေခွင်းတောင်တို့ဘက်ကရယ်၊ ဓားမြှောင်သွားမျှော့ကြောင်းမှာ မြေ တစ်ကောင်မာန်စောင်နေတဲ့ပုံတွေရယ်က...အင်း...''

''လောင်စူး...ဘာဖြစ်သွားတာလဲ၊ ဒီဓားမြှောင်အိမ်နဲ့ ဓားမြှောင်က ဘာတွေထူးခြားမှုရှိနေလို့လဲ...ဟင်၊ ပြောစမ်းပါဦး ကွ''

အောင်စည်က စိတ်မရှည်စွာဖြင့် ခပ်လောလော မေး မြန်းနေသည့်တိုင် တရုတ်ကြီးလောင်စူးက ဓားအိမ်လေးကို စူး စူးနစ်နစ်ကြည့်ကာ တွေးတွေးဆဆပြောလိုက်သည်။

''အင်း...ဘာမှမဖြစ်ပါဘူး၊ ပစ္စည်းတွေက အမှန်အကန် ပါ၊ ဖြစ်နိုင်ရင်တော့ မင်းလက်ထဲမှာ ကြာကြာမထားနဲ့၊ အမြန် ဆုံးထုတ်ပစ်လိုက်ပါ၊ မြဝတီဘက်မှာ ငါ့အဆက်အသွယ်တွေရှိ တယ်၊ ငါစာရေးပေးလိုက်မယ်၊ အဲဒီကိုသွားလိုက်ပါလား''

''ဟာကွာ...ငါလည်း ခရီးပန်းလို့ ဖျားနေတာလောင်စူး ရ၊ ဖြစ်နိုင်ရင် ရန်ကုန်ကဝယ်လက်ပဲရှာပေးပါ၊ ဟောဒီပစ္စည်း နှစ်ခုစလုံးကို မင်းဆီမှာထားခဲ့မယ်''





အောင်စည်မှာ ယခုမှ ခရီးထွက်ရာမှ ပြန်ရောက်လာ သည့်အပြင် နေထိုင်မကောင်းလည်းဖြစ်နေသဖြင့် လောင်စူး ကိုသာပုံအပ်လိုက်သည်။ သို့သော် ဘယ်လိုဖြစ်သည်မသိ။ သူ၏ စကားကို လောင်စူးတစ်ယောက် မျက်စိမျက်နှာများပျက်လျက် ခါးခါးသီးသီးပင် ငြင်းဆန်နေပါလေတော့၏။

''ဟာ...မလုပ်နဲ့၊ မလုပ်နဲ့၊ မထားခဲ့ပါနဲ့ အောင်စည် ရယ်၊ ဒီ...ဒီပစ္စည်းလေးကို ငါ...ငါလက်ခံမထားရဲဘူး အောင် စည်''

ထူးထူးခြားခြား မျက်စိမျက်နှာပျက်လျက် ငြင်းဆန်နေ သည့်လောင်စူးကိုကြည့်ကာ အောင်စည်တစ်ယောက် နားမလည် နိုင်ဖြစ်နေရပါ၏။

''ဘာ...ဘာဖြစ်လို့လဲ လောင်စူး၊ ဒီဓားမြှောင်အိမ်နဲ့ ဓားမြှောင်လေးကို ဘာဖြစ်လို့ လက်မခံရတာလဲကွ''

''အဲဒီ လှေခွင်းတောင်တို့၊ ဆင်ဖြူတောင်တို့ဘက်က ရှေးဟောင်းပစ္စည်းတွေက ကျိန်စာသင့်တတ်တယ်အောင်စည်၊ ဒါကြောင့် အမြန်ဆုံးထုတ်ပစ်တာ အကောင်းဆုံးပဲ''



www.burmeseclassic.com

www.burmeseclassic.com

ထူးတော့ထူးခြားသည်။

တရုတ်ကြီးလောင်စူးအိမ်မှထွက်လာသည်နှင့် နားထဲ တွင် တဝီဝီ တရှိန်ရှိန်နှင့်ကြားနေသည်။ သို့သော် အားနည်းနေ သဖြင့် နားထဲမှလေထွက်နေသည်ဟုသာ အောင်စည်ထင်မှတ် နေမိခဲ့သည်။ အောင်စည်ကလည်း တဖွတ်ထိုး တစောက်ကန် သမား။ မြဝတီသို့သွားရန် အားလုံးပြင်ဆင်ပြီးသည်နှင့် အိမ်သို့ ပြန်လာခဲ့ပါ၏။

သူ အိမ်သို့ပြန်ရောက်ချိန်တွင် လမ်းမီးတိုင်များပင် မီး လင်းလျက်ရှိပါပြီ။ တစ်နေကုန် စိတ်ရောလူပါ ပင်ပန်းမော ဟိုက်နေပြီမို့ ဆေးတစ်ခွက်သောက်လိုက်ပြီး အိပ်ရာထက်တွင်





ခဏမျှမှိန်းနေလိုက်သည်။ အတွေးထဲတွင် နေ့လည်ခင်းက လောင်စူးပြောခဲ့သည့်စကားများကို ပြန်လည်၍ကြားယောင်နေ မိပါ၏။

"အဲဒီလေ့ခွင်းတောင်နဲ့ ဆင်ဖြူတောင်ဘက်က ရှေး ဟောင်းပစ္စည်းတွေက ကျိန်စာသင့်တတ်တယ်၊ ကျိန်စာသင့် တတ်တယ်၊ ကျိန်စာသင့်တတ်တယ်"

အောင်စည်၏အကြားအာရုံတွင် လောင်စူး၏အသံကြီး နှင့် မြွေတွန်သံတရှိန်ရှိန်က အမျှင်မပြတ် ပဲ့တင်ထပ်လျက်။ ထိုကဲ့ သို့သောဖြစ်ရပ်များကြားမှပင် အောင်စည်ခမျာ ပင်ပန်းမှုကြောင့် လေလားမသိ။ မှေးခနဲအိပ်ပျော်သွားပါလေတော့သည်။

သို့သော် အောင်စည် ကြာကြာမအိပ်လိုက်ရပါ။ ရှိုခနဲ ကျယ်လောင်စွာထွက်ပေါ်လာသော မြွေတွန်သံကြီးနှင့်အတူ တံးမြှောင်မျှော့ကြိုးထဲမှ ထွင်းထုထားသည့်မြွေရုပ်လေးက ပိပိ ပြင်ပြင်ပင် သူ၏ကြီးမားလှသောပါးပျဉ်းကြီးကိုထောင်ကာ အောင်စည်၏ကိုယ်ပေါ်မှ အပိုင်စီးမိုး၍ ချိန်ရွယ်ထားပါချေပြီ ကော။

"ဟာ...အ...အ...အမယ်လေး၊ မြွေ...မြွေ...မြွေကြီး"

သည်တစ်ကြိမ်တော့ အောင်စည် ပြေးလွှားထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ရန်မဖြစ်နိုင်ပါလေတော့။ ထွက်ပြေးဖို့နေနေသာသာ အနည်းငယ် လှုပ်ရှားလိုက်သည်နှင့်ပင် သူ၏ရင်ဘတ်ပေါ်တွင် ကျကျနနခွေကာ သူ့အား အနီးကပ်ပါးပျဉ်းကြီးခွက်၍ မိုးထားသည့် ငန်းမြွေနက်ကြီးက ပေါက်ချလိုက်မည်မှာ အသေအချာပင်ဖြစ်ပါ၏။

အောင်စည်တစ်ယောက် ဇောချွေးများပင်ပြန်လျက်ရှိပါချေပြီကော။ ရင်အစုံသည် တဆတ်ဆတ်ခုန်လျက် သွေးပျက်ချောက်ချားမှုတို့က ခန္ဓာကိုယ်သွေးကြောအနှံ့ လျှင်မြန်စွာစီးဝင်သွားကြသည်သို့။ အောင်စည်ခမျာ ယခုမှ သူ၏သေမင်းကို နီးကပ်စွာတွေ့မြင်နေရပြီမဟုတ်ပါလား။

မြွေကြီး၏နီနီရဲရဲမျက်လုံးအစုံနှင့် ပြူတစ်ပြူတစ်မြင်နေရသည့် လျှာမည်းမည်းနှစ်ခွက သူ၏မျက်နှာနှင့် နီးကပ်လာလိုက်၊ ဝေးကွာသွားလိုက်နှင့်။

နောက်ဆုံး အောင်စည် သွေးပျက်ရူးသွပ်သွားလေသည်ထင့်။ သူ၏လက်နှစ်ဖက်ဖြင့် ငန်းမြွေကြီးကို ဒေါသတကြီးဆွဲဖယ်ရန် ကြိုးစားလိုက်သည်နှင့် ငန်းမြွေနက်ကြီးက ဆတ်ခနဲ သူ၏နဖူးတည့်တည့်သို့ ပေါက်ချလိုက်ပါတော့သည်။

"အ...အား"

မီးစနှင့်အထိုးခံလိုက်ရသကဲ့သို့ ခန္ဓာကိုယ်တစ်ခုလုံး





ပူလောင်သွားသဖြင့် ကြောက်လန့်တကြားဟစ်အော်လိုက်ရင်း အောင်စည် အိပ်ရာထက်မှ ကုန်း၍ထလိုက်သည်။

"ဒေါက်...ဖုတ်"

သူ၏ရင်ဘတ်ပေါ်မှ ဓားမြှောင်အိမ်နှင့် ဓားသွားလေး က လျှောခနဲ အောက်သို့ပြုတ်ကျသွားပါ၏။ သူအိပ်မပျော်ခင် ထိုဓားအိမ်နှင့် ဓားမြှောင်တိုလေးကို ထုတ်ယူကြည့်ရင်း သူ၏ရင်ဘတ်ပေါ်တွင်တင်ကာ အိပ်မောကျသွားခဲ့သည်ကို အောင်စည်သတိရလိုက်မိပါသည်။

"ဘုရား...ဘုရား...ငါ့အိပ်မက်ကလည်း စင်းလုံးချည်ပဲ၊ အင်း...သေ...သေချာပြီ၊ ဒီ...ဒီဓားမြှောင်လေးဟာ ကျိန်...ကျိန်စာသင့်နေတဲ့ ဓားမြှောင်လေးပဲဖြစ်ရမယ်၊ ငါ...ငါဘာလုပ်ရမလဲ၊ ရှေ့ဆက်ပြီး ငါဘယ်လိုလုပ်ရပါ့မလဲ...ဟူး..."

နောက်ဆုံးတော့ တရုတ်ကြီးလောင်စူးပြောသကဲ့သို့ ကျိန်စာတိုက်ထားသော ရှေးဟောင်းပစ္စည်းများဟုသာ မှတ်ယူလိုက်ပါလေတော့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ပျဉ်းမနားမြို့သို့ အောင်စည် ပြန်လည်ရောက်ရှိလာတော့ သူ၏ဦးလေးဖြစ်သူ ဒေါက်တာမင်းခေါင်အား အကြောင်းစုံရှင်းပြခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“တစ်သက်လုံးမေ့မရအောင် စွဲမှတ်သွားတော့တာပေါ့ ဦးလေးရယ်၊ အဲဒီညကများဆိုရင် တစ်ကိုယ်လုံးမီးမြှိုက်ခံထားရသလို ပူလွန်းလို့ အိပ်ရာပေါ်မှာ လူးလွန့်နေရတာ တစ်ညလုံးပဲဗျာ”

“အင်း…ကောင်းပါလေ့ကွာ၊ ဒါနဲ့ အဲဒီရှေးဟောင်းပစ္စည်းလေးကို မြဝတီဘက်သွားပြီး မရောင်းတော့ဘူးပေါ့… ဟုတ်လား”

“အာ…ဘယ်သွားပြီး ရောင်းရဲတော့မှာလဲဦးလေးရယ်၊ တစ်ခါတည်း ပျဉ်းမနားကိုတန်းလာပြီး နောက်တစ်နေ့ မောင်မိုးကိုခေါ်သွားပြီး နဂိုမူလနေရာက မြေကြီးထဲမှာပဲ ပုံစံမပျက် ပြန်ပြီးမြှုပ်ထားပေးခဲ့လိုက်တာပေါ့၊ အဲဒီတော့မှ ကျိန်စာတွေပြယ်သွားတော့တယ်ထင်တယ်၊ ဖျားနာတာတွေလည်း ယူပစ်လိုက်သလို တစ်ခါတည်းပျောက်သွားတော့တာပဲ ဦးလေးရေ”

ဒေါက်တာမင်းခေါင်မှာ အောင်စည်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို သတ္တုချကြည့်ရာ ကောင်းမှုရှင်က လှူဒါန်းခဲ့သောဝတ္ထုပစ္စည်းများကို ပျက်စီးစေသူ၊ လိုချင်တပ်မက်သူ၊ လောဘသားများအားယူငင်ခြင်း၊ သုံးစွဲခြင်းများ မပြုလုပ်မိစေ





ရန် ကျိန်စာတိုက်ထားခဲ့၍ အောင်စည်သည်လည်း ကျိန်စာသင့်ခဲ့ခြင်းဖြစ်ပေသည်ဟု ယူဆရန်မှတစ်ပါး အခြားမရှိပါလေတော့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

## 'ခေါင်းတစ်ရာသချိုင်းရှာပုံတော်'

ဒေါက်တာမင်းခေါင်၏စာကြည့်ခန်းထဲတွင် တိတ်ဆိတ် ငြိမ်သက်လျက်ရှိပါ၏။ အောက်ဘက်ဆီမှ တောင်ကမ်းပါးရံကို ရိုက်ခတ်လာသည့် လှိုင်းပုတ်သံလေးများနှင့် ရံဖန်ရံခါ စကား ပြောသံအချို့က ဒေါက်တာမင်းခေါင်၏စာကြည့်ခန်းအတွင်းသို့ တိုင် ပဲ့တင်လွင့်ပျံ့လာခဲ့သည်။

ဆင်ဖြူတောင်မှ စိတ်ဝင်စားဖွယ်၊ တုန်လှုပ်ချောက်ချား ဖွယ်ဖြစ်ရပ်လေးက ပဌလက်ဗျတ်ကျော်၏ရင်ဘတ်ကြီးကို နှိမ့် ချည်မြင့်ချည်ဖြင့် လှုပ်ရှားစေပါ၏။ ဤကဲ့သို့ဖြစ်ရပ်မျိုးသာဆို





လျှင် ခေါင်းတစ်ရာသချိုင်းမှ သူရယူလာခဲ့သည့် ရွှေရေတကောင်း လေးကိုလည်း သူ၏မူလဇာတိနေရာသို့ ပြန်လည်၍ပို့ဆောင်ပေး ရတော့မည်ထင့်။

သို့သော် လွန်ခဲ့သော နှစ်ပေါင်းကိုးရာကျော်ခန့်က ရှေး ဟောင်းပစ္စည်းကိုရောင်းချမည်ဆိုလျှင် ယနေ့ကာလ ရှေးဟောင်း ပစ္စည်းတန်ဖိုးနှင့် ရွှေအလေးချိန်တန်ဖိုးတို့ ပေါင်းစပ်လိုက်ပါက ရရှိလာမည့်ငွေကြေးပမာဏက သူ၏ဘဝတစ်ခုလုံးကို အကြီး အကျယ်ပြောင်းလဲသွားစေမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

ဒေါက်တာမင်းခေါင်က သူ၏ ဒန်းဟီးလ်ဆေးတံကြီးကို ဖွာရှိုက်ရင်း မီးခိုးငွေ့များကြားမှ ပဌလက်ဗျတ်ကျော်ကို တိတ် ဆိတ်စွာပင် အကဲခတ်နေပါ၏။ သက်ပြင်းမောများကို အခါခါ ချလျက် ဒွိဟစိတ်များနှင့် ဝေခွဲမရဖြစ်နေသည့် ပဌလက်ဗျတ် ကျော်ကိုကြည့်ကာ ဒေါက်တာမင်းခေါင် အသာအယာပြုံးလိုက်မိ ပါသည်။ အတ္တလောဘနှင့် ပင်ကိုယ်ဗီဇစိတ်တို့၏လွန်ဆွဲပွဲတွင် ပဌလက်ဗျတ်ကျော်တစ်ယောက် မရှုနိုင် မကယ်နိုင်ဖြင့် အကျပ် ရိုက်နေဟန်ရှိသည်။

"ဒီလိုရှိတယ် မောင်ဗျတ်ကျော်ရဲ့၊ တချို့ရှေးဟောင်း ပစ္စည်းတွေက အဲဒီလိုကျိန်စာမျိုးတွေ၊ ယူငင်လိုက်တဲ့သူကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတွေ အမျိုးမျိုးပေးတတ်ကြတာမျိုးတွေ အများကြီးရှိသလို ပိုင်ရှင်မဲ့ရှေးဟောင်းပစ္စည်းတွေလည်း တော်တော်များများရှိတတ်ကြပါတယ်၊ အဲဒီတော့ မောင်ရင် ဆုံးဖြတ်ချက်ပိုင်ပိုင်နိုင်နိုင်ချလို့ရအောင် ခေါင်းတစ်ရာသချိုင်းနဲ့ပတ်သက်တဲ့ သမိုင်းကြောင်းအထောက်အထားတွေ၊ အတ္တုပတ္တိဆောင်းပါးတွေနဲ့ မှတ်တမ်းမှတ်ရာတွေကို စာကြည့်တိုက်မှာ ကျုပ်ရှာဖွေကြည့်ပါဦးမယ်၊ အဲ...အရေးကြီးတာက မောင်ရင့်အတွက် လပြည့်ညမရောက်ခင်မှာ တိကျရေရာတဲ့အဖြေတစ်ခုခုရမှ ဖြစ်မှာမဟုတ်လား''

''ဘုရား...ဘုရား၊ အခုမှ ငါ့မှာ ဘေးကျုပ်နံကျပ်ဖြစ်နေပြီ၊ စားရမှာလည်း သဲနဲ့တရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီနဲ့ဝင်းဝင်းဆိုသလို ဒီရွှေရေတကောင်းလေးတစ်ခု ရလိုက်ပါတယ်၊ ပြန်ပြီးပေးဆပ်ရမယ့်ကိစ္စတွေက များလှချည်လား၊ မတော်ရင် အသက်ပါပေးဆပ်လိုက်ရနိုင်တယ်...ဟင်း''

ပဋ္ဌလက်ဗျတ်ကျော်တစ်ယောက် အတွေးစိတ်ကူးထဲမှာပင် ရှုးချင်စိတ်များပေါက်သွားပါလေ၏။ နောက်ဆုံးတော့ ဒေါက်တာမင်းခေါင်ပြောသကဲ့သို့ ခေါင်းတစ်ရာသချိုင်းနှင့်ပတ်သက်သော သမိုင်းမှတ်တမ်းများ၊ ဆောင်းပါးများနှင့် အတ္တုပတ္တိစာအုပ်များကို ရှာဖွေ၍တွက်ဆကြည့်ကြရန်သာ ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။





ဤသို့ဖြင့် ပဋ္ဌလက်ဗျတ်ကျော်တစ်ယောက် ဒေါက်တာမင်းခေါင်၏နေအိမ်ကြီးတွင် ဆက်လက်တည်းခိုရင်း ခေါင်းတစ်ရာသချိုင်းနှင့်ပတ်သက်မည့် စာအုပ်စာတမ်းမှန်သမျှကို ဒေါက်တာမင်းခေါင်နှင့်အတူ ဝိုင်းဝန်း၍ရှာဖွေစုံစမ်းကြသည်။

''နေစမ်းပါဦး မောင်ဗျတ်ကျော်ရဲ့၊ ဒီခေါင်းတစ်ရာသချိုင်းအကြောင်းကို ဘယ်လိုဘယ်ပုံသိပြီး ဆရာတပည့်နှစ်ယောက် လှုပ်ရှားလိုက်ကြတာလဲ၊ မောင်ရင်သိသလောက် လောလောဆယ်ပြောပြထားပါဦးကွယ့်''

တစ်နေ့တွင် တက္ကသိုလ်များစာကြည့်တိုက်တွင် ရှာဖွေစုံစမ်းကြရင်း လက်ဖက်ရည်သောက်ချိန်တစ်ခုတွင် ဒေါက်တာမင်းခေါင်က ပဋ္ဌလက်ဗျတ်ကျော်အား မေးမြန်းစုံစမ်းနေခြင်းဖြစ်သည်။

''အင်း...ဆရာကြီးသိအောင် ပြောရမယ်ဆိုရင်တော့ ကျွန်တော် ဖောက်ထွင်းမှုတစ်ခုနဲ့ ထောင်ကျခဲ့စဉ်က ထောင်ထဲမှာ သိခွင့်ရခဲ့တာပါ၊ သူ့နာမည်က ဦးဘိုးမှန်တဲ့၊ ပေပင်မော်ရွာသားတစ်ယောက်ပါ၊ လူသတ်မှုကြီးတစ်ခုနဲ့ နှစ်ကြီးကျနေတဲ့ အသက်(၇၀)လောက်ရှိပြီဖြစ်တဲ့ အဘိုးကြီးတစ်ယောက်ပါ၊ ထောင်ထဲမှာ မကျန်းမမာဖြစ်ရာက ကျွန်တော်နဲ့ အနီးကပ်နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ဦးဘိုးမှန်ကို အတတ်နိုင်ဆုံးပြုစုစောင့်ရှောက်ခဲ့ပေမယ့် သူ့ရဲ့ရောဂါကကျွမ်းနေပြီလေ၊ နောက်ဆုံး ကျွန်တော့်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ခေါင်းတစ်ရာသချိုင်းနဲ့ဆက်နွယ်နေတဲ့ ဗိုလ်သူရိန်ရဲ့အုတ်ဂူနေရာကို ညွှန်ပြခဲ့တယ်၊

နောက်ပြီး ဦးဘိုးမှန်က သူစိတ်လိုလက်ရရှိခဲ့စဉ်တုန်းက သူတို့ပေပင်မော်ရွာသားတွေရဲ့ မျိုးချစ်စိတ်ဓာတ်ကြီးမြင့်ပုံ၊ အင်္ဂလိပ်နယ်ချဲ့တွေကို ရဲရဲတောက် တွန်းလှန်တိုက်ခိုက်ခဲ့တဲ့ ဗိုလ်တောက်ထိန်ရဲ့ကြောင်းတွေကို မကြာခဏပြောပြလေ့ရှိခဲ့တယ်၊ အင်း...ဗိုလ်သူရိန်ဟာ ဗိုလ်တောက်ထိန်ရဲ့ သွေးသောက်ညီအစ်ကိုဖြစ်ကြောင်းနဲ့ သိဒ္ဓိဝင်အပ်အကြောင်းကို ရောက်သွားကြတယ်၊

အဲဒီနောက်တော့ ကာယသိဒ္ဓိပြီးစီးတဲ့ သိဒ္ဓိဝင်အပ်နဲ့ ရတနာပစ္စည်းတချို့ဟာ ဗိုလ်သူရိန်ရဲ့ ရုပ်အလောင်းခန္ဓာမှာ ရှိနေကြောင်းနဲ့ သွားရောက်တူးဖော်ယူငင်လို့ရခဲ့ရင် သုံးပုံပုံ တစ်ပုံကို ဗိုလ်သူရိန်နဲ့ ပေပင်မော်ရွာသားတွေအတွက် လှူဒါန်းပေးဖို့နဲ့ အမျှပေးဝေဖို့ကိုလည်း ကျွန်တော့်ကို သေသေချာချာမှာထားခဲ့ပါတယ်၊ နောက်တစ်နေ့ညဘက်မှာ ရောဂါပြင်းထန်ပြီး ဦးဘိုးမှန် သေဆုံးသွားခဲ့ပါတယ်ဆရာကြီး''





ဒေါက်တာမင်းခေါင်မှာ သူ၏ရှေ့မှ လက်ဖက်ရည်ခွက်ကိုပင်မေ့လျော့ကာ ပဋ္ဌလက်ဗျတ်ကျော်ပြောပြနေသည့် ခေါင်းတစ်ရာသချိုင်း၏တစ်စွန်းတစ်စဇာတ်လမ်းကို စိတ်ပါဝင်စားစွာနားထောင်နေပါ၏။

''အဲဒီနောက်တော့ ကျွန်တော်လည်း လွတ်ရက်စေ့လို့ ထောင်ကထွက်လာတော့ ကျွန်တော့်ရဲ့အန္တေဝါသိကပည့်ဖြစ်တဲ့ ဖောက်ထွင်းဝိဇ္ဇာတက်ခါးကိုရှာပြီး အဲဒီတာဝန်ကြီးကိုပေးလိုက်တယ်၊ ခေါင်းတစ်ရာသချိုင်းထဲကို ဝင်ပုံဝင်နည်း မြေပုံညွှန်းနဲ့တကွ လိုအပ်တာမှန်သမျှဖြည့်ဆည်းပေးလိုက်ပြီး ခေါင်းတစ်ရာသချိုင်းကိုလွှတ်လိုက်တာ အခုချိန်ထိ ဘာသတင်းမှမကြားရသေးဘဲ စုပ်စမြုပ်စနဲ့ ခြေရာလည်းပျောက်၊ ရေလည်းနောက်သွားတော့တာပဲ ဆရာကြီးရေ၊ ကျွန်တော့်အထင်တော့ ခေါင်းတစ်ရာသချိုင်းက သုဘရာဇာကြီးဦးလူဝဟာ ဒီကိစ္စတွေအားလုံးကို သိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ အနီးကပ် သူ့ကိုပေါင်းသင်းကြည့်မှ သုဘရာဇာကြီးဟာ တစ်စုံတစ်ခုကိုလျှို့ဝှက်ထားတယ်လို့ ယူဆရတယ်၊ သူ့ရဲ့စကားပြောပုံဆိုပုံနဲ့ အတွေးအခေါ်တွေက သုဘရာဇာတစ်ယောက်နဲ့မတူဘူးဆရာကြီး၊

ဆရာကြီးရယ်...ကျွန်တော်စိတ်လျှော့လိုက်ပါပြီ၊ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာသချိုင်းအကြောင်းကို သိရသည်ဖြစ်စေ၊ မသိရသည်ဖြစ်စေ ကျွန်တော့်လက်ထဲက ရွှေရေတကောင်းကို သူ့ရဲ့မူလနေရာမှာပဲ ပြန်ထားပေးဖို့ ကျွန်တော်ဆုံးဖြတ်ချက်ချလိုက်ပါပြီ''

ပဉ္စလက်ဖျတ်ကျော်၏ အမြင်မှန်ရလာသော စကားများကို ဒေါက်တာမင်းခေါင် ခေါင်းတညိတ်ညိတ်နှင့်သဘောကျနေမိသည်။

''ကောင်းပါလေ့ မောင်ဖျတ်ကျော်ရယ်၊ ရှေးဟောင်းပစ္စည်းဆိုတဲ့ကိစ္စရပ်တွေမှာ တစ်ခါတရံ ကျုပ်တို့မသိနိုင်၊ မမြင်နိုင်တဲ့ဖြစ်ရပ်တွေ အများကြီးရှိတယ်၊ တစ်ခါတလေများဆိုရင် ကိုယ်သိပ်လိုချင်တဲ့ပစ္စည်းတစ်ခုဟာ ကိုယ့်လက်ထဲရောက်လာပြီးမှ လက်လွှတ်ဆုံးရှုံးခဲ့ရတာတွေလည်း မနည်းတော့ဘူးကွယ့်''

နှစ်ယောက်သား စကားကောင်းနေကြစဉ်မှာပင် လူရွယ်တစ်ယောက်ဝင်လာပြီး ဒေါက်တာမင်းခေါင်အား တရိုတသေပြောလာပါ၏။

''ဆရာမှာထားတဲ့စာအုပ်တွေ ရပါပြီဆရာ၊ နောက်ထပ်ဆောင်းပါးမှတ်တမ်းတွေ နည်းနည်းပါးပါးရစရာရှိလို့ ဒီနေ့ညနေလောက် ကျွန်တော့်ဂျူတီပြီးရင် ဆရာ့အိမ်ကိုလာပြီး ပို့လှည့်ပါ့မယ်ခင်ဗျာ''





''ဩော်...ကျေးဇူးပဲ မောင်ကြည်မောင်၊ အခုလို ဆရာလိုချင်တဲ့စာအုပ်တွေရှာပေးတဲ့အတွက်ရော၊ အိမ်တိုင်ရာရောက်လာပို့ပေးမယ်ဆိုတာရော အားလုံးအတွက် ကျေးဇူးတင်တယ်မောင်ကြည်မောင်''

''အာ...ဆရာကလည်း မဟုတ်တာ၊ ကျွန်တော်တို့က သာဆရာ့ဆီကိုလာပြီး အမြဲတမ်းဟိုမေးဒီမေးနဲ့ လာလာပြီးအလုပ်ရှုပ်နေကြတာပါခင်ဗျား၊ ကိုင်း...ကျွန်တော့်ကိုခွင့်ပြုပါဦးဆရာ''

ဤသို့ဖြင့် ထိုနေ့ညနေဘက်တွင် ဒေါက်တာမင်းခေါင်ထံသို့ စာကြည့်တိုက်မှူးလေး မောင်ကြည်မောင်မှတစ်ဆင့် ခေါင်းတစ်ရာသချိုင်းနှင့်ပတ်သက်သော စာအုပ်စာတမ်းများရောက်ရှိလာခဲ့ပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၃)

## 'ဗြိတိသျှသမိုင်းဆရာများ ထိန်ချန်ထားခဲ့သော ခေါင်းတစ်ရာသင်္ချိုင်း'

ပေပင်ချောင်းသည် စီးဆင်းမြဲ။

ဝဝန်မြစ်သည်လည်း စီးဆင်းမြဲ။

ဤချောင်း၊ ဤမြစ်ရေအလျဉ်တို့သည် မြစ်ဝကျွန်းပေါ်ဒေသ၌ စီးဆင်းနေသမျှကာလပတ်လုံး ပေပင်မော်ရွာသားတို့၏ ဇာတိမာန်တော်လှန်ရေးတိုက်ပွဲနှင့် အသက်စွန့်ခဲ့ရသော ပေပင်မော်မျိုးချစ်ရွာသားများ၏ ခေါင်းတစ်ရာသင်္ချိုင်းသမိုင်းသည် အစဉ်ထာဝရ ထွန်းလင်းတောက်ပနေမည်သာတည်း။

ခေါင်းတစ်ရာသင်္ချိုင်း၏ သမိုင်းနိဒါန်းအဖွင့်က သွေးနီ





မော်ကွန်းတို့ဖြင့် ရဲရဲနီနေပါ၏။ တစ်နည်းဆိုရပါလျှင် ရဲရဲတောက်သွေးနီမော်ကွန်းတို့ဖြင့် ရေးထိုးအပ်သော ပေပင်မော်ရွာသားတို့၏ဇာတိမာန်သည် ဖတ်ရှုသူ၏ နှလုံးသည်းပွတ်အစုံကို ဆွဲကိုင်လှုပ်ရမ်းလိုက်သည်သို့။

ဒေါက်တာမင်းခေါင်သည် 'ဗြိတိသျှသမိုင်းရေးဆရာများ ထိန်ချန်ထားခဲ့သော ခေါင်းတစ်ရာသင်္ချိုင်း'ဟူသော မြန်မာတို့၏နီရဲသောသွေးတို့ဖြင့် ရေးထိုးထားခဲ့သည့် သမိုင်းဖစ်မြစ်ကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုနေခြင်းဖြစ်ပါ၏။

မှန်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာ့နှစ်ဆယ်ခန့် က အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲအပြီးတွင် သူ့ကျွန်မခံလို သောမျိုးချစ်တိုင်းရင်းသားများက မြန်မာပြည်အနှံ့အပြားမှနေ ၍ နယ်ချဲ့တို့အား ရှပ်ရှပ်ခါခါတွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ၁၈၈၆–ခုနှစ်မှစ၍ ၁၈၉၀ပြည့်နှစ်များအတွင်း မြန်မာပြည်မြစ်ဝကျွန်းပေါ်ဒေသမှ ခုခံတွန်းလှန်မှုသမိုင်းများအနက် ပေပင်မော်ရွာတိုက်ပွဲတစ်ခုတွင် ဗြိတိသျှနယ်ချဲ့စစ်ဘက်အရာရှိကြီးတစ်ဦး ကျဆုံးခဲ့ဖူးပါသည်။

ထိုကဲ့သို့ ကျဆုံးခဲ့ရသည်ကို လက်စားချေရန်ငြိုးဖွဲ့သည့်အနေဖြင့် ဗြိတိသျှတပ်ဖွဲ့များက ပေပင်မော်ရွာရှိ အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသားများအားလုံးကို ရက်စက်စွာသတ်ဖြတ်ပစ်ခဲ့ကြ သည်။ ထို့နောက် မပြေနိုင်သောရန်ငြိုးအာဃာတများဖြင့် သေ ဆုံးသူတို့၏ဦးခေါင်းများကိုဖြတ်ကာ ပေပင်မော်သင်္ချိုင်း၌ စုပုံထား ရှိခဲ့ကြပါသည်။

ထိုရက်စက်ယုတ်မာသော ဖြစ်ရပ်ဆိုးကြီးကိုသိရှိခဲ့သော စာရေးဆရာကြီး ရုဒ်ယတ်ကစ်ပလင် (Rudyard Kipling) သည် ခေါင်းတစ်ရာသင်္ချိုင်း (The Grave of the Hundred Heads) ဟူသော ကဗျာတစ်ပုဒ်ကို ရေးဖွဲ့ခဲ့သည်။

မှန်ပါသည်။

မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါ မင်းပါတော်မူခဲ့ပြီးသည့်နောက် (၁၈၈၆ နှင့် ၁၈၉၀)ခုနှစ်ကြား တွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သော သမိုင်းဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။ သို့သော် ဗြိတိသျှခေတ် မြန်မာပညာရေးလောက၌ သမိုင်းပညာရှင်အဖြစ်ထင်ရှားခဲ့သူမှာ 'ဂျီအီးဟာဗေး'ဖြစ်ပါ၏ သူရေးသားပြုစုခဲ့သော အခြေခံမြန်မာ့သမိုင်း (Outside of Burmes History- 1924) စာအုပ်သည် ကိုလိုနီခေတ်တွင် ကျောင်းသုံးစာအုပ်အဖြစ် နှစ်ပေါင်းများစွာ နေရာယူထားခဲ့ပါ၏

ထိုသမိုင်းစာအုပ်သည် ဗြိတိသျှအုပ်စိုးသူတို့ဘက်သို့





သာသာထိုးထိုး ဘက်လိုက်၍ရေးသားထားခဲ့သော သမိုင်းစာအုပ် တစ်အုပ်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကိုလိုနီခေတ်တစ်ခေတ် လုံး မျိုးချစ်ပုဂ္ဂိုလ်အများစုတို့၏ ဝေဖန်ထိုးနှက်ခြင်းကို ခံခဲ့ရ သည်။ မြန်မာတို့ကိုနှိမ့်ချ၍ ဗြိတိသျှတို့က မြန်မာပြည်အား သိမ်း ပိုက်အုပ်စိုးထားသည်ကပင် မှန်ကန်နေသယောင် ရေးသားထား ခဲ့သော အချက်များကိုတွေ့ရှိခဲ့ရသည်။

ထို့ကြောင့်လည်း ထိုအချက်များကို ချေပရန်အတွက် မြန်မာအမျိုးသားပညာဝန် ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်ရာဇဝင် ဖတ်စာအုပ်ကဲ့သို့သော သမိုင်းဖြစ်ရပ်မှန်စာအုပ်များ ပေါ်ပေါက် လာခဲ့ရသည်မဟုတ်ပါလား။ ထို့အပြင် လွတ်လပ်ရေးခေတ်တွင် လည်း မြန်မာ့သမိုင်းဖြစ်စဉ်များကို ပြန်လည်၍သုံးသပ်သည့် သုတေသနစာအုပ်စာတမ်းများ ဆက်လက်ထွက်ပေါ်လာခဲ့ကြ ပါသည်။

ထိုစာအုပ်များထဲတွင် 'ဂျီအီးဟာဗေးသည် နယ်ချဲ့ဝါဒီ လော၊ သမိုင်းပညာရှင်လော'ဟူသော မေးခွန်းဆောင်းပါးဖြင့် ဂျီအီးဟာဗေး၏ မြန်မာ့သမိုင်းအမြင်များကို ဝေဖန်စိစစ်ကာ ထောက်ပြခဲ့ကြသေးသည်မဟုတ်ပါလား။ ဂျီအီးဟာဗေးသည် သမိုင်းသုတေသီအဖြစ် မြန်မာနိုင်ငံဖြစ်စဉ်သမိုင်းများကို လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် ရောဝတီတိုင်းအတွင်း၌ ဗြိတိသျှနယ်ချဲ့တို့ လူမဆန်စွာရက်ရက်စက်စက်ပြုမူခဲ့ပုံများကို အတိအကျသိရှိနေခဲ့ပါလျက်မိမိ၏သမိုင်းစာအုပ်တွင် မဖော်ပြခဲ့ခြင်းများအား လေ့လာဖော်ထုတ်ထားပါ၏။

ပထမအကြိမ်ထုတ်ဝေခဲ့စဉ်အခါက ထိုအဖြစ်အပျက်(အမှန်တကယ်ဖြစ်ရပ်များ)ကို တိတိကျကျမသိရသေးသဖြင့်ထည့်သွင်းရေးသားဖော်ပြခြင်းများ မပြုခဲ့သည့်တိုင် အဖြစ်မှန်ကိုတိတိကျကျသိရှိခဲ့ရပြီးသည့် ၁၉၂၆–ခုနှစ်နောက်ပိုင်းတွင်လည်း နောက်ဆက်တွဲဖြည့်စွက်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်ဖော်ပြခြင်း စသည်တို့ကို မပြုလုပ်ခဲ့ဘဲ ရေငုံနှုတ်ပိတ်၍နေခဲ့ခြင်းမှာ သမိုင်းသုတေသီအစစ်အမှန်မဟုတ်ဘဲ နယ်ချဲ့ဝါဒီဖြစ်၍သာ ဤမျှဆိုးဝါးရက်စက်သော အပြုအမူကြီးကို နာစေးနေခြင်းဖြစ်သည်ဟု ရေးသားစွပ်စွဲထားခဲ့ပါ၏။

ဒေါက်တာမင်းခေါင်မှာ ဖတ်လက်စ 'ခေါင်းတစ်ရာသင်္ချိုင်းဆောင်းပါးမှတ်တမ်း'ကြီးကို အသာချလိုက်ပြီး ခံတွင်းချဉ်လာသဖြင့် သူ၏ဒါန်းဟီးလ်ဆေးတံကို ကောက်ယူလိုက်သည်။ ထို့နောက် မှတ်ဆိတ်ကြီးတံဆိပ် ဗာဂျီးနီးယားဆေးမှုန့်ကိုထည့်ကာ မီးညှိ၍ရှိုက်ဖွာနေပါ၏။ သင်းပျံ့သောဆေးရနံ့မှ





က မီးခိုးငွေ့များနှင့်အတူ စာကြည့်ခန်းအတွင်းတွင် ဝေ့ဝဲစီးမျောနေပါ၏။

ညှို့သည့် တိတ်ဆိတ်မှုများစွာတို့ကို သယ်ဆောင်လာခဲ့စဉ် ကမ်းပါးအောက်ခြေမှ လွင့်ပျံလာသော လှိုင်းရိုက်ခတ်သံသဲ့သဲ့တို့က ရံဖန်ရံခါ လှုပ်နိုးနေသည့်သို့။

ဒေါက်တာမင်းခေါင်မှာ ခေါင်းတစ်ရာသင်္ချိုင်းကို ဖတ်ရှုလေ့လာနေရင်းမှ ပေပင်မော်ရွာ၏ ငိုရှိုက်သံတို့ကို ကြားယောင်လာမိသည်။ နှလုံးသည်းပွတ်များစွာတို့ ကြေပြုန်းခဲ့ရသည်များကိုလည်း မြင်ယောင်နေမိခဲ့သည်။

သားလည်းသေ၊ လင်လည်းဆုံးရှုံးခဲ့ရသော မုဆိုးမမိခင်များ၏မျက်ရည်များသည် ပေပင်ချောင်းရေအလျဉ်ကိုဖြတ်ကျော်၍ ဝေနှမြစ်ကြီးဆီသို့ စီးဆင်းသွားသည်ကိုပါ ဒေါက်တာမင်းခေါင် မှန်းဆမြင်ယောင်ကြည့်နေမိပါ၏။

တစ်ဆက်တည်းမှာပင် ပေပင်မော်ရွာသားတို့၏ မော်ကွန်းကမ္ပည်းတင်ထိုက်သော သတ္တိသွေးများနှင့် မြန်မာတို့၏စွေးစွေးနီသော သမိုင်းသွေးဆက်များကိုလည်း မှတ်မိနေပါသေးသည်။

ဟုတ်ပါသည်။ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ၏သမိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်စာမျက်နှာများက ယခုတိုင် ကမ္ဘာ့အလယ်တွင် ကြွားကြွား ဝင့်ဝင့်နှင့် ဂုဏ်တင့်လျက်ရှိနေဆဲပါပေ။ မှတ်တမ်းမှတ်ရာ နေ့စွဲ ရက်စွဲများအရဆိုလျှင် ၁၈၄၂–ခုနှစ်၊ မေလ၏သမိုင်းဝင်စာမျက် နှာများတွင် ရွှေရောင်လွှမ်းနေသည့် ရွှေတိဂုံကုန်းတော်ပေါ်မှ စစ်သူကြီးမဟာဗန္ဓုလသည် ကျူးကျော်သူနယ်ချဲ့အင်္ဂလိပ်တို့ကို စွမ်းစွမ်းတမံ ခုခံတိုက်ခိုက်၍ မြန်မာတို့၏ ရဲရဲနီသောသွေးတို့ကို ပြဆိုဖော်ကျူးခဲ့ပါ၏။

မှတ်မိပါသေးသည်။

စစ်နိုင်သူနယ်ချဲ့တို့၏ ရိုင်းပျယုတ်မာရက်စက်မှုများက ကမ္ဘာ့သမိုင်းစာမျက်နှာတွင် ဖျောက်ဖျက်၍မရသောအမည်းစက် ကြီးများနှင့် မှတ်မှတ်ထင်ထင်ပင် စွန်းထင်းပေကျံရစ်ခဲ့ပါ၏။ သူ၏နယ်မြေပိုင်နက်အတွင်းမှ ဘာသာရေးဆိုင်ရာအဆောက် အဦးများကို စိတ်ထင်တိုင်းပြုကျင့်ကာ နောက်ဆုံး မြန်မာတစ် မျိုးသားလုံးအတွက်အမြတ်ထားရာ ရွှေတိဂုံကုန်းတော်ကြီးကိုပင် ခံတပ်ကြီးသဖွယ် ဖန်တီးလုပ်ဆောင်သွားကြသည်မှာ လွန်စွာမှ ရိုင်းပျသောအပြုအမူဖြစ်ပါချေ၏။

အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲအပြီး ၁၈၅၂–ခုနှစ်၊ ဧပြီ (၄)ရက်နေ့တွင်လည်း ပထမစစ်ပွဲကဲ့သို့ပင် ရွှေတိဂုံကုန်းတော်





ကြီးကို ဗြိတိသျှနယ်ချဲ့တို့ ထပ်မံ၍ သိမ်းပိုက်ခဲ့ကြပြန်သည်။ မြန်မာနိုင်ငံတဝှမ်းရှိ ဘုရားစေတီပုထိုးများကိုဖြိုဖျက်ကာ ဌာပနာ များ၊ ကြေးခေါင်းလောင်းများစသည့် ဘာသာရေးပစ္စည်းများကို အဓမ္မဖောက်ထွင်းယူငင်ကြသည်။

ဗြိတိသျှစစ်ဗိုလ် လော်ရီဆိုသူ၏ မှတ်တမ်းအရဆိုလျှင် ဧပြီလ(၁၄)ရက်နေ့တွင် ဗိုလ်မှူးဖရေဇာကိုယ်တိုင်ဦးစီး၍ ရွှေတိဂုံ ဘုရားကြီး၏ဝမ်းဗိုက်အတွင်းသို့ ပေ(၁၀၀)ကျော်ခန့်ထိတိုင် ထိုး ဖောက်ဝင်ရောက်ခဲ့ကြသည်ဟု သိရသည်။ ထိုကဲ့သို့ လူမဆန် သော ရိုင်းပျစော်ကားသည့်ဘာသာရေးဖျက်ဆီးမှုများကြောင့် မြန်မာနိုင်ငံတစ်ခုလုံး ဆူပူအုံကြွကာ ရရာလက်နက်များကိုင်စွဲ လျက် ဗြိတိသျှနယ်ချဲ့တို့အား ပြောင်ပြောင်တင်းတင်းပင် ဆန့် ကျင်ကြပါလေတော့သည်။

ထိုသတင်းကို အိန္ဒိယဘုရင်ခံချုပ် 'လော့ဒါလဟိုဇီ' ကြားသိသွားခဲ့သဖြင့် ချက်ချင်းပင် အရေးပေါ်အမိန့်တစ်ရပ် ထုတ် ပြန်ကြေငြာကာ တားဆီးခဲ့သည်။ ထိုအမိန့်ကြော်ငြာစာတမ်းတွင် မြန်မာနိုင်ငံတွင် အထူးသဖြင့် (ရန်ကုန်၊ ပဲခူး၊ ဟံသာဝတီ) နယ်မြေကြီးများအတွင်း ပြည်သူအများယုံကြည်ကိုးကွယ်ဆည်း ကပ်ရာ စေတီပုထိုးကျောင်းကန်များကို ဖောက်ထွင်းယူငင်နေမှု



www.burmeseclassic.com

www.burmeseclassic.com



များအား စိတ်မချမ်းသာစွာနှင့် ကြားသိနေရသည်။ ထိုကဲ့သို့သောလုပ်ရပ်မျိုးသည် စစ်ကာလအတွင်းဝယ် တားဆီး၍မရစကောင်းသော်လည်း ယခုကဲ့သို့သော စစ်အေးကာလ အထူးသဖြင့် ကျွန်ုပ်တို့အုပ်ချုပ်လျက်ရှိသော အချိန်ကာလမျိုးတွင် ဆက်လက်ကျူးလွန်လုပ်ဆောင်နေကြခြင်းသည် ကျွန်ုပ်တို့လူမျိုး၏ကိုယ်ကျင့်သိက္ခာ လွန်စွာညှိုးနွမ်းစေလိမ့်မည်ဟု ကျွန်ုပ်ထင်မြင်ယူဆမိသည်။

သို့အတွက် (ရန်ကုန်၊ ပဲခူး၊ ဟံသာဝတီ)နယ်မြေ အတွင်းရှိ အမှုထမ်းလျက်ရှိကြကုန်သော ဗြိတိသျှစစ်ဘက်နယ်ဘက်အရာရှိအားလုံးသည် ၁၈၅၂-ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက် ဤအမိန့်စာထုတ်ပြန်သည့်နေ့မှစ၍ အထူးကြပ်မတ်ဆောင်ရွက်လုပ်ကိုင်ကြရန် ညွှန်ကြားလိုက်သည်။

ဤသို့ဖြင့် အိန္ဒိယဘုရင်ခံချုပ် 'လော့ဒါလ်ဟိုဇီ'၏ အမိန့်ပြန်တမ်းစာကြောင့် ဗြိတိသျှနယ်ချဲ့တို့၏ ဘုရားစေတီပုထိုးများမှ ဌာပနာဖောက်ထွင်းခိုးယူမှုများမှာ နိဂုံးကမ္ပတ် အဆုံးသတ်သွားခဲ့ရပါတော့သည်။

ဒေါက်တာမင်းခေါင်၏အတွေးများက တစ်ခေတ်တစ်ခါက မြန်မာတို့၏စွေးစွေးနီသော သတ္တိသွေးများနှင့် ဗြိတိသျှနယ်ချဲ့စစ်ဘီလူးကောင်တို့၏ လူမဆန်စွာ ယုတ်မာရက်စက်မှုများကို လွမ်းမောမြင်ယောင်နေမိပါသည်။ မီးသေသွားပြီဖြစ်သော ဆေးတံအိုးတွင် ဆေးတစ်ဆုံထပ်ဖြည့်ကာ မီးညှိလိုက်ပြီး တစ်ချက်နှစ်ချက်မျှရှိုက်ဖွာကာ အတွေးစိတ်ကူးကိုဖြန့်ကျက်ထုတ်ပယ်လိုက်သည်။

ယခုလည်း ခေတ်တွေ၊ စနစ်တွေ မည်မျှပင်ပြောင်းလဲခဲ့ပါစေ။ လွန်ခဲ့သောနှစ်ပေါင်း (၁၂၀)ကျော်လောက်က နယ်ချဲ့အင်္ဂလိပ်ဗြိတိသျှတို့ ကမ်းကုန်အောင်ရက်စက်ယုတ်မာမှုများကို ပေပင်မော်ရှာသားတို့၏ရင်ထဲ၊ နှလုံးသားထဲတွင် ဘယ်သောအခါကာလမှ ပျောက်ပျက်သွားတော့မည်မဟုတ်ပါချေ။

ဥဒါန်းကျူးရင့်ရသည်ရှိသော်...

ဤချောင်း၊ ဤမြစ်၊ ဤရေအလျင်တို့ မြန်မာ့မြေပေါ်မှမပျောက်ကွယ်၊ မဆိတ်သုဉ်းသရွေ့ ပေပင်မော်ရှာသားတို့၏ 'ခေါင်းတစ်ရာသချိုင်း'သမိုင်းသည်လည်း မော်ကွန်းတင် ထွန်းလင်းတောက်ပနေမည်မှာမလွဲပင်ဟု ဒေါက်တာမင်းခေါင်မှတ်ယူလိုက်မိပါတော့သည်။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

## 'ပေပင်မော်သမိုင်းမော်ကွန်း၏ ခရီးနိဒါန်းအစ'

ဝင်လုဆဲနေလုံးနီနီကြီးသည် အနောက်ဘက်တောင်စွယ်တွင် တစ်ခြမ်းကွယ်၍ မေးတင်ငိုက်မြည်းစပြုနေပါပြီ။

ပေပင်ချောင်း၏လှိုင်းကြက်ခွပ်ကလေးများက ပုစွန်ဆီသွေးရောင်ဖြန်းလျက် လေနှင်ဆော့မြူးကစားရာသို့ တဖျတ်ဖျတ်နှင့် ရိုက်ခတ်ဆော့ကစားနေကြသည်။ ချောင်းရေစီးတွင် လိုက်ပါမျောနေကြသည့် ပေဒါပင်ရွက်၊ ပေဒါပင်ဖူးတို့သည်ပင် နီရွှေရောင်တလက်လက်ပြေးနေပါ၏။ ထို့အတူ ရေစီးရာနောက်သို့ အဖျားညွတ်ကာ၊ ယိမ်းကာနှင့် ခေါင်းညိတ်နေကြသည့် မြက်ပင်ရှည်၊ သမန်းပင်ရှည်များတွင်လည်း ရွှေနီရောင်တို့ လွှင်နေကြသည်။





စစ်စလီ၊ တစ်တီတူး၊ ဗွတ်ကလုံ၊ တိန်ညှင်းစသော ငှက်ငယ်လေးများကလည်း ချောင်းစပ်တွင်ဝဲပျံနေကြသကဲ့သို့ ခပ်လေးလေးပင် တောင်ပံဖြန့်၍ ငါးစောင့်နေကြသည့် ဗျိုင်းခြေတံရှည်ကြီးများကလည်း ဆည်းဆာနေရိပ်အောက်တွင် သဘာဝပန်းချီကားကြီးတစ်ချပ်နှယ်ပါတည်း။

ဤပေပင်ချောင်းစပ်မှ လှမ်းမျှော်ကြည့်လိုက်လျှင် ကုက္ကိုပင်၊ ညောင်ချပ်ပင်၊ မန်ကျည်းပင်စသည့် မှိုင်းမှိုင်းညို့ညို့ သစ်ပင်ကြီး၊ ဝါးပင်ကြီးများဖြင့် အုပ်ဆိုင်းနေသည့် သင်္ချိုင်းတစ်ခုကို မြင်တွေ့နေရသည်။ ထူးခြားသည်မှာ မြေပုံမှတ်တိုင်များနှင့် အပျက်အစီးထိုးထိုးထောင်ထောင်များကြားတွင် အရွယ်တူအုတ်ဂူလေးများက ညောင်ပင်၊ ကုက္ကိုပင်ကြီးများနှင့် သစ်ပင်အုပ်များအောက်ဝယ် စုစုဖွဲ့ဖွဲ့ရှိနေကြခြင်းက ဤသင်္ချိုင်းကြီး၏ တမူထူးခြားသော ပြယုဂ်တစ်ခုလေလားဟု။

သေသေချာချာ ဂရုတစိုက်မှတ်သား၍ ထိုသင်္ချိုင်းအုတ်ဂူများကို ရေတွက်ကြည့်မည်ဆိုလျှင် (၁၀၂)လုံးတိတိ တွေ့ရှိကြရမည်ဖြစ်ပြီး ပို၍ထူးခြားသည်မှာ ထိုအုတ်ဂူသင်္ချိုင်းရှင်များမှာ အရွယ်ကောင်း ယောကျာ်းသားအလောင်းများသာဖြစ်နေခြင်းပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုသင်္ချိုင်းအုတ်ဂူများထဲမှ ညောင်မုတ်ဆိတ်ပင်ကြီးများ တွဲရွဲကျနေသည့် ညောင်ပင်ကြီးတစ်ပင်အောက်ရှိ သင်္ချိုင်းအုတ်ဂူတစ်လုံးရှေ့တွင် အသက်(၄၀)နီးပါးရှိသည့် အမျိုးသမီးကြီးတစ်ဦးနှင့် (၁၈)နှစ်အရွယ်ရှိ မိန်းမပျိုလေးတစ်ဦးတို့က ကျောက်ဆစ်ရုပ်တုကြီးများ ရပ်နေကြသည့်နှယ် ငြိမ်သက်လျက်ရှိနေကြပါ၏။

ညနေခင်းလေပြည်ညင်းက သွဲ့သွဲ့ညင်ညင်သာတိုက်ခတ်နေသည်။ ဖြတ်ခနဲ ကြွေသက်လာသည့် ယော်ရွက်ဝါတစ်ရွက်က လေအဟုန့်တွင် ဝဲကာ ဝေ့ကာနှင့် အုတ်ဂူထက်သို့ လျှောခနဲကျလာပါ၏။

ဆံပင်နောက်တွဲထုံးထားသည့် အသက်ငယ်ငယ်မိန်းမပျိုလေးက ဖျင်အင်္ကျီအမည်းကြီးဝတ်ဆင်ထားသည့် အမျိုးသမီးကြီး၏လက်ကို အသာအယာဆွဲကိုင်လိုက်သည်။

"နေတောင်ဝင်တော့မယ်အမေ၊ ပြန်ကြပါစို့ အမေရယ်နော်၊ အဖေ့အနားမှာ ဒီလောက်နေရရင် ကျေနပ်ပါတော့အမေရယ်၊ တော်ကြာ လေစိမ်းမိပြီး ဖျားနာသွားမှ၊ နောက်နေ့တွေပါ မလာရဘဲဖြစ်သွားပါ့မယ်"

နောက်နေ့တွေပါ မလာရဘဲဖြစ်သွားပါ့မယ်ဟူသော မိန်းမပျိုလေး၏နောက်ဆုံးစကားကြောင့် ဖျဉ်အင်္ကျီအနက်နှင့်





အမျိုးသမီးကြီးမှာ လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့ပါ၏။ တစ်ဆက်တည်းမှာပင် သူ့ရှေ့ရှိအုတ်ဂူထက်မှ သစ်ရွက်ခြောက်လေးကို ကုန်း၍ဖယ်ရှင်းလိုက်ရင်း...

"ဟုတ်တယ်နော် သမီးလေး၊ မေမေသာ အဲဒီလိုဖျားနာသွားလို့ သမီးရဲ့အဖေနဲ့ အစ်ကိုတို့ရဲ့အုတ်ဂူကိုများ မလာဖြစ်ခဲ့ရင် ငါ့သမီးလေးက မပျက်မကွက် ဆက်ဆက်လာပါကွယ်၊ ဒီနေရာ၊ ဒီနယ်မြေဟာ သမီးတို့အဖေနဲ့ သမီးရဲ့အစ်ကိုကို သူတို့သေနတ်နဲ့ပစ်သတ်ပြီး ခေါင်းဖြတ်ယူသွားကြတဲ့နေရာမို့ အမေလာခွင့်ရှိသလောက် လာပါရစေကွယ်၊

တကယ်တော့ ဟောဒီနေရာဟာ ပေပင်မော်ရွာက ယောကျာ်းမှန်သမျှ သေဆုံးခဲ့ကြရတဲ့နေရာမို့ မေမေမလာဘဲ မနေနိုင်ဘူး၊ မျိုးချစ်သူရဲကောင်း တစ်ရာ့နှစ်ယောက်တို့ရဲ့ ဦးခေါင်းပြတ်တွေဟာ မေမေတို့ပေပင်မော်ရွာသားတွေကို မျက်ရည်တွေစီးကျပြီး ကြည့်နေကြလေရဲ့၊ အင်း...တစ်ခါတစ်ခါမှာတော့ သမီးတို့အဖေ ဗိုလ်တောက်ထိန်ရဲ့ တက်ခေါက်သံနဲ့ မြင်းစိုင်းသံတွေကိုတောင် မေမေကြားနေရတယ်သမီးရယ်၊ ဒါကြောင့် မေမေ ဒီနေရာလေးကို အလွမ်းပြေ မကြာမကြာလာပါရစေကွယ်"

မိခင်ကြီး၏ မချိတင်ကဲပြောနေသောစကားသံများက



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ၊ နှလုံးသည်းပွတ်ထဲထိတိုင် စိမ့်ဝင်ပျံ့နှံ့သွားပါလေ၏။ မိခင်ဖြစ်သူ ဒေါ်ငြိမ်းမယ်၏မျက်ဝန်းအိမ်တွင် မျက်ရည်တို့က အလွမ်းဖွဲ့ရာသီတစ်ခုနှယ် ဝေ့သီနေကြသည်။ ပေပင်ချောင်း၏ ဝင်လုဆဲနေခြည်ဆမ်းထားသည့် ဆည်းဆာမြင်ကွင်းကို ငေးမော ကြည့်နေသည့်တိုင် မမြင်ဘိသကဲ့သို့။

"ငါတို့ရွာမှာ လောက်လောက်လားလားယောကျ်ားဆိုလို့ တစ်ယောက်မှမရှိတော့ပါဘူးသမီးရယ်၊ အေး...ဒါပေမယ့် လပြည့် လကွယ် ညသန်းခေါင်ယံလောက်ဆိုရင် သမီးတို့အဖေ ဗိုလ် တောက်ထိန်ရဲ့မြင်းခွာသံကို ရွာအပြင်သင်္ချိုင်းစပ်ကနေ ကြား နေရတယ်၊ တစ်ခါတလေများဆိုရင် ပေပင်မော်ရွာစည်းရိုးကို တောင် နှစ်ပတ်သုံးပတ်လောက် မြင်းကြီးစီးပြီး ကဆုန်စိုင်းပတ် သွားသေးတယ်လို့တောင် ပြောနေကြတာသမီးရဲ့၊ ဒါကြောင့်လည်း အခုလိုခေတ်ပျက်ခေတ်ဆိုးကာလကြီးမှာ အမေတို့ရဲ့ရွာကို သူခိုး၊ ဓားပြတွေမလာရဲကြတာပေါ့၊ ပေပင်မော်ရွာထဲကို လူစိမ်းတွေ ဝင်လာရင် ခေါင်းပြတ်မြင်းစီးသမားကြီးတွေက ထွက်ထွက်လိုက် တယ်လို့တောင် ကြားနေရတယ်လေ၊ ဒါကို မေမေကတော့ မကြိုက်ဘူး၊ လက်သင့်လည်းမခံဘူး၊ ငါတို့ပေပင်မော်ရွာသား၊ မျိုးချစ်နိုင်ငံသားတွေဟာ သူရဲကောင်းတွေမို့ သေရင်ငရဲမလား





ပါဘူးသမီးရယ်၊ ကောင်းရာမွန်ရာဘုံဗိမာန်တွေမှာ ရောက်နေကြ မှာမလွဲပါဘူးကွယ်"

အဖြစ်အပျက်တို့က ခြောက်လခန့်ကြာခဲ့ပါပြီ။ သို့တိုင် အောင် ရှင်ငြိမ်းမယ်၏နှလုံးသည်းပွတ်ထဲမှာတော့ ပေပင်မော် ရွာသားတို့၏ ရင်နင့်ဖွယ်ရာအဖြစ်ဆိုးများကို မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာတစ်ခုကဲ့သို့ မှတ်မှတ်ထင်ထင်ရှိ နေဆဲပါ။ ပေပင်မော်မျိုးချစ်တော်လှန်ရေးသမားတို့၏ ဝိဉာဉ် များကလည်း ပေပင်ချောင်းနှင့်ပေပင်မော်ရွာတစ်ဝိုက်တွင် လှည့် လည်စီးမျော၍သွားလာရှင်သန်ကြရင်း မပြီးဆုံးနိုင်သေးသော တိုက်ပွဲများဆီသို့ နီရဲသောသွေးတို့ဖြင့် တွန်းလှန်တိုက်ခိုက် နေကြဆဲပါဟု ဆိုပါလျှင်...။

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလက မြန်မာတွေထီးကျိုးစည်ပေါက် ထီးနန်းပျောက်ကာ နိုင်ငံတစ်ဝှမ်းလုံး ကျွန်သပေါက်ဘဝသို့ သက်ဆင်းရောက်ရှိနေချိန်ဖြစ်ပါ၏။

ရွှေမြို့တော်ကြီးသည်ကား သုသာန်တစပြင်ကဲ့သို့ သွေ့ခြောက်လျက်။ ကျီးနှင့်ဖုတ်လိုက် ဖြစ်နေတော့သည်။ လမ်းကြီးလမ်းငယ်အသွယ်သွယ် ရှေးယခင်က လူသူဆင်မြင်းခြေချင်းထပ်မျှ စည်ကားခဲ့သည်။ ယခင် ယမန်ကာလများဆီက "ရွှေထီးတဝါဝါ ဝဲလက်ယာရွှေကျိုင်းနှင့် သိုင်းဝင့်၍လာသော ဝန်ရှင်တော်မဟာပြည့်ရှာလုံ့ရေအေး၏" ရွှေဘောင်းတော်စတွေ၊ ရွှေပေါ်တော်ညင်သာသာများနေရာတွင် ကာကီရောင်ဘောင်းဘီသစ်နှင့် ကုလား





ခြေသည်တော်များခြံရံလျက် အင်္ဂလိပ်စစ်ဗိုလ်၊ စစ်သားများနှင့်သာ လက်ညှိုးထိုးမလွဲဖြစ်နေပါ၏။

ခေါင်းလောင်းသံလည်းတိတ်ခဲ့ပြီ...။

စည်တော်သံလည်း ဆိတ်ခဲ့ပါပြီ...။

ထိုနေရာတွင် ကုလားစစ်ဗာရီများနှင့် စစ်ခရာတွတ်သံ၊ အမြောက်ပစ်သံ၊ အင်္ဂလိပ်စစ်သားများရင်ဘောင်တန်း၍ ဘွတ်ဖိနပ်ကို ခြေညီညီချကာ တကြော်ကြော်အော်မြည်သွားကြသည့် အသံများကသာ ကြီးစိုးမင်းမူလျက်ရှိကြပါသည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့ကား ပြည်နှင်း၍ မင်းကိုပါ အပ်လိုက်ရသည့်အဆုံးတွင် ဆူကြုံးသောနှလုံးသားများနှင့် မပြုံးနိုင်၊ မရယ်နိုင်၊ ငိုမဲ့မဲ့သဲ့သဲ့မျှလေသံဖြင့် မျက်နှာမလှန်၊ ဆလံတသသ၊ ကျွန်ဘဝလမ်းခရီးအစ၌ စကားပင်ဟဟမပြောရဲကြ၊ သူရဲဘောနည်းနေကြလေရာ လမ်းဆုံလမ်းခွတို့တွင် ဟိုတစ်စု၊ သည်တစ်စုဖြင့်သာ ရှေ့ရေး၊ နောက်ရေးမအေးသမျှတို့ကို တဖွဖွ စုရုံး၍ ပြောဆိုရင်ဖွင့်နေကြသည်ကိုသာ တွေ့မြင်နေရပါ၏။

အိမ်တော်ရာထီးဆောင်းထားသည့် လုံမငယ်တို့အားလည်း မတွေ့ရ။ ဓားလွယ်ပခုံးချိတ်၍ ဝင့်ကြွားသွားလာနေကြသည့် လုလင်ပျိုများကိုလည်း မမြင်ရ။ ဆွမ်းဆန်ကြွတော်မူလာသည့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေသင်္ကန်းဝါဝါတို့၏ အရောင်အရိပ်သည်လည်း မှိန်ရီဖျော့တော့သွားကြလေပြီထင့်။ နောက်ဆုံး မင်းသံ၊ မင်းမာန်၊ မင်းဟန်များသည်ပင် မလာလမ်းသို့ကြွမြန်းသွားရှာကြလေပြီကော။

သို့ပင်လျှင် မြန်မာနိုင်ငံလုံးကို သိမ်းရုံးမြိုက်မြိုခဲ့သော အပူမီးကြီးမနွေးသေးမီ ထိုသက္ကရာဇ် တန်ဆောင်မုန်းလဆုတ်ရှစ်ရက်အလွန် ရက်သတ္တပတ်အတွင်း ဆောင်းနံနက်ခင်းတစ်ခုတွင် ရုပ်ဖျက်ထားဟန်တူသည့် မြင်းစီးလူရွယ်နှစ်ယောက်က ရွှေမြို့တော်ကြီး၏ဈေးလမ်းတစ်လျှောက် တရွေ့ရွေ့စီးနင်းဝင်ရောက်လာကြသည်။ နိုင်ငံတော်ပျက်ပြား၍ လက်ကြားမှရေယိုသလို ဥဒဟိုဆူပွက်ရိုက်ခတ်နေသည့် လှိုင်းဂယက်ကြီးကိုမှ သတိမပြုမိသည့်အလား မြင်းညိုရှင်လူညိုထွားသည် မအေးသောနှလုံးနွေးလက်စအသည်းဖြင့် အံတခဲခဲဖြစ်နေပါသေးသည်။

"တွေ့တယ်မဟုတ်လားတောက်ထိန်...ပြည်အရေးက မအေးသေးဘူးကွယ့်၊ မင်းတို့ငါတို့လို ဇတ်ဇတ်ကြဲစိတ်၊ မဟုတ်မခံ ခွန်းတုံ့ပြန်တတ်တဲ့စိတ်တွေနဲ့တော့ ရွှေမြို့တော်ကြီးမှာမနေသင့်တော့ဘူးလို့ထင်တယ်၊ တော်နေကြာ အမြင်မတော်၊ အကြားမတော်တာတွေနဲ့တွေ့လို့ ဝင်နွှဲလိုက်မိရင် ငါတို့ရဲ့ရည်ရွယ်ချက်တွေ ပျက်စီးသွားလိမ့်မယ်တောက်ထိန်..."





ရှမ်းခမောက်ကြီးတစ်ခုကို မျက်နှာဖုံးလုမတတ်ဆောင်းထားသည့်မြင်းစီးလူရွယ်က လမ်းမထက်တွင် ဥဒဟိုသွားလာနေကြသည့် အင်္ဂလိပ်စစ်ဗိုလ်စစ်သားများအား မျက်စောင်းကြီးတခဲခဲ၊ အံတကြိတ်ကြိတ်ဖြင့်ကြည့်နေသောတောက်ထိန်ဆိုသည့် မြင်းညိုရှင်လူညိုထွားကြီးကို သတိပေးစကားပြောဆိုနေခြင်းဖြစ်သည်။

"ဗိုလ်မင်းရောင်တို့၊ ဗိုလ်ဗလတို့လူစုကတော့ ဒုဋ္ဌဝတီချောင်းဖျားဘက်က ကျောက်ပုံတောင်၊ ဆီဘူးကွဲတောင်နဲ့ နွယ်လှိုင်းတောင်တွေဘက်ကို တက်သွားကြပြီ၊ နယ်ခွဲ့အင်္ဂလိပ်လက်အောက်မှာတော့ သစ္စာတော်မခံဘူးဆိုပြီး ရမိရရာလက်နက်လူသူတွေနဲ့ ပုန်ကန်ထောင်ထားဖို့ထွက်သွားကြပြီလို့ သိရတယ်...တောက်ထိန်..."

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဗိုလ်ဗလတို့က ပြတ်တယ်၊ ထက်တယ်၊ တိုက်ရည်ခိုက်ရည်လည်းကြွယ်ဝတယ်၊ ငါတောင် အားကျမိပါရဲ့သူရိန်ရယ်...ဟွန်း..."

"အားကျမနေနဲ့ဦး . . . တောက်ထိန်ရေ၊ နင့်မှာ ရှင်ငြိမ်းမယ်တို့မိသားစုရှိသေးတယ်လေ၊ မင်းသာမရှိရင် အခုလိုခေတ်ပျက်ခေတ်ဆိုးကြီးထဲမှာ ဘယ်လိုလုပ်ပြီးနေထိုင်သွားကြမှာလဲ၊ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အချိန်လိုသေးတယ်၊ ဒီတော့ ငါတို့ရဲ့ချက်မြှုပ်ဇာတိဖြစ်တဲ့ ပေပင်မော်ရွာကိုပဲပြန်ကြမယ်၊ ဒါပေမယ့် မင်းက အရင်ဦးဆုံးအခြေအနေကိုသွားပြီးစုံစမ်းကြည့်၊ အဲဒီကရွာသူကြီးက ငါ့ရဲ့ဘဒွေးဦးမြတ်စံတဲ့၊ ငါလည်း စာရေးပြီးပေးလိုက်မယ်၊ အခြေအနေကောင်းတယ်ဆိုရင် မင်းတို့မိသားစု ပေပင်မော်မှာပဲ ဇာတ်မြှုပ်ပြီးနေနိုင်ကြ...''

''ဒါထက် နေပါဦးကွယ့်...ငါ့အတွက်သာ မင်းကစီမံပေးနေတာ၊ မင်းကရော ဘယ်လိုအစီအစဉ်တွေရှိလို့လဲသူရိန်''

''ရော်...ငါ့အတွက်မပူနဲ့ကွယ့်၊ ငါက လူပျိုလူလွတ်၊ ဒီရွှေမြို့တော်ကြီးမှာပဲ ခိုကပ်နေပြီး သတင်းလေးဘာလေးစနည်းနာမယ်၊ လိုအပ်ရင် ဗိုလ်မင်းရောင်တို့၊ ဗိုလ်ဗလတို့နဲ့ဆက်သွယ်ပြီး သတင်းပေးမယ်၊ အေး...ဒီကြားထဲမှာ ပေပင်မော်မှာနေပြီး မင်းလူသူစည်းရုံးထားနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွယ်''

''အိုး...ကောင်းလိုက်တဲ့အကြံအစည်၊ စိတ်ချသူရိန်...ရွာမှာအခြေကျအောင်နေထိုင်ရင်း ငါ လူသူစုရုံးထားမယ်၊ လူငယ်တွေကိုစည်းရုံးပြီးတော့ ဓားရေး၊ လှံရေး၊ လက်ဝှေ့ရေးတွေကို ကြိတ်ပြီးသင်ကြားပေးမယ်၊ ဟင်း...ဟင်း...မသေခင်လေးတော့ ငါတို့ရဲ့မြန်မာ့သွေး ဘယ်လောက်နီတယ်ဆိုတာ ဒင်းတို့ကိုပြလိုက်ချင်စမ်းပါဘိတော့ကွယ်''





ဟုတ်သည်။ မြန်မာပြည်ကို အင်္ဂလိပ်အစိုးရသိမ်းပိုက်လိုက်သည်နှင့်တစ်ပြိုင်တည်း သူ့ကျွန်မခံလိုသောရဲမက်စစ်သည်များမှာ မန္တလေးနေပြည်တော်နှင့်နီးစပ်သော မြောက်ဘက် မတ္တရာတောကြီးမှစပြီးလျှင် ရွှေဥတောင်၊ တန့်တည်၊ ဂန့်ဂေါ၊ မင်းချင်း၊ စကားတောင်စသည့် လျှိုမြောင်အထပ်ထပ်ရှိသော တောကြီးမြိုင်ကြီးများ၊ အနောက်ဘက်ရှိ မာလာ၊ ဖိုးတောင်စသော တောနက်ကြီးများနှင့် ပုပ္ပါး၊ ကျောက်ဆည်၊ ရမန်းစသည့်တောင်ဘက်၊ အရှေ့ဘက်နယ်မြေတလွှားပါမကျန် တောတောင်လျှိုမြောင်ကြီးများကိုအမှီသဟဲပြုကာ အင်္ဂလိပ်စစ်တပ်အား တော်လှန်ပုန်ကန်ခဲ့ကြသည်မဟုတ်ပါလား။

မြန်မာ့တပ်မတော်ကြီးမှ စစ်သည်ရဲမက်တစ်ချို့သည်လည်း ရရာလက်နက်လူသူစုရုံး၍ နောက်ဆုံးသွေးတစ်စက်၊ နောက်ဆုံးဓားတစ်လက်၊ ကျည်တစ်တောင့်၊ မြားတစ်စင်းအထိ တွန်းလှန်တိုက်ခိုက်လျက်ရှိကြသည်မှာ မြန်မာတို့၏ နီရဲသောသတ္တိသွေးနှင့် ချိုးနှိမ်မရသော ဇာတိမာန်တို့ကိုပြသနေကြသည်သို့...။

ဤသို့ဖြင့် နှစ်ယောက်သား ကြေကွဲဝမ်းနည်းဖွယ်မြင်တွေ့နေရသည့်မြင်ကွင်းများကို မကြည့်ချင်မြင်လျက်သားဖြင့် မြင်းကိုယ်စီစီးနင်းလာခဲ့ကြရာ စကြာသီဟဘုရားကြီးရှေ့သို့အရောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကုလားစစ်သားအချို့ လမ်းကိုဖြတ်၍ ပိတ်ပင်ထားသည်ကို တွေ့မြင်လိုက်ကြရသည်။ တစ်စုံတစ်ရာအရေးကြောင့် လမ်းကို ခေတ္တခဏပိတ်ထားဟန်တူ၏။

''ရော်...သူရိန်ရေ...ငါတို့သွားမယ့်လမ်းကို ဖြတ်ပြီးပိတ်ထားတာကွယ့်၊ ဟိုဘက်ကကွေ့သွားရင် ရမလားမသိဘူး''

တောက်ထိန်မှာ သူ၏မြင်းညိုကြီးကို တောင်ဘက်သို့ဦးလှည့်လိုက်စဉ် ကုလားစစ်သားတစ်ယောက်က လုံစွပ်ဖြင့်ချိန်၍ တားထားသည်။ တစ်ဖက်သို့ကွေ့ရမည်ဆိုလျှင် နှစ်ပြ၊ သုံးပြ ခန့်ကွာဝေးနေသဖြင့် နှစ်ယောက်သား အခက်ကြုံနေကြ၏။

''နေပလေ့စေတော့တောက်ထိန်၊ သူတို့ဘာလုပ်မလဲဆိုတာသိရအောင် ဒီနေရာကပဲ ငါတို့စောင့်ကြည့်ကြတာပေါ့''

သူရိန်က သွေးအေးသည်။ မည်သည့်ကိစ္စကိုမဆို စနစ်တကျစီစဉ်ပြီးမှ လုပ်ကိုင်ဆောင်ရွက်လေ့ရှိသည်။ တောက်ထိန်ကမူ ထိုသို့မဟုတ်။ ရှူးခနဲဆိုလျှင် ဒိုင်းခနဲထလုပ်လိုက်ရမှ။ ဆတ်ဆတ်ထိမခံ သွေးဆူပေါက်ကွဲလွယ်သည်။ ထို့ကြောင့်ပင် သူရိန်မှာ သွေးသောက်ရောင်းရင်းကြီးတောက်ထိန်အား ပေပင်မော်သို့ စေလွှတ်ခဲ့ခြင်းပင်ဖြစ်သည်မဟုတ်ပါလား။



အခန်း(၁၅)

## 'မြားတစ်စင်း...ဓားတစ်လက်...အသက်တစ်ချောင်း...'

နံနက်ခင်းနေခြည်ဖြစ်သည့်တိုင် ကောင်းကင်တွင်မိုးရိပ်မိုးသားတို့မရှိသဖြင့် အတန်ငယ်ပူပြင်းသယောင်ရှိနေ၏။ တောက်ထိန်၏မြင်းညိုကြီးမှာ ဇက်အိကျနေသည့်တိုင် သခင့်အလိုကျ ခြေတစ်ချက်မျှမဆတ်ဘဲ နားရွက်နှစ်ဖက်ကို တစ်ဖက်ချင်းသာ ခတ်နေသည်။ သူ့နည်းတူပင် သူရိန်၏မြင်းကြီးကလည်း လူစည်ကားရာစကြာသီဟလမ်းမထက်တွင် ငြိမ်သက်စွာ တန့်မြဲတန့်လျက်။

တရုတ်ပုံအပေါ်ဖျင်အင်္ကျီပွပွနှင့် သျှောင်ကြီးဗွေတစောင်းတွဲချလျက် အသားညိုညို၊ မျက်နှာမည်းဝိုင်း၊ နှာတံထင်းထင်း၊ မျက်လုံးစူးစူးနှင့် မြင်းညိုရှင်တောက်ထိန်သည် သူ၏စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



အတန့်ပင်ဆွဲဆန့်ထားရသည်ထင့်။ မျက်မှောင်ကုတ်လျက် လမ်းမ ထက်သို့ကြည့်နေ၏။

မကြာမီ စစ်ခရာသံ၊ ဘင်ခရာသံများတဒုန်းဒုန်းနှင့် စစ်ချီ သံများကိုဟစ်ကြွေးသီဆိုလာသော ဗြိတိသျှအောင်တပ်တော်ကြီး က စကြာသီဟလမ်းထဲသို့ ချီးကျွေ့ဝင်ရောက်လာကြသည်ကို တွေ့မြင်လိုက်ကြရသည်။ အင်္ဂလိပ်စစ်သားများမှာ ဘောင်းဘီ ဝတ်စုံ၊ ဖော့ဦးထုပ်ဖြင့် သေနတ်ထမ်းပြီး လမ်းတလျှောက် ဖုန် တထောင်းထောင်းနှင့် စစ်အလှချီလာကြသည်။ သူတို့၏စစ်ချီ သီချင်းကို သံပြိုင်သီဆိုကြရင်း ရှစ်ယောက်တစ်တန်းရင်ဘောင် တန်းချီနေကြရာ စစ်သားများများ ခြေညီညီဖြင့်လျှောက်သွား ကြသည်ကို ကောင်းစွာမြင်နေရသည်။

မြင်းဖြူကြီးတစ်စီးပေါ်တွင်ကား စစ်ဗိုလ်တစ်ဦးသည် ဖော့ ဦးထုပ်မြင့်မြင့်ကြီးကိုဆောင်း၍ ပခုံးထက်တွင် ရွှေရောင်ဒေါက် တပ်ဆင်ပြီး ခါးမှာကား ငွေဓားကြီးတစ်လက်ချိတ်ကာ သေနတ် ပြောင်းတိုတစ်လက်ပါ ခါးတွင်ထိုးထား၏။ သူက အလှချီစစ် သည်တော်များဘေးမှ မြင်းဖြူကြီးကို အသားကျရွရွလှုလှုစီးလာ ခဲ့သည်။ စောစောပိုင်းက လမ်းပိတ်ထားကြသောကုလားစစ်သည် နှစ်ယောက်မှာ သေနတ်ကိုတောင့်ထား၍ အရိုအသေပြုနေကြ၏။





လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်မှ ဝိုင်းဝန်းကြည့်ရှုနေ ကြသည့်မြို့သူမြို့သားများမှာကား အံ့အားသင့်ခြင်း၊ အထင်ကြီး ခြင်းမှ တစ်စ တစ်စ တစိမ့်စိမ့်နှင့်ကြောက်သွေးဖျန်းသည့် လွှမ်း မိုးသောအရိပ်အယောင်များကို ပြစပြုနေကြပါတော့သည်။ ထို ကဲ့သို့ မြို့သူမြို့သားများအားလုံး စစ်အလှချီ အင်္ဂလိပ်စစ်ဗိုလ် စစ်သားများအား ကြောက်ရွံ့ထိတ်လန့်စွာကြည့်နေကြစဉ်.....

''ဟီး...ဟီး...ဟီး...ဟီး...''

''ခွပ်...ခွပ်...ခွပ်...ခွပ်...ခွပ်...''

အသားညိုညို၊ ဗလကောင်းကောင်းနှင့် ဓားလွတ်ကိုင် လူရွယ်တစ်ယောက်သည် မြင်းညိုကြီးတစ်ကောင်ကိုစီး၍ လူအုပ် ကြားမှ အတင်းတိုးထွက်လာပြီး ရှစ်ယောက်ရင်ပေါင်တန်းစီလာ သော အင်္ဂလိပ်စစ်သားများကြားသို့ လျှင်မြန်စွာ စိုင်းနှင်ရောက် ရှိလာသည်။

''ဟေး...ဟိုင်း...သေကြစမ်း၊ နယ်ချဲ့ကောင်တွေ''

''ရှစ်...ရှစ်...ဝှစ်...ဟိုင်း''

''အ...အင်း...အ''

အင်္ဂလိပ်စစ်သားများကြားသို့ မိုက်မိုက်ကန်းကန်းတိုးဝင် သွားသည့် ဓားလွတ်ကိုင်လူရွယ်၏ဓားသွားက နေရောင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးခနဲ၊ ပျက်ခနဲ လင်းလက်သွားသည့်နှင့် ဖုန်တထောင်းထောင်း ထနေသည့် စစ်အလုချီအင်္ဂလိပ်စစ်သားအချို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ စစ်ချီသီချင်းနှင့် ဘင်ခရာသံများမှာလည်း ရုတ်ချည်းဆိုသလိုပင် ရပ်တန့်သွားကြ၏။

''ဟေး...ဟိုင်း...''

''အိုး...ဂေါ့...''

ထိုစဉ် ဓားလွတ်ကိုင်မြင်းစီးလူရှယ်မှာ အင်္ဂလိပ်မျက်နှာဖြူ စစ်ဗိုလ်နှင့် မြင်းကိုစိုင်းနှင်ရင်း မျက်နှာချင်းဆိုင်ဖြစ်သွားကြ သည်။ မျက်နှာဖြူစစ်ဗိုလ်သည် အခြေအနေကိုချက်ချင်းရိပ်မိ သွားသည်မို့ သူ၏ခါးမှပစ္စတိုပြောင်းတိုသေနတ်ဖြင့် မြင်းစီးလူရှယ် ကိုချိန်ရွယ်၍ပစ်ခတ်လိုက်သည်။

BURMESE CLASSIC .com

''ဒိန်း...ဒိန်း...''

သေနတ်သံတဒိန်းဒိန်းနှင့်အတူ ဓားလွတ်ကိုင်လူရှယ်မှာ မြင်းရော၊ လူပါ နောက်သို့လည်သွားကာ လူရှယ်မှာ မြင်းပေါ် မှထပ်ဆင့်လွင့်စင်ပြုတ်ကျသွားပါ၏။ တဆက်တည်းမှာပင် ဖုန် တထောင်းထောင်းနှင့် ရုတ်ရုတ်သဲသဲကြားမှ တဖျောက်ဖျောက် နှင့်ပစ်သွင်းကြသောသေနတ်သံများကို နားကွဲလုမတတ်ကြား လိုက်ရပါတော့သည်။

''ဒိန်း...ဒိန်း...ဒိန်း...ဒိန်း...ဒိန်း...''





သေနတ်သံများစဲသွားပြီး ဖုန်မှုန့်များလွင့်ပြယ်သွားသည် အထိ မြို့ခံလူထုမှာ မှင်သက်မိသလိုဖြစ်နေကြသည်။ ပြီးမှ တဝုန်းဝုန်းနှင့် ထွက်ပြေးသူပြေး၊ လဲကျသူလဲကျနှင့် ဝရုန်းသုန်း ကားဖြစ်သွားကြ၏။ သို့သော် ချက်ချင်းပင် အရပ်လေးမျက်နှာမှ စစ်ခရာမှုတ်သံတရှိန်ရှိန်နှင့် မြင်းစီးစစ်သားများအပြင် ခြေလျင်စစ် သားများပါ လျင်မြန်စွာဝိုင်းရံရောက်ရှိလာကြသည်။

သူရိန်နှင့်တောက်ထိန်တို့မှာ မြင်းများကိုလည်စင်းလျက် အဖြစ်အပျက်ကိုကြောင်စွာငေးကြည့်နေကြစဉ်မှာပင် အထပ်ထပ် ဝိုင်းရံထားကြသော အင်္ဂလိပ်စစ်တပ်များ၏အလယ်တွင် မထင် မှတ်ဘဲပိတ်မိသွားကြပါချေပြီကော။ စောစောကဘင်ခရာသံများ၊ စစ်ချီသံများ၊ ခရာသံများနှင့် ဆူညံစွာသီကြွေးခဲ့ကြသော အင်္ဂလိပ် ဗြိတိသျှအောင်တပ်တော်ကြီးမှာ ယခုအချိန်တွင် တိတ်ဆိတ်ငြိမ် သက်လျက်ရှိပါတော့သည်။

မကြာခင် ဘယ်ကဘယ်လိုရောက်ရှိလာသည်မသိရသော တပါးကျွန်အကြေသားစကားပြန်တစ်ယောက်နှင့် မျက်နှာဖြူ အင်္ဂလိပ်စစ်ဗိုလ်များရောက်ရှိလာကြပြီး ညှပ်ပူးညှပ်ပိတ်မိနေကြ သောမြို့ခံလူထုနှင့် တောက်ထိန်၊ သူရိန်စသော ကြွင်းကျန်ရစ် ခဲ့သည့်လူအုပ်ကြီးအား ငေါက်ငမ်းမေးမြန်းစုံစမ်းနေကြသည်ကို စိတ်မချမ်းသာစွာတွေ့မြင်နေကြရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး...သတိထားတောက်ထိန်၊ ဒေါသကိုထိန်းပြီး ဘူးတစ်လုံးသာဆောင်ပေတော့ဟေ့၊ ဟိုမှာလာနေကြပြီ"

ဟုတ်ပါသည်။ အင်္ဂလိပ်မျက်နှာဖြူစစ်ဗိုလ်များမှာ အကြီးအကျယ်ဒေါသထွက်နေကြပုံရသည်။ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်နေရာကလာတာလဲစသည့်မေးခွန်းများကို ငေါက်ငမ်းမေးမြန်းနေကြရာ တောက်ထိန်တို့မှာ "ဘူး"တစ်လုံးဆောင်လျက် ခေါင်းခါ၊ လည်ခါလုပ်လိုက်ကြသည်။ စစ်အလုချီတပ်၏ နောက်ဆုံးမှလိုက်လာသောတပ်ကြပ်ငါးယောက်လုံးလုံး နေရာတွင်ပင် ကျဆုံးသွားခဲ့ရပြီမို့ သူ၏စစ်တပ်ကို စစ်ဆေးမေးမြန်းမှတ်သားနေကြပါတော့သည်။

BURMESE CLASSIC .com

နောက်ဆုံးတော့ မြန်မာလူရွယ်တစ်ယောက်၏ဓားစွမ်းဖြင့် ကျဆုံးသွားကြပြီဖြစ်သော အင်္ဂလိပ်စစ်သားတပ်ကြပ်ငါးယောက်တို့၏ရုပ်အလောင်းများကို အမြောက်လှည်းတစ်စီးပေါ်တွင် အလဲအုပ်ကာသယ်ဆောင်လျက် တပ်လုံးခေါက်လျက် ပြန်လှည့်သွားကြပါလေ၏။ ဘင်သံ၊ ခရာသံ၊ စစ်ချီသံတို့ ဆိတ်သုန်းသွားကြသည်။

အင်္ဂလိပ်စစ်တပ်ပြီးဝေးသွားတော့မှ လမ်းမထက်တွင် ပစ်စလက်ခတ်ထားရစ်ခဲ့သော မြန်မာလူရွယ်ထံသို့ ဝိုင်းပြုံတိုးကြည့်





ကြသည်။ သူရိန်နှင့်တောက်ထိန်တို့မှာ မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ကြပြီး လူအုပ်ကြီးမဝိုင်းခင် ထိုလူရွယ်၏အလောင်းထံပြေးဝင်ပွေ့ချီလိုက်ကြ၏။

"တောက်...ရင်ဘတ်မှာ ကျည်ဆန်ရာတွေပရပွနဲ့ဟေ့၊ တော်တော်ရက်စက်ကြတဲ့ခွေးကောင်တွေပဲ...သူရိန်၊ ငါကွာ... တောက်..."

"တောက်ထိန်...အခွင့်အရေးရရင် ဒီအလောင်းကိုမြင်းနဲ့သယ်ရအောင်ဟေ့၊ ငါတို့ရဲ့သူရဲကောင်းကို ကောင်းကောင်းမြှုပ်နှံသဂြိုဟ်ရမယ်"

မျက်နှာ၊ ကျောနှင့်ရင်အုပ်တို့တွင် တိုးလျှိုပေါက်သေနတ်ဒဏ်ရာများနှင့် သွေးများရွှဲနစ်ကာသေဆုံးနေရှာသည့် လူရွယ်၏လက်မှာတော့ အင်္ဂလိပ်စစ်သားကောင်များ၏ သွေးများစွန်းထင်းပေကျံနေသည့် ငှက်ကြီးတောင်ဓားကြီးကို မြဲမြဲစွာဆုပ်ကိုင်ထားဆဲပါတည်း။

သူရိန်က သူ၏ဆုံးဖြတ်ချက်နှင့်အတူ အလောင်းကိုပွေ့ချီမ,သယ်ရန်ပြင်လိုက်စဉ်မှာပင် မြင်းခွာသံတဖျောင်းဖျောင်းနှင့်ပြန်လည်၍ရောက်ရှိလာကြသည့် အင်္ဂလိပ်စစ်တပ်ကြောင့် သူ၏အကြံအစည်ကိုလက်လျှော့လိုက်ကာ မချိတင်ကဲနှင့် အလောင်းအနီးမှ မသိမသာနောက်ဆုတ်ခဲ့လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်ထူထူလမ်းမထက်ရှိ သွေးအိုင်ထဲမှာတော့ မလှုပ်မယှက် မှောက်လျက်လဲနေသော မြင်းစီးလူရွယ်၏ယာလက်သီးဆုပ်တွင်ကား သွေးစွန်းဓားကြီးကိုဆုပ်ကိုင်ထားလျက်ရှိနေဆဲပင်။ မှုပြင်းသောနေရောင်အောက်တွင် သွေးမှလက်သောသွေးရောင်နှင့် ဓားမှလက်သောသံရောင်တို့က တပြောင်ပြောင်တလက်လက်နှင့်။

မြန်မာ့သူရဲကောင်းတစ်ဦး လက်လွှတ်ဆုံးရှုံးခဲ့ရပြန်ပါချေပြီ။ ဝိုင်းအုံရောက်ရှိလာကြသော မြင်းစီးအင်္ဂလိပ်စစ်သားများက စုရုံးဝိုင်းအုံလာကြသည့်လူစုကြီးအား အတင်းအဓမ္မမာန်မဲခြိမ်းခြောက်ကာ မောင်းနှင်လျက်ရှိ၏။ တောက်ထိန်နှင့်သူရိန်တို့က မြင်းများကိုဆွဲကာ နောက်သို့ရှဲဖယ်ပေးလိုက်ကြပြီး အခြေအနေကိုစောင့်ကြည့်နေကြသည်။

မြင်းစီးအင်္ဂလိပ်စစ်သားနှစ်ယောက် မြင်းပေါ်မှဆင်းကာ အလောင်းကိုကျူရှိုးလေးတိုင်နှင့် ထောင့်လေးထောင့်ဆိုင်ကာ စိုက်ထူလိုက်သည်။ ပြီးလျှင် ကြိုးများဖြင့်စည်းခတ်ကာ စက္ကူပြားတစ်ချပ်တွင် တစ်စုံတစ်ရာကိုရေးခြစ်၍ ကျူတိုင်တစ်ချောင်းဖြင့်ချိတ်ဆွဲလိုက်ကြသည်။

တောက်ထိန်နှင့်သူရိန်တို့က ချိတ်ဆွဲထားသောထိုစာတန်းကို ကပျာကယာဖတ်ကြည့်လိုက်တော့ ‘သူပုန်’ဟူသောစာတန်းကြီးတစ်ခုဖြစ်နေသည်ကို ရင်နာစွာနှင့်တွေ့လိုက်ကြရ၏။





တောက်ထိန်၏နားထင်ကြောကြီးတစ်ခုလုံး ခဲသွားအောင်ခေါင်းနပန်းကြီးသွားပါချေ၏။ အံကြိုးကြိတ်ကာ သူ၏စူးရဲသောမျက်လုံးအစုံနှင့်ကြည့်နေသည်က မီးလျှံငြီးငြီးထွက်နေကြသည်သို့။

“သြော်...ပြည်ကိုအနိုင်အထက်လုယူငင်ခဲ့သည့် သူနိုးကလူကိုပြန်၍ဟာစ်နေချေပြီတကား”

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

## 'ပေပင်မော်သို့ ပြည်တော်ဝင်ခြင်း'

အချိန်ကာလက (၁၉၈၆)ခုနှစ်၊ ဒီဇင်ဘာလဆန်းပိုင်း...။

ဝန်းကျင်တစ်ခုလုံး မြူနှင်းများအုံ့ဆိုင်းမှိုင်းဝေနေကြစဉ် တောအလုံးသည်လည်း မြူတို့ဖြင့်ပိတ်ဖုံးမှိုင်းမှောင်လျက်ရှိကြသည်။ သည်နေ့မှ နှင်းမြူများက တထွေးထွေးနှင့် ပိုမို၍ကျဆင်းနေသယောင်။ တစ်ချက်တစ်ချက် ဝေ့ဝဲတိုက်ခတ်လာသည့်လေပြည်ရိုင်းတွင် နှင်းခဲနှင်းစတို့က လွင့်စင်ကပ်ပါလာကြသည်။

မြင်းညိုကြီးကို အသားကျစီးနင်းလာသည့်တောက်ထိန်မှာ ကုန်းကမူကမ်းပါးထိပ်သို့ရောက်လာသည်နှင့် မြင်းကြီး၏ဇက်ကို ဆွဲကာ ရပ်တန့်လိုက်သည်။ ပါးချုပ်တခဲခဲနှင့်မြင်းညိုကြီးကလည်း





နှာခေါင်းနှစ်ပေါက်ကို ပွချည်ပိန်ချည်နှင့် နှင်းရည်နှင်းဥလေးများ ကပ်ညိနေသည့်လည်ဆံမွေးများကို ဖွားဖွားပါအောင်လှုပ်ယမ်းလိုက်ပြီး သခင့်အလိုကိုလိုက်လျောသည့်ဟန်ဖြင့် ငြိမ်သက်စွာရပ်တန့်နေ၏။

တောက်ထိန်မှာ မြင်းညိုကြီးထက်မှနေ၍ ဖွေးဖွေးဖြူနေသောမြူများကြားမှ ကွေ့ကောက်ကာစီးဆင်းနေသည့်ပေပင်ချောင်းဖျားကို ခပ်ရေးရေးမျှမြင်လိုက်ရသည်။ မြူနှင်းဓာလ္လာပါးကို မရဲတရဲနှင့်ထိုးဖောက်ကျဆင်းလာသည့် နေခြည်ပျော့ပျော့အောက်တွင် ဘော်ငွေရောင်လင်းလက်နေသောပေပင်ချောင်းကယယ်ပေါင်းဖြစ်သူတောက်ထိန်ကို နှစ်လိုကြည်ဖြူစွာကြိုဆိုနေသည်သို့....။

သျှောင်တစောင်းထုံးထားသောဦးခေါင်းထက်တွင် ယုန်နားရွက်ကဲ့သို့ထောင်နေသည့်ခေါင်းပေါင်းစမှာ တောက်ထိန်၏မျက်နှာအကျနှင့်လိုက်ဖက်ညီလွန်းစွ။ ထို့အပြင် ခါးတွင်စည်းထားသော ခါးစည်းပုဝါဖြူဖြူလေးက လေပြည်ရူးတွင် တဖျပ်ဖျပ်လွင့်ပျံ့နေသည်မှာ ကြည့်၍ပင်ကောင်းလှပါ၏။

စင်စစ် ဆယ့်ငါးနှစ်တာနီးပါးခွဲခွာခဲ့ရသည့်ဇာတိမြေသို့ အပြန်ခရီးသည် တောက်ထိန်အတွက် အစမ်းသပ်ခံနယ်မြေတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ရောက်ထောက်လှမ်းသည်နှင့်ပင် တူနေပါ၏။ ဟုတ်ပါသည်။ နေပြည်တော်တွင် အမှုတော်ထမ်းရွက်ရန် ဦးရီးတော်စစ်ကဲကြီးဦးမှုံနှင့်လိုက်ပါသွားခဲ့ရာမှ ယခုနောက်ဆုံး သီပေါအရှင်မင်းမြတ်အနီးတွင် ကိုယ်ရံတော်တပ်မှူးဘဝဖြင့် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့သည့်တိုင် သူ၏ဇာတိချက်ကြွေပေပင်မော်သို့ တစ်ရံတစ်ဆစ်မျှမရောက်ဖြစ်ခဲ့ပါ။

သီပေါအရှင်ကိုယ်တိုင် ရှင်ငြိမ်းမယ်နှင့်လက်ဆက်ထိမ်းမြားပေးခဲ့ပြီး သားကြီး၊သမီးကြီးများရရှိလာခဲ့သည်အထိ နန်းတွင်းရေးရာများနှင့်သာ ရှုပ်ထွေးမွေလီနေသဖြင့် မွေးရပ်မြေသို့ ချက်တစ်ဖြုတ်မျှပင် မကူးသန်းနိုင်ခဲ့။ ယခု သီပေါအရှင်နှစ်ပါး နယ်ချဲ့တိုင်းတပါးအင်္ဂလိပ်မျက်နှာဖြူတို့ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရမှသာ မွေးရပ်မြေပေပင်မော်သို့ ပြည်တော်ပြန်၍ဝင်ခဲ့ရခြင်းအတွက် အနည်းငယ်မျှတော့ စိတ်ထင့်နေမိသည်။ သွေးသောက်သူရိန်နှင့် တိုင်ပင်ကတိစကားထားခဲ့သည်မှာ ဤပေပင်မော်ရွာတွင် တောက်ထိန်တစ်မိုးခန့်အောင်းရင်း လူသူစုရုံးရမည်။ ရရှိထားသည့်လူသူများအားလည်း တိုက်ပွဲဝင်နိုင်သည့် အရည်အချင်းကောင်းများဖြစ်တည်လာသည်အထိ စည်းရုံးကြိုးစား၍ သင်ပြရမည်။ နောက်ဆုံးရည်ရွယ်ချက်





ကြီးသည့်ကား သူ့ကျွန်အောက်တွင်ရောက်ရှိနေသည့် အမိမြန်မာနိုင်ငံတော်ကြီးအား ပြန်လည်ကယ်တင်ရေးကြီးပင်တည်း။

တောက်ထိန်မှာ ပေပင်ချောင်းဆီသို့ အတန်ကြာငေးမျှော်ကြည့်ပြီးမှ တောင်ကမ်းပါးစောင်းဆင်ခြေလျှောလမ်းကျောလေးအတိုင်း မြင်းညိုကြီးကို လေးလေးမှန်မှန်စိုင်းနှင်လာခဲ့သည်။ နေကျော်စပြုနေပြီဖြစ်သည့် စကားတောင်၊ နေရောင်ဟပ်လျက်ရှိသော ရွှေတောင်တို့သည် မြူနှင်းလွှာပြေးထွက်စနေခြည်နွေးနွေးအောက်တွင် သက်မဲ့သဘာဝပန်းချီကားတစ်ချပ်နှယ် ရှိနေကြပါ၏။ မှိုင်းညို့ညို့စိမ်းဖန့်ဖန့်ရှိသော တောတန်း၊ ခင်တန်း၊ သျှိုမြောင်၊ ယာခင်းငယ်လေးများကလည်း ထိုသဘာဝသက်ငြိမ်ပန်းချီကားချပ်ကြီးကို အားဖြည့်ပေးနေကြသယောင်။

မကြာမီ ကုန်းကမူမြင့်မြင့်ထက်ဝယ် ထုံးဖြူဆေးရေးမပြယ့်တပြယ့်နှင့် စေတီလေးတစ်ဆူကို နေခြည်တန်းဖြာအကျတွင် တွေ့လိုက်ရသည်။ စေတီငယ်မှ ဆည်းလည်းလှုပ်ခတ်သံလေးမှာ လေပြည်အဝှေ့တွင် တချွင်ချွင်နှင့် ခမ္မတေးပဋ္ဌင်တစ်ပုဒ်ကို သီကြွေးနေသကဲ့သို့ နောက်ဆုံးတော့ ပေပင်မော်ရွာကြီးသည် ...င်းလုနေခြည်နွေးနွေးနှင့်အတူ ပြည်တော်ဝင်တောက်ထိန်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုနေပါလေ၏။ ရွာစည်းရိုးတံခါးဝမှနေ၍ တောက်ထိန်မြင်း ညိုကြီးကိုခပ်သွက်သွက်စီးလာခဲ့သည်။

ရွာလယ်လမ်းမတလျှောက်မှာတော့ ခြံအတွင်းမှာပင်မြင်းချာသံတည့်ည့်၊ ခွေးဟောင်သံတစီစီနှင့် သက်ဝင်နိုးထလျက်ရှိနေပါပြီ။ ဟန်ရေးထည့်ထည်၊ မြင်းရေးကြွယ်ကြွယ်ဖြင့် ရွာအတွင်းသို့ မြင်းညိုကြီးကိုစီး၍ဝင်လာသည့်လူညိုထွားကြီးကိုရွာသူရွာသားအချို့ စိတ်ဝင်တစားဖြင့်ကြည့်နေကြ၏။

"ဒီမှာအဘ...ရွာသူကြီးအိမ်ကို ညွှန်ပြပေးပါဦး"

"ရော်...သည်လမ်းမကြီးအတိုင်း တည့်တည့်သွားရင် ရွာလယ်မှာ ခြံကျယ်ဝန်းကျယ်နဲ့ နှစ်ဆောင်ပြိုင်အိမ်မည်းကြီးကိုတွေ့ရလိမ့်မယ်ကွယ့်၊ အဲဒါ ရွာသူကြီးဦးမြတ်စံရဲ့အိမ်ပဲဟ"

"ကျေးဇူးတင်ပါတယ်အဘ"

တောက်ထိန်မှာ ပလိုင်းတောင်းတစ်လုံးထမ်းလာသည့် အသက်ခြောက်ဆယ်ကျော်ယောကျ်ားကြီးတစ်ယောက်ကို မေးမြန်းစုံစမ်းရင်းမှ ရွာသူကြီးဦးမြတ်စံ၏နေအိမ်ကို သိလိုက်ရသည်။ ထို့ကြောင့် လမ်းမတန်းအတိုင်း မြင်းကိုစီးနှင်းကာ ရွာလယ်ရှိနှစ်ဆောင်ပြိုင်အိမ်မည်းကြီး၏ ဝင်းခြံအတွင်းသို့တိုင် ဝုံဝုံစားစားဝင်ရောက်သွား၏။





"ရွာသူကြီး ဦးမြတ်စံရှိပါသလား"

နှစ်ဆောင်ပြိုင်ခြေတံရှည်အိမ်ကြီး၏ အိမ်ရှေ့ခုံတန်းရှည်ကြီးပေါ်တွင်ထိုင်နေသည့် ညိုညိုမောင်းမောင်းနှင့် တဘက်ခေါင်းပေါင်းထားသည့် အသက်(၅၀)ခန့်ရှိသည့်ဦးမြတ်စံက မေးလာသူကို မော်၍ကြည့်လိုက်သည်။

"အိမ်း...ဦးမြတ်စံဆိုတာ ကျုပ်ပဲမောင်ရင်၊ ဘာများကိစ္စထူးထွေရှိလို့ပါလဲ"

ထိုအခါမှ တောက်ထိန်မှာ မြင်းညိုကြီးပေါ်မှလွှားခနဲခုန်ဆင်းကာ ဦးမြတ်စံရှေ့သို့ အသာလျှောက်လာပါ၏။

"ဩော်...ကျွန်တော့်ကို ဦးကြီးမမှတ်မိတော့ဘူးထင်တယ်၊ ရွာတောင်ပိုင်းက မုဆိုးမဒေါ်ဆုံရဲ့သား တောက်ထိန်ပါ"

ဦးမြတ်စံမှာ တောက်ထိန်၏စကားကြောင့် တောက်ထိန်ကိုစူးစူးရဲရဲစိုက်ကြည့်ရင်းမှ အတန်ကြာစဉ်းစားနေဟန်ဖြင့် ငေးငိုင်နေသည်။ ထိုအခိုက် နှစ်ဆောင်ပြိုင်အိမ်ကြီးပေါ်မှ အမျိုးသမီးကြီးတစ်ဦးဆင်းလာပြီး ဦးမြတ်စံအနီးသို့လျှောက်လာရင်း.....

"ဘယ်သူတဲ့လဲအဘိုးကြီး..."

"ဟိုကွာ...တို့ရွာတောင်ပိုင်းက မုဆိုးမမယ်ဆုံရဲ့သားတဲ့၊ အဲဒါ မင်း...မင်း...ဩော်...မှတ်မိပြီ...မှတ်မိပြီ၊ ဟို...ဟို...စစ်ကဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်မှုံလာပြီးခေါ်သွားတဲ့ တောက်ထိန်...တောက်ထိန်...ဟုတ်ပြီ လာ...လာ...ထိုင်...ထိုင်...ဒီမှာထိုင်...ဒါထက် နေပြည်တော်ကြီး မှာ အခြေအနေဘယ်လိုရှိသတုန်းတောက်ထိန်..."

ရွာသူကြီးဦးမြတ်စံမှာ တောက်ထိန်ကိုမှတ်မိသိရှိသွားပြီ မှ နေရာထိုင်ခင်းများပေးကာ သူစိတ်ဝင်တစားရှိလှသည့် နေ ပြည်တော်အကြောင်းမေးမြန်းနေပါလေ၏။

ယခုမှ တောက်ထိန်က တစ်ဖက်ခုံရှည်တစ်လုံးတွင် ဝင် ရောက်ထိုင်လိုက်ပြီး

"နေပြည်တော်မှာတော့ အင်္ဂလိပ်ကုလားဖြူတွေ ခြေချင်း လိမ်နေပြီပေါ့၊ တစ်ချို့လည်း မကျေမနပ်နဲ့ ကိုယ့်ရပ်ကိုယ့်ရွာ ကိုပြန်ကြ၊ တစ်ချို့ကျတော့လည်း ရရာလက်နက်စွဲကိုင်ပြီး တော ရိပ်တောင်ရိပ်ခိုသွားကြပြီဦးကြီး၊ အခု ကျွန်တော် ဒီရွာကိုပြန် လာခဲ့တာကလည်း ခဏယာယီ ဒီရွာမှာနေထိုင်ဖို့ အခြေအနေ ကို အရင်လာပြီးစုံစမ်းတာပါဦးကြီး၊ ဩော်...ခဏလေး...ဟို... ဦးကြီးရဲ့ တူတော်မောင်ဗိုလ်သူရိန်ကလည်း စာလွှာအမှာပါးလိုက် ပါသေးတယ်"

ထို့နောက် သူ၏အိတ်ထဲမှ သူရိန်၏စာကိုထုတ်ယူ၍ ရွာ သူကြီးဦးမြတ်စံအား တရိုတသေပေးလိုက်၏။ ပုပ္ပဝသူကြီး





ကတော်မှာလည်း ဗိုလ်သူရိန်ဟူသောစကားသံကြောင့် မျက်နှာ အသွင်အပြင်ပြောင်းလဲသွားကာ တောက်ထိန်ကို လိုလိုလားလား ပင်ဧည့်ဝတ်ပြုပါလေတော့သည်။

ဦးမြတ်စံမှာ ဗိုလ်သူရိန်ပေးလိုက်သောစာကို အတန်ကြာ မျှဖတ်ရှုနေ၏။ ပြီးမှ စာရွက်ကိုပြန်၍ခေါက်လိုက်ပြီး တောက် ထိန်၏မျက်နှာကို အံ့ဩစွာကြည့်ရှုလိုက်ပြီးမှ အသံတုန်ကုန်ရင် ရင်နှင့် စကားလုံးများထွက်ကျလာသည်။

"ဟို...ဟို...ဗိုလ်...ဗိုလ်တောက်ထိန်က သီပေါအရှင်ရဲ့ ကိုယ်ရံတော်တပ်မှူးတောင်ဖြစ်နေပါပေါ့လား၊ ဘုရား...ဘုရား... ငါတို့ရွာ တဂုဏ်တက်တာပေါ့၊ သူရိန်ရဲ့စာထဲကအတိုင်းဆို ဦးကြီးတို့က အတိုင်းထက်အလွန်ပေါ့ကွယ်၊ ဗိုလ်တောက်ထိန်လို ဘုရင့်ရဲ့ကိုယ်ရံတော်တပ်မှူးတစ်ယောက် ကျုပ်တို့ရွာမှာရှိနေ မယ်ဆိုရင် ဘယ်လိုတောပုန်း၊ သူဝှက်၊ ဓားပြတွေက လာရဲကြ တော့မှာမဟုတ်ဘူး"

ဦးမြတ်စံ၏မျက်နှာမှာ မှိုရသည့်မျက်နှာနှယ် ကြည်လင် ရွှန်းပလျက်ရှိပါ၏။ ဗိုလ်တောက်ထိန်တို့မိသားတစ်စုလုံး သူတို့ ပေပင်မော်ရွာတွင် လာရောက်နေထိုင်ကြမည်ဟုသိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။ ဗိုလ်တောက်ထိန်ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်ကိုယ်ရံတော်တပ်မှူးကြီး ပေပင်မော်ရှာ၌သာ နေထိုင်မည်ဆိုပါက ယခုကဲ့သို့ ခေတ်ပျက်ခေတ်ဆိုးကာလကြီးတွင် ထကြွသောင်းကျန်းလေ့ရှိကြသည့် တောကြောင်၊ သူပုန်သူကန်များနှင့်ခားပြမျှားရန်မှလွတ်ကင်းနိုင်မည်မဟုတ်ပါလား။

ရှာသူကြီးကတော်ဒေါ်စံမယ်ကလည်း သီပေါအရှင်၏ကိုယ်ရံတော်တပ်မှူးဆိုသောအရှိန်ဖြင့် ညှော်ခံကျွေးမွေးမှုများကို မလစ်လပ်အောင်စီမံပါလေတော့သည်။ ထိုနေ့က ဦးမြတ်စံတို့ လင်မယားနှင့် ဗိုလ်တောက်ထိန်တို့ တစ်နာရီကျော်ကျော်မျှ စကားစမြည်ပြောဆိုခဲ့ကြပြီး ညနေမစောင်းမီ ဗိုလ်တောက်ထိန်မှာ ရှာသူကြီးဦးမြတ်စံတို့လင်မယားအားနှုတ်ဆက်ကာ မြင်းညိုကြီးကိုဒုန်းစိုင်း၍ ပေပင်မော်ရှာမှပြန်လည်၍ထွက်ခွာသွားပါတော့သည်။

ထိုအချိန် ထိုအခါကသာ ဗိုလ်တောက်ထိန်နှင့်ပတ်သက်၍ ပေပင်မော်ရှာကြီးတစ်ခုလုံး ကမ္ဘာပျက်သကဲ့သို့ ထောင်းလမောင်းကြေကာ ပေပင်မော်မျိုးချစ်ရှာသား(၁၀၂)ယောက်တို၏ အသက်သွေးများ မြေခပျက်စီးကြရမည်မှန်းသာ ကြိုတင်၍သိရှိခဲ့ကြမည်ဆိုပါလျှင်...။



ဤသို့ဖြင့် ဗိုလ်တောက်ထိန်ပြန်သွားပြီးတစ်ပတ်ခန့်အကြာတွင် နွားလှည်းကြီးသုံးစီးက ပေပင်မော်ရှာထဲသို့ ဆိုက်ရောက်လာခဲ့သည်။ နွားလှည်းသုံးစီးမှာ ပေါင်းမိုးကြီးများနှင့် အလုံအခြုံအုပ်မိုးထားသောလှည်းကြီးများဖြစ်ကြပါ၏။ တစ်စီးမှာ လူစီးလှည်းဖြစ်ပြီး ကျန်နှစ်စီးမှာ ဝန်စည်စလွယ်များတင်ဆောင်လာသောလှည်းများဖြစ်ကြသည်။

ထိုနွားလှည်းကြီးသုံးစီးသည် ရှာလယ်လမ်းမကြီးအတိုင်းဝင်ရောက်လာကြပြီး ရှာသူကြီးဦးမြတ်စံအိမ်နှင့် မလှမ်းမကမ်း၌ရှိသော ရှေးဟောင်းအိမ်အိုကြီးတစ်လုံးဆီသို့ မောင်းနှင်သွားကြသည်။ အိမ်အိုကြီးမှာ လူမနေသည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ခြုံနွယ်ပိတ်ပေါင်းများနှင့် ရစ်ပတ်နှောင်ဖွဲ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကြီးက အနိုင်အခန့်ပဲရှိပါသေးတယ်၊ ထိန်းသိမ်းစောင့်ရှောက်မယ့်သူမရှိလို့ အခုလိုခြုံနွယ်ပိတ်ပေါင်းတွေနဲ့ တောဖုံးသလိုဖြစ်နေတာပါ၊ မောင့်သူငယ်ချင်းရောင်းရင်း ဗိုလ်သူရိန်ရဲ့အမွေစံအိမ်ကြီးပဲပေါ့၊ ဗိုလ်တောက်ထိန်တို့ တော်တော်လေးရှင်းလင်းသုတ်သင်ရမယ်ထင်တယ်၊ မဖြစ်ဘူး၊ ရွာသားတစ်ချို့ပါခေါ်ပြီး ပိုင်းရှင်းလင်းကြရမှဖြစ်မယ်၊ နို့မို့ဆိုမလွယ်ဘူး"

"အာ...ရပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ဖာသာ ရှင်းလင်းသုတ်သင်ပါ့မယ်၊ အလကား...ကျွန်တော်တို့ရောက်လာကာမှ ပေပင်မော်ရွာသားတွေ ပိုပြီးအလုပ်များနေပါ့မယ်ခင်ဗျာ"

"ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲဗိုလ်တောက်ထိန်ရယ်၊ ကိုယ့်ရွာသားအချင်းချင်းပဲ၊ တတ်နိုင်သမျှဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြရမှာပေါ့"

ဗိုလ်တောက်ထိန်ပါလာသည့်မိသားစုမှာ အမျိုးသမီးနှစ်ဦး၊ အမျိုးသားလေးဦးတို့သာဖြစ်သည်။ ဗိုလ်တောက်ထိန်နှင့် ရှင်ငြိမ်းမယ်တို့လင်မယားနှစ်ယောက်။ သားကြီးသီဟနှင့် သမီးငယ်လေးမြရည်နန္ဒာ။ နောက် အနိုင်းအစေနှစ်ယောက်တို့နေထိုင်ကြမည်သာဖြစ်ကြပါ၏။ အမျိုးသားလေးယောက်မှာ ပေါက်တူးကိုယ်စီ၊ ဓားကိုယ်စီဖြင့် ခြံထဲတွင်ရှိသောပေါင်းမြက်ခြုံနွယ်များကိုရှင်းလင်းနေကြသကဲ့သို့ အမျိုးသမီးနှစ်ယောက်မှာလည်း ရှေးဟောင်းအိမ်ကြီးထဲတွင် သန့်ရှင်းရေးလုပ်ကိုင်ကြပါ၏။

မကြာမီ သူကြီးအကူအညီတောင်းထားသည့် ရွာသူရွာသားအချို့နှင့် မနေနိုင်သည့်ရွာသားများက ဝိုင်းဝန်းရှင်းလင်း၍ သန့်စင်ပေးကြသည်မို့ သုံးလေးရက်အတွင်းမှာပင် ခြုံနွယ်များနှင့် ပိတ်ဖုံးနေသည့်အိမ်အိုကြီးသည် သန့်ရှင်းသပ်ရပ်သောအခင်းအကျင်းများ၊ သင့်တော်သောအိမ်ထောင်ပရိဘောဂများကို နေရာတကျခင်းကျင်းလိုက်သောအခါမှာတော့ သန့်ရှင်းခန့်ထည်သောအိမ်ကြီးအဖြစ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါတော့သည်။

ဗိုလ်တောက်ထိန်တို့မိသားစု ပေပင်မော်ရွာသို့ရောက်ရှိလာပြီးတစ်ပတ်ခန့်အကြာတွင် ရွာဦးကျောင်းမှဆရာတော်ကြီးနှင့် သံဃာများအားပင့်ဖိတ်ကာ အိမ်ကြီးပေါ်တွင် ဘုရားအနေကဇာတင်လှူခြင်းနှင့် အန္တရာယ်ကင်းပရိတ်တော်များရွတ်ဖတ်ခြင်းနှင့် ဆရာတော်ကြီးနှင့်သံဃာတော်များအား ဝတ္ထု၊ ဆေး၊ သင်္ကန်းစသောလှူဖွယ်ပစ္စည်းများလှူဒါန်းကာ ပေပင်မော်ရွာတစ်ရွာလုံးမိုးခိုးတိတ်ဖိတ်ကြားကာ ကျွေးမွေးညှိခံခဲ့ပါသည်။

ဤတွင် ရွာသူရွာသားတို့ထုံးစံအတိုင်း လက်ဖက်ရည်ကြမ်းဝိုင်းများနှင့် အမျိုးသမီးလုံမငယ်လေးများ၏စကားဝိုင်းများတွင်






www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တောက်ထိန်တို့မိသားစုအကြောင်းများကို စပ်မိစပ်ရာတွတ်ထိုးပြောဆိုကြပါလေ၏။

''ဒီမှာခင်သွယ်ရဲ့…ငါကြားထားတာကတော့ ကိုတောက်ထိန်ဟာ ဒီပေပင်မော်ရွာသားတဲ့၊ ရွာတောင်ပိုင်းက အမေဆုံရဲ့သားတဲ့၊ ငယ်ငယ်ကတည်းက လက်ရုံးရည်၊ တိုက်ရည်၊ ခိုက်ရည်ပြည့်ဝပြီးသား၊ ဆိုးတဲ့မိုက်တဲ့၊ တေတဲ့ပေတဲ့ဘက်မှာနာမည်ကြီးပဲတဲ့၊ အဲဒါ သူ့ရဲ့ဦးရီးတော်ဆိုလားဘာလားမသိ၊ သူ့အမေဆုံးတာနဲ့ ရွာကိုရောက်လာပြီး တစ်ခါတည်း မင်းနေပြည်တော်ကိုခေါ်သွားခဲ့တာတဲ့''

''အေး…ဒါဆိုရင် ငါသိထားတာတွေနဲ့ နင့်စကားတွေက အတူတူပဲဟဲ့ခင်မှုံရဲ့၊ မင်းနေပြည်တော်မှာ ဘုရင့်အမှုတော်ကိုထမ်းရွက်ဖို့ဆိုပြီး ရွာကနေထွက်သွားတာ ဆယ့်လေးငါးနှစ်တောင်ရှိသွားပြီတဲ့၊ ဟဲ့…အဲဒါ အခု မင်းနေပြည်တော်ကြီးကို အင်္ဂလိပ်ကိုလိုနီနယ်ချဲ့တွေသိမ်းပိုက်လိုက်တော့ ဗိုလ်တောက်ထိန်လည်းကိုယ့်ရွာကိုယ့်ဒေသကို ပြန်လာခဲ့တာတဲ့''

''ဟင်…ဟုတ်လား၊ သူ…သူ…သူက မင်းနေပြည်တော်မှာဘာတွေလုပ်နေရတာလဲ၊ မြင်းစီးကတော့ တော်တော့်ကိုကျွမ်းကျင်တဲ့သူပဲနော်၊ အသားအရည်က ညိုမောင်းမောင်း၊ ဟန်ရေးက





လည်း ထည်ထည်နဲ့ မြင်လိုက်ရတာနဲ့ အသည်းတုန်အူတုန်ပဲဟေ့''

ဟုတ်သည်။ ဗိုလ်တောက်ထိန်က ကိုယ်လုံးကိုယ်ဖန်တောင့်တောင့်နှင့် လူညိုထွားလူချောလူခန့်တစ်ယောက်ဖြစ်သည်။ ဓားရေး၊ လှံရေးကျွမ်းကျင်သည်။ မြင်းစီးကောင်း၏။ ဗိုလ်တောက်ထိန် မြင်းညိုကြီးကိုစီးပြီး ရွာထဲသို့ဝင်လာသည့်နေ့ကဆိုလျှင် ရွာသူပျိုပျိုအိုအို ဗိုလ်တောက်ထိန်ကိုငေးကြည့်ကြရသည်အထိဖြစ်ခဲ့ကြရသည်မဟုတ်ပါလား။

''ဟုတ်တယ်ဟဲ့၊ ရှင်ငြိမ်းမယ်ပြောတာကတော့ ကိုတောက်ထိန်ဟာ သီပေါအရှင်ရဲ့ကိုယ်ရံတော်တပ်မှူးဟဲ့၊ အင်း…ဒါကြောင့်မြင်းစီးကလည်းကျွမ်း၊ လူပုံကလည်းလန်းပါပေ့တော်၊ ဟင်း…ဟင်း…ဟင်း…''

''ဟုတ်ပ…မှန်ပ…ဒါနဲ့ သူ့သမီးလေး မြရည်နန္ဒာကလည်းအသားလေးကိုဖြူဝင်းပြီးချောမှချောပဲဟေ့၊ ငါတို့ရွာသားတွေမြရည်နန္ဒာနားမှာပဲဝဲလည်နေကြတာတော့''

''ဒါနဲ့ သူ့ရဲ့သား ကိုသီဟကျတော့ရော…''

''ကောင်မ…အဲဒါ ညည်းအလုပ်လားအေ့''

''ဟုတ်တယ်၊ ကျုပ်တို့အပျိုတွေရဲ့အလုပ်…''

''ဘာလဲ…ညည်းက ကိုသီဟကိုကြိုက်နေပြီနဲ့တူတယ်''



www.burmeseclassic.com

www.burmeseclassic.com



“အံမာ...ညည်းက ငါ့ကျတော့ပြောတယ်၊ ညည်းကရော.. ကိုသီဟလို ယောကျ်ားပီသပြီး ဥစ္စပေါ၊ ရုပ်ချော၊ ပျိုတိုင်းကြိုက်တဲ့မင်းသားလေးကို မလိုချင်ဘူးလား။ မှန်မှန်ပြောစမ်း၊ မလိမ်မညာကြေးဟေ့”

“ဟယ်...ကောင်မတွေ...ဟိုမှာလာနေပြီဟဲ့၊ နားရက်စရာတွေ...သွားစမ်း...”

ဟုတ်သည်။ လက်ဖက်ပိုင်းတွင် ပေပင်မော်ရွာသူအပျိုတစ်သိုက် ဟီးတိုက်တွတ်ထိုးနေကြစဉ် မောင်သီဟနှင့်ရွာခံလူပျိုရွယ်အချို့ သူတို့အနီးမှဖြတ်လျှောက်သွားကြသဖြင့် တွတ်ထိုးနေသံများ တိတ်ဆိတ်သွားကြပါတော့သည်။



အခန်း(၁၇)

## ‘ပေပင်မော်ရွာမှ ငုပ်လျှိုးနေသောဗာတိမာန်များ’

သစ်ကိုင်းသစ်ခက်များကြားမှ ယိုဖိတ်ကျဆင်းနေသောလရောင်သည် ဗိုလ်တောက်ထိန်၏နေအိမ်ခြံဝင်းကျယ်ကြီးအတွင်းသို့ ပျောက်တိပျောက်ကျားဖြင့် ဖြန့်ကျက်ကျဆင်းလျက်ရှိသည်။ မှုန်တို့ဖြင့်ထိုင်းနေသည့် သစ်ပင်သစ်ရွက်များတွင် ကပ်ငြိတွယ်ကျန်ရစ်ခဲ့သည့် နှင်းရည်၊ နှင်းခဲ၊ နှင်းစုကလေးများကပင် လရောင်ကိုနှင်းခလောက်၍ သမအောင်ရောမွှေထားသည်လေလားဟု အထင်မှားစရာ။

အိမ်ရှေ့ကွပ်ပျစ်ကုတင်ကြီးနှစ်လုံးပေါ်မှာတော့ ပေပင်မော်ရွာကာလသားတစ်သိုက်နှင့် ဗိုလ်တောက်ထိန်တို့သားအဖ နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများကို ဆွေးနွေးပြောဆိုနေကြသည်။ ဆွေးနွေးပွဲတွင် ဗိုလ်တောက်ထိန်ကသာ ခေါင်းပေါင်းစတစ်ထောင်ထောင်နှင့် ဦးဆောင်ပြောဆိုဆွေးနွေးလေ့ရှိ၏။

''မင်းဘူးနယ်၊ မြင်းခြံနယ်တွေနဲ့ ပခုက္ကူနယ်တစ်ဝိုက်မှာ ဗိုလ်မင်းရောင်တို့၊ ဗိုလ်ဗလတို့ စတဲ့ မြန်မာတပ်မတော်ကရဲမက်စစ်သည်တွေဟာ ရရာလက်နက်ကိုစွဲကိုင်ပြီး အင်္ဂလိပ်စစ်တပ်ကိုတွန်းလှန်တိုက်ခိုက်နေကြပြီကွယ့်၊ အိမ်း...ငါတို့နားလည်တာကတော့ ရန်သူကလက်နက်သုံးရင် ကိုယ်ကလက်နက်သုံးရမယ်၊ ဒါမှ တရားမျှတမယ်၊ ငါတို့မှာ ဖန်ရည်ကြိုစက်တွေ၊ ဒင်္ဂါးသွန်းလုပ်တဲ့စက်တွေ၊ ခဲယမ်းမီးကျောက်စတာတွေကိုထုတ်လုပ်နိုင်ပါရက်နဲ့ အခွင့်အရေးတွေကိုအသုံးမချတတ်ကြလို့ ငါတို့ရဲ့မြန်မာပြည်ကြီးဟာ ဒုက္ခနွံထဲမှာ လုံးလုံးလျားလျားနစ်မြုပ်ခဲ့ကြရတယ်''

ပေပင်မော်ရွာသားတစ်စုသည် ဗိုလ်တောက်ထိန်၏စကားစုတွင် မျောပါနေကြသည်။ စိတ်အတွေးတွင် တို့တွေအသုံးမကျခဲ့လို့ တစ်ပါးကျွန်ဘဝသို့ရောက်ခဲ့ရတာပါလားဟူသောအတွေးစိတ်တို့ဝင်လာကြသည်။

''အိမ်း...တစ်ဆက်တည်းပြောရရင် ကံကြမ္မာကလည်း မှေးမှိန်ချိန်ရောက်ပြီဆိုတော့ ငါတို့မှာ နိုင်ငံလည်းဆုံး၊ ဘဝလည်း





ဆုံးခဲ့ကြရတယ်၊ အင်္ဂလိပ်မျက်နှာဖြူတွေရဲ့ကျွန်ဘဝကိုမရောက်သင့်ပါဘဲနဲ့ ရောက်ခဲ့ကြရတယ်၊ အေး...ကျွန်ဘဝကို လွယ်လွယ်ကူကူနဲ့ရောက်သွားခဲ့ရပေမယ့် အဲဒီကျွန်ဘဝကလွတ်မြောက်ဖို့ဆိုတာကတော့ ဘယ်လိုမှမလွယ်ကူနိုင်တာအမှန်ပဲ၊ ငါတို့မှာထက်မြက်တဲ့ဇာတိမာန်ရှိတယ်၊ အမျိုးထိရင် မချိအောင်နာတတ်တဲ့စိတ်ဓာတ်ရှိတယ်၊ ကုန်ကုန်ပြောရရင် သူ့ကျွန်ဘဝကနေလွတ်မြောက်ဖို့ဆိုရင် နောက်ဆုံးမြားတစ်စင်း၊ ဓားတစ်လက်၊ ကျည်ဆန်တစ်တောင့်ကျန်တဲ့အထိ ဇာတိမာန်သွေးတစ်စက်ခန်းခြောက်သွားတဲ့အထိ တိုက်ပွဲဝင်မှဖြစ်မယ်၊ ဒီလိုမဆုတ်မနစ်တဲ့ဖွဲ့သတ္တိဇာတိမာန်တွေနဲ့ တိုက်ပွဲဝင်မှ ငါတို့တတွေအားလုံး သူ့ကျွန်ဘဝကနေလွတ်မြောက်ကြမယ်၊ ဒီအတွက် နိုင်ငံကိုချစ်သူတိုင်း၊ အမျိုးကိုစောင့်ထိန်းသူတိုင်းရဲ့အောင်ပွဲဟာ ငါတို့ရဲ့လက်တစ်ကမ်းအကွာမှာပဲရှိတယ်ဆိုတာ မမေ့ကြနဲ့''

ဗိုလ်တောက်ထိန်ဟာ ပေပင်မော်ရွာသားများအား ထိုကဲ့သို့ ဇာတိသွေး၊ ဇာတိမာန်တက်ကြွလာစေမည့်စည်းရုံးလှုံ့ဆော်မှုများနှင့် ပြောဆိုစည်းရုံးသည်။

ထိုအချိန်တွင် သမီးချောမြရည်နန္ဒာက လက်ဖက်သုတ်၊ ထန်းလျက်ခဲ၊ ရေနွေးကြမ်းစသည်တို့ဖြင့် ဆွေးနွေးပွဲသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြသည့်ရွာသားများအား ဒိုင်ခံကာညွှန်ကြားခဲ့ကျွေးမွေးသည်။ ထို့အပြင် တစ်ခါတစ်ရံ ရပ်ရေးရွာရေးများကို တိုင်ပင်ဆွေးနွေးခဲ့ကြလျှင်လည်း ကောက်ညှင်းပေါင်းပူပူနွေးနွေးကို ဗိုလ်တောက်ထိန်၏ဇနီးသည် ရှင်ငြိမ်းမယ်ကိုယ်တိုင် မလစ်လပ်ရအောင် ကျွေးမွေးလေ့ရှိပါသေးသည်။

တစ်ချို့လူငယ်လူရွယ်များ နားမလည်၊ မရှင်းလင်းနိုင်သည့်ကိစ္စရပ်ငယ်လေးများကိုမူ ဗိုလ်တောက်ထိန်၏သားကြီး မောင်သီဟက စိတ်ရှည်လက်ရှည်နှင့်ရှင်းပြပြောဆိုလေ့ရှိပါ၏။

"ဒီလိုရှိတယ်မောင်ဖြိုးရဲ့၊ တိုင်းရေးပြည်ရာဆိုတာ ရပ်ရေးရပ်ရွာကစတာပဲလေ၊ အခု ငါတို့အရပ်၊ ငါတို့ရွာကို ငါတို့ သူခိုးခားပြ၊ တောပုန်းတွေရဲ့ဘေးအန္တရာယ်ကနေ ကာကွယ်တားဆီးကြရသလို နိုင်ငံအရေး ပြည်အရေးကိုလည်း ခုခံကာကွယ်ပေးကြရတယ်၊ ဒီအတွက် ယောက်ျားတို့တပ်အပ်တဲ့အဌာရသပညာရပ်တွေကို ကုန်စင်အောင်တတ်မြောက်ရတယ်၊ နောက်ဆုံး ခါးရေး၊ လှံရေး၊ လက်ဝှေ့ရေးလေးလောက်ကတော့ မဖြစ်မနေ သင်ကြားတတ်မြောက်ရတယ်ကွိုဖြိုးရေ..."

"အေးကွ...မောင်သီဟပြောတာမှန်တယ်၊ နို့မို့ဆို ကိုယ့်ရပ်ကိုယ့်ရွာကိုတောင် မကာကွယ်၊ မထိန်းသိန်းနိုင်တဲ့ လူ့အနွတွေဖြစ်ကုန်လိမ့်မယ်"





"အေး...ဒီလိုဆိုရင် မင်းရဲ့အဖေကိုပြောပြကွာ၊ ငတေတို့၊ ဖြိုးတို့လူငယ်တွေက ခါးရေး၊ လှံရေး၊ လက်ဝှေ့ရေးတွေကို သင်ပါရစေလို့၊ ဒါမှ ငါတို့လူငယ်လူရွယ်တွေ ဘယ်သူတွေရဲ့ အစော်ကားကိုမှခံကြရတော့မှာမဟုတ်ဘူးဟေ့"

ဤသို့ဖြင့် ပေပင်မော်ရွာ၏တောင်ဘက်တောတန်းကြီးတွင် ညနေခင်းများဆိုလျှင် မာန်သွင်းသံတညံ့ညံ့၊ ခါးရေးသံတချွင်ချွင်နှင့် ခါးရေး၊ လှံရေးသင်ကြားနေကြသည့် လူငယ်လူရွယ်ကာလသားတစ်စု၏ ဟစ်အော်ကြုံးဝါးသံများက ပေပင်မော်ရွာမှသည် ကောင်းကင်ဘဝင်ထိတိုင် ပဲ့တင်ညံလျက်ရှိကြပါတော့သည်။

"ဟေး...ဟိုင်း...ကျား..."

"ချွင်...ချွင်...ထန်...ထန်...ချွမ်း..."

လုံးတူ၊ ဒေါက်တူ၊ အရွယ်တူများကိုယှဉ်တွဲကာ လက်ဝှေ့ရေးကိုလည်း ဗိုလ်တောက်ထိန်ကိုယ်တိုင်သင်ကြားပြသပေးသည်။ လူငယ်လူရွယ်များမှာ ယခုအချိန်မှာတော့ ပျော်ချိန်ပါးချိန်များကို လျှော့ကာ ကျေးရွာကာကွယ်ရေး၊ နိုင်ငံတော်ပြန်လည်တည်ထောင်ရေးဟူသော ကြီးမြတ်သောရည်ရွယ်ချက်များနှင့် ချွေးသံတရွှဲရွှဲ၊ အားမာန်တသဲသဲ၊ ဖွဲ့မာန်မလျှော့ဘဲနှင့် လေ့ကျင့်လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်မှာ ပေပင်မော်ရွာကြီးအတွက် တစ်အားတက်စရာ ပါတည်း။

ရုံဖန်ရံခါ တောကြီးတန်း၏လူငယ်လေ့ကျင့်ရေးစခန်းသို့ သူကြီးဦးမြတ်စံကိုယ်တိုင်ရောက်ရှိလာတတ်ပြီး သူ၏ရွာသားလူငယ်လူရွယ်များ ဓားရေး၊ လှံရေး၊ မြားပစ်ကျင့်နေကြသည်များကို ကျေနပ်အားရစွာကြည့်ရှုအားပေးခဲ့သည်။

"ကျုပ်သိပ်ပြီးအားရတယ်မောင်တောက်ထိန်၊ ကျုပ်ရွာသားတွေ ဒီလောက်ထိဖြစ်မြောက်လာလိမ့်မယ်လို့ အိပ်မက်တောင်မမက်ခဲ့ပါဘူးကွယ်၊ အခု မောင်တောက်ထိန်တို့သားအဖ ဒီရွာကိုရောက်လာမှ ဓားရေး၊ လှံရေး၊ လက်ဝှေ့ရေးတွေနဲ့ လူငယ်တွေကိုလေ့ကျင့်စည်းရုံးပေးတာများ တကယ့်ကိုတိုက်ပွဲဝင်မယ့်စစ်သည်တော်တွေကျနေတာပဲကွယ့်...ဟင်း...ဟင်း..."

ရွာသူကြီးဦးမြတ်စံနှင့် ရွာလူကြီးတစ်ချို့ပါရောက်ရှိလာကြပြီး ဓာတ်မာန်ပြင်းပြစွာဖြင့် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို စိတ်ပါလက်ပါနှင့်လေ့ကျင့်သင်ကြားပေးနေသည့် ဗိုလ်တောက်ထိန်တို့သားအဖကိုကြည့်ကာ ပြောနေကြခြင်းဖြစ်ပါ၏။ ဗိုလ်တောက်ထိန်မှာလည်း နဖူးပြင်ထက်မှ ချွေးသီးချွေးစက်လေးများကို လက်ခုံကြီးနှင့်ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်ရင်း တစ်ဖက်





တောစပ်တွင် မြားပစ်လေ့ကျင့်နေသည့်ရွာသားတစ်ချို့ထံ သူကြီးဦးမြတ်စံတို့နှင့်အတူ လျှောက်လာခဲ့သည်။

"အေးဗျာ...ကိုတောက်ထိန်တို့သားအဖဟာ လူငယ်တွေကို စည်းရုံးတတ်တယ်ဗျာ၊ ဝမ်းသာစရာပဲ၊ ဘယ့်နှယ်...ဟိုတုန်းက ဆိုရင် ဘယ်ဒီလိုဟုတ်ရိုးလားကွယ့်၊ အချိန်လေးများအားရင် လတ်လျားလတ်လျားနဲ့ ထန်းရည်ဆိုင်ထိုင်ပြီးမူးနေကြတာကများတယ်၊ ဒီလိုပုံစံမျိုး တစ်သက်မြင်တွေ့ရလိမ့်မယ်လို့တောင် မထင်မိပါဘူး"

"ဒီလိုပေါ့ခင်ဗျာ၊ ကျောက်ရိုင်းတုံးဆိုတာ ပစ်ထားရင် လမ်းဘေးမှာပဲရှိနေမှာပါ၊ အဲဒီလိုကျောက်ရိုင်းတုံးလေးတွေကို စိတ်ရှည်လက်ရှည်နဲ့ စနစ်တကျသွေးပေး၊ ပြုပြင်ပေးလိုက်မယ် ဆိုရင် တကယ့်ကိုအရည်အသွေးကောင်းတဲ့ ကျောက်မျက်ရတနာလေးတွေဖြစ်လာရမှာပေါ့ဦးကြီး၊ ဒီလိုလူငယ်လူရွယ်လေးတွေကို အခုအချိန်ကတည်းက စနစ်တကျမြေတောင်မြှောက်ပေးထားမှ ကျုပ်တို့ရဲ့အနာဂတ်မှာ အားကိုးအားထားပြုကြရမယ့်သူရဲကောင်းတွေ ပေါ်ထွက်လာမှာပေါ့ခင်ဗျာ"

အပြောအဆို၊ အနေအထိုင်၊ အပြုအမူမှအစ လက်ရုံးရည်၊ နှလုံးရည်အဆုံး သူတကာတို့၏စံပြဖြစ်လောက်သော ဗိုလ်တောက်



www.burmeseclassic.com

www.burmeseclassic.com



ထိန်၏ကြီးစားမှုလုံ့လဝီရိယများကြောင့် သူ၏ရည်မှန်းချက်ကြီးသည် လပိုင်းအတွင်းမှာပင် အောင်မြင်လာတော့မည့်အရိပ်အယောင်များကို တွေ့မြင်လာရ၏။

ဗိုလ်တောက်ထိန်သည် လူငယ်လူရွယ်များကို စားရေး၊ လုံရေး၊ တိုက်ခိုက်ရေးပညာများသာမက ရပ်ရေးရွာရေးများဖြစ်ကြသော ရေးဟောင်းစေတီပုထိုးများကိုပြုပြင်ခြင်း၊ ခြုံနွယ်များကိုရှင်းလင်းခြင်း၊ ထုံးသင်္ကန်းများကပ်လှူခြင်းတို့ကိုလည်း ဝိုင်းဝန်းလုပ်ကိုင်ကြစေသည်။ ထို့အပြင် ရွာလယ်လမ်းမကြီးများပြုပြင်ခြင်း၊ လမ်းခင်းခြင်း၊ တာဖို့ခြင်းများနှင့် ရပ်ရွာလုံခြုံရေးဟူသောအကြောင်းပြချက်နှင့် ပေပင်မော်ရွာကြီးကို ရွာစည်းရိုး၊ ရွာတံခါးများနှင့် လုံခြုံရေးကင်းတဲများကိုပင် စနစ်တကျပြုလုပ်စေခြင်းဖြင့်လည်း သူ၏ကြိုတင်ကာကွယ်ရေးစနစ်ကို မသိမသာ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

"ကျုပ်ဖြင့်အံ့ရောဗျာ၊ ကျုပ်မျက်စိထဲမှာ ခင်ဗျားတို့ပေပင်မော်ရွာကြီးဟာ နေ့ချင်းညချင်းများပြောင်းလဲသွားသလားလို့တောင် ထင်မြင်မိတယ်၊ ကြည့်စမ်းပါဦး...ရွာစည်းရိုးတွေများ ကြခတ်ဝါးတွေခုတ်ပြီး စနစ်တကျကာရံထားလိုက်တာ၊ ခွေးတစ်ကောင် ကြောင်တမြီးတောင် တိုးလို့ရမှာမဟုတ်ဘူးဗျို့၊ ကိုင်း...သူကြီး...





လုပ်ဗျာ...ကျုပ်တို့ကိုလည်း ဗိုလ်တောက်ထိန်နဲ့တွေ့ပေးပြီး ကျုပ်ရဲ့ထန်းတစ်ပင်ရွာကို ပြုပြင်စောင့်ရှောက်ပေးဖို့ပြောပေးပါဦးနော်"

လူသတင်းလူချင်းဆောင်၊ ပန်းသတင်းလေညင်းဆောင် ဆိုသကဲ့သို့ လူစွမ်းလူစထက်သော ဗိုလ်တောက်ထိန်နှင့်တိုးတက်ပြောင်းလဲသွားသောပေပင်မော်ရွာကြီး၏ ကောင်းမြတ်သောသတင်းစကားများကြောင့် ရွာနီးချုပ်စပ်ရှိရွာကြီးများမှ ရွာလူကြီးများကိုယ်တိုင် လာရောက်လေ့လာကြည့်ရှုကြပြီး ဗိုလ်တောက်ထိန်နှင့်ပါတွေ့ရှိကာ သူတို့၏ရပ်ရေးရွာရေးများကို အားကိုးတကြီး တိုင်ပင်ဆွေးနွေးသွားကြသည်။

ဤသို့ဖြင့် ပေပင်မော်ရွာကြီးသို့ ဗိုလ်တောက်ထိန်ပြောင်းရွှေ့ရောက်ရှိလာပြီးခြောက်လခန့်အကြာမှာတော့ ပေပင်မော်ရွာကြီးမှ လက်ရွေးစင်လူငယ်တပ်သားတစ်ရာခန့်အား တိတ်တဆိတ်စုဆောင်းထားရှိမိပါတော့သည်။ ဟုတ်သည်။ ခြောက်လဟူသော အချိန်ကာလသည် အရာအားလုံးကိုပြောင်းလဲစေနိုင်ခဲ့ပါ၏။ ထိုအထဲတွင် လူမသိ၊သူမသိပြောင်းလဲသွားခဲ့သည့် ဗိုလ်တောက်ထိန်၏သားဖြစ်သူမောင်သီဟတစ်ယောက်လည်း အမှတ်မထင်ပါဝင်သွားခဲ့ပါသည်ဟုဆိုပါလျှင်...။



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၈)

## 'စုန်းနက္ခတ်နှင့်တွေ့ဆုံခြင်း...သို့မဟုတ်...'

နေ့တာတိုသည့်အလျောက် နေလုံးနီနီကြီးသည် အနောက်ဘက်တောတန်းတစ်ခုရှိ သစ်ပင်ကြီးငယ်များကြားမှ မျက်နှာဝိုင်းနီနီကြီးဖြင့် နှုတ်ခွန်းဆက်စပြုနေပါပြီ။ မန်ကျည်းပင်၊ ကုက္ကိုပင်ကြီးများထက်တွင် အိပ်တန်းလုနေကြသည့် ကျီးငှက်သံ၊ ဆက်ရက်အော်မြည်သံများက ကျည်ကျည်ကြာကြာနှင့် ဆူညံနေကြသည်မှာ ဆည်းဆာညနေခင်းတစ်ခု၏ သဘာဝပန်းချီကားတစ်ချပ်နှယ်ပါတည်း။

သို့သော် ထိုဆည်းဆာပန်းချီကားချပ်ကို ဖျက်ဆီးနှောင့်ယှက်နေသည့် မဖွယ်ရာသည့်မြင်ကွင်းတစ်ခုကို မြင်းကိုယ်စီစီးနှင်း





လာသည့်မောင်သီဟနှင့် ရောင်းရင်းဖြစ်သူငြိုးတို့ ရုတ်တရက်တွေ့မြင်လိုက်ကြရသည်။

"ရော်...ဘယ်လိုဖြစ်တာလဲငြိုးရေ"

"ဟုတ်ပကိုသီဟရယ်...ကေန္တ...မုတိမ်းတန္တတွေလားမှမသိတတ်..."

မြင်ကွင်းကမလှပပါ။ ဈေးပြန်လှည်းတစ်စီးကို ဓားကိုင်လူတစ်စုက ဝိုင်းရံထားကြခြင်းပင်။ နွားလှည်းပေါ်မှာတော့ မိန်းမကြီးငယ်သုံးယောက်နှင့် လှည်းမောင်းသူဦးရီးတစ်ယောက်သာပါရှိသည်မို့ အားလုံးထိတ်လန့်တုန်လှုပ်လျက်ရှိနေကြ၏။ အတန်ငယ်အလှမ်းဝေးနေသဖြင့် အသံဗလံများကိုမကြားရသည့်တိုင်အားနွဲ့သူမိန်းမသားများကို အတင်းအဓမ္မဓားကြီးများမိုးကာ လုယက်ယူငင်နေသူများမှာ မည်သို့မျှလူကောင်းသူကောင်းမဖြစ်တန်ရာ။ ရုတ်ချည်း ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ မောင်သီဟဆင်ခြေလျှောကုန်းဆင်းလေးအတိုင်း မြင်းကိုအပြင်းစိုင်း၍ထွက်လိုက်သည်။

"ဟိုင်း...လိုက်ခဲ့တော့ငြိုးရေ"

ငြိုး မည်သို့မျှမတားဆီးနိုင်မီမှာပင် မောင်သီဟက သူ



www.burmeseclassic.com

www.burmeseclassic.com



၏မြင်းကြီးကို တောစပ်မှ နွားလှည်းရှိရာသို့ အပြင်းစိုင်းနှင်၍ ထွက်သွားပါချေပြီကော။

''ဟီး...ဟီး...ဟီး...ဟီး...''

''ခွပ်...ခွပ်...ခွပ်...ဖျောင်း...ဖျောင်း...''

ရုတ်တရက် ကုန်းမြင့်ထက်မှကြားလိုက်ရသောမြင်းခွာသံ တဖျောင်းဖျောင်းနှင့်အတူ သူတို့ရှိရာသို့ဒုန်းစိုင်းပြေးဝင်လာနေသည့်မြင်းတစ်စီးကြောင့် လှယက်သူစားပြတစ်စု မားကိုယ်စီနှင့် အသင့်ပြင်ဆင်လိုက်သည်။

''ဟိတ်...ဘာလုပ်နေတာလဲ၊ နိုင်ငံအရေးရှုပ်ထွေးနေချိန်မှာ မင်းတို့လို တောမီးလောင်တောကြောင်လက်ခမောင်းခတ်တဲ့ သူခိုးဓားပြတွေကလည်း တမောင့်ပဲကိုးကွ၊ ဆုတ်ကြ၊ ရှုံကြစမ်း''

မောင်သီဟက မြင်းကြီးကိုလှည်းလမ်းကြောင်းပေါ်သို့မေးတင်၍ရပ်လိုက်ရင်း လူဆိုးဓားပြတစ်စုကို ခပ်ဆတ်ဆတ်ငေါက်ငမ်းပြောဆိုလိုက်၏။ သို့သော် လူဆိုးဓားပြကောင်တို့၏ခေါင်းဆောင်ဖြစ်ဟန်တူသည့် အသားညိုညို၊ နှုတ်ခမ်းမွှေးစစနှင့် ဗလကောင်းကောင်းလူထွားကြီးက သူ၏လက်ထဲမှဓားရှည်ကြီးကိုဆ,ကာ မောင်သီဟနှင့် နောက်မှရောက်ရှိလာသည့်ငဖြိုးတို့အား စူးစူးရဲရဲစိုက်ကြည့်နေရာမှ.....





''ရော်...ကိုယ့်လမ်းကိုယ်မသွားဘဲ ဝင်ပြီးရှုပ်ချင်တဲ့သူပဲ၊ ဒင်းအိမ်မှာ အခေါင်းအပိုရှိတယ်နဲ့တူတယ်၊ အံပွားကျောက်ကြီးအကြောင်းကို မသိသေးရှာပဲကိုး၊ ကျွတ်..ကျွတ်..ကျွတ်..ကျွတ်..''

''တော်...တိတ်...ကျောက်ကြီးသော၊ ကျောက်သေးသောနားမလည်ဘူး၊ နင်တို့မဆုတ်ဘူးဆိုရင် ငါတက်လာပြီ၊ ခံနိုင်ရင်ခံပေရော့''

စုတ်သပ်ရင်း ဓားရှက်ပြားကြီးကိုလက်နှင့်သပ်ကာ မခန့်လေးစားပြောနေသည့် အံပွားကျောက်ကြီးထံသို့ မြင်းပေါ်မှလွှားခနဲခုန်ဆင်းလိုက်ပြီး ရုတ်တရက် ဓားနှင့်ဖျတ်ခနဲဝင်ပိုင်းလိုက်သည်။

''ဟိုင်း...ဟား...''

''ဝုစ်...ဝုစ်...''

လျှင်လိုက်သည့်ဓားကွက်။ မြင်းပေါ်မှလွှားခနဲခုန်ဆင်းလိုက်သည်ကို အံပွားကျောက်ကြီးအာရုံရောက်သွားစဉ် ကပ်၍ပါလာသည့်ဓားတစ်စင်းက သူ၏ဇက်ပေါ်သို့ ဖျတ်ခနဲကျလာသည်။

''ဟာ...''

''ထန်း...ထန်း...''

မြန်ဆန်လှသောဓားချက်ကြောင့် အံပွားကျောက်ကြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ဆက်ရက်ခုန်,ခုန်၍ ဆုတ်လိုက်ရသည်။ ချက်ချင်းပင် ကျောက်ကြီး၏လှူနှစ်ယောက်က သူ၏ဆံရာဘက်မှဝင်၍ကူလာကြသဖြင့် ငဖြိုးမနေသာတော့ဘဲ ကြားမှဖြတ်၍တိုက်ခိုက်ရတော့သည်။

''ဟေး...ဟိုင်း...''

''ထန်း...ထန်း...ချွမ်း...''

နွားလှည်းပေါ်မှ မိန်းမပျိုလေးများက လှည်းပေါ်တွင်ကုပ်ကုပ်လေးစု၍ထိုင်လျက် ကြောက်လန့်တုန်ရင်နေကြပါချေပြီ။ နွားလှည်းမောင်းသမားက အားကိုးရသည်ထင့်။ ဘယ်အချိန်ကလစ်ပြေးသွားသည်မသိ။ နွားလှည်းပေါ်တွင် မရှိပါလေတော့။

''ရော်...ရာရာစစ ဓားပြကောင်တွေက ပြန်ပြီးခုခံတိုက်ခိုက်နေရတယ်လို့၊ ကိုင်း...ဒီလောက်အရဲကိုးတဲ့သူတွေ...ဟိုင်း...''

မောင်သီဟမှာ ဓားပွဲကိုအရှည်မခေါ်တော့။ လူဆိုးဓားပြကောင်များနောင်ကျဉ်သွားစေရန် အံပွားကျောက်ကြီးကို သဲသဲမဲမဲဖိ၍တိုက်ဟန်ပြုလိုက်သည်။

''ဝှစ်...ဝှစ်...ထန်း...''

''ချွမ်း...ချွမ်း...ထန်...''

မောင်သီဟ၏ အရှိန်မြှင့်လိုက်သည့်ဓားရေးကြောင့် အံပွားကျောက်ကြီးမှာ သွေးပျက်စပြုလာ၏။ တပည့်တပန်းများရှေ့မှ





ထိန်း၍တောင့်ခံနေပါသော်လည်း ကြာရှည်တွင် မလွယ်ကူလှ။ ထိုစဉ်.....

''ယား...''

''ဖြန်း...ဖြန်း...''

''အား...အား...နာလှချည်ဗျ''

ဝဲယာနှစ်ဖက်ညှပ်၍ ပြေးဝင်တိုက်ခိုက်လာသည့် ကျောက်ကြီး၏တပည့်နှစ်ဦးဓားချက်များကို ငှဲ့စောင်းရှောင်ထွက်လိုက်ပြီး လွန်သွားသည့်ကျောပြင်ပြောင်ပြောင်ကြီးများပေါ်သို့ မောင်သီဟက ဓားအပြားလိုက်ဖြင့်ရိုက်ချလိုက်သည်။

''အား...အမယ်လေးဗျ''

တပည့်ဖြစ်သူဓားပြနှစ်ယောက် မောင်သီဟ၏လက်ချက်ဖြင့် လှည်းလမ်းကြောင်းအတွင်းဝယ် အရုပ်ကြိုးပြတ်မှောက်ခုံကြီး ဝုန်းခနဲပစ်ကျသွားသည်မို့ ကျောက်ကြီးမှာ ထိတ်လန့်တုန်ယင်သွားသည်။

တစ်ဖက်တွင် ငဖြိုးကလည်း ပိန်ကပ်ကပ်ဓားပြတစ်ကောင်ကိုဓားရေးငင်ရင်းတိုက်ခိုက်နေသည်မို့ အေးအေးသာသာပင်ရှိနေပါ၏။ ထိုအချိန်တွင် အံပွားကျောက်ကြီးမှာ အမောဖောက်စပြုနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်…

မြွေဟောက်တစ်ကောင်နှယ် လျှောတိုးဝင်လာသည့် မောင်သီဟ၏ဓားချက်ကို ထိတ်လန့်တကြားခုန်ရှောင်ထွက်လိုက်စဉ် လေးလံစပြုနေပြီဖြစ်သောခြေတစ်ကွက် ခြေချော်ထွက်သွားသည်နှင့်…

''ဟိတ်…''

''ဝုစ်…ရှမ်း…''

''အား…''

မောင်သီဟ၏ဓားချက်က ကျောက်ကြီး၏ဓားကိုင်လက်ကိုရှပ်၍ထိသွားသည်မို့ အဲ့ပွားကျောက်ကြီး ဓားလွတ်ကျသွားသည်။ တစ်ချိန်တည်းမှာပင် ထိတ်လန့်တကြားဟစ်အော်လိုက်ရင်း မောင်သီဟမျက်နှာကို ချောက်ချားစွာကြည့်လိုက်ပြီး သွေးစိမ်းရှင်ရှင်ထွက်နေသည့်ဓားဒဏ်ရာကို လက်ဝါးနှင့်အုပ်ကာ နောက်ပြန်လှည့်၍ပြေးထွက်သွားပါတော့သည်။

ခေါင်းဆောင်လုပ်သူ တစ်ချိုးတည်းလစ်ပြေးပြီမို့ ယယ်သားများမှာလည်း တစ်ဦးကိုတစ်ဦးဆွဲခေါ်ထိန်းယူကာ တောအုပ်အတွင်းသို့ ပြေးဝင်သွားကြပါချေပြီကော။ ယခုတော့ နေဝင်ဆည်းဆာအောက်ဝယ် နွားလှည်းတစ်စီး၊ မိန်းမသားသုံးယောက်နှင့် မောင်သီဟတို့သာ ငူငူကြီးကျန်ရစ်ခဲ့ပါတော့သည်။





''ကျေး…ကျေးဇူးတင်လိုက်တာကွယ်၊ မောင်မင်းကြီးသားတို့…ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ မောင်တို့သာရောက်မလာခဲ့ရင် ပစ္စည်းရော၊ ဟို…လူ…လူပါ ဒုက္ခရောက်မှာ၊ မလွယ်ပါဘူးကွယ်''

မိန်းမကြီးတစ်ဦး၏စကားသံကြောင့် မောင်သီဟ လှည်းထက်သို့အကြည့်တစ်ချက်ဝဲသွားပါ၏။ ထိုအကြည့်တစ်ချက်သည် တစ်နေရာတွင်ရပ်တန့်သွားသည်။ ထိုနေရာမှ မျက်လုံးအကြည့်ကလွှဲဖယ်မရပါလေတော့။

အသားဝါဝါ၊ မျက်နှာသွယ်သွယ်၊ ပါးအို့လေးများကနီနီရဲရဲ၊ ဆံပင်ကိုနောက်တွဲထုံးလျက် အရည်ကြည်လဲ့နေသည့်မျက်လုံးလေးတစ်စုံနှင့် ထူးထူးခြားခြားလှနေသည့်မျက်နှာလေးမှ မောင်သီဟမည်သို့မျှလွှဲဖယ်၍မရဖြစ်နေပါ၏။

ဖျဉ်အင်္ကျီအမည်းအောက်မှ စွင့်စွင့်မို့မို့ရှိသည့်ရွှေရင်အုံလေးက ထိတ်လန့်မှုမပြေသေးဟန်ဖြင့် နိမ့်ချည်၊ မြင့်ချည်နှင့်။ ကျဉ်သေးသောခါးနှင့် အထက်ဆင့်နီမဲထမီအောက်မှ စွင့်ကားသောတင်ပါးနှင့် တောင့်တင်းအချိုးကျသောအောက်ပိုင်းအလှများက မောင်သီဟလိုလူပျိုရိုင်းလေးကို ညို့ငင်ဆွဲယူနေသည်သို့…။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးကတော့ ထူးခြားသည်။ မောင်သီဟလိုမဟုတ်။ ထို မိန်းမချောလေးကို တစ်ချက်မျှသာစူးစူးရဲရဲကြည့်လိုက်ပြီး ဆတ်ခနဲမျက်နှာထားတင်းတင်းနှင့် မျက်နှာလွှဲသွားသည်။

''ဩော်...ဒီကအမိကြီးတို့က ဈေးပြန်ထင်တယ်၊ နောက်အကျသားနော်၊ ခေတ်ကာလက သိပ်ကောင်းတာမဟုတ်တော့ သည့်ထက်စောပြီးပြန်ကြမှပေါ့''

''အေးကွယ်...ဝယ်စရာ၊ ချမ်းစရာလေးတွေကများသွားတော့ ဈေးမှာလှည့်ရင်းနဲ့ ကြန့်ကြာသွားရတာပါ၊ ဒါထက် မောင်တို့က ဘယ်ရွာကလဲ၊ နာမည်တွေကရော ဘယ်လိုခေါ်ကြသလဲဟင်၊ ကိုယ့်ရဲ့ကျေးဇူးရှင်တွေမို့ အချိန်ရရင် ရွာကိုလိုက်ခဲ့ကြပါဦး''

အသက်ကြီးကြီးမိန်းမကြီးက ပဋိသန္ဓာရစကားဆိုနေသည့်တိုင် မောင်သီဟအကြည့်က မိန်းမချောလေးထံမှမခွာသေး။ ဖြိုးက တဒင်္ဂတောင်နှင့်မသိမသာတွက်လိုက်မှသာ မောင်သီဟ သတိဝင်လာသည်ထင့်။

''ဩော်...အင်း...ကျွန်တော်တို့က ပေပင်မော်ရွာကြီးကပါ၊ ထန်းတစ်ပင်ရွာဘက်ကပြန်လာကြရင်း ဟို...အမိကြီးတို့လှည်းကို ဓားပြလူဆိုးတွေဝိုင်းနေတာတွေ့လို့ ဝင်ပြီးဟန့်တားပေးခဲ့တာပါ၊





ကျွန်တော့်နာမည်က မောင်သီဟပါ၊ သူကတော့ ဖြိုးလို့ခေါ်ပါတယ်''

''အင်း...အားနာစရာတော့ကောင်းနေပြီ၊ ဟောဒါက နော်ဇာတဲ့၊ ကျုပ်နာမည်ကတော့ ဒေါ်နက်ထယ်၊ ဟိုဘက်က မိန်းမကတော့ မယ်ရှင်တဲ့၊ ဟိုကမြင်နေရတဲ့ ညောင်မုတ်ဆိတ်ရွာမှာနေကြတယ်လေ၊ ဟို...ဟို...အစ်မကြီးတို့ကို ဖြစ်နိုင်ရင် ဒီ...ဒီနွားလှည်းမောင်းတဲ့သူ...မ...မရှိတော့လို့ ဟို...ဟို...ရွာအထိ လိုက်ပို့ပေးလို့ ရ...ရမလားမောင်မောင်သီဟ...''

''အို့...ဒေါ်လေးနက်ကလည်း... ဓားရေးချင်းယှဉ်ပြီးလည်း ကယ်ရသေး၊ ဟို...ဟို...လှည်းမောင်းပြီးလည်းလိုက်ပို့ခိုင်းနဲ့ အား.. အားနာစရာကြီး...''

မောင်သီဟတစ်ယောက် ရေငတ်တုန်းရေတွင်းထဲကျဆိုသကဲ့သို့ ခေါင်းညိတ်လက်ခံစကားပြောဆိုရန်ကြံရွယ်လိုက်စဉ် ဖြိုးက လက်မောင်းကိုဖျစ်ညှစ်ဆုပ်ကိုင်လိုက်သဖြင့် လှည့်ကြည့်လိုက်စဉ်.....

''အင်း...ဟုတ်ပါ့ကွယ်၊ အစ်ကိုတို့ကလည်း လိုက်ပို့ပေးချင်တာပေါ့၊ ဒါ...ဒါပေမယ့်...''

ဖြိုးစကားမဆုံးလိုက်ပါ။ တောစပ်ခြုံနွယ်များအောက်မှ



www.burmeseclassic.com

www.burmeseclassic.com



လှည်းမောင်းသမားသတ္တိရှင်ကြီး လေးဘက်ထောက်၍ ရှုံ့မဲ့ကာ ထွက်လာသည်ကိုတွေ့လိုက်ကြရပါလေ၏။

"အား...အီး...ခါ...ခါချဉ်တွေကိုက်လိုက်တာ မနည်းကြီး အောင့်ခံနေရတယ်၊ ကျွတ်...ကျွတ်...ကိုင်း...လာ...လာ...လှည်း ပေါ်တက်ကြ၊ ဟိုစားပြကောင်တွေထပ်ပြီးလာရင် မလွယ်ဘူး နက်ထယ်ရေ..."

"ဩော်...သတ္တိရှင်သူရဲကောင်းကြီးဖိုးတော၊ ဟင်...ငါတို့ မိန်းမသားတွေကိုပစ်ပြီး နင်ထွက်ပြေးရဲတယ်နော်၊ နေနှင့်ဦးပေါ့ ဖိုးတောရယ်၊ ရွာကျမှတွေ့မယ်၊ ကဲ...မောင်သီဟတို့...အမိကြီးတို့ သွားတော့မယ်နော်"

သည်တော့မှ နော်ဇာဆိုသည့်မိန်းမချောလေးက မောင် သီဟကို ရှက်ရွံ့အားနာစွာကြည့်ရင်းမှ.....

"သွား...သွားလိုက်ပါဦးမယ်ကိုသီဟ၊ ဟိုလေ...ညောင် မုတ်ဆိတ်ရွာကိုရောက်ရင် နော်ဇာတို့အိမ်ကိုဝင်လာခဲ့ပါနော်"

မိန်းမချောလေး၏နှုတ်ဆက်စကားကို မောင်သီဟခေါင်း ညိတ်လိုက်သည်လေလား၊ ပြုံးလိုက်မိလေသလားမသိတော့။ သူ၏မျက်လုံးအစုံကမူ တရွေ့ရွေ့နှင့်မောင်းနှင်ထွက်ခွာသွားသည့် နွားလှည်းပေါ်မှမိုးနတ်သူဇာလေးထံသို့သာ ငေးစိုက်ကြည့်ရင်း ငူငူကြီးကျန်ရစ်ခဲ့ပါလေတော့သည်။





"ရှိ...ကိုသီဟ...တဆိတ်ကလေး လွှန်လွှန်းပြီထင်တယ် နော့"

ဖြိုးက မောင်သီဟ၏မြင်းကိုပါဆွဲခေါ်လာပြီး ယခုတိုင် ကျောက်ဆစ်ရုပ်နှယ်ငြိမ်သက်ငေးမောနေသည့် မောင်သီဟလက် မောင်းကိုဆွဲရမ်းကာ သတိပေးလိုက်သဖြင့် ကျောက်ရုပ်ကြီးထံမှ သက်ပြင်းချသံသဲ့သဲ့ကို မကြားချင်ဘဲကြားလိုက်ရသည်။

"ဟင်း...တယ်ပြီးချောတဲ့၊ လှတဲ့နတ်သမီးလေးပဲ၊ နာမည် ကလည်းလှမှလှ၊ ဟင်း...ဟင်း...နော်ဇာတဲ့လေ"

"အေး...အဲဒီသိပ်ချောသိပ်လှတဲ့ မိန်းကလေးတွေရဲ့ နောက်မှာ မမြင်နိုင်တဲ့အန္တရာယ်တွေကအများကြီးပဲကိုသီဟ၊ ဒါကြောင့် ကိုသီဟရဲ့သံယောဇဉ်ကြိုးလေးမရှည်ခင်မှာ ကျုပ် ဝင်ပြီးဖြတ်ပစ်လိုက်ရတာပေါ့"

မောင်သီဟမှာ ဖြိုးစကားအသွားအလာကြောင့် စောစော ကသူ၏လက်မောင်းကို ဖျစ်ညှစ်ကာသတိပေးဟန့်တားလိုက်သည် ကို သတိရသွားမိသည်။

"ဟင်...ဒါ...ဒါဆိုရင် စောစောက ဟိုကလိုက်ပို့ခိုင်းတာကို ငြင်းဆန်ဖို့သတိပေးလိုက်တာလားဖြိုး၊ ဟင်...ဘာဖြစ်လို့လဲ၊ နော်ဇာဆိုတဲ့မိန်းမလှလေးက ဘာတွေဖြစ်နေလို့လဲဖြိုး၊ ငါ့ကို မှန်မှန်ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



မောင်သီဟမှာ ယခုမှ နော်ဇာဆိုသည့်မိန်းမချောလေး၏ အကြောင်းကို ပို၍သိချင်စိတ်ကပြင်းပြလာသည်မို့ ငြိုးကိုသာ ဖိ၍မေးပါတော့သည်။ သို့တိုင်အောင် ငြိုးကအဖြေပေးရန် နောက်တွန့်နေသည်သို့...။

"ဘာလဲငြိုး...သူ့အဖေတွေ၊ အစ်ကိုမောင်တွေက စားရေးထက်ကြလို့လားဟင်...ဒီလိုဆိုရင် ငါတို့စားရေးကလည်း မညံ့ပါဘူးကွယ်"

"ဒီဟာကိုပြောတာမဟုတ်ဘူးကိုသီဟရဲ့"

"အေး...အဲဒါဆိုလည်း ဘယ်အရေးက စိတ်မအေးစရာရှိသလဲ၊ ငါ့ကိုပြောစမ်း"

ငြိုးက ဖွတ်ကြီးအတင်းအကျပ်မေးလာနေသည့်မောင်သီဟကိုကြည့်ကာ မဖြေချင်ဖြေချင်နှင့် ဖြေလိုက်၏။

"သြော်...ကိုသီဟရယ်...စားရေး၊ လုံ့ရေးလောက်နဲ့တော့ ဘယ်ပြောလိမ့်မလဲ၊ ကိုသီဟတို့သားအဖရဲ့စားက ဘယ်လောက်ထက်တယ်ဆိုတာ ကျုပ်အသိဆုံးပဲဟာ၊ အခုဟာက ကိုသီဟရဲ့အဖေစားစွမ်းလည်းမခံနိုင်၊ ကိုသီဟစားလောက်နဲ့လည်း မခံနိုင်တဲ့အန္တရာယ်မို့ ကျုပ်သတိပေးနေရတာ"





"ဒါဆိုရင် အဲဒီအန္တရာယ်က ဘယ်လိုအန္တရာယ်မို့လဲငြိုးရယ်"

မောင်သီဟက မျက်မှောင်ကြီးကုတ်ပြီးမေးလိုက်မှ ငြိုးတိုတိုတုတ်တုတ်ပင်ဖြေလိုက်သည်။

"နော်ဇာ့ရဲ့အဘွားဟာ စုန်းမကြီး..."

ငြိုး၏ မယုံကြည်နိုင်စရာစကားကြောင့် မောင်သီဟပါးစပ်အဟောင်းသားဖြစ်သွားသည်။ ထို့အတူ သူငေးမောကြည့်နေသည့် နော်ဇာတို့၏ရွာလှည်းလေးကလည်း သစ်ပင်ကြီးများရှိရာသို့ ချိုးကွေ့သွားပြီဖြစ်သဖြင့် မြင်ကွင်းမှပျောက်ကွယ်သွားခဲ့ပါပြီ။ ငြိုးက ငေးငိုင်ကာကျန်ရစ်ခဲ့သည့်မောင်သီဟကို မသိမသာအကဲခတ်လိုက်ရင်း

"အင်း...စုန်းမှ ရိုးရိုးတောင်မဟုတ်ဘူး၊ ဆယ့်နှစ်ကြိုးတတ်တဲ့ဇော်ဂနီမတဲ့၊ သူ့အဘွားကို တစ်ရွာလုံးကမုန်းနေကြတာ၊ ဒါပေမယ့် ဘာမှမပြောရဲကြဘူး၊ ရွံ့ကြောက်ကြီးကြောက်နေရတာ"

မောင်သီဟ ငေးငိုင်မြဲ၊ တွေမြဲတွေနေဆဲ။ သူ၏မြင်းကြီးကတော့ အမြီးတရမ်းရမ်း၊ ဖက်တမော့မော့၊ ခွာတရှပ်ရှပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ အတန်ကြာမှ မည်သည့်စကားမျှမဆိုတော့ဘဲ ချာခနဲ မြင်းခေါင်းကိုလှည့်ကာ ပေပင်မော်ရှာကြီးဘက်သို့စိုင်းနှင်သွားပါလေ၏။ ငဖြိုးက နောက်မှ မြင်းကိုအသော့နှင်လျက် မောင်သီဟနောက်မှ ထပ်ချပ်မကွာလိုက်ပါသွားပါလေတော့သည်။

အခန်း(၁၉)

## 'ဇော်ဂနီမျိုးမို့ အချစ်တိုးလေသလား'

သစ်ပင်ဝါးပင်များကြားမှ ထိုးဖောက်ဝင်ရောက်လာသော ၊ရောင်သည် မြူခိုးငွေ့များကြားမှ ခပ်ပါးပါးဖြန့်ကျက်လျက် သစ်ပင်၊ သစ်ခက်၊ သစ်ရွက်တို့တွင် တင်ကျန်နေသေးသည့် နှင်းရည်၊ နှင်းဥလေးများကို တို့ထိရိုက်နမ်းကာ အေးစိမ့်စိမ့်ညခင်းတွင် ပျော်ဝင်လျက်ရှိပါ၏။

သည်နွေညကျမှ ညဉ့်နက်သည့်တိုင်မောင်သီဟတစ်ယောက် အိပ်စက်၍မရနိုင်သေး။ အမြင်အာရုံတွင် ညနေခင်းကတွေ့ဆုံ ခဲ့သောနော်ဇာဆိုသည့် မိန်းမပျိုလေးကို မြင်ယောင်နေသကဲ့သို့ အကြားအာရုံတွင် ငဖြိုး၏စကားသံများက ပဲ့တင်ထပ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



''နော်ဇာ့ရဲ့အဘွားဟာ စုန်းမကြီး...''

''နော်ဇာ့ရဲ့အဘွားဟာ စုန်းမကြီး...စုန်းမကြီး...''

ပွဲတင်ထပ်မျှကြားနေရသော ငဖြိုး၏စကားသံများက မောင်သီဟ၏စိတ်နှလုံးကိုညှိုးချုံးကျမှု နောက်ကျိတွေဝေစေသည်သို့...။

''စုန်းမှ ရိုးရိုးတောင်မဟုတ်ဘူး၊ ဆယ့်နှစ်ကြိုးတတ်တဲ့ ဇော်ဂနီမတဲ့''

မယုံကြည်နိုင်စရာပါ။ ဤမျှချောသော၊ လှသောမိန်းမပျို တစ်ယောက်သည် တစ်ရွာလုံးအော့နှလုံးနာမျှရွံ့ကြောက်ကြောက်နေရသောစုန်းမကြီးတစ်ယောက်၏မြေးဆိုသည်မှာ ဖြစ်နိုင်ပါအံ့နည်း။ ငဖြိုးက သည်ရွာတွင် သူ၏လူယုံသူငယ်ချင်း။ သူ၏မိဘနှစ်ပါးကလည်း ငဖြိုးနှင့်ဆိုလျှင် စကြဝဠာအနှံ့ခြေဆန့်စေဦးတော့ စိတ်ချသည်။ စိတ်ချရလောက်အောင်လည်း ငဖြိုးကသစ္စာရှိသည်။ ရိုးသားသည်။ ဖခင်ဖြစ်သူဗိုလ်တောက်ထိန်၏ အနွေဝါသတပည့်ရင်းတစ်ယောက်လည်းဖြစ်သည်မဟုတ်ပါလား။

ဗဟုသုတအမြင်နှင့် ကြားဖူးနားဝများအရဆိုလျှင်တော့ ကဝေ၊ ရွာသူ၊ စုန်း၊ အမှောင့်ပယောဂများနှင့် အပင်းလျှို၊ ဓာတ်ရိုက်၊ ပူးသွင်း၊ အင်းမှော်၊ အပ်စိုက်စသည်များကို နှံ့နှံ့စပ်စပ်





သိခဲ့ကြားခဲ့ဖူးပါသော်လည်း ကိုယ်တိုင်ကိုယ်ကျမှု တစ်ကြိမ်တစ်ခါ မကြုံဖူး၊ မတွေ့ဖူးသေးပါ။ တစ်ဆင့်စကားတစ်ဆင့်နားဖြင့်သာ ကြားသိခဲ့ရဖူးသဖြင့် ယုံကြည်ခြင်းနှင့်မယုံကြည်ခြင်းတို့တွင် မယုံကြည်သည့်ဘက်ကပို၍များနေ၏။

သို့သော် မယုံကြည်ကြောင်းကိုတော့ ထင်ထင်ပေါ်ပေါ် မပြောတတ်ပါ။ ဤကိစ္စများမှာ ဘုရားဟောမဟုတ်။ လောကီသက်သက်မျှဖြင့်သာဖြစ်သည်မို့ မှန်ကန်သည်ဟုယူဆရန်ခဲယဉ်းလှပါ၏။ ဤကဲ့သို့သောလူမျိုးနှင့်မှ စုန်းမျိုး၊ စုန်းနွယ်ဟူသောမိန်းမချောလေး ကြုံခဲ့ဆုံခဲ့ရသည်။ ကြုံရုံ၊ ဆုံရုံမျှဆိုလျှင် တော်သေးသည်။ ယခု မောင်သီဟမှာ ကြုံရုံဆုံရုံမျှနှင့်မတင်းတိမ်မရောင့်ရဲနိုင်။ ရေ့တက်၍ သံယောဇဉ်နှောင်ကြိုး ချည်နှောင်ချင်နေသဖြင့် အခက်ကြုံနေရပါလေ၏။

''အို...ဘာပဲဖြစ်ဖြစ်...နော်ဇာ့ကိုတော့ ငါမတွေ့ရမနေနိုင်ဘူး၊ မနက်ဖြန် ထန်းတစ်ပင်ရွာသွားရင်း နော်ဇာ့ဆီလှည့်ပြီးဝင်ရမယ်၊ အင်း...ငဖြိုးက နော်ဇာနဲ့ပတ်သက်ရင် ခပ်ကင်းကင်းနေချင်ပုံရတယ်၊ အင်းလေ...သူ့ကိုပဲ ချော့မော့ပြီးစည်းရုံးရမှာပဲ''

ထိုညက မောင်သီဟတစ်ယောက် အိပ်စက်၍မရပါ။ ဘယ်လူးညာလိမ့်နှင့် စုန်းမ၊ဇော်ဂနီသံသရာထဲတွင် တဝဲလည်



www.burmeseclassic.com

www.burmeseclassic.com



လည်နှင့်။ နောက် မိုးလင်းလုကာနီးအရုဏ်နီးမှပင် မေးခနဲအိပ်ပျော်သွားပါလေတော့သည်။

နောက်တစ်နေ့နံနက်သို့ရောက်သည်နှင့် သူ၏ဖခင်ကြီးပိုလ်တောက်ထိန်နှင့်အတူ ပေပင်မော်ရွာရေး၊ ရပ်ရေးကိစ္စများကို လုပ်ကိုင်ခဲ့ပြီး နေ့လည်ခင်းသို့ရောက်သည်နှင့် ရေမိုးချိုးကာ မြင်းကိုပြင်တော့သည်။ မောင်သီဟမှာ ဖခင်ကြီးနှင့်အတူ ထန်းတစ်ပင်ရွာ၊ ဝါးဖြူကုန်းရွာများမှ ကာလသားလူရွယ်များအား ဓားရေး၊ လှံရေးနှင့် ကိုယ်လုံပညာရပ်များကို နေ့စဉ်လိုလိုသွားရောက်၍ သင်ကြားပြသပေးနေကြရသည်မဟုတ်ပါလား။

တစ်ခါတစ်ရံ ဖခင်ကြီးမအားလပ်ခဲ့လျှင် ငဖြိုးနှင့်မောင်သီဟတို့ သွားရောက်၍ လေ့ကျင့်ပြသပေးရသည်။ မောင်သီဟကံကောင်းချင်တော့ ဤရက်ပိုင်းတွင် ဘာကြောင့်မှန်းမသိ ဖခင်ဖြစ်သူပိုလ်တောက်ထိန်တစ်ယောက် ခရီးယာယီများနေခြင်းကြောင့် ထိန်တစ်ပင်သို့ မောင်သီဟနှင့်ငဖြိုးတို့ သွားရောက်နေကြရခြင်းဖြစ်သည်။ နတ်သမီးလေးနော်ဇာနှင့်တွေ့ရှိခဲ့ရခြင်းမှာလည်း ထန်းတစ်ပင်ရွာလေ့ကျင့်ကွင်းမှအပြန် တွေ့ခဲ့ကြခြင်းဖြစ်ပါ၏။

တကယ်တော့ မောင်သီဟသည် ဖခင်ပိုလ်တောက်ထိန်၏ ကြံ့ခိုင်သောကိုယ်ခန္ဓာအဆစ်အပေါက်နှင့် မိခင်ကြီးရှင်ငြိမ်း





မယ်၏မျက်နှာအကျအလှတို့ကို အချိုးကျမျှတစွာခံယူခဲ့လေသည်ထင့်။ မောင်သီဟမှာ လူချော၊ လူလှတစ်ယောက်ဖြစ်သည်။ ဖခင်ကြီး၏အမွေဖြစ်သော ဓားရေး၊ လှံရေးကို အရွယ်ငယ်ငယ်နှင့်ပင် ကျွမ်းကျင်စွာခံယူတတ်မြောက်ခဲ့ပါ၏။ တိုင်းရေးပြည်ရာအခြေအနေကြောင့် ပေပင်မော်ဟူသောရွာငယ်လေးတွင် မိသားတစ်စု ဇာတ်မြုပ်၍နေကြရသည့်တိုင် နန်းမူ၊ နန်းဟန်နှင့် နန်းသွေးတို့မပျောက်ချင်။ မိခင်ကြီးရှင်ငြိမ်းမယ်နှင့် ညီမဖြစ်သူမြရည်နန္ဒာတို့အား ဂရုတစိုက်စောင့်ရှောက်ရင်းမှ နောက်ထပ်စောင့်ရှောက်ရမည့်သူ(စောင့်ရှောက်ချင်သူ)တစ်ယောက်ကို အမှတ်မထင်တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။

အောက်တွင် ငဖြိုးက မြင်းများကိုပြင်ထားပြီးပြီမို့ မောင်သီဟက ချိတ်ထားသည့်ဆောင်ဓားကိုဖြုတ်ယူကာ အောက်သို့ဆင်းရန်လှည့်လိုက်စဉ်.....

"ဟဲ့...သားကြီးမောင်သီဟ...ဘယ့်နှယ် စောစောစီးစီး နေ့ခင်းကြောင်တောင် ဓားကြီးလွယ်လို့ ဘယ်ကိုသွားမလို့လဲသား..."

"ဟင်...ဟို...ဟို...ဩော်...ထန်းတစ်ပင်ရွာကိုလေ၊ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခါတိုင်းလည်းသွားနေကျပဲဟာ၊ အထူးအဆန်းလုပ်ပြီး မေးနေသေးတယ်''

လှေကားထိပ်မှတက်လာသည့်မိခင်ကြီးနှင့် တည့်တည့်တိုးနေသည့်မောင်သီဟမှာ ရုတ်တရက်မို့ အထိတ်တလန့်ပင်ဖြစ်သွားပါ၏။ ပြီးမှသာ ထန်းတစ်ပင်သို့သွားရန်ဖြစ်ကြောင်း မိခင်ရှင်ငြိမ်းမယ်အားပြောလိုက်သည်။

''အင်း...ငါ့သားကြီးလည်း မေမေ့ကိုမလိမ်တတ်ဘဲနဲ့ လိမ်ညာနေပြန်ပါပြီ၊ ခါတိုင်း ထန်းတစ်ပင်ကိုသွားဖို့ဆိုရင် ဖင်ရွှေ့၊ ခေါင်းရွှေ့နဲ့ ညနေစောင်းလောက်မှ မနည်းကြီးလွှတ်နေရတာ မေမေအသိပဲလေ၊ အခုကိစ္စက နေ့လည်နေ့ခင်းကြီးပဲရှိသေးတယ်လေ၊ နောက်ပြီး ငဖြိုးက အောက်မှာမြင်းတွေပြင်ပြီးစောင့်နေတာကြာပေါ့၊ အဲဒါကိုမှ အထူးအဆန်းလို့မခေါ်ရင် ဘာကိုခေါ်ရမလဲသားကြီး..ဟင်..မေမေ့ကိုမှန်မှန်ပြောစမ်း၊ ငါ့သားမှာ ရည်းစားသနာတွေဘာတွေများတွေ့နေပြီလား''

''ဟာ...မေမေကလည်း... မဟုတ်တာတွေပြောရောမယ်၊ ကိုင်း...သွားပြီမေမေရေ...''

မိခင်ကြီး၏မျက်နှာကို မောင်သီဟမကြည့်ရဲတော့။ ဆောင်





တားကိုလွယ်ကာ အိမ်ပေါ်ထပ်မှခပ်သွက်သွက်ဆင်းလာခဲ့ပါတော့သည်။ တစ်ခုတော့တွေးနေမိသည်။ မိခင်ကြီး၏အမြင်တွင် သူ၏သွင်ပြင်က တကယ်ပင်ထူးထူးခြားခြားဖြစ်နေလေသည်လားဆိုသည်ကိုတော့...။

www.burmeseclassic.com

www.burmeseclassic.com

ထန်းတောအုပ်အတွင်းမှာတော့ ထန်းပင်တွေစီစီရီရီနှင့်။ နေရောင်ကို ထန်းပင်ထန်းရွက်များက ကာမိုးပေးထားသည်မို့ ထန်းတောထဲမှာလမ်းကျောလေးသည် နေပူဒဏ်သိပ်မခံရရှာ။ ထိုလမ်းကျောဖုံဖုံလေးအတိုင်း မောင်သီဟနှင့်ငြိုးတို့ မြင်းကိုယ်စီစီးနင်း၍ ဝင်ရောက်လာခဲ့ကြသည်။

''ရွာအပြင်ကထန်းတောကိုမေးလိုက်ရင် နော်ဇာတို့အိမ်ကိုလိုက်ပြလိမ့်မယ်''

ထန်းတစ်ပင်ရွာမှ ဦးကြီးတစ်ယောက်၏လမ်းညွှန်စကားအတိုင်း ထန်းတဲသို့ဝင်ရောက်၍မေးမြန်းကြသည်။ ထန်းတဲမှ ထန်းသမားလူရွယ်၏နောက်ဆုံးလမ်းညွှန်မှုဖြင့် နော်ဇာတို့အိမ်လေးရှိရာသို့ မောင်သီဟတို့ရောက်လာကြသည်။





နော်ဇာတို့အိမ်မှာ သက်ကယ်မိုး၊ အင်ဖက်ကာနှင့် တဲကုပ်ကလေးဖြစ်သည်။ ထူးခြားသည်မှာ ရွာ၏စည်းအတွင်းဝယ်မရှိဘဲ ရွာအပြင်ကျကျရှိ ယာခင်းတစ်ခင်း၏အလယ်တွင် တည်ရှိနေခြင်းပင်တည်း။ ယာခင်းလေးက နေချင့်စဖွယ်ပင်။ ငှက်ပျောပင်စိမ်းစိမ်းလေးများက လေတွင်တဖျပ်ဖျပ်ရိုက်ခတ်နေကြသည်။ ပဲ၊ ရှောက်၊ ခရမ်းစသည့် သီးပင်စားပင်လေးများက သပ်သပ်ရပ်ရပ်၊ စိမ်းစိမ်းစိုစိုနှင့်။

မောင်သီဟတို့ ခြံဝရောက်တော့ တိုက်တိုက်ဆိုင်ဆိုင်ပင် ကြီးမားသောလင်းတငှက်ကြီးတစ်ကောင်ကို အစာကျွေးနေသည့် အဘွားအိုကြီးတစ်ယောက်ကို ပြုန်းခနဲတွေ့လိုက်ကြရသည်။ တစ်ချိန်တည်းမှာပင် မောင်သီဟရော၊ ငြိုးပါမြင်းထက်မှဆင်းလိုက်ကြ၏။

''ဟို..ဟို...နော်ဇာ...နော်ဇာရှိပါသလားအမေကြီး၊ နော်ဇာ့ကိုတွေ့ချင်လို့လာခဲ့တာပါ''

အဘွားကြီးက ဧည့်သည်မျက်နှာစိမ်းနှစ်ယောက်ကိုမြင်တွေ့လိုက်ရပြီး သမီးဖြစ်သူ၏အမည်နာမကိုမေးမြန်းနေသဖြင့် မောင်သီဟနှင့်ငြိုးတို့အား စူးစူးရဲရဲစိုက်ကြည့်လိုက်သည်။

စစချင်းဆောက်နှင့်ထွင်းဆိုသကဲ့သို့ တွေ့မြင်လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းကြောင့် မောင်သီဟာပင်ကျောချမ်းသွားသယောင်။ အဘွားကြီးမှာ ဖျင်အနက်ထမီကို ရင်လျားဝတ်ဆင်ထားပြီး အသားအရည်များက ခြောက်သွေ့ပိန်လှီနေ၏။ ပခုံးရိုးများက အပြင်သို့ငေါထွက်တော့မယောင်နှင့်။ ခြေသလုံးကြွက်သားများက မရှိကြတော့။ လက်ချောင်းမည်းညစ်ညစ်များမှာ ရှည်လျားသေးသွယ်လျက် လက်သည်းခြေသည်းများမှာရှည်ပြီး မည်းညစ်နေကြသည်။ ဆံပင်များကဖြူဖွေးနေပြီး ထိပ်တည့်တည့်တွင် ကြက်ရိုးကြီးတစ်ချောင်းထိုး၍ သျှောင်ထုံးသေးသေးလေးထိုးထားသည်မှာ လွန်စွာမှအကြည့်ရဆိုးလှပါ၏။ မေးရိုးပါးရိုးများကျလျက် ပါးစပ်တွင်သွားများကျိုးနေသကဲ့သို့။ ဆိုရပါမူ အရိုးငေါငေါထွက်နေသည့်ဒူးနှစ်လုံးကိုထောင်ကာထိုင်၍ အစာကျွေးနေသည့်အဘွားကြီးမှာ သူ၏ကြီးမားလှသော လင်းတ,တစ္ဆေကြီးနှင့်အပြိုင် အရုပ်ဆိုးလွန်းလှပါတော့သည်။

သို့သော် အရာအားလုံးထက်အထူးခြားဆုံးမှာကား အဘွားကြီး၏မျက်လုံးများပင်တည်း။ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ မျက်လုံးများက မှိန်ရီဖျော့တော့နေရမည့်အစား အရောင်တဝင်းဝင်းလက်နေခြင်းပင်ဖြစ်၏။ ပြောင်ဝင်းစူးရှနေသည့် စူးစူးရဲရဲမျက်လုံးများနှင့်သာစိုက်ကြည့်ခံလိုက်ရမည်ဆိုလျှင် နဂါးမျက်စောင်းနှယ် မီးဟုန်းဟုန်းတောက်ကာ ပြာကျသွားလေမည်လား။





"နော်ဇာရဲ့အဘွားဟာ စုန်း...မ...ကြီး..."

တစ်ချိန်တည်းမှာပင် သူ့အားကြိုတင်၍ပြောခဲ့သောငဖြိုး၏စကားသံကြီးကို နားထဲတွင် ကျယ်လောင်စွာကြားလိုက်ရသလိုလို။

"မင်း...တို့က...ဘယ်သူတွေလဲ၊ ဘယ်...က...လဲ"

ထိုစဉ်မှာပင် ဩရှရှအသံကြီးက အရွယ်နှင့်မမျှအောင် အဘွားအိုကြီးထံမှလိုလို၊ လင်းတကြီးထံမှလိုလို ကြားလိုက်ရသည်။

"ဟို..ဟို...ကျွန်တော်တို့က ပေပင်မော်ရွာကပါ၊ ကျွန်တော်က မောင်သီဟာ၊ သူက ငဖြိုးပါ"

"ပေ...ပင်...မော်ခက သီ..ဟာ..တဲ့လား"

အဘွားအိုကြီးထံမှ စကားပဲ့တင်သံနှင့်အတူ တုတ်ကောက်တောင်ဝှေးကြီးကိုထောက်ကာ ရုတ်ခနဲထရပ်လိုက်သည်။ ပြီးလျှင် မောင်သီဟာကို ခြေဆုံးခေါင်းဆုံး အပြန်ပြန်အလှန်လှန်ကြည့်လိုက်ပြီးမှ.....

"အိမ်း...လိုက်...ခဲ့...ကြ..."

အဘွားအိုက တစ်ခွန်းသာပြောပြီး ရှေ့မှထွက်သွားစဉ် လင်းတကြီးက ခြံတံခါးဝငုတ်တိုင်ထက်သို့ တောင်ပံခတ်သံ



www.burmeseclassic.com

www.burmeseclassic.com



တဖြန်းဖြန်းနှင့်ခုန်တက်သွားသည်ကို အသည်းယားစဖွယ်မြင်လိုက်ရ၏။ အဘွားအိုမှာ ရေတွင်းငယ်လေးရှိသည့်ယာခင်းဘက်သို့ တောင်ဝှေးသံတဒေါက်ဒေါက်နှင့်လျှောက်ဝင်သွားပြီး.....

''နော်ဇာ...နော်ဇာ...နင့်ညှော်သည်လာတယ်''

အဘွားအို၏ခြင်္သေ့ရုပ်အသံကြီးနှင့်အတူ ရေတွင်းနောက်ဘက်မှ နော်ဇာထွက်လာသည်ကို မောင်သီဟမြင်တွေ့လိုက်ရသဖြင့် ဒိတ်ခနဲရင်ခုန်သွားမိသယောင်။

''ဟင်...ကို...သီ...ဟ...''

ရေတွင်းမှရေသယ်၍ စိုက်ခင်းများရှိရာသို့ ဝါးရေတံလျှောက်မှတဆင့် လောင်းနေသည့်နော်ဇာမှာ မမျှော်လင့်ဘဲမောင်သီဟကိုတွေ့လိုက်ရသဖြင့် မျက်နှာလေးနီမြန်းကာ အိုးတိုးအမ်းတမ်းဖြစ်သွားသည်။

''ဟို...ဟို...ထန်းတစ်ပင်ရွာကနေ ဒီဘက်ကိုလှည့်ပြီးဝင်လာခဲ့တာပါ၊ အဲဒါ နော်ဇာ့ကိုတွေ့ရင်လည်းတွေ့၊ မတွေ့ရင်လည်း အိမ်ကိုသိရတယ်ဆိုပြီး ငဖြိုးနဲ့နှစ်ယောက်သားလာခဲ့ကြတာ၊ ဒီရောက်တော့ ထန်းသမားကြီးကိုမေးမြန်းပြီး ရောက်လာခဲ့ကြတာလေ''





''ဩော်...နော်ဇာအမြဲရှိပါတယ်ကိုသီဟ၊ အဲ...ဈေးသွားတဲ့နေ့ကလွဲရင်ပေါ့''

နှစ်ယောက်သား စကားပြောနေကြသဖြင့် အဘွားကြီးထွက်သွားသည်ကိုပင် သတိမထားလိုက်မိ။ ထို့နောက် တဲရှိရာသို့လျှောက်လာကြပြီး တဲအတွင်းသို့ဝင်လာခဲ့ကြသည်။ မကြာမီ နော်ဇာက သနပ်ဖက်ဆေးလိပ်နှင့် မီးခတ်စုံကို ကွမ်းဗန်းတွင်ထည့်၍ မောင်သီဟတို့ရှေ့သို့ချလာသည်။

''ဆေးသောက်ပါဦးကိုသီဟတို့''

ငဖြိုးက မောင်သီဟကိုကြည့်လိုက်သလို မောင်သီဟကလည်း ဘာစကားဆက်ပြောရမည်မသိ၍ ဆေးလိပ်ကိုကောက်၍မီးညှိနေလိုက်၏။

''ညှဉ့်ကမှ ပေပင်မော်ရွာအကြောင်းကို ဒွေးလေးနက်ထယ်ပြောပြလို့သိရတယ်၊ ကို...ကိုသီဟက ဟို...ဟို...သီပေါ်အရှင်ရဲ့ကိုယ်ရံတော်တပ်မှူးကြီးဗိုလ်တောက်ထိန်ရဲ့ သားပေါ့ဟုတ်လား၊ ဟိုလေ...ထန်းတစ်ပင်ရွာသားတွေကို ဓားရေး၊ လှံရေးသင်ကြားပေးနေတယ်ဆိုတာ ဟုတ်တာပေါ့''

နော်ဇာက ကြည်ရွှန်းလဲ့လဲ့မျက်ဝန်းအစုံနှင့် မောင်သီဟနှင့်ခပ်ကွာကွာတွင်ဝင်ထိုင်လိုက်ရင်း မေးမြန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို...အဲသလောက်လည်းမဟုတ်ပါဘူး၊ ကိုယ့်ရဲ့အဖေက အားလုံးဦးစီးပြီး သင်ကြားပြသပေးနေတာပါ၊ အရေးကြုံလာတဲ့အခါ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဌာနေကို ကာကွယ်စောင့်ရှောက်လို့ရတာပေါ့"

ထိုနေ့က နော်ဇာနှင့်အတန်ကြာမျှ ပေပင်မော်ရွာအကြောင်း၊ သူ့ဖခင်ဗိုလ်တောက်ထိန်အကြောင်းနှင့် ထန်းတစ်ပင်ရွာအကြောင်းတို့ကိုသာပြောဆိုလျက်ရှိကြပြီး မကြာခင်ပြန်ရန်ပြင်ဆင်ရပါတော့သည်။ တဲအဖီတွင် ချည်နှောင်ထားသည့်မြင်းနှစ်ကောင်ကို ငဖြိုးကဖြုတ်ယူနေချိန်တွင် မောင်သီဟတို့က ရေတွင်းစိုက်ခင်းဘက်မှကွေ့၍လျှောက်သွားကြရင်း ရေငင်နေသည့်အဘွားကြီးအား နှုတ်ဆက်လိုက်သည်။

"ကျွန်တော်တို့ပြန်လိုက်ပါဦးမယ်အမေကြီး"

"အိမ်း..."

အဘွားကြီးက လှည့်၍ပင်မကြည့်ဘဲ တိုတိုပြတ်ပြတ်ပင် ပြောလိုက်သည်။ နော်ဇာကမူ စကားတစ်လုံးမျှမဟတော့ဘဲ ခြံစည်းရိုးတံခါးဝအထိ မောင်သီဟနှင့်ယှဉ်တွဲ၍လျှောက်ရင်း လိုက်ပို့သည်။ ခြံတံခါးဝသို့ရောက်သည်တွင် ဂီးခနဲမြည်သံကြီး





တစ်ချက်နှင့်အတူ တောင်ပံခတ်သံတဖြန်းဖြန်းနှင့်လင်းတကြီးက မာန်စောင်မာန်တင်းလျက်။

ငဖြိုးက လင်းတကြီးကိုရှုံ့ရှာစက်ဆုတ်ဟန်ဖြင့် တစ်ချက်မျှကြည့်လိုက်ပြီး မောင်သီဟနှင့်အတူ မြင်းပေါ်သို့လွှားခနဲတက်လိုက်၏။ မောင်သီဟက ခြံတံခါးဝတွင်ရပ်လိုက်သည့်နော်ဇာအားငုံ့ကြည့်လိုက်ပြီး.....

"ပြန်တော့မယ်နော်ဇာ"

"ဟုတ်ကဲ့ပါကိုသီဟ၊ နောက် ရောက်ရင်ဝင်လည်ပါနော်"

နော်ဇာ့နှုတ်ဆက်စကားသံက မောင်သီဟ၏လှမ်းလက်စမြင်းညိုကြီးပင် ရပ်တန့်သွားစေသည်ထင့်။ မောင်သီဟမှာ ငဖြိုးနှင့်မြင်းချင်းယှဉ်သွားနေရာမှ နော်ဇာ့ကိုသုံးလေးကြိမ်မျှလှည့်ကြည့်မိသလို နော်ဇာကလည်း ခြံတံခါးတိုင်ကိုမှီလျက် မောင်သီဟထံသို့ ငေးစိုက်ကြည့်နေသည်ကိုမြင်တွေ့နေရ၏။

လမ်းချိုးအကွေ့ထန်းတောလမ်းသို့ ချိုးကွေ့ဝင်သွားမှပင် မောင်သီဟလှည့်မကြည့်တော့ဘဲ မြင်းကြီးကို ခေါင်းငိုက်စိုက်ချ၍ စီးနင်းလာခဲ့သည်။ ရင်ထဲမှာတော့ အမျိုးအမည်ခွဲခြားမရနိုင်သော ဝေဒနာတစ်ခုက တစ်ဆို့ကျန်ရစ်ခဲ့လေသည်လား။

ငဖြိုးကတော့ မောင်သီဟ၏ရင်တွင်းဝေဒနာကို အထင်းသား



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရ၏။ ရှေ့အနာဂတ်တွင် မည်သို့ဖြစ်လာမည်မသိသော ဤနှစ်ဦး၏ကံကြမ္မာကို ချင့်ချိန်တွက်ဆရင်း သက်ပြင်းမောကြီး တစ်ခုကိုသာ ကြိတ်၍ချလိုက်ပါတော့သည်။

## အခန်း(၂၀)

## 'အချစ်၊ အမုန်း၊ ပဋိပက္ခများနှင့် ရင်ဆိုင်ခြင်း'

လွမ်းရက်ကလေးတွေရှည်ကြာလာတော့ တွေ့ရက်ကလေးတွေစိတ်လာသည်။ တွေ့ရက်ကလေးတွေစိတ်လာတော့ ချစ်ရက်ကလေးများတိုးလာသည်။ ချစ်ရက်ကလေးများတိုးလာ၊ ခိုင်မာလာတော့ မောင်သီဟအဖို့ နော်ဇာ့မိခင် စုန်းမကြီး၊ ဇော်ဂနီမကြီး၊ ဆယ့်နှစ်ကြိုးမကြီးဟုသတင်းကြီးနေသည့် ဒေါ်ဇာယုကို သည်းမကြောက်တော့။

ယခုအချိန်မှာတော့ နော်ဇာ့ကိုချစ်ခဲ့မိသောအချစ်စိတ်က ရုန်းပင်လယ်ကိုဖြတ်၍ ဇော်ဂနီမီးတောင်ကိုကျော်လွှားကာ ဆယ့်နှစ်ကြိုးကဝေနှင့် နပန်းလုံးရ၊ လုံးရ သူမမှုတော့။ အရာအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ထက်အရေးကြီးသည်မှာ သူ၏ရင်ခွင်ကျယ်ကြီးထဲတွင် မှေးစက်ခိုဝင်နေသည့် ချစ်ရသူနော်ဇာလေးနှင့် ကိန္နရီချောင်းခြားဖြစ်မသွားစေရေးပင်တည်း။

ရင်ခွင်၌ အလိုက်သင့်ငြိမ်လျက် သနပ်ခါးနံ့တသင်းသင်းနှင့် နော်ဇာ့နဖူးဝင်းဝင်းလေးမှ ဆံနွယ်စလေးများကို ယုယစွာသပ်တင်ပေးရင်းမှ မောင်သီဟ ရွတ်ခနဲနမ်းရှိုက်လိုက်သည်။

"အယ်...အစ်ကိုကလည်း..."

နော်ဇာ ရှက်ရွံ့ဟန်လေးဖြင့် မောင်သီဟရင်ခွင်ထဲဝယ် မျက်နှာလေးကိုဝှက်ထားလိုက်သည်။ ရင်ခွင်တွင်းမှ နော်ဇာ့ကို တင်းကျပ်စွာဖက်ထားလိုက်ပြီး...

"နော်ဇာ..."

"ရှင်...အစ်ကို..."

"မင်းရဲ့အဘွားဟာ တကယ့်ကိုအများပြောကြသလို စုန်းမကြီးလားဟင်"

အမှတ်မထင်မေးလိုက်သည့် ချစ်သူမောင်သီဟအမေးကို ချက်ချင်းမဖြေသေးဘဲ တွေတွေလေးစဉ်းစားနေဟန်ပြုနေပါ၏။ အတန်ကြာမှ သက်ပြင်းယဲ့ယဲ့လေးချကာ...

"နော်ဇာမသိဘူးအစ်ကိုရဲ့"





၍ မောင်သီဟအံ့အားသင့်သွားသည်။ အများသူငါပြောဆိုနေကြခြင်းထက် သမီးရင်းမြေးရင်းက ပို၍သိရှိမည်ထင်သောကြောင့် ယခုကဲ့သို့ဘွင်းဘွင်းရှင်းရှင်းမေးလိုက်သည်ကို ချစ်သူနော်ဇာကလည်း ခပ်ရှင်းရှင်းနှင့်တိုတိုတုတ်တုတ်ပင် မသိပါဟု ငြင်းဆိုလိုက်သဖြင့် မောင်သီဟအံ့အားသင့်သွားခြင်းဖြစ်၏။

"ရော်...နော်ဇာ တကယ်မသိတာလား"

နော်ဇာမှာ ချစ်ရသူမောင်သီဟရင်ခွင်မှလူးလဲထကာ မောင်သီဟအား စူးစူးစေ့စေ့လေးကြည့်လိုက်သည်။ ပြီးမှ မျက်နှာလေးညှိုးငယ်စွာဖြင့်...

"နော်ဇာကတော့ အဘွားကို ဟုတ်တယ်လို့လည်းမထင်တတ်၊ မဟုတ်ဘူးလို့လည်းမထင်တတ်ဘူးအစ်ကို၊ အဘွားက သူ့ဟာသူ အထီးတည်းနေနေတာ"

"ဩော်...နော်ဇာလေးရယ်...ဒီလောက် တစ်အိမ်တည်းမှာ တစ်သက်လုံးအတူတူနေလာခဲ့ကြတာ၊ ရေးရေးတောင်မှ မတွေ့မိ မမြင်မိဘူးလားနော်ဇာရယ်"

ချစ်ရသူမောင်သီဟ၏အမေးစကားကြောင့် နော်ဇာ့ခမျာ သက်ပြင်းယဲ့ယဲ့ကိုသာ အသာအယာချလိုက်ပါ၏။ တဲအပြင် ယာခင်းဘက်ဆီမှ သစ်ရွက်လေတိုးသံနှင့် ချိုးကူသံသဲ့သဲ့က လေးလေးမှန်မှန်ထွက်ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအမေးစကားက အဖြေရအခက်ဆုံးပဲအစ်ကို၊ အဲ့ဒီ့အ‌ဘွား ရဲ့နေပုံ၊ ထိုင်ပုံ၊ ပြောပုံ၊ ဆိုပုံတွေက သူတကာထက်တော့ထူးခြားနေ တာအမှန်ပဲ၊ အချိန်မတော် အချိန်တော် အိမ်ကနေထွက်ချင် ထွက်သွားတတ်တယ်၊ ထမင်းစားချင်မှလည်းစားတယ်၊ အစ်ကို တွေ့တွေ့နေတဲ့ ခြံဝကလင်းတကြီးနဲ့လည်း စကားပြောချင်ရင် ပြောနေတတ်တယ်၊ တောထဲဝင်ပြီး ဆေးပင်၊ ဆေးမြစ်၊ ဆေးဥ တွေရှာပြီး ဆေးဖော်၊ ဆေးကျိုချင်လည်း ကျိုနေတာပဲ"

"အဲ...တစ်ခါတစ်ခါ နော်ဇာက မနေနိုင်လွန်းလို့ပြောဖူး တယ်၊ သူတကာတွေနဲ့ တစ်ရွာလုံးက အဘွားကို စုန်းမကြီးလို့ ပြောနေကြပြီ၊ အဘွားက အဲဒါကို ငါစုန်းမမဟုတ်ဘူးဟော့လို့ ငြင်းလိုက်ပါလားလို့ပြောတော့..."

"ဟဲ့...မြေးလေး...တစ်ရွာလုံးက ငါ့ကိုစုန်းမလို့သမုတ်ကြ တော့ရော ငါတို့တော်ထွာ၊ တစ်မိုက်လျော့သွားသလား၊ ဒါတွေက အရေးမကြီးဘူး၊ အရေးကြီးတာက မြေးလေးကို ဘယ်သူမှမစော် ကားရဲဖို့နဲ့ ငါတို့မြေးအဘွားနှစ်ယောက် အန္တရာယ်ကင်းကင်းနေ ထိုင်နိုင်ကြဖို့ပဲမဟုတ်လား"

"ဒါပေမယ့်အစ်ကိုရယ်...နော်ဇာ့အဘွားဟာ စုန်းဟုတ်ဟုတ် မဟုတ်ဟုတ်၊ ဇော်ဂနီဟုတ်ဟုတ် မဟုတ်ဟုတ်၊ နော်ဇာရဲ့အဘွား





ဟာအဘွားပါပဲ၊ ဘယ်သူတွေမုန်းမုန်း မမုန်းမုန်း နော်ဇာကတော့ ချစ်နေရမှာပဲအစ်ကို၊ အဘွားကိုချစ်တဲ့သူဆိုလို့ နော်ဇာတစ်ဦးပဲ ရှိတယ်မဟုတ်လား"

နော်ဇာပြောရင်းဆိုရင်း မျက်ရည်များပင်ရစ်ဝဲလာသဖြင့် မောင်သီဟက ကပျာကယာပွေ့ဖက်ကာ ချော့မြူလိုက်သည်။

"မငိုလိုက်ပါနဲ့နော်ဇာရယ်၊ အစ်ကိုလည်း နော်ဇာ့လိုပါပဲ၊ နော်ဇာရဲ့အဘွားဟာ သူတကာတွေစွပ်စွဲပြောဆိုနေကြသလို စုန်း ဟုတ်ဟုတ် မဟုတ်ဟုတ် အစ်ကိုတို့နဲ့မဆိုင်ဘူး၊ အရေးကြီးတာက နော်ဇာဆိုတဲ့ ဟောဒီချစ်သူအချောအလှလေးရှိနေဖို့ပဲ"

ထို့နောက်မှာတော့ ထိုကိစ္စနှင့်ပတ်သက်၍ မည်သူမျှမပြော ကြတော့ဘဲ နှစ်ကိုယ်တူတွေ့ဆုံခိုက်အချိန်ကလေးကိုသာ အပျော် အမောလေးများနှင့် ကုန်ဆုံးသွားစေပါတော့သည်။

ထိုနေ့က မောင်သီဟ ချစ်ရသူနော်ဇာ့ထံမှ နှုတ်ဆက်၍ ပြန်ထွက်လာတော့ အနောက်ဘက်ထန်းပင်ဖျားထက်တွင် ဝင်လု ဆဲနေလုံးနီနီကြီးက ချိတ်တွယ်ခိုနားလျက်ရှိပါချေပြီကော။

မကြာခင် နေဝင်ပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့သောအချိန်တွင်...

ပေပင်မော်ရွာမှ ဗိုလ်တောက်ထိန်၏လျို့ဝှက်တပ်သား တစ်ရာကျော်သည် ပေပင်မော်ရွာနှင့်အတန်ငယ်လှမ်းသည့် အလဲ တစ်ရာတောင်နှင့် တောအုပ်ထူထူတွင်ကျစ်လျစ်သိုသိပ်စွာစုစည်း၍ ဤဒေသတစ်ဝိုက်သို့ အခွန်အခများကောက်ခံရန်နှင့် နယ်မြေကွင်းဆင်းလှည့်လည်စစ်ဆေးသည့် အင်္ဂလိပ်စစ်ကြောင်းများအား အလျဉ်းသင့်သလို ခြုံခိုကာတိုက်ခိုက်လေ့ရှိသဖြင့် မြစ်ဝကျွန်းပေါ် တဝိုက်တွင် အတန်ငယ်သတင်းကြီးလာခဲ့၏။

သို့သော် ယင်းအဖွဲ့ကို အင်္ဂလိပ်စစ်တပ်များက တောနင်း၍ရှာဖွေတိုက်ခိုက်ကြသောအခါတွင်မူ လျို့ဝှက်တပ်သားများသည် တစ္ဆေကောင်များနှယ် ကြက်ပျောက်၊ ငှက်ပျောက်ပင်ပျောက်ကွယ်





သွားလေ့ရှိသဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးရရှိခဲ့ခြင်းမရှိသဖြင့် အင်္ဂလိပ်စစ်တပ်မှ တာဝန်ရှိအကြီးအကဲများမှာ ဒေါသပုန်ထလျက်ရှိပါချေတော့သည်။

စင်စစ် ဗိုလ်တောက်ထိန်မှာ ရွှေမြို့တော်ကြီးတွင် ဇာတ်မြှုပ်၍ကျန်ရစ်ခဲ့သော သွေးသောက်ရဲဘက်ဗိုလ်သူရိန်ထံမှ အင်္ဂလိပ်တို့၏စစ်ရေးသတင်းလျို့ဝှက်ချက်များကိုရရှိနေသဖြင့် ရန်သူ အင်္ဂလိပ်စစ်သားများထက် နှာတစ်ဖျားသာနေခြင်းပင်ဖြစ်ပါ၏။

ယခုလည်း အလဲတစ်ရာတောင်ခြေတွင် လူစုခွဲ၍ တပ်မဖျောက်ခင် သူ၏လျို့ဝှက်တပ်သားများအား စိတ်ဓာတ်မြင့်မားစေရေးအတွက် သွေးစကား၊ သွေးမိန့်ခွန်းများကိုခြွေနေပြန်၏။

"ဒီမှာမောင်တို့...အခုဆိုရင် မြန်မာပြည်တစ်ဝှမ်းလုံးမှာ ဟိုနေရာ၊ သည်နေရာ တောင်ပေါ်မြေပြန့်အနှံ့ ကိုယ့်အစုနဲ့ကိုယ် အင်္ဂလိပ်မျက်နှာဖြူကောင်တွေကို တိုက်ထုတ်နေကြတာဟာ ဘယ်လောက်အားရစရာကောင်းသလဲ၊ မင်းဘူး၊ ပခုက္ကူနဲ့ မြင်းခြံနယ်တွေတဝိုက်မှာ ပုန်ကန်တော်လှန်နေကြတဲ့ ဗိုလ်မင်းရောင်တို့၊ ဗိုလ်ဗလတို့နဲ့ ဗိုလ်ကြင်တို့ဟာလည်း မြန်မာတပ်ပျက်က ရရာလက်နက်တွေနဲ့လူသူစုရုံးပြီး ငါတို့မြန်မာတွေရဲ့တားစွမ်းကို ပြနေကြတာ အားရစရာကြီးပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဒါ့အပြင် မန္တလေးမြောက်ဘက်က မတ္တရာတောကြီးနဲ့ ရွှေဥတောင်၊ စကားတောင်တွေကို အကာအကွယ်ယူပြီး တိုက်ခိုက်တွန်းလှန်နေကြတဲ့ မြန်မာသူရဲကောင်းတွေ၊ ပုပ္ပါး၊ ကျောက်ဆည်၊ ရမန်းစတဲ့မြို့ရွာတွေဘက်ကနေ သွေးနီတဲ့သူရဲကောင်းတွေကလည်း နယ်ချဲ့အင်္ဂလိပ်မျက်နှာဖြူတွေကို တော်လှန်ပုန်ကန်နေကြပြီလို့ အထောက်တော်တွေဆီက သတင်းရထားတယ်''

ဗိုလ်တောက်ထိန်ရဲ့ ရဲရဲတောက်စစ်သွေးစကားသံများက အလံတစ်ရာတောင်ခြေရှိ လျှို့ဝှက်တပ်သားတစ်ရာကျော်၏ ဓားလှံလက်နက်များကို တဝင်းဝင်းတပြောင်ပြောင်လင်းလက်စေသည်သို့။ စူးရဲသောမျက်လုံးအစုံနှင့် တဒိတ်ဒိတ်ခုန်နေသည့် နှလုံးသွေးတို့က နီစွေးသောမြန်မာ့တို့၏သတ္တိသွေးဇာတိပြသကြရန် အသင့်ဖြစ်နေကြချေပြီကော။

''ဒင်းတို့အင်္ဂလိပ်တွေဟာ စကားအင်မတန်ပလီလွန်းလှတယ်၊ မတရားလည်းလုပ်တယ်၊ ယောက်ျားပီပီ စစ်ကိုတောင်းပြီး စစ်မြေမှာ ဓားစွမ်း၊လှံစွမ်းပြသပြီးမှ တိုက်ခိုက်ယူရမယ့်အစား နိုင်ငံတော်တစ်ဝှမ်းလုံးကို စိတ်ဝမ်းမညီ၊ စစ်သွေးမမွေး၊ လက်နက်ခဲယမ်းမပြည့်စုံသေးတဲ့၊ စစ်မတိုက်နိုင်သေးမှန်းသိလျက်နဲ့ သက်သက်မတရားအနိုင့်အထက်ဝင်စီးပြီး ပလိမ့်တပတ်နဲ့ လက်





တစ်လုံးခြားလုပ်ပြီး သိမ်းပိုက်သွားခဲ့ကြတာ၊ တွေးမိတိုင်း အသည်းနာလွန်းလို့ ဒင်းတို့ကိုအခဲမကြေခဲ့တာ၊ ဟော့...ဒင်းတို့အောက်မှာ ရှင်နေရတာထက် ဒင်းတို့ခေါင်းတွေကို တစ်ခေါင်းပြီးတစ်ခေါင်း ဖြတ်ရင်းနဲ့ သေသွားရတာကမှမြတ်ဦးမယ်ဟေ့...ဟား...ဟား...ဟား...ဟား...''

အလံတစ်ရာတောင်ခြေမှ ဘုရင့်ကိုယ်ရံတော်တပ်မှူးလေး ဗိုလ်တောက်ထိန်၏ ဇာတိသွေး၊ ဇာတိမာန်စကားများက သားကြီးမောင်သီဟ၊ ငဖြိုးနှင့် လျှို့ဝှက်တပ်သားတစ်ရာကျော်တို့၏ ရင်တွင်းနှလုံးသားထိတိုင် စိမ့်ဝင်စီးဆင်းသွားကြပါတော့သည်။

ဤသို့ဖြင့် ဗိုလ်တောက်ထိန်တို့တပ်သားတစ်စုမှာ မှောင်နိုပ်နိုက အလံတစ်ရာတောအုပ်ကြီးအတွင်းမှ အလျှို၊ အလျှိုနှင့် လူစုခွဲကာ ခြေရာဖျောက်၍ ပျောက်ကွယ်သွားကြပါလေတော့သည်။ ပေပင်မော်ရွာသို့ ဗိုလ်တောက်ထိန်တို့မိသားစုရောက်ရှိလာခဲ့ကြသည်မှစတင်၍ တစ်ရွာလုံးသည် အသိအမြင်ဗဟုသုတများကြွယ်ဝလာကြသည်။ ကိုယ့်ရွာကိုယ့်မြေကိုချစ်ရမှန်း ပို၍သိရှိလာခဲ့ကြသည်။

ယခင်ကကဲ့သို့ အပျော်အမောလိုက်စားသော၊ ထန်းတောထဲတွင်သာခေါင်းစိုက်နေကြသော၊ တေပေဆိုးသွမ်းနေကြသော



www.burmeseclassic.com

www.burmeseclassic.com



လူငယ်လူရွယ်များမရှိကြတော့။ ဇာတိသွေး၊ ဇာတိမာန်တက်ကြွနေကြသော လူငယ်များဖြစ်လာကြသည်။ ယခုတော့ နောင်တစ်ချိန်တွင် ရာဇဝင်သမိုင်းမော်ကွန်းတင်ရစ်မည့် ပေပင်မော်ရွာသားများ၏ရည်ရွယ်ချက်က လွန်စွာမှပင်ကြီးကျယ်မြင့်မြတ်လှပါ၏။ သူတို့၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံကြီးအား မျက်နှာဖြူအင်္ဂလိပ်များ၏လက်အောက်မှ ပြန်လည်၍လွတ်မြောက်နိုင်ရေးပင်တည်း။

သို့သော် လောက၏သဘောသဘာဝအရ အဖြူနှင့်အမည်း၊ အဆိုးနှင့်အကောင်း၊ သုခနှင့်ဒုက္ခ ပဋိပက္ခတရားများက ရှိထားကြသည်မို့ ပေပင်မော်ရွာသူကြီးကတော်ဒေါ်ခံမယ်နှင့် မောင်ဖြစ်သူဦးတာနောတို့မောင်နှမနှစ်ယောက်မှာ ဗိုလ်တောက်ထိန်အား အမြင်မကြည် အမျက်သို့ဝက်လျက်ရှိကြသည်။

''ကျုပ်မျက်စိထဲမှာတော့ တော်တော့်ကြီးကို မျက်စိစပါး မွေးစူးသဗျနော်၊ သူ့ကိုယ်သူဘာများအောက်မေ့နေသလဲမသိဘူး၊ သတိထားနော်အစ်မ၊ ဒီ တောက်ထိန်ဆိုတဲ့သူက တစ်နေ့ အစ်မယောက်ျားကြီး၊ ကျုပ်ယောက်ဖရဲ့ရွာသူကြီးနေရာကို ရောက်မလာဘူးလို့ မပြောနိုင်ဘူးနော်''

တစ်နေ့ အိမ်တွင်လူရှင်းခိုက် မောင်ဖြစ်သူဦးတာနော





ရောက်ရှိလာပြီး ဗိုလ်တောက်ထိန်နှင့်ပတ်သက်သည့် လူစွာလုပ်ငန်းများအားကြည့်မရ၍ အစ်မဖြစ်သူဒေါ်ခံမယ်အား လာရောက်သတိပေးနေခြင်းဖြစ်ပါသည်။

''အင်း...ကျုပ်လူတွေပြောတာ မှန်နေပြီထင်တယ်၊ ပေပင်မော်တစ်ရွာလုံးဟာ သူကြီးရဲ့အာဏာထက် ဗိုလ်တောက်ထိန့်ရဲ့ အားသွားက ပိုပြီးထက်နေလို့ပြောနေကြတာဗျ၊ တကယ်တော့ ဒီတောက်ထိန်ဆိုတဲ့ကောင်ဟာ နန်းတွင်းကနေရှောင်တိမ်းလာတဲ့ ရာဇဝတ်ကောင်ပဲအစ်မ''

''ဟယ်...နင့်ဟာကဟုတ်ရဲ့လား၊ ဒါဆိုရင် ဒီကိစ္စကို သေသေချာချာစုံစမ်း,စမ်းတာနော၊ တော်ကြာ ဘုန်းကြီးအမှုရှာ တ်ဆိုတာလို အဲဒီတောက်ထိန်ရဲ့အမှုအခင်းက ငါ့ယောက်ျားကို ါ လာပတ်နေဦးမယ်၊ ငါလည်း နင့်လိုပဲ၊ ဟောဒီပေပင်မော် ာကို ဗိုလ်တောက်ထိန်ဆိုတဲ့မိသားစုတွေရောက်လာမှကို တစ်ရွာ ုံးက ငါတို့ကို ဖုတ်လေသည့်ငါးပိ ရှိတယ်လို့တောင်မထင်ကြ ကာ့ဘူးဟဲ့''

''ဟာ...အစ်မရဲ့ယောက်ျားကြီးကိုက အ,ပါ့၊ နှ,ပါ့ဗျာ၊ ယ်နှယ်...ဒီလိုလူကိုများ အရေးတယူလုပ်ပြီး ဆက်ဆံနေရသေး ယ်၊ ကိုယ့်နေရာလုမယ့်သူလား၊ဘာလား တစ်ချက်ကလေးမှ ဉ်းစားမိဘူးထင်ပါရဲ့...ဟင်း...''



www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော်ဒေါ်စံမယ်မှာ မောင်ဖြစ်သူဦးတာနော အလည်အပတ်ရောက်လာနိုက် ဗိုလ်တောက်ထိန်အကြောင်းကို ပြောဆိုနေကြခြင်းဖြစ်သည်။ ဦးတာနောသည် စပါးကုန်သည် တစ်ဦးဖြစ်သည်။ ကြီးမားလှသောပိန်းကောလှေကြီးတစ်စီးနှင့် အတူ ပေပင်ချောင်းမှတဆင့် ဝေန်မြစ်ရိုးတစ်လျှောက် ထက် အောက်စုန်ဆန်၍ ရောင်းဝယ်ဖောက်ကားနေသူဖြစ်သဖြင့် နေ ပြည်တော်ကြီးမှသတင်းစုံကို ဟုတ်တာရော၊ မဟုတ်တာရော အားလုံးကြားသိနေခြင်းဖြစ်သည်။

ယခင်က အသိဉာဏ်ပညာဗဟုသုတနန့်နဲ့လှသော ရွာသူ ရွာသားများကို သူကြီးဦးမြတ်စံ၏ယောက်ဖဟူသည့်အချက်ဖြင့် သူချယ်လှယ်ချင်၊ ပြုမူချင်တိုင်းရခဲ့သော်လည်း ယခုတစ်ခေါက် တွင်မူ သူ့အား မည်သူကမျှ အရေးတယူမရှိကြခြင်းကလည်း ဦးတာနော၏မခံချင်စိတ်ကို မီးလောင်ရာလေပင့်ပေးလိုက်သည်သို့

''တောက်...နေနှင့်ဦးပေါ့ဗိုလ်တောက်ထိန်ရယ်၊ နင်တို့ ရောက်လာမှ အစ်မရော၊ ငါရော အရေးအရာကျရတယ်လို့ ဟင်းတွေ့ကြသေးတာပေါ့၊ တာနောဟာ ဘာကောင်လဲဆိုတာ မကြာခင်သိရစေမယ်ဗိုလ်တောက်ထိန်ရေ...ဟင်း...ဟင်း...''

ရွာသူကြီးဦးမြတ်စံကမူ ယောက်ဖဖြစ်သူဦးတာနောနှင့်





သည့်တစ်ခေါက် အေးအေးလူလူစကားမပြောနိုင်။ ဗိုလ်တောက် ထိန်နှင့်အတူ ရပ်ရေးရွာရေးများကို အားတက်သရောပြုလုပ်နေ သဖြင့် မအားမလပ်နိုင်ဖြစ်နေရ၏။ ယခုလည်း ကျေးရွာကာကွယ် ရေးအတွက်ဟုဆိုကာ လူငယ်လူရွယ်များကိုစုရုံး၍ အလှည့်ကျ စနစ်ဖြင့် ပေပင်မော်ရွာကြီး၏လုံခြုံရေးကင်းတဲကြီးများတွင် တာဝန် ပေးရန် စီစဉ်နေကြခြင်းဖြစ်ပါ၏။

ထို့ကြောင့် ကွမ်းအစ်ကြီးထဲမှကွမ်းတစ်ရာကို ကပျာကသီ ယူလျက် ပါးစောင်အတွင်းသို့ထိုးထည့်ကာ အပြင်သို့ထွက်ရန် ပြန်ပြင်နေသည့် လင်ယောက်ျားဖြစ်သူဦးမြတ်စံအား ဒေါ်စံမယ် က ခပ်ငေါ့ငေါ့ပြောဆိုလိုက်သည်။

''အေး...ကြည့်လည်းလုပ်ဦးနော်၊ တော်ကြာ ရှင့်ကိုပါအမှု ပတ်နေဦးမယ်၊ သူတို့ကိစ္စတွေကိုတော့ သိပ်ပြီးနားမလည် ဘူးရှင်၊ ဒါပေမယ့် အစိုးရမင်းများနဲ့စပ်ဆိုင်တဲ့ကိစ္စတွေဆိုရင် ရပ်တို့ရွာသူရွာသားတွေက သိပ်ကြောက်ကြတာနော်၊ ဗိုလ် တောက်ထိန်နဲ့တွဲပြီးလုပ်နေတာက အရေးမကြီးဘူး၊ တစ်ရွာလုံး ဒုက္ခရောက်နေပါဦးမယ်တော်''

လှေကားထိပ်မှအောက်သို့ဆင်းကာနီး သူကြီးဦးမြတ်စံမှာ ဇနီးဖြစ်သူ၏ အောက်ကလိအာစကားကြောင့် အံ့အားသင့်ကာ နောက်သို့ပြန်လှည့်ကြည့်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့...နင့်စကားက ဘာစကားကြီးလဲစံမယ်၊ တစ်ရွာလုံး ညီညီညွတ်ညွတ်နဲ့ ရပ်ရေးရွာရေးတွေလုပ်နေကြတာ၊ ကြည့်စမ်းပ တခြားရွာတွေဆို တော်ကြာနေ ဓားပြလူဆိုးတွေ ဝင်ပြီးလုယက် သွားကြတာနဲ့၊ ညဘက်ညဘက်တွေမှာ ဝင်ပြီးသောင်းကျန်းသွား ကြတာနဲ့ ငါတို့ပေပင်မော်ရွာကို ဘယ်သူတွေလာပြီးနှောင့်ယှက် တာရှိလဲ၊ ဘယ်သူခိုးဓားပြတွေဝင်လာပြီး စော်ကားရဲကြသလဲ ကွယ့်၊ နင် စကားပြောတာတွေကို ဆင်ခြင်ပြီးပြောစမ်း၊ နင့် မောင်တာနောပြောတိုင်းယုံမနေနဲ့''

ရွာသူကြီးဦးမြတ်စံက ဖနီးသည်ကို ခပ်ဖိဖိလေးပြောဆို ကာ လှေကားမှတဆင့် အပြင်သို့ထွက်သွားပါတော့သည်။

အခန်း(၂၁)

## 'ပေပင်မော်ရွာ၏ဇာတိမာန် ဘဝဂ်တွင်ညံ့စေရေး...'

နယ်ချဲ့အင်္ဂလိပ်အစိုးရသည် မြန်မာပြည်ကို ထီးကျိုးစည် ပါက်သိမ်းပိုက်နိုင်ခဲ့ပြီး ပွဲဦးထွက်အစတွင် အုပ်ချုပ်မှုရေးရာများ ကို စေ့စပ်သေချာစွာဂရုပြုလုပ်လိုက်နိုင်ခဲ့သော်လည်း သူ့ကျွန် မခံ၊ သစ္စာတော်မခံလိုခဲ့ကြသည့် မြန်မာ့တပ်မတော်ကြီးမှ ကစဉ့် ကလျားပျက်ပြားခဲ့ကြရသည့် တပ်တော်ရဲမက်စစ်သည်အချို့သည် မှီရာလက်နက်လူသူတို့ဖြင့် တော်လှန်ပုန်ကန်ခဲ့ကြသဖြင့် မြန်မာ ပြည်အနှံ့အပြားတွင် တိုက်ပွဲငယ်အချို့ရှိနေကြပါသေးသည်။

ယခုလည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဘက်ရှိ ရွာသိမ်ရွာ ယ်လေးများဆီမှ ခုခံတော်လှန်တိုက်ခိုက်နေကြသည့် သူ့ကျွန်



www.burmeseclassic.com

www.burmeseclassic.com



မခံရဲမက်စစ်သည်များနှင့် ရွာသူရွာသားများကြောင့် အင်္ဂလိ
စစ်တပ်တစ်ချို့ အထိနာခဲ့ကြသည်။ ထိုနယ်တစ်ဝိုက်တွင် အင်္ဂလိ
စစ်တပ်များ အထိနိုက်အကျအဆုံးများပြားလာခဲ့ရသောအ
အင်္ဂလိပ်အစိုးရသည် မျက်လုံးဒေါက်ထောက်ကာ ဂရုတစိုက
ကြည့်လာခဲ့သည်။ ရွာသိမ်ရွာငယ်များအထိ အင်္ဂလိပ်စစ်ဗိုလ်မျ
စကားပြန်များအထပ်ထပ်ဆင်းကာ ပိုက်စိတ်တိုက်စုံစမ်းခဲ့ကြသည

ဤအကြောင်းကို ပိန်းကောလေ့ကြီးတစ်စင်းနှင့် ရွာ
တလျှောက် လှည့်လည်၍ စုန်ချည်၊ဆန်ချည်သွားလာနေသ
စပါးကုန်သည်ဦးတာနောကြားသိလိုက်ရချိန်မှာတော့ သူ၏နှတ်ခံ
မွေးကားကားကြီးသည် အပေါ်သို့ထောင်တက်လာသည်အ
သဘောခွေ့သွားရပါလေ၏။ မြေခွေးတစ်ကောင်၏ကောက်က
စဉ်းလဲသော၊ ယုတ်မာရက်စက်သော အငြိုးအတေးအာဃာ
များသည် ဦးတာနော၏အတွင်းအဇ္ဈတ္တကို ဖွမ်းကဲ့သို့တင္ဝေ
လောင်မြိုက်လာခဲ့သောအခါမှာတော့.. ။

စကားပြန်မောင်ဘဒင်မှတစ်ဆင့် အင်္ဂလိပ်မျက်နှာဖြ
စစ်ဗိုလ်တစ်ယောက်ရှေ့သို့ ရောက်ရှိလာခဲ့ပါတော့သည်။ ဖေ
ဦးထုပ်မြင့်မြင့်ကြီးကိုဆောင်းထားပြီး ပခုံးထက်တွင် ရွှေရော
ဒေါက်များတပ်ဆင်ထားကာ ခါးမှာလည်းဓားကြီးတစ်လက





နှင့်အတူ ပစ္စတိုခေါ်သေနတ်ပြောင်းတိုတစ်လက်ပါချိတ်ဆွဲထား
သည့် မြင့်မြင့်မားမားရှိလှသော အင်္ဂလိပ်မျက်နှာဖြူစစ်ဗိုလ်ရှေ့
တွင် ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်နေရသည့်တိုင် ဦးတာနော ကျေနပ်ပီတိ
ဖြစ်နေရပါ၏။

"ဟင်း...ဟင်း...ဟင်း...ဒီတစ်ခါတော့ ကျုပ်အလှည့်ရောက်
ပြီ ဗိုလ်တောက်ထိန်ရေ...၊ ပေပင်မော်မှာထမင်းဝဝစားထားပြီးသာ
သေမင်းလာခေါ်မယ့်အချိန်ကိုစောင့်နေပေရော့"

ဦးတာနော အတွေးစိတ်ကူးနှင့်ပင် ပီတိဖြစ်နေပါပြီ။ သူ၏
နှုတ်ခမ်းပွားရေးလမ်းမှ အစပိတ်ပင်သကဲ့သို့ရှိနေသည့် ဗိုလ်တောက်
ထိန်အကြောင်းကို ပိုပိုသာသာချဲ့ကား၍ အင်္ဂလိပ်စစ်ဗိုလ်အား
ရေရေစေ့စေ့တွင်းကျပြောပြနေပါတော့သည်။ သူ၏စကားများကို
စကားပြန်ဘဒင်က သူနားမလည်သောအင်္ဂလိပ်စကား ဒွတ်၊ဒက်
ဒွတ်၊ယက်များဖြင့် ပြန်လည်၍ပြောပြနေလေ၏။

"ဒီမှာဦးတာနော...သခင်ကြီးကမေးနေပါတယ်၊ ခင်ဗျား
ပြောတဲ့ဗိုလ်တောက်ထိန်ဆိုတဲ့သတင်းဟာ သေချာရဲ့လား၊ အခု
လည်း အဲဒီရွာမှာအသေအချာရှိရဲ့လားဆိုတာ ခင်ဗျားကိုယ်တိုင်
လိုက်ပြနိုင်မလားတဲ့၊ တကယ့်ကိုသေချာတယ်ဆိုရင်တော့ ခင်ဗျား
ကိုနာမည်ကောင်းလက်မှတ်တွေနဲ့ လုပ်ပိုင်ခွင့်တွေပါပေးမယ်လို့
ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားပြန်ဘဒင်က ဦးတာနောကို ထိုကဲ့သို့ပြောလိုက်သည် နှင့် ဦးတာနောမှာဟန်ပင်မဆောင်နိုင်တော့။ မျက်နှာဖြူအင်္ဂလိပ် စစ်ဗိုလ်ရှေ့တွင် ကုန်း၍၊ ကုန်း၍ ဟုတ်မှန်ကြောင်း၊ ပေပင်မော် ရွာသို့ သူကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးမည်ဖြစ်ကြောင်း အထပ် ထပ်ကတိပေးစကားပြောလိုက်သည်။

ဤသို့ဖြင့် အင်္ဂလိပ်မျက်နှာဖြူစစ်ဗိုလ်သည် အင်္ဂလိပ်စစ် တပ်မှအရာရှိငယ်တစ်ယောက်ကို ဦးစီးစေလျက် သူ၏စိတ်ချရ သောလက်ရုံးတပည့်များဖြစ်သည့် ဆူပဒါပရက်တေဝါရီ(Subadar Prag Tewarri)နှင့် ဂျမဒါဟီရာလာ(Hiralal)တို့ကိုပါ ပူးတွဲ တာဝန်ပေးကာ စကားပြန်ဘဒင်အား ဦးတာနောနှင့်အတူလိုက်ပါ စေပြီး စစ်သင်္ဘောတစ်စီးနှင့် ပေပင်မော်ရွာသို့စေလွှတ်လိုက်ပါ တော့သည်။

အချိန်က ၁၉၈၆–ခုနှစ်၊ မြူနှင်းများအုံ့ဆိုင်းဝေသီနေသည့် ဒီဇင်ဘာလဆန်းပိုင်း။ ဆီးနှင်းများက သည်နေ့မှပိုမို၍ကျဆင်း နေကြသည်ထင့်။ ဝေန်မြစ်ကြောင်းတစ်လျှောက် ပိတ်ဆီးအုပ် ဆိုင်းနေသည့် ဆီးနှင်းမြူငွေ့များကြားမှ အင်္ဂလိပ်စစ်သင်္ဘော ကြီးတစ်စင်းက ထူးထူးခြားခြားဥညံသံမဆွဲဘဲ ခပ်မှန်မှန်ခုတ် မောင်းလျက်ရှိသည်။

ထိုစစ်သင်္ဘောကြီးသည် ဝေန်မြစ်ချောင်းအတိုင်း ဖြည်း ဖြည်းမှန်မှန်ခုတ်မောင်းလာခဲ့ပြီးနောက် ပေပင်ချောင်းအတွင်းသို့ ချိုးကွေ့ဝင်ရောက်လာသည်။ အချိန်ကား အမှောင်နှင့်အလင်း နယ်လုစစ်ခင်းကာစအရုဏ်ဦးအချိန်ဖြစ်ပါ၏။ ပေပင်ချောင်းကမ်းပါး

★ ခုနစ်စင်ကြယ်စာပေ ★

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ရှိ ပေပင်မော်ရွာလေးကတော့ နှင်းမှုန်များထူထပ်သိပ်သည်းစွာကျရောက်နေသည့် နံနက်အရုဏ်ဦးအောက်တွင် တိတ်ဆိတ်စွာအိပ်မောကျလျက်ရှိသည်။ ကမ်းနဖူးထိပ်ရွာဦးစေတီမှ ဆည်းလည်းလှုပ်ခတ်သံလေးများက အရုဏ်ဦးလေပြည်တွင် တချွင်ချွင်နှင့်စီးမျောနေပါလေ၏။

နတ်တော်၊ ပြာသိုနှင်းစိုစိုတွင် ခွာညိုသင်းစဆောင်းတွင်းလတွေဖြစ်သည့်အလျောက်လည်း ပေပင်ချောင်းကမ်းတလျောက်နှင်းရည်များဖြင့်လေးအိကျနေသည့် သစ်ပင်ခြုံနွယ်များနှင့် ကမ်းပါးစောင်းတို့တွင် နှင်းခဲ၊ နှင်းတွေးများဖြင့် ပိတ်ဆိုင်းနေကြပါသည်။

အင်္ဂလိပ်စစ်သင်္ဘောကြီးကတော့ မကောင်းဆိုးဝါးတစ္ဆေကောင်အရိပ်မည်းကြီးတစ်ကောင်နှယ် မြူနှင်းများကြားမှ ပေပင်မော်ဆိပ်ကမ်းဆီသို့ တိုးညှင်းစွာဖြင့် ဆိုက်ကပ်လာသည်။

စစ်သင်္ဘောကြီးကိုကျောက်ချရပ်နားစေလိုက်ပြီး သင်္ဘောပေါ်မှပါလာသည့် ဗြိတိသျှအင်္ဂလိပ်စစ်သားများနှင့် အင်္ဂလိပ်အရာရှိတစ်ယောက်တို့သည် မြင်းကြီးတစ်ကောင်ကိုစီးလျက် သင်္ဘောပေါ်မှဆင်းလာကြသည်။ ထို့နောက် ဗြိတိသျှစစ်သားအားလုံး ရှေ့နောက်တန်းစီလျက် ပေပင်မော်ရွာကြီးထဲသို့တန်းစီချီဝင်ရောက်လာခဲ့ကြပါတော့သည်။





ထူးခြားသည်မှာ ထိုအင်္ဂလိပ်ဗြိတိသျှစစ်တပ်ကို ဦးဆောင်ခေါင်လမ်းပြလာသည့်သူမှာ ရွာသူကြီးဦးမြတ်စံ၏ယောက်ဖတော်ဦးတာနောနှင့်စကားပြန်ဘဒင်တို့ဖြစ်နေကြခြင်းပင်တည်း။

"ဝုတ်ဝုတ်ဝုတ်"

"ဂူအူးအူးဂူးအူး"

ပေပင်မော်ရွာထဲသို့ မြင်းခွာသံများနှင့်စစ်ဖိနပ်သံများတဖျောင်းဖျောင်းနှင့်ဆူညံစွာမြည်ဟီးသွားကြသည်နှင့် ခွေးဟောင်သံများက တဝုတ်ဝုတ်နှင့် ဂူးဂူးဝါးဝါးထိုးဟောင်လျက်ရှိကြသည်။ တစ်ချို့ခွေးများက ဆူညံရှည်လျားစွာဖြင့် နားမခံသာအောင်အူကြသည်။

ဤကဲ့သို့ပင် အင်္ဂလိပ်ဗြိတိသျှစစ်သားများ ရွာထဲသို့မဝင်ခင်တစ်လနီးပါးခန့်ကပင် ပေပင်မော်ရွာကြီးထဲတွင် ညညဆိုလျှင်ခွေးအူသံကြီးများက ဆူညံစွာထွက်ပေါ်လာလေ့ရှိသည်။ ဘာကြောင့်ရယ်မသိ။ သံရှည်ဆွဲပြီး နားမခံသာလောက်အောင်ဆွဲဆွဲငင်ငင်အူနေကြသော သွေးပျက်ခြောက်ချားဖွယ်ခွေးအူသံကြီးများကြောင့် တစ်ရွာလုံး ထိတ်ထိတ်လန့်လန့်ဖြစ်ကုန်ကြသည်။

ထိုခွေးအူသံကြီးများသာမက တစ်ခါတစ်ခါ ညဥ့်နက်သန်းခေါင် ကျီးကန်းများ၏တအာအာအော်မြည်သံကြီးများနှင့် တောင်ပံ



www.burmeseclassic.com

www.burmeseclassic.com



ခတ်သံတဖျန်းဖျန်းပေးကာ အဝေးဆီသို့ အုပ်စုလိုက်ပျံသန်းထွက်ခွာသွားကြသည့်ကျီးကန်းအုပ်စုမည်းမည်းအရိပ်ကြီးများကိုလည်း တွေ့မြင်ခဲ့ကြရသည်။

''ဘယ်လိုဖြစ်ကြတာလဲဟေ့၊ ညဘက်တွေမှာ ခွေးတွေကအူ၊ ကျီးတွေကပြုံနဲ့၊ အင်း...ခေတ်ကာလမကောင်းရတဲ့အထဲ နိမိတ်တွေကလည်း သိပ်မကောင်းဘူးဟေ့၊ သတိနဲ့သာနေကြ၊ ထိုင်ကြကွယ်တို့...''

''ဟုတ်တယ်အဘိုး၊ ဘွားသုံပြောတာကတော့ ဒီလိုနိမိတ်ဆိုးတွေကြုံလာရရင် ရွာပျက်တတ်တယ်၊ လူတွေ သေကြေပျက်စီးတတ်တယ်လို့ပြောတာပဲ၊ အင်း...ခက်လိုက်တာ၊ ဒီခွေးတွေကလည်း အလကားနေရင်း ဘာဖြစ်လို့များ ဒါလောက်တောင်ညတိုင်းညတိုင်းအူနေကြတာလဲမသိပါဘူး''

ဟုတ်သည်။ ရှေးလူကြီးသူမများ၊ အဘိုးအဘွားများကဤကဲ့သို့သော အ,ကာလည့်မျိုးတွင် အချိန်အခါမဲ့ခွေးအူခြင်း၊ ကျီးကန်းများအုပ်စုဖွဲ့၍အာကြခြင်း၊ သို့မဟုတ် ကျီးပြုံခြင်းတို့သည် နိမိတ်မကောင်းဟုယုံကြည်ကြသည်။ ရွာပျက်တတ်သည်ဟုလည်း အယူအစွဲရှိကြသည်မဟုတ်ပါလား။

ယခုကဲ့သို့ ပေပင်မော်ရွာအတွင်းသို့ ဆိုင်းမဆင့်၊ ဗုံမဆင့်





ဝင်ချလာသည့် ဗြိတိသျှအင်္ဂလိပ်စစ်တပ်များ၊ ချောက်ချားစွာဆွဲငင်အူလိုက်သည့်ခွေးအူသံကြီးများနှင့် ကောင်းကင်တပြင်လုံးမည်းမည်းအရိပ်များဖုံးကွယ်လုမတတ် အုပ်စုဖွဲ့ကာပျံသန်းသွားကြသည့်ကျီးကန်းများကြောင့် ပေပင်မော်တစ်ရွာလုံး ချောက်ချောက်ချားချားဖြစ်နေကြပါတော့သည်။ တစ်ချို့က အိမ်တံခါးများကိုပိတ်လျက် အထဲမှချောင်းကြည့်ကြသည်။

''ဟဲ့...ဟိုအင်္ဂလိပ်မြင်းစီးစစ်ဗိုလ်ရှေ့က တရုတ်ဖဲအင်္ကျီဝတ်ထားတဲ့သူက ရွာသူကြီးကတော်ဒေါ်စံမယ်ရဲ့မောင် ဦးတာနောဆိုတဲ့လူကြီးပါလား''

''အေး...ဟုတ်တယ်ဟ၊ သူ ဒီရွာကို အင်္ဂလိပ်စစ်တပ်နဲ့ပေါင်းပြီး ဘာဖြစ်လို့ဝင်လာရတာလဲ''

''ရော်ဘယ်သိလိမ့်မလဲ''

ဟုတ်သည်။ ဘယ်သူတွေသိသိ မသိသိ သူကြီးကတော်၏မောင်ဖြစ်သူဦးတာနောကမူ ရန်သူကုလားဖြူတစ်စုကို စစ်သဘောတွင်တင်ကာ ပေပင်မော်ရွာသို့ဦးဆောင်ခေါ်ငင်လာခဲ့ပြီမဟုတ်ပါလား။ မကြာခင် ဦးတာနောမှာ ပိုးတစ်ရာခေါင်းပေါင်းစတစ်ထောင်ထောင်နှင့် ချိတ်ပုဆိုးကိုမကော စကားပြန်ဘဒင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ အင်္ဂလိပ်စစ်တပ်အား ရွာသူကြီးဦးမြတ်စံ၏နေအိမ်ရှိရာသို့ ရွာလယ်လမ်းမကြီးအတိုင်း ချီတက်ဝင်ရောက်လာပါတော့သည်။

ထိုအခိုက် ပေပင်မော်ရွာစည်းရိုးအပြင်မှ ကဆုန်ပိုင်းစီးနင်းလာသည့်မြင်းခွာသံများကို အင်္ဂလိပ်စစ်တပ်နှင့် ဦးတာနောတို့ ရုတ်တရက်ကြားလိုက်ရသည်။

''ခွပ်...ခွပ်...ခွပ်...ခွပ်...ခွပ်...''

''ဖျောင်း...ဖျောင်း...ဖျောင်း...ဖျောင်း...''

''ဟီး...ဟီး...ဟီး...''

ရုတ်တရက် တစ္ဆေခြောက်သည့်နှယ် မြင်းခွာသံများနှင့် မြင်းဟီသံကြီးအချို့က ရွာစည်းရိုးပတ်ပတ်လည်မှ ဆူညံစွာထွက်ပေါ်လာကြသဖြင့် မြင်းကြီးကိုစီးနင်းလိုက်ပါလာသည့်မျက်နှာဖြူအင်္ဂလိပ်စစ်ဗိုလ်မှာ ခေတ္တမျှကြောင်ငေးသွား၏။ အတန်ကြာမှ သတိရကာ ခါးကြားမှပစ္စတိုပြောင်းတိုသေနတ်ကို ဆတ်ခနဲဆွဲထုတ်ကာ ထူးခြားသောမြင်းခွာသံများကို ရင်ဆိုင်ရန်ပြင်လိုက်စဉ်မှာပင်...

''ဒိန်း...''

ရုရုကျယ်လောင်စွာထွက်ပေါ်လာသော သေနတ်သံတစ်ချက်နှင့်အတူ မြင်းကြီးပေါ်မှ မျက်နှာဖြူအင်္ဂလိပ်စစ်ဗိုလ်မှာ နဖူးတည့်တည့်တွင် ကျည်ဆန်ထိမှန်ပြီး နောက်စိကြီးတစ်ခုလုံးပွင့်





ထွက်သွားကာ မြင်းပေါ်မှ အောက်သို့ဝုန်းခနဲထိုးကျသွားပါလေတော့သည်။

ဖြစ်ရပ်က ရုတ်တရက်ကြီးမို့ ဆူပရာပရက်တေဝါရီနှင့် ဂျမဒါဟီရီကာတို့မှာ အခိုက်တန့်ငေးငိုင်တွေဝေသွားကြချိန်တွင် အောင်မြင်စွာဟစ်ကြွေးလာသည့် ကြိမ်းဝါးဟစ်အော်သံကြီးများနှင့်အတူ သူ၏နောက်ဘက်မှ အင်္ဂလိပ်စစ်သားအချို့ တဝုန်းဝုန်းတအားအားနှင့်လဲပြိုကျသွားကြသည်။

''ဟေး...ဟိုင်း...''

''ကျား...မျက်နှာဖြူကုလားကောင်တွေကို ခုတ်ပိုင်းကြပါတော့လားဟေ့...''

''ဟိုင်း...ကဲကွာ...သေကြစမ်း''

''ဝုစ်...ဝုစ်...ဝုစ်...''

''အာ...အ...အား...အိုး...''

ရုတ်ချည်းပြောင်းလဲသွားသောအခြေအနေကြောင့် အင်္ဂလိပ်စစ်သားများ ရုတ်ရုတ်သဲသဲဖြစ်ကာ ပွဲဦးထွက်မှာပင် အထိနာသွားကြ၏။ ကြိမ်းဝါးဟစ်အော်သံကြီးများက ပေပင်မော်ရွာအတွင်းမှထွက်ပေါ်လာကြပြီး သူ့ကျွန်မခံလိုသောမျိုးချစ်လူငယ်တစ်စုနှင့် ဗိုလ်တောက်ထိန်တို့မှာ မျက်နှာဖြူအင်္ဂလိပ်စစ်တပ်အား



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ချည်း ဘီလူးသရဲစီးသည့်နှယ် ဝင်ရောက်တိုက်ခိုက်ကြပါလေတော့သည်။

‘‘ဟေး…ဟိုင်း…ကျား…’’

မမျှော်လင့်သောအချိန်တွင် မထင်မှတ်သောဖြစ်ရပ်ကြောင့် အင်္ဂလိပ်စစ်ဗာရီကိုပြင်ဆင်ချိန်မရခင်မှာပင် မိမိတို့အားအမိန့်ပေးခိုင်းစေမည့်အင်္ဂလိပ်စစ်ဗိုလ်မှာ တိုက်ပွဲမစခင်ကတည်းက သေနတ်ကျည်ဆန်ထိမှန်ကာ နောက်စေ့ကြီးပွင့်လျက် ကျဆုံးသွားခဲ့ပြီမဟုတ်ပါလား။

ဒုတိယအကြီးအမှူး ဆူဗေဒါပရက်တေဝါရီကိုယ်တိုင်ပင် ဝရုန်းသုန်းကားဖြစ်နေသည့်သူ၏စစ်တပ်ကို မည်သို့အုပ်ချုပ်ကွပ်ကဲရမည်မသိနိုင်ခင်မှာပင် သူတို့၏စကားပြန်ဘာဒင်နှင့် လမ်းပြဖြစ်သူဦးတာနော်တို့မှာ မျိုးချစ်တော်လှန်ရေးတပ်သားများ၏ဓား ချက်များအောက်တွင် သွေးသံရဲရဲနှင့်သေဆုံးသွားကြရပြန်ပါပြီကော။

‘‘ဟိုင်း…သေစမ်းကွာ၊ သစ္စာဖောက်ကျွန်ခွေးတွေ…’’

‘‘ဝုစ်…ဝုစ်…ဒုတ်…’’

‘‘အာ…အ…အား…’’

ထိုစဉ်မှာပင် မြင်းညိုကြီးတစ်စီးပေါ်မှ ဗိုလ်တောက်ထိန်





တာ အင်္ဂလိပ်ရိုင်ဖယ်တစ်လက်နှင့် တဒိန်းဒိန်းပစ်ခတ်တိုက်ခိုက်နေပြန်သဖြင့် ဆူဗေဒါပရက်တေဝါရီ၏အင်္ဂလိပ်တပ်သားများမှာ ပြန်လည်ပစ်ခတ်ရန်ပင်အချိန်မရကြပါလေတော့။ တစ်ချို့စစ်သားများမှာ သူတို့ကိုင်စွဲထားကြသောသေနတ်ကိုပင် အသုံးမပြုနိုင်ကြတော့ဘဲ ပေပင်မော်ရွာကြီးအတွင်းမှ ခွေးပြေးဝက်ပြေးထွက်ပြေးသွားကြလေ၏။

ဤအခါကျမှ အခြေအနေမလှတော့သည့်ဖြစ်ရပ်ကိုမြင်တွေ့လိုက်ရသဖြင့် ကျဆုံးသွားသည့်မျက်နှာဖြူအင်္ဂလိပ်စစ်ဗိုလ်၏အလောင်းနှင့် ဒဏ်ရာရသူအင်္ဂလိပ်စစ်သားအချို့ကို သယ်ပိုးစေပြီး ပေပင်မော်ရွာထဲမှ အလျင်အမြန်ပြန်လည်၍ဆုတ်ခွာစေခဲ့သည်။

ထိုကဲ့သို့ ပေပင်မော်ရွာအတွင်းမှဆုတ်ခွာရင်းနှင့်ပင် ဆူဗေဒါပရက်တေဝါရီယာယီကွပ်ကဲထားသည့် အင်္ဂလိပ်စစ်တပ်သည် မည်းမည်းမြင်ရာကာပစ်,ပစ်ကြရင်း ဆုတ်ခွာထွက်ပြေးခဲ့ကြရသည်။

‘‘ဒိန်း…ဒိုင်း…ဒိန်း…ဒိန်း…’’

သို့သော်…

မျက်နှာဖြူအင်္ဂလိပ်စစ်သားများမဆုတ်ခွာခင်မှာပင် ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် တဆွေသရဲများဝင်ရောက်၍ ဒရစပ်ထိုးခုတ်ပစ်ခတ်တိုက် ခိုက်ကြသော ဗိုလ်ဟောက်ထိန်ဦးဆောင်သည့် မြန်မာ့မျိုးချစ် တပ်သားများသည် နေရာမှသည် လေ၏လျင်မြန်ခြင်းမျိုး သို့ မဟုတ် တစ္ဆေကောင်၏ဝိညာဉ်မျိုးဖြင့် ပျောက်ကွယ်သွားကြပါ လေတော့သည်။

သေနတ်သံများ တိတ်ဆိတ်ငြိမ်သက်သွားသည့်အချိန်မှာ တော့ ပေပင်မော်ရွာလယ်လမ်းမကြီးထက်တွင် ဒဏ်ရာပရပွနှင့် လဲကျသေဆုံးနေကြသည့် စကားပြန်ဘဒင်နှင့်သစ္စာဖောက်လောက် ကောင် တာနေဒတို့၏ရုပ်အလောင်းများသာ ကားကားကြီးကျန် ရစ်ခဲ့ပါလေ၏။ ပေပင်မော်ရွာကြီးကတော့ အပ်ကျသံမကြားရ လောက်အောင်ပင် ပြန်လည်၍ငြိမ်သက်သွားကြပါချေပြီကော။

သို့သော် ပေပင်မော်ရွာစည်းရိုးအပြင်ဘက်မှာတော့ ပေပင် မော်မျိုးချစ်တပ်သားကစ်ရာကျော်တို့၏ခေါင်းဆောင် ဗိုလ်တောက် ထိန်၏မြင်းခွာသံတဖျောင်းဖျောင်းကိုမူ ယခုတိုင် ပွဲတင်ထပ်မျှ ကြားယောင်နေကြသည်သို့...။



အခန်း(၂၂)

## 'သမိုင်းတွင်ရစ်မည့် ပေပင်မော်တိုက်ပွဲ'

''ဒိန်း...ဂျလိန်း...ဒိန်း...''

''ဝုန်း...ဖောင်း...ဝုန်း...''

ပေပင်ချောင်းဆီမှ ဆူညံစွာထွက်ပေါ်လာကြသော ပေါက်ကွဲသံကြီးများနှင့် သေနတ်သံများက ပေပင်မော်ရွာကြီး ...ါသို့ တဝုန်းဝုန်းနှင့်ကျရောက်ပေါက်ကွဲနေကြသည်။

ထို့ကြောင့် ပေပင်မော်ရွာမှ ရွာသူရွာသားများသည် ...ဂ်လိပ်စစ်တပ်၏အဝေးပစ်အမြောက်ကြီးများနှင့် ရက်စက်စွာ ...မှုန်းတိုက်ခိုက်မှုကို အလူးအလဲခံကြရပါသည်။ အေးချမ်းဆိတ် ...မ်လျက်ရှိသော ပေပင်မော်၏ဆည်းဆာညနေသည် တဝုန်းဝုန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပေါက်ကွဲသံ၊ ညည်းတွားအော်ဟစ်သံများနှင့် သေနတ်သံများအောက်တွင် ဆိတ်သုဉ်းပျက်စီးခဲ့ပါချေပြီကော၊

အမြောက်ဒဏ်၊ လက်နက်ကြီးများဒဏ်ကြောင့် ပေပင်မော်ရွာကြီးအတွင်းမှနေအိမ်အချို့ မီးစွဲလောင်ကုန်ကြ၏။ တဝုန်းဝုန်းနှင့် အဆက်မပြတ်ကျရောက်နေသည့်အမြောက်ဆန်၊ ကျည်ဆန်များကြောင့်လည်း တစ်ရွာလုံးမီးလောင်တိုက်သွင်းခြင်းခံရသည့်သို့

''ဝုန်း...ဝုန်း...ဂျိမ်း...''

''ဒိန်း...ဒလိန်း...ဒိန်း...''

''ဟိုဘက်ကိုပြေး... ဟိုဘက်စည်းရိုးတံခါးကနေထွက်ပြေး ရွာထဲကိုခွေးတိရိစ္ဆာန်ကောင်တွေ အမြောက်ကြီးတွေနဲ့ပစ်ခတ်ကုန်ကြပြီ''

''သားရေ...လူလေး...သားဒီဘက်ကိုလာ၊ ဒီကိုလာခဲ့''

''မေမေရေ...မေမေရေ...ဟီး...ဟီး...''

''ဒိုင်း...ဒိုင်း...ဒိုင်း...ဒိုင်း...''

''ဒက်...ဒက်...ဒက်...ဒက်''

နယ်ချဲ့မျက်နှာဖြူအင်္ဂလိပ်တို့ အစွမ်းကုန်ရက်စက်ယုတ်မာကြချေပြီ။ ပေပင်မော်ကဲ့သို့ရွာငယ်လေးတစ်ရွာအား အမြောက်ကြီးများ၊ လက်နက်ကြီးများဖြင့် အရမ်းကာရောပစ်ခတ်တိုက်





က်ကြခြင်းမှာ တရားသောစစ်ပွဲမဟုတ်ဟု ဗိုလ်တောက်ထိန်ခံယူထားကြသည်။ ထို့ကြောင့် အပြစ်မဲ့ရွာသူရွာသားများသေဆုံးသင့်ဘဲ စစ်မျက်နှာနှစ်ဖက်ကြားမှမြေစာပင်များသဖွယ်သကြေပျက်စီးခဲ့ကြရသည်။

''တောက်...မိုက်ရိုင်းလိုက်တဲ့ မိစ္ဆာကောင်တွေကွာ၊ ကြာင် ငါတို့ရွာသားတွေအားလုံး မီးလောင်တိုက်အသွင်းခံရတော့ယ်၊ ကိုင်း...ငါနဲ့အတူ အသေခံရဲမက်ဆယ်ယောက်လိုက်ခဲ့ကြ၊ ပင်ချောင်းထဲက မကောင်းဆိုးဝါးစစ်သင်္ဘောကြီးကို သွားပြီးက်ဆီးရမယ်၊ ကျန်တဲ့ရဲမက်တွေ ရွာသူရွာသားတွေရဲ့အသက်ကို တတ်နိုင်သမျှကာကွယ်စောင့်ရှောက်ရစ်ကြ''

ဤသို့ဖြင့် ဗိုလ်တောက်ထိန်ဦးစီးသော အသေခံတပ်သားများသည် ရွာကိုဝိုင်းရံထားကြသည့်အင်္ဂလိပ်စစ်သားများကြားမှင်းတစ်စီး၊ ဓားတစ်လက်နှင့် စွန့်စားဖောက်ထွက်ကြပါတော့သည်။

''ဟိုင်း...ကျား...''

''ခွပ်...ခွပ်...ခွပ်...ခွပ်...''

''ဖျောင်း...ဖျောင်း...ဖျောင်း...''

''ဒိန်း...ဒိန်း...ဒိန်း...ဒက်...ဒက်...ဒက်...''



www.burmeseclassic.com

www.burmeseclassic.com





နှစ်ဖက်တိုက်ပွဲက ပိုမို၍ပြင်းထန်လာကြသည်။ အင်္ဂလိပ်တော်ဝါရီနှင့် ဂျမဒါဟီရာလာတို့အင်္ဂလိပ်စစ်သားများ၏ ပစ်ခတ်စစ်တပ်သည် တိုက်ပွဲကို ရေရှည်တိုက်ခိုက်ရန်မစဉ်းစား။ အချိန်တိုက်ခိုက်မှုကြောင့် အတုန်းအရုန်းကျဆုံးကုန်ကြရသည်။ သေမင်းတိုတိုနှင့်ပိုင်းဖြတ်ရန်သာ မီးကုန်၊ယမ်းကုန်ကြိုးစား၍တိုက်ခိုက်အမန်ကျည်ဆန်များက တရှီရှီနှင့်ပြေးလွှားနေကြသည်။ နေကြခြင်းဖြစ်သည်။

''ဝုန်း...ဂျိမ်း...ဝုန်း...''

ပေပင်မော်ရွာထဲမှာတော့ ကမ္ဘာပျက်ခမန်း ဆူညံစွာပွက်လောခဲ့မယ်'' လောရိုက်နေကြပါပြီ။ ရွာအတွင်းသို့ တဝုန်းဝုန်းနှင့်ကျရောက်လာသည့် အမြောက်ဆန်၊ ဗုံးဆန်များကြောင့် ယောက်ျားတစ်ဖက်စာရှိသောမန်ကျည်းပင်ကြီးများနှင့် ကုက္ကိုပင်ကြီးများ အမြစ်များကျွတ်ကာ ဖင်ထောင်ပြိုလဲကုန်ကြသည်။ အိမ်ကြီးအိမ်ကောင်းများလည်း မြေတွင်ပြားပြားဝပ်ကုန်ကြသည်။ တဲအိမ်ကလေးများများက ရက်ရက်စက်စက်ပစ်ခတ်လိုက်ကြသော သေနတ်သံများဆိုလျှင် မြင်ကွင်းမှာပင်မရှိကြတော့။ လွင့်စင်မီးလောင်ပျောက်အောက်တွင် ဇိတ်ဆိတ်ငြိမ်သက်သွားကြသည်။ အပြစ်မဲ့ကွယ်သွားကြသည်။ ...ရွာသူရွာသားများ၏အလောင်းတို့မှာ တခဏချင်းပင် စုပုံသွားပါလေ၏။

''ဒိန်း...ဒိန်း...ဒိန်း...ဒက်...ဒက်...ဒက်...''

''အ...အား...အူး...အား...''

ပေပင်မော်ရွာထဲရှိ ရွာသူရွာသားတို့မှာ သွေးပျက်မတတ်ကြောက်လန့်တုန်လှုပ်ကာ ရွာအပြင်သို့ထွက်ပြေးကြသည်။ သို့...ကြစမ်း'' သော် ရွာအပြင်ဘက်မှအသင့်စောင့်နေကြသည့် ဆူဗေဒါပရက်

''မေမေရေ...မေမေ...မေမေရေ...ဟီး...ဟီး...ဟီး...''

''သားလေး...သားလေးမလာနဲ့၊ ဝပ်နေ...ဝပ်နေ၊ မေမေ

''ဒိုင်း...ဒိုင်း...ဒက်...ဒက်...ဒက်...''

''အ...အင့်...''

''ဟာ...မေမေရေ...အား...''

သားနှင့်အမေ၊ မောင်နှင့်အမိတို့၏ဟစ်အော်ခေါ်ငင်သံ

''တက်..တစ်ယောက်မှလွတ်ထွက်မသွားစေနဲ့၊ တက်ကြ''

''ပိုင်းထားကြ၊ တစ်ယောက်တမြည်းမှ မလွတ်စေနဲ့၊ ပိုင်း

အင်္ဂလိပ်ပြိတိသျှစစ်သားများသည် ပေပင်မော်ရွာကိုဝိုင်း





www.burmeseclassic.com

www.burmeseclassic.com



ထားကြသည်။ အမြောက်များ၊ စက်သေနတ်များနှင့်ပစ်ခတ်ထား သည့် လူသေကောင်များကိုကျော်ခွကာ ရွာထဲသို့ဝင်လာကြသည် ရွာထဲတွင်ကျန်ရှိနေသော မျိုးချစ်ရဲမက်များက ခုခံတိုက်ခိုက်ကြ သော်လည်း လူအင်အား၊ လက်နက်အင်အားက ကွာခြားလွန်း သဖြင့် နောက်ဆုံး ဒဏ်ရာများနှင့်ဖမ်းဆီးရမိသွားကြသည်။

''ဒိုင်း...ဒိုင်း...ဒက်...ဒက်...ဒက်...ဒိုင်း...''

''ကျား...အား...အ...အင်း...''

စစ်အင်အားအလုံးအရင်းနှင့်ပင် ရွာတွင်းသို့အတင်းဒရကြမ်း ဝင်တိုက်ခိုက်ကြသဖြင့် ရွာသူရွာသားများအားလုံး အင်္ဂလိပ်စစ် သားများ၏ဖမ်းဆီးခြင်းကိုခံလိုက်ကြရပါတော့သည်။

ဖမ်းမိထားသည့်ရွာသူရွာသားများထဲမှ အမျိုးသားဟူသမျှ ကိုသီးခြားခွဲထုတ်၍ ဖမ်းဆီးစေပြီး အမျိုးသမီးနှင့်ကလေးသူငယ် များကိုမူ သပ်သပ်ခွဲခြားထားလိုက်လေ၏။

ထို့နောက် သူကြီးဦးမြတ်စံအပါအဝင် ယောကျ်ားများ အားလုံးကိုကြိုးများဖြင့်တုပ်နှောင်ကာ ရွာအနောက်ဘက်ရှိ ပေပင် မော်သင်္ချိုင်းကြီးဆီသို့ စုပြုံခေါ်ထုတ်သွားကြပါတော့သည်။

ဖမ်းဆီးထားသူတစ်ချို့မှာလည်း ဒဏ်ရာများနှင့်။

ဝင်လုဆဲနေလုံးနီနီကြီးက ပေပင်ချောင်းထက်တွင် မေးတင်





ခိုနားလျက်ရှိပါပြီ။ ပေပင်မော်သင်္ချိုင်းထဲမှာတော့ အင်္ဂလိပ်စစ် တပ်များက နေရာယူလျက် ဖမ်းဆီးထားခြင်းခံရသည့်ပေပင်မော် ရွာသားများကို တန်းစီစေပါ၏။ ထို့နောက် အင်္ဂလိပ်မျက်နှာဖြူ စစ်ဗိုလ်တစ်ဦးက တစ်ဦးချင်းစီ၏မျက်နှာများကို စူးစူးရဲရဲကြည့် ကာ တစ်ခွန်းတည်းသောစကားကိုသာ တွင်တွင်စစ်မေးနေပါ တော့သည်။

''တောက်ထိန်ဘယ်မှာလဲ၊ တောက်ထိန်ဘယ်မှာလဲ''

အဖမ်းခံထားရသည့်ရွာသားများအား တစ်ယောက်ချင်း စစ်မေးနေ၏။ သို့သော် ပေပင်မော်ရွာသားများ၏သတ္တိက အရိုး ကျေကျေ၊ အရေခန်းခန်း၊ နောက်မရှုံ့စတမ်း သွေးတစ်စက်ကျန် သည်အထိ တိုက်ပွဲဝင်စိတ်အပြည့်နှင့်။

''တောက်ထိန်ဘယ်မှာလဲ၊ တောက်ထိန်ဘယ်မှာလဲ''

''မသိဘူး''

''မသိဘူး''

တစ်ညီတစ်ညွတ်တည်းငြင်းဆိုသံများက ပေပင်မော်ရွာ သင်္ချိုင်းအတွင်းဝယ် စီစီညံလျက်ရှိပါ၏။ ဖမ်းဆီးထားခြင်းခံရ သည့် လူတန်းကြီးသာဆုံးသွားသည်။ မည်သူ့ထံမှ အင်္ဂလိပ် စစ်ဗိုလ်လိုချင်သောအဖြေစကားက ထွက်မလာခဲ့ပါ။ အချိန်ကြာ



www.burmeseclassic.com

www.burmeseclassic.com



လာတော့ မျက်နှာဖြူစစ်ဗိုလ်မှာ စိတ်ရှည်ဟန်မတူတော့။ မျက်နှာကြီးနီမြန်းလာပြီး ခါးကြားမှပစ္စတိုပြောင်းတိုသေနတ်ကို ဆွဲထုတ်လိုက်သည်။

''ကိုင်း…မောင်မင်းတို့ကို ကျွန်ုပ်အေးအေးသက်သာမေးတယ်နော်၊ ဒါပေမယ့် မောင်မင်းတို့က မဖြေဘူး၊ ကောင်းပြီ… မောင်မင်းတို့ကို ငါးမိနစ်တိတိအချိန်ပေးမယ်၊ ငါးမိနစ်ပြည့်ရင် ဟောဒီထိပ်ဆုံးကနေ တစ်ယောက်ချင်းပြန်ပြီးမေးမယ်၊ မေးလို့မသိဘူးလို့ဖြေရင် ဟောဒီကျည်တောင့်ဆုချမယ်''

ထိုအချိန်တွင် ပေပင်ချောင်းထဲရှိ အင်္ဂလိပ်စစ်သင်္ဘောမှ အမြောက်လက်နက်များကို တိုက်ခိုက်ဖျက်ဆီးခဲ့သည့်ဗိုလ်တောက်ထိန်နှင့်တပည့်လက်သားတစ်ဦးတို့မှာလည်း ဒဏ်ရာကိုယ်စီနှင့် ဖမ်းဆီးခြင်းခံခဲ့ကြရသည်။ အနောင်အဖွဲ့နှင့် ဗိုလ်တောက်ထိန်တို့နှစ်ယောက်အား ပေပင်မော်သင်္ချိုင်းရှိ ဖမ်းဆီးရမိသူများထံသို့ လာရောက်ပို့ဆောင်ကြခြင်းဖြစ်သည်။

အင်္ဂလိပ်စစ်ဗိုလ်သည် သူ၏အမြောက်လက်နက်များဖျက်ဆီးခြင်းခံရသည်ဟုကြားသိရသည်နှင့် ဖြူစပ်စပ်မျက်နှာကြီးမှာ ချက်ချင်းပင်နီရဲသွားကာ ဖမ်းဆီးထားသည့်ဗိုလ်တောက်ထိန်တို့နှစ်ယောက်အား မျက်ထောင့်နီကြီးနှင့်စူးစူးရဲရဲကြည့်ကာ…





''ဩော်…သတ္တိရှင်ကြီးတွေကိုး၊ လာပါ…လာပါ…အတော်ပဲ…မောင်မင်းတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ အရင်ဦးဆုံးမေးရမယ်''

''ဟွန့်…ထွီ…မေးမနေနဲ့၊ မင်းမေးမယ့်ကိစ္စ ငါကြားပြီးပြီ၊ တောက်ထိန်ဘယ်မှာလဲလို့မေးလိုက်လို့ မသိဘူးလို့ဆိုရင် ကျည်တစ်တောင့်စီဆုချမယ်မဟုတ်လား၊ ဒါဆိုရင် တစ်ယောက်မှမသိဘူးလို့ဆိုရင် မင်းရဲ့ကျည်ဆန်တွေ အလဟဿဖြစ်ကုန်မှာပေါ့ မဟုတ်ဘူးလား''

အင်္ဂလိပ်စစ်ဗိုလ်မှာ ပြောင်းတိုသေနတ်ကို အသင့်ကိုင်ထားရင်း သူ့အားမချေမငံနှင့်မောက်မာစွာပြောဆိုနေသည့် ဗိုလ်တောက်ထိန်အား အံ့ဩမင်သက်စွာငေးကြည့်နေမိသည်။

''ဟောဒီသင်္ချိုင်းမှာ မင်းတို့ဖမ်းဆီးထားတဲ့သူတွေ ငါအပါအဝင် (၁၀၂)ယောက်တိတိရှိတယ်၊ မယုံရင်စစ်ဆေးကြည့်လိုက်၊ အေး…ငါပြောတာကိုနားထောင်ရင် မင်းသိပ်လိုချင်တဲ့အဖြေလည်းရမယ်၊ အချိန်ကုန်၊ ကျည်ဆန်ကုန်လည်းသက်သာမယ်၊ ဘယ်လိုလဲ''

အင်္ဂလိပ်စစ်ဗိုလ်မှာ သူ၏ရှေ့မှဒဏ်ရာပရပွနှင့်သွေးစိမ်းရှင်ရှင်စီးကျနေသည့်ဗိုလ်တောက်ထိန်ကို အံ့ဩထိတ်လန့်စွာငေးကြည့်နေသကဲ့သို့ အဖမ်းဆီးခံလူရွယ်များကလည်း သူတို့၏



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဗိုလ်တောက်ထိန်ကိုကြည့်ကာ ရင်ထဲတွင်တထိတ်ထိတ်နှင့်ခုန်နေကြပါချေပြီကော။

“ဒီမှာမိစ္ဆာကောင်ကြီးရဲ့…မင်းသိချင်တဲ့ တောက်ထိန်ဘယ်မှာလဲဆိုတဲ့အဖြေကို ငါတစ်ယောက်တည်းပဲသိတယ်”

မမျှော်လင့်ဘဲ ဗိုလ်တောက်ထိန်ဆီမှစကားသံကြောင့် မျက်နှာဖြူအင်္ဂလိပ်စစ်ဗိုလ်မှာ ဝမ်းသာအယ်လဲဖြစ်သွားပါ၏။ မျက်နှာထက်ရှိ နှာခေါင်းချွန်ချွန်ကြီးအောက်မှ နှုတ်ခမ်းမွေးကြီးများပင်ကော့တက်သွားကြလေသည်သို့။ ပြာလဲ့လဲ့မျက်လုံးကြီးများကလည်း အရောင်တလက်လက်ဝင်းလက်တောက်ပြောင်လာကြသည်။

“အိုး…ဗဲရီးဂွတ်လူကလေး…ပြော…ပြောစမ်းပါ၊ တောက်ထိန်ဘယ်မှာလဲ၊ တောက်ထိန် ဒီပေပင်မော်ရွာထဲမှာပဲလား…. ဟုတ်လား”

“ဟုတ်တယ်၊ တောက်ထိန်က ဒီနားမှာပဲရှိတယ်၊ ဒါပေမယ့် ဗိုလ်တောက်ထိန်က ကျုပ်ကိုမှာလိုက်တယ်၊ သူ့ကိုလိုချင်ရင် ဟောဒီကဖမ်းဆီးခံထားရတဲ့ရွာသားတွေအားလုံးကို မင်းကပြန်ပြီးလွှတ်ပေးရမယ်တဲ့၊ ဘယ့်နှယ့်လဲ”

အင်္ဂလိပ်စစ်ဗိုလ်က ဗိုလ်တောက်ထိန်ရဲ့စကားကြောင့်





အနည်းငယ်တွေဝေသွားပါ၏။ ပြီးလျှင် ဗိုလ်တောက်ထိန်၏မျက်နှာကို စူးစူးရဲရဲကြည့်နေပါ၏။ ဖမ်းဆီးခံထားရသည့် သူ၏ရဲမက်မျိုးချစ်များ၏မျက်နှာအပေါ်မှာတော့ စွန့်လွှတ်စွန့်စားဝံ့သော၊ ပေးဆပ်ရဲသော၊ ခေါင်းဆောင်ကောင်းပီသသော သူတို့၏ဦးစီးခေါင်းဆောင်ဗိုလ်တောက်ထိန်ကို မျက်ရည်ဝဲသောမျက်လုံးများနှင့် ကြေကွဲစွာငေးကြည့်နေကြသည်။

“ကျွန်ုပ်က မင်းကိုဘယ်လိုယုံကြည်ရမှာလဲ”

“အိုး…ဒီမှာလေ ကျုပ်ကို မင်းတို့ကိုယ်တိုင်ဖမ်းဆီးချုပ်နှောင်ထားတာပဲ၊ နောက်ပြီး မင်းတို့နိုင်ငံကြီးသားတွေဟာ ကတိတစ်လုံးရဲ့တန်ဖိုးကို တန်ဖိုးထားလေးစားကြတယ်ဆို၊ ကျုပ်တောင်းတဲ့ကတိကိုသာပေးပါ၊ ကျုပ် ဗိုလ်တောက်ထိန်ကိုဖော်ထုတ်ပေးတာနဲ့ ဟောဒီကဖမ်းဆီးထားတဲ့ရွာသားတွေကို ကျုပ်ရဲ့မျက်စိရှေ့မှာတင် ချက်ချင်းပြန်လွှတ်ပေးမလား”

“အိုး…ရက်စ်…ရက်စ်…ကျွန်ုပ်ရဲရဲကြီးကတိပေးတယ်၊ ဒီလူတွေအားလုံးကို ကျွန်ုပ်ချက်ချင်းလွှတ်ပေးမယ်၊ မောင်မင်းက တောက်ထိန်ဘယ်မှာလဲဆိုတာသာ ပြောပေတော့”

ဗိုလ်တောက်ထိန်က သူနှင့်အရပ်အမောင်းချင်းမတိမ်းမယိမ်းရှိသည့် မျက်နှာဖြူစစ်ဗိုလ်၏မျက်နှာကို အနီးကပ်၍



www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့စူးစူးကြည့်လိုက်သည်။ ပြီးမှ သူ၏ရင်ကိုကော့မတ်ကာ သွေးရဲသောစကားလုံးများကို တစ်လုံးချင်းဖွင့်အံထုတ်လိုက်၏။

''ဗိုလ်တောက်ထိန်ဆိုတာ တခြားလူမဟုတ်ဘူး၊ မင်းရှေ့မှာရပ်နေတဲ့ ကျုပ်ပဲ၊ ကျုပ်နဲ့နာမည် တောက်ထိန်၊ သီပေါအရှင်ကိုယ်တော်လေးရဲ့ လက်မရွံ့ကိုယ်ရံတော်တပ်မှူးလေး ဗိုလ်တောက်ထိန်ဆိုတာ ကျုပ်ပဲ၊ ကိုင်း...ကျုပ်ကိုမင်းတို့လုပ်ချင်သလို လုပ်နိုင်တယ်၊ ကဲ...မင်းရဲ့ကတိအတိုင်း ဟောဒီရွာသားတွေကို ချက်ချင်းလွှတ်ပေးပါ''

ဗိုလ်တောက်ထိန်၏ ရဲရဲတောက်စကားကြောင့် မျက်နှာဖြူအင်္ဂလိပ်စစ်ဗိုလ်မှာ အံ့သြထိတ်လန့်သွားပါလေတော့သည်။

အခန်း(၂၃)

## 'ခေါင်းတစ်ရာသချိုင်း၏ သမိုင်းနိဒါန်းအစ'

နေဝင်လုပြီ...။

ဝင်လုဆဲနေလုံးနီနီကြီးက ပေပင်မော်သင်္ချိုင်းအတွင်းမှ မြန်မာမျိုးချစ်အာဇာနည်သူရဲကောင်းများ၏အဖြစ်ကို မကြည့်ဝံ့ကြည့်ဝံ့နှင့် ရီဝေမှုန်မှိုင်းစွာငေးမောကြည့်နေသည်သို့။

ပေပင်မော်သင်္ချိုင်းတစ်ခုလုံးမှာတော့ အပ်ကျသံပင်မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေပါလေ၏။

နှာခေါင်းချွန်ချွန်နှင့် အင်္ဂလိပ်မျက်နှာဖြူစစ်ဗိုလ်က သူ၏ရှေ့တွင်မားမားမတ်မတ်ရပ်နေသည့် ဗိုလ်တောက်ထိန်ကို ယခုမှတွေ့ဖူးမြင်ဖူးသူတစ်ယောက်နှယ် တအံ့တသြနှင့် စူးစူးရဲရဲကြည့်နေ၏။ အင်္ဂလိပ်စစ်ဗိုလ်မှာ ယခုလောက်သတ္တိကောင်းလှ



www.burmeseclassic.com

www.burmeseclassic.com



သည့် မြန်မာစစ်သူရဲကောင်းမျိုး တစ်ခါမှတွေ့ဖူးကြုံဖူးဟန်မတူပါ။ ထို့အတူ ပေပင်မော်ရွာစစ်ဆင်ရေးကနဦးအစမှ တိုက်ပွဲပြီးဆုံးသည်အထိ အနီးကပ်လိုက်ပါခဲ့ကြသော အင်္ဂလိပ်စစ်တပ်မှ ဆူဗဒါပရက်တေဝါရီနှင့် ဂျမဒါပဟီရာလာတို့ကလည်း သူ့ကိုယ်သူ ဗိုလ်တောက်ထိန်ပါဟုဝန်ခံစကားပြောကာ လူပေါင်း(၁၀၀)ကျော်၏အသက်နှင့်လဲလှယ်ရန်တောင်းဆိုနေသည့် သူရဲကောင်းတစ်ဦးကိုကြည့်ကာ အထင်ကြီးလေးစားသွားမိသလိုဖြစ်သွား၏။

ဟုတ်သည်။ ဗိုလ်တောက်ထိန်ကိုတွေ့လျှင် တွေ့သည့်နေရာတွင်အသတ်ခံရမည်မှန်းသိပါလျက်နှင့် မိမိကိုယ်ကို တောက်ထိန်ပါဟုရဲဝံ့စွာဖွင့်ဟဝန်ခံနေသူတစ်ဦးကို အဘယ်မှာလျှင် မအံ့ဩဘဲနေပါမည်နည်း။

"မောင်မင်းက သေရမှာကို နည်းနည်းမှမကြောက်ဘူးလား"

"ဟင်း...ဟင်း...လူဆိုတာ တစ်သက်မှာ တစ်ခါသေရတာဆန်းသလား၊ အဲ...ကြောက်တတ်တဲ့သူတွေကတော့ နှစ်ခါပြန်တောင်သေရသတဲ့ဗျ။ ဟင်း...ဟင်း...ကိုင်း...ကျုပ်တာဝန်ကတော့ပြီးသွားပြီ၊ မင်းရဲ့ကတိစကားအတိုင်းသာ ကျုပ်ရဲ့ရွာသားတွေကို ကျုပ်မျက်စိရှေ့မှာ အခုချက်ချင်းပြန်လွှတ်ပေးပါ"





"ဩော်...မောင်မင်းက မြန်မာ့သူရဲကောင်းကြီးကိုး၊ ကိုယ်တစ်ယောက်အသက်နဲ့ ရွာသားတစ်ရာကျော်ရဲ့အသက်ကို ဓားစာခံလဲလှယ်ဝံ့တာကိုတော့ ချီးကျူးပါတယ်၊ ကျုပ်ဘက်ကလည်း ပေးထားတဲ့ကတိကိုတည်ရမှာပေါ့၊ ကိုင်း...ဆူဗဒါ...ဖမ်းဆီးထားတဲ့ရွာသားတွေကို သူ့ရှေ့မှာပဲပြန်ပြီးလွှတ်ပေးလိုက်ပါ၊ ဩော်...တောက်ထိန်...တောက်ထိန်...အတော့်ကိုသွေးနီတာပဲကိုး"

အင်္ဂလိပ်စစ်ဗိုလ်အမိန့်အရ ဖမ်းဆီးထားသည့်ပေပင်မော်ရွာသားများအား ဆူဗဒါပရက်တေဝါရီက အချုပ်အနှောင်များအား ဖြည်လျှော့ကာ လွှတ်ပေးနေပါ၏။ မကြာမီ ပေပင်မော်ရွာသားတစ်ရာကျော်တို့မှာ အချုပ်အနှောင်မှလွတ်မြောက်သွားကြရပါပြီ။

ရင်တထိတ်ထိတ်ခုန်နေကြသော ရွာသားများမှာလည်း ယခုမှပင် သက်ပြင်းမောကြီးများချကာ စိတ်သက်သာရာရသွားကြပါသည်။ သို့သော် သူတို့ကိုယ်စားအဖမ်းခံလိုက်ရရှာသည့် သူတို့လေးစားချစ်ခင်အားထားကြရသည့် ဗိုလ်တောက်ထိန်ကို ဝမ်းနည်းကြေကွဲစွာငေးကြည့်နေပါလေ၏။

"ကိုင်း...ရွာသားတွေအားလုံး မင်းတို့ကိုယ်စား ဟောဒီက



www.burmeseclassic.com

www.burmeseclassic.com



တောက်ထိန်က အဖမ်းခံလိုက်လို့ အခုအချိန်ကစပြီး မင်းတ
လွတ်လွတ်လပ်လပ်ပြန်သွားနိုင်ကြပါပြီ''

ဗိုလ်တောက်ထိန်မှာ ဆူဗဒါပရက်တော်ဝါရီ၏စကားများက
နားထောင်ရင်း အနှောင်အဖွဲ့မှလွတ်မြောက်သွားကြပြီဖြစ်သည
ရှာသားများနှင့် သူ၏သားကြီးမောင်သီဟတို့ကိုကြည့်ကာ ရင်ထ
တွင်ဝမ်းသာပီတိဖြစ်နေသည်။ သူ၏အသက်တစ်ချောင်းနှင့် ရှ
သားများ၏အသက်ကိုလဲလှယ်ပေးလိုက်သည်။ သူ၏ရှာသာ
မျိုးချစ်ရဲမက်များကလည်း သူ၏အပေါ်တွင်သစ္စာရှိကြပါ၏
မည်သူတစ်ဦးတစ်ယောက်ကမျှ ဗိုလ်တောက်ထိန်ကိုထုတ်ဖေ
ဖွင့်ဟမပြောခဲ့ကြပါချေ။

''နိုး...နိုး...နိုး...နေ...နေကြပါဦး၊ ကျွန်ုပ်ခုမှသတိရတယ
တောက်ထိန်ရဲ့ဝဲဘက်လက်မောင်းမှာ ကြီးမားတဲ့အမာရွတ်ကြ
တစ်ခုရှိတယ်လို့ ကျုပ်သိထားတယ်၊ ပြစမ်းပါဦးမောင်မင်း၏
လက်မောင်းကို...''

ဗိုလ်တောက်ထိန်မှာ သူ၏အားထားရသောသားကြီးသီဟ
နှင့် လက်ရုံးတပည့်များလွတ်မြောက်သွားကြသည်ကို ဝမ်းသာ
အားရနှင့်ကြည့်နေသဖြင့် သူ၏ဝဲဘက်လက်မောင်းရှိအမာရွတ
ကြီးကို ဂျမဒါဟီရီလာက အင်္ကျီလက်မောင်းပင့်၍စစ်ဆေးကြည
နေသည်ကိုပင် သတိမထားမိလိုက်ပါ။





အင်္ဂလိပ်စစ်ဗိုလ်က ဂျမဒါဟီရီလာအင်္ကျီလက်မောင်းပင့်လိုက်သည့်တွင် ကြီးမားလှသောအမာရွတ်ကြီးကိုတွေ့မြင်လိုက်ရသည်နှင့် ကျေနပ်အားရသွားကာ...

''အိုး...ရက်စ်...မောင်မင်းဟာ တောက်ထိန်အစစ်ပဲ၊ ကိုင်း...သွားပေတော့...ဂွတ်ဘိုင်...''

''ဒိုင်း...''

စောစောကတည်းက သေနတ်အိတ်ထဲမှနှုတ်ယူပြီးဖြစ်နေသည့်ပစ္စတိုပြောင်းတိုသေနတ်ဖြင့် သူ၏သားနှင့်တပည့်လက်သားများထံဝမ်းသာအားရနှင့်ကြည့်လိုက်ပြီး ပြန်၍ခေါင်းလှည့်လာသည့် ဗိုလ်တောက်ထိန်၏နဖူးတည့်တည့်ကို ပစ်ထည့်လိုက်သည်။

''အ...''

ကျယ်လောင်စွာထွက်ပေါ်လာသော သေနတ်သံတစ်ချက်နှင့်အတူ ဗိုလ်တောက်ထိန်၏ခန္ဓာကိုယ်ကြီးက နောက်သို့လန်ကျသွားကာ တစ်ချီတည်းငြိမ်သက်သွားပါလေတော့သည်။

တစ်ချိန်တည်းမှာပင် ပေပင်မော်သချိုင်းအပြင်သို့ခြေဦးလှည့်ကာစ မောင်သီဟနှင့်ရှာသားများမှာ ရုတ်တရက်ထွက်ပေါ်လာသည့်သေနတ်သံကြောင့် ဗိုလ်တောက်ထိန်ကျန်ရစ်ခဲ့သည့်နေရာသို့ လှည့်ကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟာ...ဖေဖေ...''

''ဟာ...ဗိုလ်တောက်ထိန်...''

ဖခင်ဖြစ်သူ၏အဖြစ်ဆိုးအား မျက်မြင်ကိုယ်တွေ့တွေ့လိုက်ရသည့်မောင်သီဟမှာ မည်သို့မျှစိတ်မထိန်းနိုင်တော့ဘဲ ဝမ်းခေါင်းသံကြီးနှင့်ကြိမ်းဝါးဟစ်အော်ကာ နီးစပ်ရာအင်္ဂလိပ်စစ်သားတစ်ယောက်ပေါ်သို့ ခုန်အုပ်တိုက်ခိုက်ပါတော့သည်။

''ယား...သေပေတော့မိစ္ဆာကောင်တွေ...''

''ဝုန်း...ဘုန်း...''

''အု...''

ဗိုလ်တောက်ထိန်၏သားကြီးဩရသ မောင်သီဟကိုယ်တိုင်ဘာလက်နက်မှမပါဘဲ အင်္ဂလိပ်စစ်သားများအားခုန်အုပ်တိုက်ခိုက်လိုက်သည်နှင့် ကျန်ရွာသားများမှာလည်း ရွာဘက်သို့ခြေဦးမလှည့်ကြတော့ဘဲ သူတို့၏ခေါင်းဆောင်အား ရက်ရက်စက်စက်သတ်ပစ်ခဲ့သော အင်္ဂလိပ်စစ်ဗိုလ်ရှိရာသို့ အားလုံးပြိုင်တူပြေးတက်သွားကြပါတော့သည်။

''ဟေး...ဟိုင်း...ဟား...''

''ဟေး...မိစ္ဆာကောင်တွေကို သတ်ပစ်ကြ...''

''ဒိုင်း...ဒိုင်း...ဒက်...ဒက်...ဒက်...ဒက်...ဒက်...ဒက်...''





''အ...အား...အူး...အီး...''

ခဏအတွင်းမှာပင် ပေပင်မော်သင်္ချိုင်းအတွင်းဝယ် သေနတ်သံ၊ ကြုံးဝါးဟစ်အော်သံများနှင့် ညည်းညူအော်ဟစ်သံများက ဆူညံစွာထွက်ပေါ်လာကြပါတော့သည်။

''ဟေး...ဟိုင်း...မြန်မာ့သွေးနီတယ်ဟေ့''

''ဒက်ဒက်ဒိုင်းဒိုင်းဒိုင်းဒက်ဒက်ဒက်''

ပေပင်မော်သင်္ချိုင်းထဲမှာတော့ ကမ်းကုန်အောင်ရက်စက်ယုတ်မာကြသူများနှင့် အခဲမကြေနာကျည်းကြသူများ၏ မမျှတသောတိုက်ပွဲကြီးက မကြည့်ရက်၊ မမြင်ရက်စရာပါတည်း။ လက်နက်ဆို၍ အပ်တိုတစ်ချောင်းမျှပင်မပါရှိသည့်မောင်သီဟနှင့်ပေပင်မော်ရွာသားများမှာ အချိန်ကြာလာသည်နှင့်အမျှ တစ်ယောက်ပြီးတစ်ယောက်၊ တစ်လောင်းပြီးတစ်လောင်း ပေပင်မော်သင်္ချိုင်းတွင် သွေးပျက်ချောက်ချားဖွယ် အလောင်းချင်းထပ်ခဲ့ရပါချေပြီတည်း။

''ဒက်...ဒက်...ဒက်...ဒိုင်း...ဒိုင်း...ဒက်...ဒက်...''

သေနတ်သံ၊ ပေါက်ကွဲသံ၊ ကြိမ်းဝါးအော်ဟစ်သံ၊ ညည်းညူငိုလဲသံများ၏အဆုံး နိဂုံးမှာတော့ မောင်သီဟနှင့်အမာခံရဲမက်တစ်ရာကျော်တို့အားလုံး အတုန်းအရုန်းနှင့်ကျဆုံးခဲ့ကြပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သွေးနီသော၊ ဇာတိမာန်ထက်သော မျိုးချစ်သူရဲကောင်း တစ်ရာကျော်တို့၏သွေးတို့သည် ပေပင်မော်သချိုင်းကြီးတွင် ချောင်းစီးခဲ့ပါချေပြီတည်း။

အခန်း(၂၄)

## 'သမိုင်းတွင်ခဲ့သော ခေါင်းတစ်ရာသချိုင်း'

ဝင်လုဆဲနေလုံးနီနီကြီး ပေပင်ချောင်းထဲသို့ခေါင်းငုံ့ကာ တိုးဝင်နစ်မြုပ်လျက်ရှိပါပြီ။ ထို့အတူ ဝင်လုဆဲနေရောင်ခြည်များ ကလည်း သွေးနီရောင်လွှမ်းကာ ပေပင်ချောင်းထဲသို့ ဖိတ်စဉ် ကျနေးပက်နေသကဲ့သို့ ပေပင်မော်သချိုင်းမှ မျိုးချစ်သူရဲကောင်း တို့၏နီရဲသောသွေးများကလည်း ပေပင်မော်သချိုင်းမှသည် ပေပင် ချောင်းထဲသို့တိုင် စီးမွှဝင်စီးမျောလျက်ရှိပါတော့သည်။

သေဆုံးသူအရေအတွက်ကား များလှပါ၏။ အင်္ဂလိပ်စစ် ပိုလ်သည် မည်ကဲ့သို့စိတ်ကူးပေါက်သွားသည်မသိ၊ ပေပင်မော် သချိုင်းတွင် အလောင်းချင်းထပ်မျှသေဆုံးခဲ့ကြရသည့်မျိုးချစ်



www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းများ၏ရုပ်အလောင်းများမှ ဦးခေါင်းများကိုဖြတ်ယူစေခဲ့သည်။ ဦးခေါင်းအားလုံး၏အရေအတွက်မှာ (၁၀၂)လုံးတိတိရှိပါ၏။ ထိုဦးခေါင်းများကို ခြင်းတောင်းတစ်လုံးစီတွင်ထည့်စေပြီး သူ၏အင်္ဂလိပ်စစ်သားများကို စစ်သားတစ်ယောက်လျှင် ဦးခေါင်းထည့်ထားသောခြင်းတောင်းတစ်လုံးစီ ဆွဲကိုင်စေသည်။

ထို့နောက် ပေပင်မော်ရွာသို့ ပထမဦးဆုံးအဝင်တွင် မိုလ်တောက်ထိန်ကိုယ်တိုင် သေနတ်နှင့်ပစ်ခတ်လုပ်ကြံခံခဲ့ရသည့် သူတို့၏မျက်နှာဖြူအင်္ဂလိပ်စစ်ဗိုလ်မြှုပ်နှံထားသည့် မြေပုံရှိရာသို့ ဦးခေါင်းပြတ်များကိုသယ်ယူစေခဲ့သည်။ ခြင်းတောင်းများထဲမှ သွေးများသည် တတောက်တောက်နှင့် သယ်ယူရာလမ်းတလျှောက် အဆက်မပြတ်ကျဆင်းလျက် လမ်းတလျှောက်ရှိ မြက်ခင်းစိမ်းစိမ်းထက်တွင် စွေးစွေးနီမြန်းသောသွေးတို့ဖြင့် ရစ်ထွေးပေကျံလျက် ရှိနေပါချေပြီကော။

အင်္ဂလိပ်စစ်ဗိုလ်နှင့် ဆူဗဒါပရက်တေဝါရီတို့သည် မြန်မာမျိုးချစ်တပ်သားများ၏ဦးခေါင်းပြတ်များကို သူတို့အရာရှိမျက်နှာဖြူစစ်ဗိုလ်၏မြေပုံထက်တွင် တစ်ဆင့်ပြီးတစ်ဆင့် ထပ်၍ ထပ်၍ ခု၍ ခု၍ဆင်းပုံကြရာ သာမန်အရပ်အမောင်းကောင်းသူတစ်ဦး၏မေးဖျားထိတိုင်မြင့်လုပါချေ၏။ ဦးခေါင်းပြတ်များ၏ ဝိညာဉ်မဲ့





[မျ]က်နှာများထက်တွင် ခံပြင်းခြင်း၊ အခဲမကြေဒေါသထွက်ခြင်း၊ [...]ကျင်ခြင်း၊ မကျေနပ်ခြင်းစသည့်ပုံရိပ်သဏ္ဍာန်များ ရောထွေး[...]ယှက်ဝင်လျက်ရှိပြီး မမြင်နိုင်တော့ပြီဖြစ်သောမျက်လုံးများနှင့် [မြ]န်မာပြည်ကြီး တိုင်းတပါးကျွန်ဘဝမှ ရုန်းထွက်လွတ်မြောက်[...]င်မည့် အနာဂတ်ကာလများဆီသို့ ရော်ယမ်းမှန်းမျှော်ကြည့်နေ[...]ကြသယောင်။

ဆူဗဒါတေဝါရီသည် ကမ္ဘာကြီးတစ်ခုလုံး သို့မဟုတ် [...]သာကကြီးတစ်ခုလုံးမှ သိမြင်ကြည့်ရှုနိုင်စေရန် မြန်မာခေါင်း[...]ဆောင်ဗိုလ်တောက်ထိန်၏ဦးခေါင်းပြတ်ကြီးကို ထိပ်ဆုံးမှတင်[...]ထားလိုက်သည်။ ထို့နောက် သူ၏သားကြီးဖြစ်သူမောင်သိဟ[...]ခေါင်းပြတ်၊ ထိုသူတို့ကိုင်ဆောင်တိုက်ပွဲဝင်ခဲ့ကြသည့်ဓားများ[...] ဒေါင်းအလံတို့ကို ခေါင်းပြတ်ပုံကြီးရှေ့တွင် ပစ်ချထားလိုက်[...]ပါတော့သည်။

ဦးခေါင်းပြတ်များမှ တစိမ့်စိမ့်ယိုစီးထွက်ကျလာသောသွေး[...]းက မလှမ်းမကမ်းရှိပေပင်ချောင်းထဲသို့ စိမ့်ဝင်စီးမျောသွား[...]၏။ ထိုမှတဆင့် ပေပင်ချောင်းရေအလျဉ်သယ်ဆောင်ရာသို့ [...]က်ပါစီးမျောသွားခဲ့ရာမှ ဝေနီမြစ်ကြီးထဲထိတိုင် စိမ့်ဝင်ပေါင်းဆုံ[...]ားကြပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရင်နင့်ကြေကွဲဖွယ်ရာ၊ မကြည့်ရက်မမြင်ရက်စရာ၊ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေနိုင်သည့်မြင်ကွင်းကို ပေပင်ချောင်းထက်ရှိ မြင့်မားလှသောသစ်ပင်ကြီးထက်မှ စူးရှလင်းလက်သောမျက်လုံးအစုံနှင့် ကြည့်နေသူတစ်ယောက်ကိုမူ မည်သူမျှ သတိမထားလိုက်နိုင်ကြပါချေပြီတည်း။



ညနေခင်းလေပြည်လေးက သွဲ့သွဲ့ညင်ညင်တိုက်ခတ်နေ
၊ ငြိမ့်ငြိမ့်ညင်ညင်စီးဆင်းနေသည့်ပေပင်ချောင်းလေးက ထုံး
ဖြူဖွေးစေတီငယ်တစ်ဆူရှိသည့် ကုန်းမြင့်အောက်ခြေနံဘေးမှ
ကွ့ဝိုက်ကာစီးဆင်းလျက်ရှိသည်။

စေတီငယ်နှင့်မလှမ်းမကမ်းမှာတော့ ထန်းပင်လေးငါးပင်
ခေါင်းချင်းပူး၍ လေပြည်တွင်ယိုင်ကာ ဆည်းဆာနေခြည်ထိ
ည့်ဘက်တွင် ထန်းရွက်ထန်းလက်များက အနီရောင်သန်းလျက်
ည်းဆာအလှကို ဖြည့်စွက်ပေးနေကြသယောင်။

ရံဖန်ရံခါ ဝေ့ဝဲတိုက်ခတ်လာသည့်ဆည်းဆာလေပြည်တွင်
တီငယ်မှ ဆည်းလည်းလှုပ်ခတ်သံ၊ ထန်းပင်ထိပ်ဖျားမှ ထန်း



www.burmeseclassic.com

www.burmeseclassic.com



ရွက်လေတိုးသံလေးများနှင့်အတူ သဲ့သဲ့ညင်ညင်လွင့်ပျံ့ရိုက်ခတ်လာသည့်ခေါင်းလောင်းထိုးသံသဲ့သဲ့ကိုပါ ကြားနေရပါသည်။ ထို့အတူ သေချာစွာနားစိုက်ထောင်မည်ဆိုလျှင် ပေပင်ချောင်းနံဘေးပေပင်မော်သင်္ချိုင်းဘက်ဆီမှ ငိုကြွေးသံသဲ့သဲ့ကိုပင် ကြားရမည်ထင်ပါ၏။ သို့သော် ထိုငိုရှိုက်သံသည် ဝေန်မြစ်ကြီးဘက်ဆီမှလိုလို၊ ပေပင်မော်သင်္ချိုင်းကြီးဆီမှလိုလို သဲသဲကွဲကွဲမသိရသည့်တိုင် ယခုကဲ့သို့ ညနေဆည်းဆာနေဝင်ချိန်မျိုးတိုင်းတွင် ထိုငိုရှိုက်သံသဲ့သဲ့က မည်သည့်နေရာမှထွက်ပေါ်လာသည်မသိ၊ လေအသွဲ့တွင် ကြားယောင်နေရဆဲပါ။

စင်စစ် ဤနေရာ၊ ဤနယ်မြေ၊ ဤပေပင်ချောင်းဝန်းကျင်တွင် မျိုးချစ်တပ်သားတစ်ရာကျော်၏သွေးချွေးများက မပျောက်မပျက်နှင့်စီးဆင်းနေကြဆဲပါ။ သားလည်းသေ၊ လင်လည်းဆုံးရှုံးခဲ့ကြရသော ပေပင်မော်မှ မုဆိုးမသားသည်မိခင်များ၏မျက်ရည်တို့သည် ပေပင်ချောင်းရေကိုကျော်ဖြတ်ပြီး ဝေန်မြစ်ကြီးဆီသို့တိုင် စီးဆင်းသွားကြသည်မဟုတ်ပါလား။ အဆုံးမှာတော့ ပေပင်မော်ရွာ၏ငိုရှိုက်သံတို့သည် ဘဝင်သို့ပင်ညံခဲ့ပါချေပြီကော။

မှန်ပါသည်။ သီပေါအရှင်၏ကိုယ်ရံတော်တပ်မှူးလေးဗိုလ်တောက်ထိန်အပါအဝင် ပေပင်မော်မျိုးချစ်တပ်သား(၁၀၂)





ဦးတို့သည် တစ်ဦးတစ်ယောက်မျှအသက်ရှင်ကျန်ရစ်ခဲ့ကြခြင်းမရှိပါလေတော့။ နယ်ချဲ့ဗြိတိသျှအင်္ဂလိပ်တို့၏ သေနတ်ပြောင်းဝတွင် မျိုးချစ်တပ်သား(၁၀၂)ယောက်တို့ အသက်စတေးခဲ့ရပါသည်။ ထိုစဉ်ကတည်းက ပေပင်မော်ရွာသားမုဆိုးမသားသည်မိခင်တို့၏ငိုရှိုက်သံတို့မှာ မိုးယံသို့တိုင်ပဲ့တင်လွင့်မျောသွားပြီးကြဝဠာတစ်နံတစ်လျားထိတိုင် ပျံ့နှံ့သွားခဲ့သည်သာ။

ယခုလည်း ပေပင်မော်သင်္ချိုင်း၏ တိတ်ဆိတ်ငြိမ်သက်သောကြေကွဲဖွယ်ရာအရပ်တွင် ချစ်လှစွာသောလင်ယောက်ျားနှင့်သားဖြစ်သူတို့အတွက် မျက်ရည်ယိုငိုပွဲဆင်နေကြသည့် သားအမိနှစ်ဦးထံမှ ရှိုက်ငင်ငိုကြွေးသံသဲ့သဲ့က ပေပင်ချောင်းကိုဖြတ်က ဝေန်မြစ်ကြီးမှသည် မြန်မာနိုင်ငံတစ်နံတစ်လျားထိတိုင်ပျံ့နှံ့စီးဆင်းသွားပါတော့သည်။

''ပြန်ကြပါစို့အမေရယ်...နော်၊ အဖေနဲ့အစ်ကို့အနားမှာလောက်နေရရင်ကျေနပ်ပါတော့အမေရယ်၊ အမေက ကောင်းကောင်းကျန်းမာသေးတာမဟုတ်ဘူး၊ တော်ကြာ အမေအိပ်ယာထဲလဲသွားရင် အမေ့ဆန္ဒတွေပြည့်ဝမှာမဟုတ်တော့ဘူးနော်''

မြရည်နန္ဒာက မိခင်ကြီးဒေါ်ငြိမ်းမယ်၏လက်မောင်းသားလေးကို ဖွဖွညင်ညင်ဆုပ်ကိုင်ရင်း သတိပေးစကားပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြောသာပြောရသည်။ သူမ၏မျက်နှာထက်မှာလ
မျက်ရည်မြစ်တစ်ချို့စီးဆင်းနေကြ၏။ ဖခင်ဗိုလ်တောက်ထိ
အစ်ကိုတော်ကိုသီဟတို့ နယ်ချဲ့အင်္ဂလိပ်များ၏လက်ချက်
သေဆုံးသွားခဲ့သည်မှာ (၆)လခန့်ကြာမြင့်ခဲ့ပြီဖြစ်သော်လ
ရင်ထဲမှသံယောဇဉ်ကြိုးများကမူ ပြတ်တောက်ပြေလျော့၍ မ
နိုင်ကြသေးပါ။ အထူးသဖြင့် အစ်ကိုတော်ကိုသီဟ၏အုတ်ဂူ
လေးပေါ်တွင် သူတို့ထက်ဦးစွာလာရောက်၍ ချသွားသည့်ဖြူ
ပန်းစည်းလေးတစ်စည်း၏ပိုင်ရှင်ဖြစ်သူကို ခြေရာခံနေသည်
တစ်လကျော်ခဲ့ပါပြီ။ ယခုတိုင်ခြေရာခံ၍မရရှိနိုင်သေး။ ထို
ကိုမူ မိခင်ကြီးဒေါ်ငြိမ်းမယ်မသိရှိသေးပါ။ သူတစ်ယောက်တ
သာ တိုးတိုးကြိတ်ကြိတ်စုံစမ်းနေခြင်းဖြစ်ပါသည်။

"အေး...ဟုတ်တယ်နော်သမီး၊ တကယ်တော့ သမီးတို့
ဗိုလ်တောက်ထိန်ဟာ လူကောင်း၊လူတော်၊လူရိုး၊လူပြတ်
ကွယ်၊ ဇာတိမာန်ကလည်း ထက်သလားမမေးနဲ့၊ အင်း...
လူမျိုးကို မိစ္ဆာခွေးတွေကိုက်သတ်လို့သေရတာ နှမျောစရာကေ
လိုက်တာသမီးရယ်၊ ဒီကြားထဲ လပြည့်လကွယ်တွေမှာ သ
အဖေဗိုလ်တောက်ထိန်ဟာ မြင်းညိုကြီးကိုစီးပြီး ပေပင်မော်
ရှာဦးစေတီကိုလာရောက်ဖူးမြော်တာတို့၊ ပေပင်မော်သချိုင်း





မှာ မြင်းခွာသံတွေကြားရတာတို့၊ နောက်ပြီး ဘုရားရင်ပြင်တော်ပေါ်က ကြေးခေါင်းလောင်းကြီးဟာ လူမတွေ့ရဘဲ သူ့အလိုလိုမြည်ဟီးသံတွေထွက်နေတာတို့ဆိုတဲ့ ကောလဟာလစကားတွေကလည်း ပျံ့နှံ့နေလေတော့ ခက်တယ်သမီးရယ်"

"ဘုရားဟောဒေသနာတွေနဲ့ နှိုင်းယှဉ်ပြမယ်ဆိုရင်လည်း ဒီလိုကိစ္စရပ်မျိုးတွေဟာ မကျွတ်မလွတ်ကြတဲ့သူတွေနဲ့ တစ်စုံတစ်ရာကိုစွဲလမ်းပြီးသေကြရတဲ့အခါမျိုးတွေမှာမှ ကြုံရ၊ တွေ့ရတတ်တာကလား၊ ဒါတောင် တစ်ချို့ကပြောကြသေးတယ်၊ သန်းခေါင်ယံညဉ့်ဆယ့်နှစ်နာရီကျော်တာနဲ့ ခေါင်းပြတ်ကြီးတွေဟာ မြင်းညိုကြီးတွေစီးပြီး ပေပင်မော်ရွာကို သုံးလေးပတ်ပတ်ပြီး ပေပင်မော်သချိုင်းဘက်ဆီကို စိုင်းနှင်သွားကြတာကိုတွေ့တဲ့သူတွေကတွေ့ကြတယ်ဆိုပဲသမီးရေ၊ ဒီလိုမျိုးတော့ မေမေမကြိုက်ဘူးကွယ့်၊ ငါ့နိုင်ငံသား၊ ငါ့ရွာသား၊ ငါ့လင်၊ ငါ့သားတွေဟာ တိုင်းပြည်အတွက်အသက်စွန့်သွားကြတာမို့ သေရင်ငရဲမလားပါဘူးကွယ်"

မည်းနက်ရှည်လျားသောဆံပင်ကြီးကို ဘီးဆံပတ်ပတ်ထားပြီး ဖျဉ်အင်္ကျီအမည်းကြီးဝတ်ထားသည့် ရှင်ငြိမ်းမယ်မှာ လောကဓံတရား၏အထုအထောင်း၊ အရိုက်အနှက်များကို ဖန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာတေအောင်ခံစားခဲ့ရပြီးပြီမို့ အရာအားလုံးကို တရားနှင့်သ နှလုံးသွင်းရန်ကြိုးနေပါလေ၏။ သို့တိုင်အောင် သံယောဇဉ်မက တတ်သေးသည့် ပုထုဇဉ်လူသားတစ်ဦးပီပီ သံယောဇဉ်လက်ကျ ငွေ့ငွေ့လေးဖြင့် လင်ယောက်ျားဖြစ်သူနှင့် သားကြီး၏အုတ် သင်္ချိုင်းသို့ တစ်ပတ်လျှင်တစ်ကြိမ်မျှတော့ သမီးငယ်မြရည်နှ နှင့်အတူ လာရောက်၍အလွမ်းဖြေလေ့ရှိပါ၏။

လေအဝှေ့တွင် ကြွေဆက်ကျလာသောသစ်ရွက်အ အုတ်ဂူများထက်သို့ တဖွဲဖွဲကျလာချိန် သို့မဟုတ် ဆည်းဆ နေလုံးပျောက်ကွယ်လုလုအချိန်တွင်မှ ရှင်ငြိမ်းမယ်နှင့်သမီးမြရ နန္ဒာတို့သည် ပေပင်ချောင်းအနီးရှိ ပေပင်မော်သင်္ချိုင်းမှ ပြန်လ ၍ထွက်ခွာလာခဲ့ကြပါတော့သည်။

သူတို့နှစ်ဦးထွက်ခွာသွားမှ သစ်ပင်အကွယ်မှ အနက်ရော ပုဝါပိုင်းတစ်ထည်ကို ဦးခေါင်းတွင်ရစ်ပတ်ခြုံလွှမ်းထားသ မိန်းမပျိုလေးတစ်ဦးမှာ မောင်သီဟ၏အုတ်ဂူရှေ့တွင် အတန်ကြ တိတ်ဆိတ်စွာငိုရှိုက်နေသည်ကို ထူးခြားစွာတွေ့မြင်ရပါလေ မကြာမီ အနက်ရောင်ပုဝါခြုံထားသည့်မိန်းမပျိုလေးမှာ မော သီဟ၏အုတ်ဂူထက်မှသစ်ရွက်ခြောက်များနှင့် အမှိုက်သရိ များကို ဖယ်ရှင်းလိုက်ပြီး အသင့်ပါလာသည့်အဖြူရောင်ပန်းစ





လေးတစ်စီးကို ငိုရှိုက်သံတစ်ဝက်တစ်ပျက်နှင့် အုတ်ဂူထက်သို့ အသာအယာချကာ သင်္ချိုင်းအတွင်းမှ တရွေ့ရွေ့ပြန်လည်၍ ထွက်ခွာသွားပါတော့သည်။

ထိုမိန်းမပျိုလေးမှာ ညောင်မှတ်ဆိတ်ရွာမှ စုန်းမကြီးဒေါ် ကယု၏မြေးဖြစ်သူ၊ မောင်သီဟ၏ချစ်သူ နော်ဇာဆိုသောမိန်း ကလေးပင်ဖြစ်ပါတော့သတည်း။။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

## 'လပြည့်ညနှင့် သန်းခေါင်ယံမြင်းညိုရှင်'

အချိန်က လပြည့်ညသန်းခေါင်ယံ။

မိုးရိပ်မိုးသားများနှင့် ဆောင်းနှင်းမြူငွေ့များရောယှက်နေသည့် သန်းခေါင်ယံလပြည့်ညသည် ညိုမှိုင်းမှိုင်းညှင်ညှင်စီးဆင်းနေသောပေပင်ချောင်းနှင့် ဝေနံမြစ်တို့၏ရေစီးသံသဲ့သဲ့အောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာအိပ်မောကျနေပါလေ၏။

ထို့အတူ ပေပင်မော်ရွာစွန်ရှိ ပေပင်မော်သင်္ချိုင်းကြီးသည်လည်း မိုးရိပ်မြူငွေ့တို့ဖြင့် ပျော်ဝင်နေသည့်လပြည့်ည၏ ငွေရောင်မှုန်ဝါးဝါးအောက်တွင် ပီဘိမလှုပ်မယှက်နှင့်။ မကောင်းဆိုးဝါးကြီးတစ်ကောင် လဲလျောင်းအိပ်စက်နေသည့်နှယ်။





ရံဖန်ရံခါ ဝေ့ဝဲတိုက်ခတ်လာသည့် မိုးနှံ့ပါသည့်ဆောင်းကြမ်းလေပြင်းကြောင့် သစ်ပင်ဝါးပင်ကြီးတို့၏ အကိုင်းချင်း၊ အပင်ချင်းပွတ်တိုက်ရိုက်ခတ်သံတစ်ချို့မှလွဲ၍ လပြည့်ည၏သန်းခေါင်ယံသည် တစ္ဆေတစ်ကောင်၏အေးစက်စက်လက်ချောင်းကြီးများကဲ့သို့ အေးခဲငြိမ်သက်လျက်ရှိပါ၏။

အချုပ်ဆိုရပါမူ ပေပင်ချောင်းနှင့်ဝေနံမြစ်တို့အနီးရှိ ပေပင်မော်ရွာကြီးသည်လည်းကောင်း၊ ပေပင်မော်သင်္ချိုင်းကုန်းသည်လည်းကောင်း အေးစိမ့်စိမ့်သန်းခေါင်ယံလပြည့်ည၏ အဖြူရောင်တစ္ဆေတစ်ကောင်၏ရင်ခွင်အောက်ဝယ် အနားယူအိပ်စက်လျက်ရှိပါချေပြီတည်း။

ထိုအချိန်တွင် ပေပင်မော်ရွာကြီးဘက်ဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သောခွေးအူသံကြီးများနှင့်အတူ ရူးရူးဝါးဝါးထိုးဟောင်နေသည့်ခွေးဟောင်သံကြီးများက သွေးပျက်ချောက်ချားဖွယ်ထွက်ပေါ်လာသည်။

"အူး...ဝူး...ဝူး...အူး...အူး...ဝူး...ဝူး...ဝူး..."

"ဝုတ်...ဝုတ်...ဝုတ်...ဝုတ်...ဝုတ်..."

တစ်ချိန်တည်းမှာပင် မည်းမည်းရိပ်ရိပ်နှင့် အိပ်ပျော်နေသည့်သင်္ချိုင်းစပ်ရှိကုက္ကိုပင်အုပ်စုထက်မှ တအားအားအော်မြည်ကာ တဝုန်းဝုန်းနှင့်အလန့်တကြားပျံသန်းသွားကြသည့် ကျီးကန်း



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုကြီးကြောင့် အိပ်မောကျနေသောသန်းခေါင်ယံညဥ့်သည် လှုပ်လှုပ်ရှားရှားဖြစ်သွားပါသည်။

ထိုစဉ်မှာပင် ပေပင်မော်သချိုင်းဘက်ဆီမှ မြင်းခွာသံများနှင့်မြင်းဟီသံသဲ့သဲ့က လှုပ်လှုပ်ရှားရှားနိုးထလာသည့် သန်းခေါင်ယံညဥ့်တွင် ပဲ့တင်ရိုက်ခတ်လာသည်။

''ခွပ်...ခွပ်...ခွပ်...ခွပ်...''

''ဟီး...ဟီး...ဟီး...''

မကြာမီ တခွပ်ခွပ်နှင့်မြင်းခွာသံကြီးများက ပေပင်မော်ရွာဦးထိပ်ဆီသို့ ဦးတည်စိုင်းနှင်သွားခဲ့ပြီး ကျယ်လောင်စွာထွက်ပေါ်လာသည့်မြင်းဟီသံကြီးများနှင့်အတူ အရိပ်မည်းကြီးတစ်ခုက စိုင်းစက်နေသည့်လပြည့်ဝန်းကြီးကိုနောက်ခံပြုကာ ရွာဦးစေတီရှိရာသို့ ဦးတည်၍စိုင်းနှင်သွားသည်ကို ထူးခြားအံ့သြစွာတွေ့မြင်လိုက်ကြရပါတော့သည်။

''ခွပ်...ခွပ်...ခွပ်...ခွပ်...''

ထိုအချိန်တွင် ပေပင်မော်ရွာဦးစေတီရင်ပြင်ထက်ရှိ ကြေးခေါင်းလောင်းကြီးသည် ခေါင်းလောင်းထိုးသူမတွေ့ရှိရပါဘဲနှင့် သူ့အလိုလိုမြည်ဟီးနေသံမှာ လပြည့်ည၏သန်းခေါင်ယံဆောင်းနှင်းမြူများကြားတွင် လွှမ်းဆွတ်ကြေကွဲဖွယ် ပဲ့တင်စီးမျောနေပါလေ၏။





''ဒေါင်...ဒေါင်...ဒေါင်...ဒေါင်...ဒေါင်...''

မကြာမီ တဖျောင်းဖျောင်းနှင့်မြင်းခွာသံကြီးများက ပေပင်မော်ရွာတံခါးကြီးဆီသို့ ဦးတည်စိုင်းနှင်သွားပြီး ရွာစည်းရိုးအတိုင်း အတန်ကြာမျှလှည့်ပတ်ကာ စိုင်းနှင်နေသံကြီးများကို ပေပင်မော်တစ်ရွာလုံးလိုလို မယုံကြည်နိုင်စဖွယ်ကြားနေရပါတော့သည်။

''ခွပ်ခွပ်ခွပ်ခွပ်''

''ဟီးဟီးဟီး''

ထိုစဉ် လေပြင်းတစ်ချက်သုတ်လိုက်သည်တွင် မြူနှင်းအချို့လွင့်ပြယ်သွားကြသည်မို့ စိုင်းစက်ပြည့်ရွှန်းနေသည့်လပြည့်ဝန်းကြီးက ပေပင်မော်ရွာကြီးပေါ်သို့ အလင်းအားပြည့်ဝစွာပေးစွမ်းလိုက်သည်နှင့် ပို၍ပို၍ ထူးဆန်းအံ့သြဖွယ်၊ သွေးပျက်ချောက်ချားဖွယ်မြင်ကွင်းတစ်ခုကို မယုံကြည်နိုင်ဖွယ်တွေ့မြင်လိုက်ကြရပါတော့သည်။

ဟုတ်သည်။ မြင်ကွင်းက အမှန်တကယ်ပင် ထိတ်လန့်အံ့သြဖွယ်ရာဖြစ်ပါ၏။ သန်မာထွားကျိုင်းလှသောမြင်းညိုကြီးကို စီးလျက် ရင်အုပ်ကားကား၊ ညိုမောင်းသောအသားအရည်နှင့် လက်ထဲတွင်လည်း သွေးစွန်းလျက်ရှိသော ငှက်ကြီးတောင်ဓားရှည်ကြီးကိုကိုင်စွဲကာ အနီရောင်ပိုးထည်ပုဆိုးကိုခါးတောင်းကျိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် မြင်းစီးလူရုပ်၏သွင်ပြင်ကား လရောင်အောက်တွင် ဝင့်ကြွားထည်ဝါစွာနှင့်။

ထို့အပြင် ရင်ဘတ်တွင်စည်းနှောင်ထားသည့် အနီရောင်ရွှေကျဉ်ခတ်ပိုးပုဝါလေးကလည်း မြင်းညိုကြီးကိုအပြင်းစိုင်းနှင်လိုက်တိုင်း တဖျပ်ဖျပ်တလွင့်လွင့်နှင့်ဝဲပျံလျက်ရှိပါလေ၏။

''ခွပ်...ခွပ်...ခွပ်...ခွပ်...ဖျောင်း...ဖျောင်း...ဖျောင်း...''

''ဟီး...ဟီး...ဟီး...''

သို့သော်...

ထူးခြားဆန်းပြားနေခြင်းမှာ ထိုမြင်းစီးလူရုပ်မှာ ဦးခေါင်းမပါရှိခြင်းပင်တည်း။ဟုတ်သည်။ လည်တိုင်တဝိုက်တွင် သွေးစွန်းသွေးကွက်ရာကြီးနှင့် စွန်းထင်းပေကျံနေသောခန္ဓာကိုယ်ကြီးတွင် ဦးခေါင်းမပါရှိတော့သည့် လပြည့်ည၏သန်းခေါင်ယံမြင်းညိုရှင်၏ တဖျောင်းဖျောင်းနှင့်မြင်းစိုင်းနှင်သံကြီးက ကြားရ၊ မြင်ရသူအပေါင်းအား သွေးပျက်ချောက်ချားထိတ်လန့်စေသည်သို့။

မကြာမီ ထိုဦးခေါင်းမပါသည့်မြင်းညိုရှင်သည် ပေပင်မော်ရွာကြီး၏ရွာစည်းရိုးအတိုင်း သုံးလေးပတ်လောက်လှည့်ပတ်၍ အပြင်းစိုင်းနှင်ပြီးမှ ပေပင်မော်သင်္ချိုင်းဘက်ဆီသို့ ပြန်လည်ထွက်ခွာသွားသည်ကို ငွေလရောင်အောက်တွင် ထင်ထင်လင်းလင်းပင်တွေ့မြင်လိုက်ကြရပါတော့သည်။

''ခွပ်...ခွပ်...ခွပ်...ဖျောင်း...ဖျောင်း...ဖျောင်း...''

''ဟီး...ဟီး...ဟီး...''

''ဝူး...အူး...အူး...အူး...အူး...ဝူး...ဝူး...''

တစ်ချိန်တည်းမှာပင် ပေပင်မော်သင်္ချိုင်းဘက်ဆီမှလည်း ဆွဲဆွဲငင်ငင်အူလိုက်သောခွေးအူသံကြီးများနှင့်အတူ တဖွဲဖွဲပြန်လည်၍ကျဆင်းလာသည့်မြူနှင်းမြူလွှာထုကြီးအောက်တွင် မြင်းစီးခေါင်းပြတ်လူရုပ်၏သွင်ပြင်က တဖြည်းဖြည်းမှုန်ဝါးပျောက်ကွယ်သွားပါတော့သည်တကား။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၆)

## 'အတိတ်မြို့ဟောင်းတစ်နေရာမှ အပြန်...'

နံနက်ခင်းနေရောင်ခြည်က မြစ်ဆိပ်ကမ်းနဖူးထက်ရှိ ဒေါက်တာမင်းခေါင်၏နေအိမ်ကြီးပေါ်သို့ ဖြန့်ကျက်ကျဆင်းလျက် ရှိပါသည်။ ထိုနေ့နံနက်က လက်ဖက်ရည်ဝိုင်းကို ခါတိုင်းပြုလုပ်နေကျထမင်းစားခန်းထဲတွင်မဟုတ်ဘဲ ဒေါက်တာမင်းခေါင်၏ စာကြည့်ခန်းထဲသို့ရွှေ့၍ ဆာမိကပြုလုပ်ပေးပါ၏။

ပဥ္စလက်ဗျတ်ကျော်က ဒေါက်တာမင်းခေါင်ရှေ့သို့ လက်ဖက်ရည်ခွက်ကို ကိုယ်တိုင်ယူလျက် တရိုတသေချပေးလိုက်သည်။ ပြီးလျှင် သူ့အတွက် လက်ဖက်ရည်ခွက်ကိုယူကာ သူထိုင်နေသည့်စားပွဲပေါ်တွင်အသာချလိုက်ရင်း ဒေါက်တာမင်းခေါင်၏ စကားအဆက်ကို စိတ်ဝင်တစားနားထောင်နေ၏။





ဒေါက်တာမင်းခေါင်ကမူ သူ၏ဆေးတံကြီးကိုသာ တွင်တွင်ရှိုက်ဖွာရင်း သူဖတ်မှတ်သိရှိထားခဲ့သည့် ခေါင်းတစ်ရာသင်္ချိုင်း ဆောင်းပါးအတ္တုပ္ပတ်များကိုဆက်စပ်၍ ရှေ့တွင်ဘာဆက်လုပ်ရမည်ကို အလေးအနက်စဉ်းစားနေမိသည်။ ခေါင်းတစ်ရာသင်္ချိုင်းနှင့်ပတ်သက်၍ တစ်စုံတစ်ခုလိုအပ်နေသကဲ့သို့လည်းခံစားနေရ၏။ သမိုင်းမှတ်တမ်းများကိုလည်း ဆက်စပ်ကြည့်သောအခါ လိုအပ်နေသောကွင်းဆက်တစ်ခု ပြတ်တောက်နေသည်ကိုလည်း သိရှိလာခဲ့သည်။

"အင်း...ဒီလိုရှိတယ်မောင်ဗျတ်ကျော်... ခေါင်းတစ်ရာသင်္ချိုင်းရဲ့နိဂုံးဟာ မပြီးဆုံးသေးဘူးလို့ ကျုပ်ထင်တယ်၊ လွတ်လပ်ရေးခေတ်က မြန်မာသမိုင်းဖြစ်စဉ်တွေကို ပြန်လည်သုံးသပ်တဲ့ သုတေသနစာအုပ်တွေ ကျုပ်ဆီမှာ တော်တော်များများရှိတယ်၊ အဲဒီစာအုပ်တွေထဲမှာ ရန်ကုန်တက္ကသိုလ်က အငြိမ်းစားဒုတိယအဓိပတိ(ပါမောက္ခချုပ်)သမိုင်းပညာရှင် ဒေါက်တာထင်အောင် ရေးထားတဲ့ (၁၉၇၅)ခုနှစ်၊ အောက်တိုဘာလထုတ် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်မှာ "ကိုအိုးဟာဘေးသည် နယ်ချဲ့ဝါဒီလော...သမိုင်းပညာရှင်လော"ဆိုတဲ့ဆောင်းပါးတစ်ပုဒ် ရေးထားခဲ့တယ်၊ အဲဒီဆောင်းပါးထဲမှာပါတဲ့ အချက်တစ်ခုရယ်၊ တခြား



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းတွေမှာပါရှိတဲ့အချက်တွေကြောင့်ဆိုရင် ခေါင်းတစ်ရာသင်္ချိုင်းမှတ်တမ်းမှာ လိုနေတဲ့အချက်တစ်ခုကို သွားပြီးတွေ့တယ်ကွယ့်''

ဒေါက်တာမင်းခေါင်က မီးသေသွားပြီဖြစ်သော သူ၏ဆေးတံကြီးကိုအသာချကာ သူ၏ရှေ့ရှိလက်ဖက်ရည်ခွက်ကို ကောက်ယူလိုက်ပြီး တစ်ကျိုက်ခန့်သောက်လိုက်၏။

''ဘယ်လိုအချက်များပါလဲဆရာကြီး၊ ကျွန်တော်ကတော့ ဒီမှာတွေ့ရှိရတဲ့မှတ်တမ်းမှတ်ရာတွေနဲ့ ဆရာကြီးပြောပြနေတဲ့ အကြောင်းအရာတွေကို ချိန်ထိုးဆက်စပ်ပြီးကြည့်ရသလောက်ဆိုရင် အားလုံးပြီးပြည့်စုံနေသလိုပဲခင်ဗျာ''

''အို...အဲဒီလိုအသေအချာကြီးတော့လည်း မဟုတ်ပါဘူး၊ ကျုပ်ရဲ့ထင်မြင်ယူဆချက်ကိုပြောတာပါ၊ ဒါပေမယ့် ကျုပ်အထင်ပြောရရင် အဲဒီကွင်းဆက်တစ်ခုရဲ့အဖြေဟာ ခေါင်းတစ်ရာသင်္ချိုင်းမှာ ရှိနိုင်၊တွေ့နိုင်လောက်တယ်၊ အဲဒီတော့ မောင်ဗျတ်ကျော်ရဲ့ဆုံးဖြတ်ချက်ကရော ဘယ်လိုလဲကွယ့်''

''ကျွန်တော်ကတော့ ဆရာကြီးကိုကတိပေးထားပြီးပြီပဲခင်ဗျာ၊ ခေါင်းတစ်ရာသင်္ချိုင်းအကြောင်းကိုသိရသည်ဖြစ်စေ၊ မသိရသည်ဖြစ်စေ ကျွန်တော်ရရှိခဲ့တဲ့ ရွှေရေတကောင်းလေးကို





သူ့ကိုတွေ့ရှိခဲ့ရတဲ့နေရာမှာပဲ ပြန်ပြီးထားမယ်လို့ဆုံးဖြတ်ချက်ချပြီးသားပါဆရာကြီး''

ပဋ္ဌလက်ဗျတ်ကျော်၏ နောက်ဆုံးဆုံးဖြတ်ချက်ကိုကြားသိလိုက်ရပြီးသည်နှင့် ဒေါက်တာမင်းခေါင်မှာ ခေါင်းတညိတ်ညိတ်နှင့် လွန်စွာသဘောကျသွားဟန်ရှိ၏။

''ကောင်းပါလေ့ကွယ်၊ ဒီလိုကိစ္စမျိုးက ကာယကံရှင်ရဲ့ဆုံးဖြတ်ချက်ကအဓိကမို့ ကျုပ်ဘာတစ်ခွန်းမှဝင်ပြီးမပြောတာပါ၊ နောက်ပြီး တန်ဖိုးကလည်း ရှေးဟောင်းပစ္စည်းအတိုင်းအတာရော၊ လက်ရှိရွှေချိန်ကောပါဆိုရင် တော်တော်ကြီးကိုတန်ဖိုးကြီးပစ္စည်းတစ်ခုဖြစ်နေတယ်လေ၊ အင်း...အခုလိုလောဘကိုသတ်ပြီးအမှန်ကိုမြင်နိုင်တာကိုပဲ မောင်ဗျတ်ကျော်ကိုကျုပ်လေးစားသွားရပါပြီကွယ်''

''ကျေးဇူးတင်ပါတယ်ဆရာကြီး၊ ကျွန်တော်လည်း လူကောင်းတစ်ယောက်တော့မဟုတ်ပါဘူးဆရာကြီးရယ်၊ ပဋ္ဌလက်ဗျတ်ကျော်ဆိုတဲ့နာမည်နဲ့လိုက်ဖက်အောင် ဖောက်ထွင်းမှုပညာရပ်မှာ ဆရာတစ်ဆူရယ်လို့ ဒုစရိုက်လောကမှာ သရဖူဆောင်းခဲ့တာပါခင်ဗျာ၊ ဒါပေမယ့် ဒီပစ္စည်းကျတော့ ရယူစကတည်းက စိတ်ထဲမှာလေးနေမိတယ်၊ နောက်ပြီး အိပ်မက်ဆိုးတွေနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လှန့်ခံခဲ့ရတာ ဆရာကြီးလည်းအသိပါ၊ ဒါကြောင့်လည်း ဒီသမိုင်းကြောင်းကိုမသိရခင်ကတည်းက သူ့ရဲ့မူလနေရာကိုပြန်ပြီးထားမယ်လို့ ဆုံးဖြတ်ချက်ချခဲ့တာပါ၊ အင်း...အခုလိုခေါင်းတစ်ရာသချိုင်းနဲ့ပတ်သက်ပြီး ဗိုလ်တောက်ထိန့်တို့ရဲ့မျိုးချစ်စိတ်ဓာတ်နဲ့ သမိုင်းကြောင်းကိုသိလာရတဲ့အခါမှာတော့ ရင်ထဲမှာနင့်ခနဲခံစားခဲ့ရပါတယ်၊ တစ်ဆက်တည်း ကျွန်တော့်ကိုယ်ကျွန်တော်လည်း အသုံးမကျတဲ့သူ၊ လောကကြီးကို ဘာတစ်ခုမှကောင်းကျိုးမပြုခဲ့တဲ့သူတစ်ယောက်အဖြစ်နဲ့ ရှုံ့ရှာလာမိခဲ့ပါတယ်ခင်ဗျာ''

ပဋ္ဌလက်ဖျတ်ကျော်၏ အချိန်မီအသိတရားဝင်လာသောစိတ်ဓာတ်ကြောင့် ဒေါက်တာမင်းခေါင်တစ်ယောက် ကျေနပ်ဝမ်းမြောက်နေမိသည်။ တစ်ဆက်တည်းမှာပင် သူ၏ဆန္ဒကိုပါ ဒေါက်တာမင်းခေါင် ထုတ်ဖော်ပြောဆိုလိုက်၏။

''အင်း...ပျက်အစဉ် ပြင်ခဏတဲ့၊ အပျက်တကာ့အပျက်ဆုံးမှာ စိတ်ဓာတ်ပျက်စီးနေတာ အဆိုးဝါးဆုံးပဲတဲ့ကွယ့်၊ ဒီဖြစ်ပျက်ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေပေါ်မှာ ဝေဖန်စီစစ်ပြီး မောင်ရင့်ရဲ့မဲညစ်နေတဲ့ဘဝဆိုးကြီးကိုလည်း တစ်ခါတည်းခဝါချလိုက်ပါလားကွယ်၊ လိုအပ်တဲ့ကိစ္စအဝဝမှန်သမျှ ကျုပ်ကူညီမယ်လေ''

''ဒါပေမယ့် အခုချက်ချင်းမဆုံးဖြတ်ပါနဲ့ဦးမောင်ဖျတ်ကျော်၊ ကျုပ်နဲ့အတူ ခရီးတစ်ခုထွက်ပြီးပြန်လာမှပဲ အဖြေပေးတာပေါ့နော်၊ မကောင်းဘူးလား''

''ရပါတယ်ဆရာကြီးရယ်၊ ဆရာကြီးရဲ့ဆန္ဒအတိုင်းဖြစ်စေရပါ့မယ်၊ ဒါပေမယ့် ကျွန်တော်က ဆရာကြီးနဲ့ဘယ်လိုမျိုးခရီးထွက်တာကို လိုက်ရမှာလဲခင်ဗျာ''

''ခေါင်းတစ်ရာသချိုင်းကိုပဲကွယ့်''

''ခင်ဗျာ...''

ခေါင်းတစ်ရာသချိုင်းဆိုသည်နှင့် ပဋ္ဌလက်ဖျတ်ကျော်မှာ မျက်လုံးများပြူးကျယ်သွားကာ မျက်ခုံးများလည်းမြင့်တက်သွားပါလေ၏။ ပြီးမှ ဒန်းဟီးဆေးတံကြီးတွင် မုတ်ဆိတ်ကြီးဗာဂျီးနီးယားဆေးများထည့်၍ မီးညှိရှိုက်ဖွာရင်း သူ့အားပြုံးပြုံးကြီးကြည့်နေသည့် ဒေါက်တာမင်းခေါင်ကိုကြည့်ကာ ပဋ္ဌလက်ဖျတ်ကျော်သဘောပေါက်သွားပါလေတော့သည်။

''အာ...သိပ်ကောင်းတဲ့ခရီးစဉ်ပေါ့ဆရာကြီးရယ်၊ မြန်လေကောင်းလေပဲခင်ဗျ၊ ဒီထက်ပိုပြီးဖြစ်နိုင်သေးရင်တော့ ဟို...ဟို...လ...လပြည့်ညမတိုင်ခင်ရောက်လေ ကောင်းလေပဲဆရာကြီးရေ... ဟင်း...ဟင်း...ဟင်း...''

ပဋ္ဌလက်ဖျတ်ကျော်၏ လွတ်လပ်ပေါ့ပါးစွာရယ်မောလိုက်







www.burmeseclassic.com

www.burmeseclassic.com



သောရယ်သံသဲ့သဲ့က ဒေါက်တာမင်းခေါင်၏ဆေးတံမီးခိုးငွေ့များနှင့်ပေါင်းစည်းကာ အခန်းထဲဝယ်ဝေ့ဝဲစီးမျောနေပါတော့သည်တကား။

အခန်း(၂၇)

## 'အန္တရာယ်ရင်ခွင်သို့တိုးဝင်ကြခြင်း...သို့မဟုတ်...'

ဆည်းဆာနေသည် အားပျော့စပြုနေပါပြီ။

ပုဇွန်ဆီရောင်၊ ဝါရွှေရောင်နှင့် တိမ်နီမိလ္လာတို့ရောယှက်နေသည့်ကောင်းကင်တွင် တိမ်နားကွပ်ငွေခြည်တန်းများက ဖြာဖြာလင်းလက်လျှက် ပေပင်ချောင်းရေတွင်ထင်ဟပ်ကာ တစ်မျိုးပင်လှပနေ၏။

ပေပင်မော်ဆိပ်ကမ်းသို့ ဒေါက်တာမင်းခေါင်တို့နှစ်ယောက်ခြေချမိတော့ လှပသောပုဇွန်ဆီရောင်ဆည်းဆာညနေခင်းတစ်ခုက ဆီးကြိုနေသည်။ ဒေါက်တာမင်းခေါင်က ရာဇဝင်မှတ်ထမ်းများ၊ ဆောင်းပါးများထဲတွင်သာ ဖတ်ရှုခံစားခဲ့ရသည့်ပေပင်ချောင်းနှင့်ပေပင်မော်ရွာ၏သဘာဝအလှကို ကြည်နူးစွာခံစားနေ၏။

★ ခုနစ်ခေါင်ကြယ်စာပေ ★

www.burmeseclassic.com

www.burmeseclassic.com



တိမ်နီမိုဃ်းလွှာ...တိမ်စုကာနှင့်...

တိမ်ပြာရောယှက်...အဝါဖက်၍...

တိမ်သက်တန့်ရောင်...ရွှေဝါဘောင်ဝယ်...

ဟူသည့် ဆည်းဆာတိမ်တောက်ချိန်ကိုဖွဲ့ဆိုညွှန်းထားသည့်ကဗျာအပိုင်းအစလေးထဲမှ ညနေခင်းဆည်းဆာအလှကို ဒေါက်တာမင်းခေါင် တဝကြီးခံစားနေရာမှ...

"ခရီးထွက်ခြင်းရဲ့အရသာဟာ ဘယ်လိုအရာမျိုးနဲ့မှမလဲနိုင်တဲ့ခံစားမှုအရသာတစ်မျိုးပဲမောင်ဗျတ်ကျော်၊ ကိုင်း..မင်းရဲ့ခရီးစဉ်ကို ဘယ်လိုပုံစံမျိုးနဲ့ ကကြမလဲ၊ ဒီတစ်ခါဆိုရင် ခေါင်းတစ်ရာသင်္ချိုင်းက သုဘရာဇာကြီးက ဘယ်လိုမျိုးကြိုဆိုနေမလဲဆိုတာ.."

„ဒေါက်တာမင်းခေါင်၏သတိပေးစကားကြောင့် သုဘရာဇာကြီးဦးလူဝကို သူသတိရလာမိသည်။ ဟုတ်သည်။ သူ သင်္ချိုင်းမှထွက်လာတော့ ရွှေရေတကောင်းလောဘဇောကြောင့် ဦးလူဝကိုပင်အသိမပေးဘဲ တိတ်တဆိတ်လစ်ထွက်လာခဲ့သည်မဟုတ်ပါလား။ ယခု သင်္ချိုင်းကုန်းသို့ပြန်၍ ရွှေရေတကောင်းလေးကို သူ၏မူလနေရာတွင်ပြန်လည်မြှုပ်နှံရမည့်အရေးက ထင်သလောက်မလွယ်ကူတော့။

ပေပင်မော်ဆိပ်ကမ်းမှ သစ်တိုင်ကြီးတစ်ပင်အောက်တွင်





နှစ်ယောက်သားထိုင်၍ ခေတ္တနားနေကြစဉ် ရေ့အစီအစဉ်ကို တိုင်ပင်ညှိနှိုင်းနေကြခြင်းဖြစ်သည်။ ပဋ္ဌလက်ဗျတ်ကျော်သည် သူ၏ဦးခေါင်းမှ နီကျင်ကျင်ဆံပင်မွှေးများကို ထိုးဖွကုတ်ခြစ်ရင်း...

"ဟုတ်တယ်ဆရာကြီး၊ ဒီကိစ္စက ဟိုသုဘရာဇာကြီးသိသွားလို့မဖြစ်ဘူး။ ကျွန်တော့်စိတ်ကူးကတော့ ခေါင်းတစ်ရာသင်္ချိုင်းကိုမှောင်မှုဝင်ပြီး လုပ်ရှားရရင်ပိုပြီးကောင်းမယ်လို့ထင်တယ်၊ ဒါပေမယ့် ဆရာကြီးကပါနေတော့..."

"ကိစ္စမရှိဘူးမောင်ဗျတ်ကျော်၊ ကျုပ်ကိုထည့်မတွက်နဲ့၊ ဒီလိုကိစ္စမျိုးတွေမှာ ကျုပ်တို့လည်း မောင်ရင့်လိုပဲ အလီဘာဘာလုပ်သင့်ရင်လုပ်ရတာပဲ၊ တစ်ခါတစ်ခါ ရှားပါးပြီးတန်ဖိုးကြီးတဲ့ပစ္စည်းတွေ ကိုယ့်ဆီကနေတရားမဝင်ယူငင်သွားတဲ့ပစ္စည်းကို ကိုယ်ကလည်း အဲဒီလိုမျိုးနည်းတွေနဲ့ပြန်ပြီးယူရတဲ့အခါမျိုးလည်း ရှိတာပေါ့၊ နောက်ပြီး ကျုပ်ကိုယ်နှိုက်ကလည်း အဲဒီလိုစွန့်စားမှုမျိုးတွေကိုမှ ဝါသနာထုံမိတာကိုး"

ဤသို့ဖြင့် ဆရာတပည့်နှစ်ယောက်သား ပေပင်မော်ဆိပ်ကမ်းမှာပင် တိတ်တဆိတ်လျှို့ဝှက်နေထိုင်ကြပြီး ညအမှောင်ကျရောက်လာမှ ခေါင်းတစ်ရာသင်္ချိုင်းရှိရာသို့ နှစ်ယောက်သားထွက်လာခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေပင်ချောင်းနှင့်မနီးမဝေးတွင်တည်ရှိသည့် ခေါင်းတစ်ရာသင်္ချိုင်းကြီးသည် မြူနှင်းများဆိုင်းနေသည့်ညဥ့်ရင်ခွင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာပျော်ဝင်နေပါ၏။ လရောင်မတောက်မီ သင်္ချိုင်းအတွင်းသို့ဝင်ရောက်နိုင်ရန် ပဥ္စလက်ဗျတ်ကျော်တို့မှောင်ရိပ်နှင့်လျက် တိတ်တဆိတ်တိုးဝင်လာကြသည်။

ရှေ့ဆီမှာတော့ သစ်ရိပ်ဝါးရိပ်များအုပ်ဆိုင်းညို့မှိုင်းနေသည့်ပေပင်မော်သင်္ချိုင်းခေါ် ခေါင်းတစ်ရာသင်္ချိုင်းကြီးက အေးစက်စက်တစ္ဆေကြီးတစ်ကောင်လဲလျောင်းအိပ်စက်နေသကဲ့သို့။

ပဥ္စလက်ဗျတ်ကျော်က ခေါင်းတစ်ရာသင်္ချိုင်းအပေါက်ဝမှမဝင်တော့။ သူအရင်တစ်ခါ ရွှေရေတကောင်းတူးဖော်ရရှိခဲ့သည့် သင်္ချိုင်းကြီး၏မြောက်ဘက်ပေပင်ချောင်းစပ်မှ ကွေ့ပတ်၍ဝင်လာခဲ့ကြသည်။ နှင်းမြူမိုးစက်များထင်ကျန်နေသည့် သစ်ရွက်သစ်ခက်များကြားမှဖြတ်သန်းရသဖြင့် အေးစက်စက်မြူနှင်းမှုန်များ၏အထိအတွေ့ကို စိမ့်ခနဲခံစားလိုက်ကြရသည်။

''ဆရာကြီး..သတိထား..သည်တစ်ကွေ့ကျော်ရင် သင်္ချိုင်းအစပ်ကိုရောက်ပြီ၊ အခုလိုအချိန်မှာ သူတို့ သင်္ချိုင်းကြီးကို လှည့်ပတ်ပြီးစစ်ဆေးတတ်ကြတယ်''

''မင်းသာသတိရှိပါစေမောင်ဗျတ်ကျော်၊ အေး...မတော်





လို့များ တစ်ခုခုလွဲချော်သွားခဲ့ရင် ကျုပ်ကိုကြည့်ပြီးသာ လှုပ်ရှားပေတော့''

ထို့နောက်မှာတော့ နှစ်ဦးသား သင်္ချိုင်းကြီး၏မြောက်ဘက်အခြမ်းမှနေ၍ စတင်ထိုးဖောက်၍ဝင်လာခဲ့ကြပါတော့သည်။ ခေါင်းတစ်ရာသင်္ချိုင်းထဲမှာတော့ မှတ်တိုင်အကျိုးအပျက်များ၊ အုတ်ဂူဟောင်းများနှင့် မြေပုံမို့မို့များက ဒေါက်တာမင်းခေါင်နှင့် ပဥ္စလက်ဗျတ်ကျော်တို့အား တိတ်ဆိတ်စွာပင်ဆီးကြိုနေကြသည်။ ပဥ္စလက်ဗျတ်ကျော်မှာ လရောင်မသက်ရောက်သည့်အမှောင်ရိပ်ခြမ်းရှိ အုတ်ဂူများမှတဆင့် ရွှေရေတကောင်းရယူခဲ့ရာ အနောက်မြောက်ဘက်သို့ တရွေ့ရွေ့တိုးဝင်လာခဲ့သည်။

အမှောင်ရိပ်များကြီးစိုးနေသည့် ညောင်မှတ်ဆိတ်ပင်ကြီးအောက်တွင် ခေတ္တခိုနားရင်း အခြေအနေကိုအကဲခတ်နေမိ၏။ ထိုစဉ် ဒေါက်တာမင်းခေါင်က လေသံတိုးတိုးဖြင့်...

''မောင်ရင်...ယူလာခဲ့တဲ့နေရာကို သေသေချာချာမှတ်မိတယ်နော်''

''စိတ်ချပါဆရာကြီး၊ ကျွန်တော်ဟာ ဖောက်ထွင်းဝိဇ္ဇာတစ်ယောက်ပါ၊ အမှတ်အသား၊ သင်္ကေတတစ်ခုဟာ ကျွန်တော်တို့အတွက်သိပ်အရေးကြီးတဲ့အချက်ပါ၊ ဟောဒီအုတ်ဂူပျက်ပွေ



www.burmeseclassic.com

www.burmeseclassic.com



(၉၉)လုံးပြည့်တဲ့နေရာနဲ့ အနောက်စူးစူးမှာရှိတဲ့ဝါးရုံပင်ကြီးကနေ သုံးကိုက်လောက်အကွာမှာ အုတ်ဂူလို့ထင်ရတဲ့အုတ်ပုံပျက်လေး တစ်ခုရှိတယ်၊ အဲဒီအုတ်ပုံရဲ့ညာဘက်နှစ်တောင်ကွာလောက်မှာ ကျွန်တော်တူးခဲ့တဲ့ကျွင်းဟောင်းရှိတယ်ဆရာကြီး၊ အဲဒီမှာ ပြန်ပြီး မြှုပ်နှံရမှာပါ''

''အင်း...သေချာရင် သွားကြစို့၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာ သချိုင်းဟာ ထူးထူးခြားခြားများ တိတ်ဆိတ်ငြိမ်သက်နေသလားလို့၊ ဒါဟာ တမင်သက်သက်ဖန်တီးထားတဲ့ထောင်ချောက်တစ်ခုများဖြစ်နေမလား၊ မောင်ရင်ပြောသလိုသာမှန်ခဲ့ရင် ဦးလူဝကိုလျှော့တွက်လို့မရဘူးနော်''

ဒေါက်တာမင်းခေါင်၏ ထိရောက်သောစကားတစ်ခွန်းက ပဋ္ဌလက်ဗျတ်ကျော်၏ဦးခေါင်းကို အချက်ပေးသံချောင်းခေါက်လိုက်သည်သို့။ ရုတ်တရက်မို့ဆန္ဒစောသွားသည့် သူ၏စိတ်ကို အသိတရားကပ်ပေးလိုက်သည်။ ဟုတ်သည်။ သုဘရာဇာကြီး ဦးလူဝ၏တစ်ကိုယ်တော်လှုပ်ရှားမှု၊ သူ၏အသွင်သဏ္ဍာန်၊ သူ၏အတွေးအခေါ်၊ သူ၏ဒဿနများက သူ၏ဖုံးကွယ်လျှို့ဝှက်ထားသည့် အတွင်းသရုပ်ကိုမသိမသာဖော်ထုတ်ပြသနေသကဲ့သို့။ နဂိုကတည်းက ဦးလူဝသည် တစ်စုံတစ်ရာကိုလျှို့ဝှက်ထားဟန်





ရှိသည်ဟု သူထင်မြင်ယူဆခဲ့သည်မှာ မှန်ကန်နေခဲ့လေပြီထင့်။

ပဋ္ဌလက်ဗျတ်ကျော်မှာ ရုတ်တရက်သတိရသွားသည်မို့ သူလွယ်သိုင်းထားသည့်လွယ်အိတ်ကြီးထဲမှ ရွှေရေတကောင်းကို ထုတ်ယူလိုက်သည်။ ပြီးလျှင် ယာယီသိုဝှက်ထားရန်စိတ်ချရလောက်သည့်နေရာတစ်ခုကို ကျီးကန်းတောင်းမျှော်ရှာဖွေကြည့်လိုက်စဉ်...

ဝင်းခနဲ၊ လက်ခနဲဓာတ်မီးရောင်တစ်ခုက သူ၏မျက်နှာထက်သို့ စူးခနဲကျရောက်လာသဖြင့် မျက်လုံးကိုကာ၍ကြည့်လိုက်သည်တွင်...

''ဟဲလို့..ဂွတ်နိုက်ပါ လူကလေးမောင်လူချော၊ အဲ... ဟို...လက်တွေကိုတော့ ငြိမ်ငြိမ်လေးထားကြ၊ ဟိုနောက်က ပုဂ္ဂိုလ်ကြီး...ရှေ့ကိုထွက်ခဲ့ပါ၊ အင်း...တို့မျက်စိနောက်လောက်အောင်တော့မလုပ်ကြပါနဲ့၊ တော်ကြာနေ ခေါင်းတစ်ရာသင်္ချိုင်းမှာ နောက်ထပ်မြေပုံနှစ်ပုံ ထပ်ပြီးတိုးသွားပါဦးမယ်...ဟင်း...ဟင်း...ဟင်း...''

လက်နှိပ်ဓာတ်မီးနှစ်လက်ဖြင့်ဆိုင်း၍ထိုးထားသဖြင့် မျက်လုံးများပြာဝေသွားခိုက် ဦးလူဝတို့သုဘရာဇာတစ်စု၏ ဝိုင်းဝန်းဖမ်းဆီးခြင်းကိုခံလိုက်ကြရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဆရာကြီးဆိုတဲ့ပုဂ္ဂိုလ် သိပ်တော်တယ်ဗျာ၊ ခင်ဗျား ထောက်လိုက်တဲ့စကားတစ်ခွန်းကြောင့် ကျုပ်ရဲ့ပထမအစီအစဉ် ပျက်သွားခဲ့ရတာ၊ နို့မို့ဆိုရင် ဒီအချိန်လောက်ဆို ဗိုလ်သူရိန်ရဲ့ ရတနာသိုက်ကို ကျုပ်တို့တွေ့မြင်နေရပြီဗျ...သိလား..."

ပဋ္ဌလက်ဖျတ်ကျော်လက်မှရယူသွားသည့် ရွှေရေတကောင်း လေး၏အလေးချိန်ကိုတွက်ဆကြည့်ရင်း ပြောလိုက်သည့်ဦးလူ၀ ၏အသံသြသြကြီးကြောင့် ဒေါက်တာမင်းခေါင်၏မျက်လုံးများ အရောင်လက်သွားကြသည်။ သေချာသွားပြီ၊ ခေါင်းတစ်ရာသချိုင်း ၏ ကျန်ရှိနေသောကွင်းဆက်တစ်ခုက သုဘရာဇာကြီးဦးလူ၀ ထံတွင် ရှိနေပါချေပြီကော။

"ကိစ္စမရှိပါဘူးလေ၊ ဆင်ကြီးတစ်ကောင်လုံး လက်ထဲ ကိုရောက်နေမှတော့ ဆင်ခြေရာကိုရှာမနေတော့ပါဘူး၊ ကဲ... မောင်လူချောလို့ခေါ်တဲ့ ပဋ္ဌလက်သူခိုးကြီး..ဟောဒီရွှေရေတကောင်း လေးရဲ့နေရာအစစ်ကို ငါတို့ကိုလိုက်ပြပါ၊ တစ်ခါတည်းသတိပေး လိုက်မယ်၊ ဉာဏ်မကစားနဲ့၊ မျက်စိနောက်အောင်မလုပ်နဲ့၊ ဗိုလ် သူရိန်ရဲ့ရတနာသိုက်ကိုရခဲ့ရင် မင်းတို့နှစ်ယောက်အတွက်လည်း ဝေစုခွဲပေးမယ်၊ အေး...ငါစိတ်မရှည်အောင်လုပ်လာရင်တော့ မင်းရဲ့တပည့်တက်ခါးလို မြေကြီးထဲရောက်သွားရမှာပဲဟေ့"





သုဘရာဇာကြီးဦးလူ၀သည် အရာအားလုံးအတွက်ကြိုတင် ၍ အဆင်သင့်ပြင်ဆင်ထားလေသည်ထင့်။ သူ၏လက်ထဲ၀ယ် ခြောက်လုံးပြူးသေနတ်တစ်လက်နှင့်။ ကျန်လူသုံးယောက်လက် ထဲတွင် ဓားရှည်ကိုယ်စီကိုင်လျက် ဒေါက်တာမင်းခေါင်နှင့် ပဋ္ဌလက် ျတ်ကျော်တို့အား ဖမ်းဆီးထားခြင်းဖြစ်ပါ၏။

"ဒါဆိုရင် ခင်...ခင်ဗျားကြီး...တက်ခါးရောက်လာကတည်း က သိနှင့်နေတာပေါ့ဟုတ်လား"

"ဟာ...ဟ...သုဘရာဇာတစ်ယောက်အတွက် လူ့ကမ္ဘာ ကြီးဟာ ကျဉ်းကျဉ်းလေးပါ လူချောရယ်၊ လူသေနဲ့ လူရှင်ကိုမှ ခွဲခြားပြီးမသိရင် သုဘရာဇာနေရာမှာ ဝင်ပြီးလုပ်မနေတော့ဘူး ဟေ့၊ မင်းတို့လို သူခိုးသူဝှက်တွေသာ ရွှေအစစ်အတုမသိကြလို့ တက်ခါးတစ်ယောက် ဒုက္ခရောက်သွားရတာပေါ့ကွာ...ဟင်း... ဟင်း...တကယ်တော့ အဲဒီဗိုလ်သူရိန်ရဲ့အုတ်ဂူဟာ ငါ့ရဲ့လှည့် ကွက်တစ်ခုပဲ၊ ငါတို့တောင်မှ ဗိုလ်သူရိန်ရဲ့ရတနာသိုက်ကို သိချင်လွန်းလို့ အခုလို သုဘရာဇာဘွဲ့ကို နှစ်ရှည်လများခံယူပြီး ရှာဖွေနေကြတာ...အင်း...တွေ့မယ့်တွေ့တော့ ဘာမဟုတ်တဲ့ မင်း လိုသူခိုးဂျပိုးက ဗိုလ်သူရိန်ရဲ့ရတနာသိုက်ကို သွားပြီးတွေ့တယ် တဲ့...ဟင်း...တစ်ခါတလေကျတော့လည်း လောကကြီးက မျက်နှာ လိုက်သလိုပဲ လူချောရေ"



www.burmeseclassic.com

www.burmeseclassic.com



သုဘရာဇာဦးလူဝကြီးက စကားပြောရာတွင် လွန်စွာ
ဝါသနာထုံသူတစ်ဦးဖြစ်သည်။ ပြောပြန်လျှင်လည်း သူတက
နှင့်မတူ တမူခြားနားစွာ ဒဿနဖွင့်ဆိုတတ်သေးသည်။ ထိ
အချက်ကို သူကိုယ်တိုင်ပင် သတိထားမိပုံမပေါ်။ ထိုအချက်ကိ
ကိုင်၍ အချိန်ကိုရနိုင်သမျှဆွဲရန် ပဍ္ဍုလက်ဖျတ်ကျော်စဉ်းစာ
လိုက်မိ၏။

သို့သော် သုဘရာဇာဦးလူဝက လူကောင်ကြီးဝသလော
ပါးနပ်သေချာလှသည်။ စကားလမ်းကြောင်းချော်ထွက်သွားမှ
သိသည်နှင့် ပဍ္ဍုလက်ဖျတ်ကျော်၏ရင်ဝတည့်တည့်သို့ ဆတ်ခ
သေနတ်ပြောင်းနှင့်ထိုးချိန်လိုက်သည်။

''ကိုင်း...ကြာတယ်လူချောရေ၊ ဟောဒီရွှေရေတာကော
လေးရခဲ့တဲ့နေရာကို ငါတို့ကိုခေါ်သွားပေတော့၊ အေး...ယီးတ
ယားတားနဲ့ ညာဏ်များမယ်တော့ မကြံနဲ့နော်၊ မင်းရဲ့လက်ချော
တွေကို တစ်ချောင်းချင်းဖြတ်ပြီးမေးဖို့လည်း ငါဝန်မလေးဘူးနော်'

ဦးလူဝမှာ ပြောသလိုလုပ်မည့်လူစားမျိုးဖြစ်သည်။ သ
အတွက် ပဍ္ဍုလက်ဖျတ်ကျော်မှာ ဦးနှောက်ကို အပြင်းအထ
အလုပ်ပေးလျက်ရှိ၏။ သူလီဆယ်၍ပြမည့်ရတနာသိုက်နေရ
သည် သူတို့နှစ်ယောက်အတွက် လွတ်မြောက်ရေးအားသာနိ





သည့်နေရာဖြစ်ရမည်။ အကယ်၍ အခန့်မသင့်ပါက သတ်ပုတ်ရမည်ဆိုလျှင်လည်း လက်နက်ကိုင်လေးယောက်နှင့် သူတို့နှစ်ယောက်အတွက် အသင့်တော်ဆုံးနေရာဖြစ်ရမည်။ ထိုနေရာကို ခေါင်းတစ်ရာသင်္ချိုင်းအတွင်းဝယ် အပြေးအလွှားစဉ်းစားရှာဖွေကြည့်နေမိသည်။

''ရတနာသိုက်ကိုရှာလို့တွေ့ရင် ကျုပ်တို့ရမယ့်ဝေစုရယ်၊ ကျုပ်တို့ရဲ့အသက်ရယ်ကို ဘယ်သူကအာမခံမှာလဲ၊ ဘယ်လောက်ထိယုံကြည်ရမှာလဲ ဦးလူဝ''

''ငါအာမခံတယ်၊ အေး...ဘယ်လောက်အထိယုံကြည်ရမှာလဲဆိုတာကတော့ မင်းရဲ့အပေါ်မှာပဲမူတည်တယ်၊ မင်းညာဏ်မကစားဘူးဆိုရင် ငါအားလုံးအာမခံတယ်၊ ကတိပေးတယ်၊ ကိုင်း...ထ...သွားကြမယ်''

ပဍ္ဍုလက်ဖျတ်ကျော်မှာ ဒေါက်တာမင်းခေါင်ကို မသိမသာ ခေါင်းညိတ်ပြလိုက်ရင်း ခေါင်းတစ်ရာသင်္ချိုင်း၏အရှေ့ဘက်ခြမ်းဆီသို့ ထွက်လာခဲ့ပါတော့သည်။ သင်္ချိုင်းကြီး၏အရှေ့ဘက်ခြမ်းတွင် ဘုန်းကြီးကျောင်းပျက်ကြီးတစ်ခုနှင့် ရေတွင်းပျက်ကြီးတစ်ခုရှိသည့်အပြင် သစ်ပင်ခြုံနွယ်များလည်း လွန်စွာထူထပ်လှသော နေရာတစ်ခုဖြစ်သည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

## 'ခေါင်းတစ်ရာသချိုင်းမှ   သန်းခေါင်ယံအသက်လုပွဲ'

ခေါင်းတစ်ရာသင်္ချိုင်း၏ အရှေ့ဘက်ခြမ်းသည် တောအုပ်ထူထူနှင့်ထိစပ်နေသဖြင့်  သစ်ပင်ခြုံနွယ်များဖြင့်  ထူထပ်သိပ်သည်းလျက်ရှိပါ၏။ ထို့ကြောင့် ယခုကဲ့သို့ လပြည့်ကာနီး လပြည့်ဝန်း၏အလင်းရောင်ပင်  ထိုးဖောက်နိုင်စွမ်းမရှိပါလေ။

ထို့ကြောင့် ဦးလှဝက သူ၏လူနှစ်ယောက်အား လက်နှိပ်ဓာတ်မီးအပြင် မီးအုပ်ဆောင်းနှစ်ခုကိုပါ ထွန်းညှိနိုင်းလိုက်သဖြင့် ဝန်းကျင်တစ်ခုလုံးလင်းထိန်သွားသည်။

''ကဲ...ဘယ်နေရာမှာလဲလူချော၊ မလိမ့်တပတ်တော့ မလုပ်နဲ့နော်''





''ငြိမ်းခြောက်လှချည်လားဦးလှဝရဲ့၊  စိတ်ချ...ကျုပ်လက်ချောင်းလေးတွေကိုတော့  အဖြတ်မခံနိုင်ပါဘူးဗျာ၊  ခင်ဗျားသိပ်လိုချင်တဲ့ ဗိုလ်သူရိန်ရဲ့ရတနာသိုက်က  ရှေ့ကရေတွင်းပျက်ကြီးထဲမှာရှိတယ်၊ ဒါပေမယ့် ကျုပ်က ဘုန်းကြီးကျောင်းပျက်ကြီးပေါ်မှာ  ပစ္စည်းတစ်ခုယူရဦးမယ်၊  ပြီးရင်  ရေတွင်းပျက်ကြီးထဲကိုကျုပ်ကိုယ်တိုင်ဆင်းပြီး ခင်ဗျားသိပ်လိုချင်တဲ့ ဗိုလ်သူရိန်ရဲ့ရတနာတွေကိုယူပေးပါ့မယ်၊ ခင်ဗျားရဲ့ကတိတစ်လုံးနဲ့ အာမခံချက်သာတည်ပါစေဦးလှဝ''

''အေး...အဲလိုအမြင်မှန်ရစမ်းပါငါ့လူရာ၊  နေ...နေ...နေပါဦး၊ မင်းက ဘုန်းကြီးကျောင်းပျက်ကြီးပေါ်တက်ပြီး ဘာပစ္စည်းယူမှာမို့လို့လဲကွ''

ပဥ္စလက်ဗျတ်ကျော်၏စကားကို  ဦးလှဝက  သဘောကျသက်ခံပါသော်လည်း ဘုန်းကြီးကျောင်းပျက်ပေါ်သို့ တက်ရောက်မည့်ကိစ္စကိုမူ  ဘဝင်မကျဟန်ဖြင့်မေးလိုက်သည်။

သို့သော်  ထိုကိစ္စကို  ဒေါက်တာမင်းခေါင်ရိပ်စားမိပါ၏။ တမင်သက်သက်ရတနာသိုက်နေရာကို လမ်းလွှဲ၍ခေါ်ဆောင်လာပြီး ယခုလည်း လူလေးယောက်အုပ်စုကို နှစ်စုဖြစ်အောင် ဉာဏ်ဆင်၍  ခွဲလိုက်ခြင်းဖြစ်သည်ဟုလည်း  သိလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုလဲဦးလူဝရဲ့၊ ခင်ဗျားမယုံရင် ကိုယ်တိုင်လိုက်ခဲ့ဗျာ၊ ကျောင်းပျက်ပေါ်ကမြေပုံညွှန်းကိုရမှ ရေတွင်းပျက်ထဲကို ကျုပ်ဆင်းလို့ရမှာပေါ့''

''ကိုင်း...ကြာတယ်ကွာ၊ ဝကြီးနဲ့လောရှည်...လူချောနဲ့ လိုက်သွားစမ်း၊ အေး...ရုတ်ရုတ်သဲသဲလုပ်ရင်တော့ ခြေတစ်ဖက်လက်တစ်ဖက်ဖြတ်ပစ်လိုက်ကွာ၊ မြန်မြန်သွားကြ၊ မဲကြီးနဲ့ငါက ရေတွင်းထဲကိုဆင်းဖို့ ကြိုးရှာလိုက်ဦးမယ်''

ပဠလက်ဖျတ်ကျော် သူ၏ထောင်ချောက်ထဲသို့ ဦးလူဝတစ်ယောက် မသိနိုးနားစွာနှင့် သက်ဆင်းလာခဲ့သည်မို့ ဒိတ်ခနဲပင်ရင်ခုန်သွားပါ၏။ ထို့ကြောင့် ဒေါက်တာမင်းခေါင်ကို မျက်ရိပ်ပြခဲ့ပြီး လူနှစ်ယောက်၊ ဓားနှစ်လက်ကြားမှ ကျောင်းပျက်ကြီးရှိရာသို့ ထွက်သွားကြပါတော့သည်။

လရောင်သည် သစ်ပင်ကြိုသစ်ပင်ကြားမှ ခက်ခက်ခဲခဲထိုးဖောက်ကျဆင်းနေရသဖြင့် ကျောင်းပျက်ကြီးအနီးတွင် လရောင်က ချို့တဲ့လွန်းနေ၏။ သို့သော် ဝကြီး၏ဘယ်လက်တွင် ကိုင်ဆွဲလာသည့် မီးအုပ်ဆောင်းက ဝန်းကျင်တစ်ပိုက် မှုန်ဝါးဝါးအလင်းကို ပေးစွမ်းထားပါလေ၏။

ပဠလက်ဖျတ်ကျော် ခြေလှမ်းမှန်မှန်ဖြင့်လျှောက်ရင်း တိုက်





ခိုက်ရမည့်သူနှင့် တိုက်ခိုက်ရမည့်နေရာကို စိတ်ထဲတွင် ချင့်ချိန်တွက်ဆနေသည်။ မကြာမီ ကျောင်းပျက်ကြီး၏လှေကားထိပ်သို့ ရောက်ရှိလာခဲ့သည်။ သူက ရှေ့ဆုံးမှ ဦးစွာတက်လိုက်သည်မို့ မီးအုပ်ဆောင်းကိုင်ထားသည့်ဝကြီးဆိုသူက သူ၏နောက်မှ မီးထိုးပြရင်း ကပ်၍လိုက်လာခဲ့သည်။ နောက်ဆုံးမှ လောရှည်က ဓားရှည်ကြီးကိုကိုင်ဆွဲကာ လှေကားအတိုင်းတက်လာခဲ့၏။

ဒါသည်ပင် ပဠလက်ဖျတ်ကျော်စောင့်စားနေသည့် အခွင့်အရေးပင်ဖြစ်ပါ၏။ လှေကားထစ်ဆုံးကာနီးသို့အရောက်မှာတော့ ရုတ်တရက် ဖျတ်ခနဲနောက်သို့လှည့်ကာ လက်နှစ်ဖက်စလုံးမအားလပ်ရှာသည့်မောင်ဝ၏ရင်ဘတ်တည့်တည့်သို့ ဖနောင့်နှင့် အားရပါးရပေါက်ချလိုက်ပါလေတော့သည်။

''ဘုန်း...အင်း...''

''အား...အင့်...''

''ဝုန်း...ဖရုန်း...ဖျော...ဘရော...''

လှေကားအမြင့်မှ လူနှစ်ယောက်ဝရုန်းသုန်းကားနှင့်ပြုတ်ကျသွားသည့်အသံကြီးက တိတ်ဆိတ်နေသောညဥ့်ယံကိုလှုန့်နှိုးလိုက်သည်သို့။ တဝေါဝေါတဝုန်းဝုန်းနှင့် သံစဥ်မကျသည့်အသံများကို ကျောင်းပျက်ကြီးဆီမှကြားလိုက်ရသဖြင့် ဦးလူဝ ရေတွင်းအနီးမှ လည်ပြန်၍ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဟိုကောင်တွေဆီက ဘာဖြစ်..."

"ဖျောင်း...ဝိုး..."

"အ...ဟာ"

ဦးလူဝ စကားကိုဆုံးအောင်မပြောလိုက်ရ။ ဒေါက်တာမင်းခေါင်၏ခြေထောက်က ရုတ်တရက် လေထဲတွင်မြောက်တက်လာပြီး ဦးလူဝ၏သေနတ်ကိုင်ထားသောလက်ကို ဖြောင်းခနဲကန်ပစ်လိုက်သည်။ ကံကောင်းချင်တော့ လွင့်စင်ထွက်သွားသည့်သေနတ်က ရေတွင်းပျက်ကြီးထဲသို့ တန်းခနဲနေအောင်ကျသွားပါလေ၏။

"ဟာ...ဒီ...ဒီကောင်တွေ ဉာဏ်များပြီမဲကြီးရေ့ သတ်ပစ်လိုက်စမ်းကွာ"

သို့သော် မဲကြီးက ရေတွင်း၏တစ်ဖက်ခြမ်းတွင်ရောက်နေခြင်းက ဒေါက်တာမင်းခေါင်အတွက် လှုပ်ရှားမှုရရှိသွားစေခဲ့သည်။ စောစောပိုင်းကတည်းက မီးရောင်တွင်မြင်တွေ့ထားသည့် တတောင်သာသာခန့်သစ်သားချောင်းကို ဖျတ်ခနဲကောက်ယူကာ ရေတွင်းနံဘေးတွင် ကုန်းကုန်းကွကွဖြစ်နေသေးသည့်မဲကြီးအား ခါးမှဖြတ်၍ရိုက်ချလိုက်သည်။

"ဝုစ်...ဝိုး...ဖြောင်း"





"အား..."

ကံကြမ္မာသည် ဒေါက်တာမင်းခေါင်ဘက်တွင် ရပ်တည်နေသည်ထင့်။ ရေတွင်းအနီးတွင် ကုန်းကုန်းကွကွပြုလုပ်နေသည့် မဲကြီးခမျာမှာလည်း ဒေါက်တာမင်းခေါင်၏ရိုက်ချက်ကို တိမ်းရှောင်လိုက်သည့်တွင် ခါးတစ်စောင်းရုပ်ထိကာ အရှိန်လွန်ပြီး ရေတွင်းပျက်ကြီးထဲသို့ ထိုးကျသွားပါလေ၏။

ထိုအချိန်တွင် ကျောင်းပျက်ကြီး၏လှေကားရင်းတွင် ပဥ္စလက်ဗျတ်ကျော်နှင့် လောရှည်တို့ ဓားကိုယ်စီနှင့်တိုက်ခိုက်နေကြသည်။ ကျောင်းပျက်ကြီး၏လှေကားရင်းမှာတော့ ဝကြီးတစ်ယောက်သေသည်ရှင်သည်မသိ။ သွေးအိုင်ထဲတွင်မှောက်လျက် ငြိမ်သက်နေချေပြီကော။ သူ၏အနီးတွင် မီးအုပ်ဆောင်းက တုံးလုံးလဲကာ မီးငြိမ်းလျက်ရှိနေ၏။

"ထန်...ချွမ်...ချွမ်း"

လပြည့်ကာနီးညဥ့်ယံသည် ဓားခုတ်သံ၊ မာန်သွင်းသံ၊ အသက်ရှူသံကြီးများနှင့် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ အထိုး၊ အသုတ်၊ အပက်အလှန်၊ အသိမ်းအဆွဲများကိုကြည့်ကာ လောရှည်၏ဓားရေးမည့်လှကြောင်း ပဥ္စလက်ဗျတ်ကျော်ရိပ်စားမိလိုက်သည်။ တော်သေးသည်။ ဤလိုပုံစံနှင့် ဝကြီးတစ်ယောက်ကိုသေ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲအတွင်းမှ စောစီးစွာမဖယ်ထုတ်နိုင်ခဲ့ပါလျှင် ပဠလက်ဖျတ်ကျော်တစ်ယောက် သူသေကိုယ်သေအသက်လုပွဲကြီးကို ခက်ခက်ခဲခဲရင်ဆိုင်ရဖွယ်ရှိပါ၏။ ယခုမူ...

''ထန်း...ချွမ်း...ထန်...ထန်း''

''ချွမ်း...ထန်း...ချွမ်း''

တစ်စတစ်စ လောရှည်မှာ ခြေအနှုတ်အသိမ်း၊ ဓားအဆွဲအပင့်တို့ လေးလံစပြုလာခဲ့ပါပြီ။ ပဠလက်ဖျတ်ကျော်က ဓားပွဲကိုရေရှည်အချိန်မဆွဲတော့ ရှိခနဲလေကိုခွင်း၍ ပြေးဝင်လာသည့် ပဠလက်ဖျတ်ကျော်၏ဓားချက်က လောရှည်၏မေးဖျားအောက်မှ ရှပ်ခနဲဖြတ်ပြေးသွားသည်နှင့် ခေါင်းနောက်မှ ကိုယ်ကျသွားလေသည်လား။ ကိုယ်နောက်မှ ခေါင်းလိုက်သွားလေသည်လားမသိ။ လောရှည်မှာ မြေပေါ်တွင် လူးလိမ့်ကျသွားကာ ပဋ္ဌာမြေလူးဖြစ်သွားပါတော့သည်။

''ဝှစ်...ရှစ်...''

''အား...''

လရောင်တက်၍ လင်းလက်လာသည်နှင့် ညဉ့်ကလည်း နက်လာခဲ့သည်။ ရေတွင်းပျက်ကြီးရှိရာသို့ သွေးစွန်းဓားကိုကိုင်ဆွဲ၍ ပဠလက်ဖျတ်ကျော်ပြေးဝင်လာတော့ သူ့ကိုနောက်ကျော





ခိုင်းကာ မားမားကြီးရပ်နေသောလူတစ်ယောက်နှင့် ရေတွင်းပျက်ကြီးအနီးတွင် မှောက်လျက်ငြိမ်သက်နေသည့်လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ဒိန်းခနဲရင်ခုန်သွားပါလေ၏။

သစ်ရိပ်အောက်ကျနေသဖြင့် လရောင်က မိုးတဝါးမျှသာ ခြေသံကိုဖွလျက် ကျောခိုင်းရပ်နေသူထံသို့ တစ်လှမ်းချင်း ဖွဖွ ညင်ညင်လျှောက်လာခဲ့သည်။ ထိုစဉ်...

''ဘယ်လိုလဲ ကိစ္စအားလုံးရှင်းခဲ့ပြီလားမောင်ဖျတ်ကျော်''

''ဟာ...ဆ...ဆရာကြီး...ဆရာကြီး ဘာမှမဖြစ်ဘူးနော်၊ ဝမ်း...ဝမ်းသာလိုက်တာဆရာကြီးရယ်''

ပဠလက်ဖျတ်ကျော်က ဒေါက်တာမင်းခေါင်ထံပြေးဝင်လာပြီး တုန်တုန်ယင်ယင်နှင့် ဝမ်းသာအားရ ပြောဆိုမေးမြန်းနေပါ၏။ သို့တိုင်အောင် ဒေါက်တာမင်းခေါင်က ပဠလက်ဖျတ်ကျော်ကို စူးစူးနစ်နစ်ကြည့်နေပါသည်။ ဘာရယ်မသိ။ ဒေါက်တာမင်းခေါင်၏ စူးရဲလင်းလက်သောမျက်လုံးအစုံက ပဠလက်ဖျတ်ကျော်၏ ရင်ဘတ်ကြီးကိုဖောက်ကာ နှလုံးသားထိတိုင် စူးစူးနစ်နစ်ကြည့်နေသကဲ့သို့။

ဒေါက်တာမင်းခေါင်၏ထူးခြားသောအပြုအမူကြောင့် ပဠလက်ဖျတ်ကျော်ကလည်း ငြိမ်သက်စွာပင် ပြန်၍ကြည့်နေမိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝန်းကျင်တစ်ခုလုံး သစ်ရွက်လေတိုးသံလေးများမှအပ ပိဘိငြိမ်သက်တိတ်ဆိတ်နေပါ၏။ စောစောပိုင်းက ဓားခုတ်သံ၊ ဟစ်အော်ကြိမ်းဝါးသံများနှင့် ငြီးငြူသံများက ဘယ်ဆီလွင့်ပါးသွားကြလေပြီမသိတော့။ အတန်ကြာမှ ဒေါက်တာမင်းခေါင်မှာ ပဉ္စလက်ဗျတ်ကျော်ကို စူးစိုက်ကြည့်နေရာမှ ဗျတ်ကျော်ထံသို့ တစ်လှမ်းချင်းလျှောက်လာကာ ပခုံးနှစ်ဘက်ကိုဆုပ်ကိုင်လိုက်၏။

"ချီးကျူးပါတယ်မောင်ဗျတ်ကျော်၊ ရတနာပစ္စည်းဆိုတာ လူတစ်ယောက်ရဲ့စိတ်ကို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းမှာတောင် ပြောင်းလဲပစ်နိုင်စွမ်းရှိတဲ့ ပဉ္စလက်ဆရာကြီးတစ်ပါးပါကွယ်၊ အေး...အဲဒါကို တည်တည်ငြိမ်ငြိမ်နဲ့ ဥပေက္ခာပြုနိုင်စွမ်းရှိတဲ့ မောင်ဗျတ်ကျော်ကို ကျုပ် တကယ့်ကိုချီးကျူးလေးစားသွားရပြီပေါ့ကွယ်၊ နောက်ဆုံး ကျုပ်အသိတစ်ခုတိုးသွားတယ်၊ နွံထဲမှာလည်း ပဒုမ္မာကြာပေါက်တတ်ပါကလားဆိုတာကိုပေါ့"

"အာ...စိတ်ချပါဆရာကြီးရယ်၊ ပဉ္စလက်ဗျတ်ကျော်ဟာ တစ်ချိန်တုန်းက ဒုစရိုက်လောကမှာ ဖောက်ထွင်းဝိဇ္ဇာတစ်ဆူ ဖြစ်ခဲ့ပေမယ့် ဆရာကြီးနဲ့တွေ့ပြီး ဟောဒီပေပင်မော်သင်္ချိုင်းက ခေါင်းတစ်ရာသင်္ချိုင်းအတ္ထုပ္ပတ္တိကိုသိရှိပြီးကတည်းက ကျွန်တော့်ရဲ့ဘဝကိုပြောင်းလဲပစ်နိုင်ခဲ့ပါပြီဆရာကြီး"

ခေါင်းတစ်ရာသင်္ချိုင်း၏အရှေ့ခြမ်းသည် လပြည့်ဝန်းကြီး





သာနေသည့်တိုင် သစ်ပင်ဝါးပင်ကြီးများက ပိတ်ဆီးအုပ်ဆိုင်းနေသဖြင့် အလင်းရောင်တည်းဟူသော သဘာဝတရားအစစ်အမှန်ကို မရရှိနိုင်ခဲ့ပါ။

သို့သော်...

ခေါင်းတစ်ရာသင်္ချိုင်းကြီး၏အနောက်ဘက်ခြမ်းမှာတော့ သစ်ပင်ဝါးပင်ကြီးများမရှိခြင်း၊ ကွင်းပြင်နီးပါးဖြင့် တလင်းပြောင်ဆန်နေခြင်းတို့ကြောင့် လပြည့်ဝန်း၏ကျဲဖြန့်ပေးသောအလင်းဓာတ်ကို ပြည့်ဝစွာရရှိသဖြင့် လောက၏သဘာဝတရားအစစ်ကို မြိန်ယှက်စွာခံစားရပါသည်။

ထို့အတူ...

ယခင်က ဒုစရိုက်အမှောင်ဖုံး၍ အဝိဇ္ဇာနွံထဲဝယ် မရုန်းသာ၊ မဖယ်သာဖြင့် ကျင်လည်ကျက်စားခဲ့ရရှာသည့် ပဉ္စလက်ဗျတ်ကျော်ဆိုသည့် ဖောက်ထွင်းဝိဇ္ဇာတစ်ဦး၏ အမှောင်ဖုံးကာလများသည် ယခုအချိန်တွင် တိမ်စင်လနှယ် ကင်းစင်ပပျောက်ခဲ့ပါချေပြီတည်း။။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)
## 'ခေါင်းတစ်ရာသင်္ချိုင်းရှင်းတမ်းနိဂုံး'

နံနက်ခင်းနေခြည်နွေးနွေးက တဖွဲဖွဲကျဆင်းနေသည့် မြူနှင်းဓာပုဝါခြုံလွှာကို မရဲတရဲထိုးဖောက်လျက် ခေါင်းတစ်ရာသင်္ချိုင်းအတွင်းသို့ မဝံ့မရဲယှက်ဖြာကျဆင်းနေပါ၏။ ယနေ့မှပင် ထူးထူးခြားခြား သင်္ချိုင်းအဝရှိ မန်ကျည်းပင်ကြီးနှစ်ပင်ထက်မှ ငှက်ငယ်လေးများ၏ စိုးစိုးစီစီ ကျိုးကျိုးကျည်ကျည် အော်မြည်သံလေးများကလည်း ခေါင်းတစ်ရာသင်္ချိုင်းဝန်းကျင်တွင် စီစီညံလျက်...။

ဆိုရပါမူ ခေါင်းတစ်ရာသင်္ချိုင်းကုန်းကြီးသည် ယနေ့နံနက်မှပင် ကျေးငှက်သံတစာစာ၊ မြူနှင်းမှုန်ဖွဲဖွဲနှင့် မသာစကောင်းသာနေသကဲ့သို့ပါတည်း။





သင်္ချိုင်းဇရပ်ပေါ်မှာတော့ ဒေါက်တာမင်းခေါင်သည် သုဘရာဇာကြီးဦးလူဝ၏ တစ်လုံးတည်းသော သံသေတ္တာစုတ်ကြီးထဲမှ သူ့အတွက် အဖိုးမဖြတ်နိုင်သော သမိုင်းမှတ်တမ်းအစုတ်ကြီးတစ်ခု သို့မဟုတ် ကွင်းဆက်ပြတ်နေသော ခေါင်းတစ်ရာသင်္ချိုင်း၏နောက်ဆက်တွဲ ဗိုလ်သူရိန်၏မှတ်တမ်းဖိုင်ပင်ဖြစ်ပါလေ၏။ ဒေါက်တာမင်းခေါင်မှာ သန်းခေါင်ယံတိုက်ပွဲပြီးဆုံးသွားသည်နှင့် သုဘရာဇာကြီးဦးလူဝ၏ သေတ္တာစုတ်ကြီးကိုရှာဖွေတွေ့ရှိခဲ့ရာမှ မမျှော်လင့်ဘဲ သူတောင့်တရှာဖွေနေသည့် နောက်ဆက်တွဲမှတ်တမ်းစာအုပ်ကို ရရှိခဲ့ခြင်းပင်ဖြစ်ပါသည်။

ပဋ္ဌလက်ဖျတ်ကျော်ကိုမူ နံနက်မိုးလင်းသည်နှင့် သက်ဆိုင်ရာအပိုင်နယ်မြေမှ ကျေးရွာလူကြီးအချို့နှင့် ပုသိမ်ရဲဌာနသို့ သွားရောက်သတင်းပို့စေခဲ့ပါသည်။ ခေါင်းတစ်ရာသင်္ချိုင်းနှင့်ပတ်သက်သည့် ရာဇဝင်အကြောင်းကိစ္စရပ်များကို သူနှင့် ပဋ္ဌလက်ဖျတ်ကျော်တို့က တရားလိုပြုကာ တိုင်တန်းခဲ့ကြခြင်းဖြစ်ပါ၏။

ဦးလူဝမှာ တကယ်တော့ ဗိုလ်သူရိန်၏မြစ် ဦးတိုင်းကျော်မှမွေးဖွားသောသားတစ်ယောက်ဖြစ်သည်။ သူ၏ဖခင်ဦးတိုင်းကျော်ထံမှ ဤမှတ်တမ်းဖိုင်ကိုခိုးယူကာ လွန်ခဲ့သောငါးနှစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကတည်းက ဤခေါင်းတစ်ရာသချိုင်းတွင် သုဘရာဇာ တစ်ယောက်အဖြစ် ဇာတ်မြှုပ်နေထိုင်ကာ ဗိုလ်သူရိန်၏ရတနာ သိုက်ကို တိတ်တဆိတ်ရှာဖွေနေခြင်းဖြစ်ပါသည်။ စင်စစ် ဗိုလ်တောက်ထိန်နှင့် မျိုးချစ်ရဲမက်တစ်ရာကျော်တို့ ဗြိတိသျှအင်္ဂလိပ်နယ်ချဲ့တို့၏ သေနတ်ပြောင်းဝတွင် အသက်စတေးခဲ့ကြရပြီးနောက် ဗိုလ်တောက်ထိန်အပါအဝင် မျိုးချစ်ရဲမက်(၁၀၂)ယောက်တို့ဦးခေါင်းများကို ပေပင်မော်သချိုင်းတွင် ရက်စက်စွာအဖြတ်ခံခဲ့ကြရသည်။ ထိုစဉ်က ပေပင်မော်သချိုင်းစပ်ရှိ သစ်ပင်အမြင့်ထက်မှ အံ့ကြိတ်တက်ခေါက်ရင်းကြည့်ရှုနေသူမှာ မန္တလေးနေပြည်တော်ကြီးမှ ယာယီအထောက်တော် (ယခင်က သီပေါအရှင်အပါးတွင် ဗိုလ်တောက်ထိန်နှင့်အတူ ကိုယ်ရံတော်တပ်မှူးလေးပြုလုပ်ခဲ့သူ) ဗိုလ်တောက်ထိန်၏သွေးသောက် ဗိုလ်သူရိန်ပင် ဖြစ်ပါသည်။

မြင်တွေ့ရစဉ်ကမူ မိုက်ရူးရဲဆန်စွာ အင်္ဂလိပ်စစ်ဗိုလ်၏ ဦးခေါင်းကို ပြေး၍ပင် ဓားနှင့်ခုတ်ပိုင်းချင်နှင့် အကြိမ်ကြိမ်အဖန်ဖန် ကြံစည်မိသည်ဟုသိရသည်။ နောက်မှသာ ပရိယာယ်မာယာများလှသည့် ဒင်းတို့အင်္ဂလိပ်များနည်းတူ နည်းပရိယာယ်တစ်မျိုးဖြင့်





သာ ဒုက္ခပေးတိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

ဤသို့ဖြင့် သူနှင့်အတူ အသေခံတိုက်ပွဲဝင်ကြမည့် သွေးသောက်ရဲမက်များရှာဖွေခဲ့ရာ ဆယ်ယောက်မျှစိတ်ကြိုက်တွေ့ခဲ့သည်။ ထိုသွေးသောက်ဆယ်ယောက်နှင့်အတူ ဗိုလ်တောက်ထိန်၏မြေပုံတွင်သွားရောက်ကာ သွေးသစ္စာပြုကြသည်။ ထို့နောက်မှာတော့ နယ်လှည့်လောကီမျက်လှည့်ဆရာတစ်ယောက်၏ အကူအညီဖြင့် အနက်ရောင်ခေါင်းစွပ်ကြီးများကို မျက်လုံးနှစ်လုံးနေရာလေးပင်ချန်လုပ်ကာ ဦးခေါင်းများတွင် ဖုံးအုပ်စွပ်လိုက်ကြသည်။ ထို့နောက် လည်ပင်းနှင့် ခန္ဓာကိုယ်တစ်ဝိုက်တွင် သွေးများစွန်းထင်းပေကျံနေစေသည့် ပုံစံတူများပြုလုပ်ကာ အင်္ဂလိပ်စစ်တပ်အချို့ ပေပင်မော်ရွာအနီးတဝိုက်တွင် ဖြတ်သန်းသွားကြတိုင်း နေဝင်ရီတရောနှင့် ညဘက်အချိန်များတွင် အလစ်ဝင်ရောက်တိုက်ခိုက်ကာ လက်တုန့်ပြန်ခဲ့သည်။

ထို့အပြင် ယောက်ျားသားဟူသမျှ လောက်လောက်လားလား တစ်ဦးတစ်ယောက်မှမကျန်ရစ်ခဲ့ရှာသည့် ပေပင်မော်ရွာကြီးကိုလည်း တတ်နိုင်သမျှကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ ဗိုလ်သူရိန်က ထိုကဲ့သို့သော မဥ္စလက်လှည့်ကွက်အား မည်သူ့ကိုမျှဖွင့်ဟမပြောဘဲ လပြည့်လကွယ်နေ့များတွင် ထိုကဲ့သို့သော ဦး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစွပ်အနက်ကြီးကို ခေါင်းတွင်စွပ်ကာ ပေပင်မော်သချိုင်းမှ မြင်းစိုင်းကာထွက်တော့သည်။ မြင်းညိုကြီးနှင့် ပေပင်မော်ရွာကို ပတ်သည်။ ပေပင်မော်ရွာဦးစေတီသို့သွားကာ ညဉ့်နက်သန်းခေါင် ကြေးခေါင်းလောင်းကြီးကိုထိုးသည်။ ထို့နောက် သူ၏သွေးသောက် ဗိုလ်တောက်ထိန်နေထိုင်ခဲ့သည့် ပေပင်မော်ရွာကြီးကို မြင်းညို ကြီးစီး၊ ဓားရှည်ကြီးကိုကိုင်ဆွဲကာ သုံးလေးပတ်မျှစိုင်းနှင်ပြီးမှ ပေပင်မော်သချိုင်းကုန်းသို့ ဝင်ရောက်သွားခဲ့ပါသည်။

သို့သော် လပြည့်လကွယ် ညဉ့်နက်သန်းခေါင်များတွင် သွားလာလှုပ်ရှားခဲ့သဖြင့် သူသွားလေရာ လာလေရာအနီးတဝိုက် တွင် မြင်းခွာသံ၊ မြင်းဟီသံကြီးများ၊ ခွေးအူသံ၊ ခွေးဟောင်သံ ကြီးများနှင့် ကျီးကန်းအုပ်စုများ လန့်ဖျန့်ကာ အော်ဟစ်ပျံသန်း သွားသံများက ကမ္ဘာပြိုပျက်သကဲ့သို့ ဆူညံစွာကျန်ရစ်ခဲ့ပါလေ၏။

ထိုအချိန်မှစ၍ ပေပင်မော်ရွာနှင့်အနီးတဝိုက်တွင် မြင်းညို ကြီးနှင့် ခေါင်းပြတ်ခန္ဓာကိုယ်ကြီး၏အသွင်သဏ္ဍာန်က တစ္ဆေ သရဲတစ်ကောင်နှယ် သတင်းကြီးကျော်ကြားပျံ့နှံ့ခဲ့ပါလေတော့ သည်။ ပေပင်မော်ရွာသူရွာသားများ၏အမြင်မှာတော့ သူတို့၏ ခေါင်းဆောင် မျိုးချစ်သူရဲကောင်းကြီးဗိုလ်တောက်ထိန်သည် သေဆုံးသွားခဲ့သည့်တိုင် ပေပင်မော်ရွာနှင့် သူ၏ဇနီးသည်နှင့်





သမီးငယ်အား လာရောက်၍ကာကွယ်စောင့်ရှောက်နေသည်ဟု မှတ်ယူစွဲခဲ့ကြပါ၏။

ထို့ကြောင့်လည်း လပြည့်လကွယ် သန်းခေါင်ယံညဉ့်များ တွင် မျိုးချစ်ခေါင်းဆောင်ကြီးဗိုလ်တောက်ထိန်၏ ဦးခေါင်းမပါ သည့် သွင်ပြင်ကြီးနှင့် မြင်းညိုကြီးကိုစီးကာ သွေးစွန်းဓားကြီး တစ်လက်ကိုင်စွဲလျက် မြူနှင်းမှုန်များကြားတွင် မြင်းစိုင်းနှင်သံ ကြီးများ၊ မြင်းခွာသံကြီးများကို ကြားရတတ်သည်ဟု ပြောဆိုလာ ကြသည်။

တချို့ရွာသားများကလည်း ဗိုလ်တောက်ထိန်သည် မြင်း ညိုကြီးကိုစီးကာ ပေပင်မော်ရွာဦးစေတီသို့ လာရောက်ဖူးမြော် လေ့ရှိကြောင်း၊ ဘုရားရင်ပြင်မှ ကြေးခေါင်းလောင်းကြီးပင်လျှင် ခေါင်းလောင်းထိုးသူမတွေ့ရဘဲ သူ့အလိုလိုမြည်ဟီးနေသံများကို ကြားရကြောင်း ပုံပြင်ဒဏ္ဍာရီတစ်ပုဒ်နှယ်ပြောဆိုနေကြပါသည်။ ထို့အပြင် ပေပင်မော်ရွာသို့ လူဆိုးဓားပြများနှင့် လူစိမ်းများ ညဉ့်နက်သန်းခေါင်ဝင်ရောက်ရန် ကြံရွယ်ခဲ့ကြသော်လည်း ပေပင် မော်သချိုင်းအတွင်းမှ ခေါင်းပြတ်မြင်းစီးသရဲများက ဝင်ရောက် တိုက်ခိုက်ကြသဖြင့် မည်သည့်လူဆိုးသူခိုးမျှမချဉ်းကပ်ရဲ၊ မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ယက်ရဲကြဲဟုလည်း သတင်းကြီးကျော်ကြားလာခဲ့သည်မဟုတ်ပါလား။

ထိုအချက်ကို ဗိုလ်သူရိန်က ကောင်းစွာအသုံးချရင်း အင်္ဂလိပ်စစ်တပ်အချို့ ပေပင်မော်ရွာနီးချုပ်စပ်ဝန်းကျင်တွင် လာရောက်ကြတိုင်း ဦးခေါင်းပြတ်သဏ္ဍာန်များကိုအသုံးပြုကာ တိုက်ခိုက်ချေမှုန်းခဲ့ကြသည်။ တစ်နည်းအားဖြင့် သူ၏သွေးသောက်ရဲဘက်ဗိုလ်တောက်ထိန်၏ မပြီးဆုံးသေးသည့် တော်လှန်ရေးတိုက်ပွဲကို လျှို့ဝှက်ပုံသဏ္ဍာန်တစ်မျိုးဖြင့် ဆက်လက်၍တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်ပါ၏။ ထိုကဲ့သို့တိုက်ခိုက်ရာတွင် အင်္ဂလိပ်စစ်သားများထံမှ အခွန်ဘဏ္ဍာငွေများ၊ စေတီပုထိုးဘုရားများမှ ဖောက်ထွင်းယူငင်ခဲ့ကြသော ဌာပနာပစ္စည်းရွှေငွေရတနာများကိုလည်း ဗိုလ်သူရိန်တို့ သိမ်းဆည်းရမိခဲ့ကြသည်။ ထိုရွှေငွေရတနာများကို ပေပင်မော်သချိုင်း၏ လျှို့ဝှက်လုံခြုံသောနေရာတွင် သိုဝှက်သိမ်းဆည်းခဲ့ပါသည်။

နောက်ဆုံး ခေါင်းပြတ်မြင်းစီးသရဲများ တစ်စထက်တစ်စ သတင်းကြီးလာကြသဖြင့် အင်္ဂလိပ်စစ်တပ်များမှာလည်း ပရိယာယ်ဝေဝစ်တို့ဖြင့် ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြရာ ဗိုလ်သူရိန်တို့မျိုးချစ်ရဲ





မက်များ ကျဆုံးခဲ့ကြရပါသည်။ သို့သော် ကြွင်းကျန်ရစ်သောရဲမက်တစ်ဦးက သူတို့၏ခေါင်းဆောင် ဗိုလ်သူရိန်၏ရုပ်အလောင်းကြီးအား သိမ်းဆည်းထားသည့်ရတနာများမြှုပ်နှံထားခဲ့သည့်နေရာတွင်ပင် ဂူသွင်းကာ သင်္ဂြိုဟ်ပေးခဲ့ပါလေ၏။ ထို့အပြင် ဗိုလ်သူရိန်၏ တိုက်ပွဲဝင်နေ့စွဲရက်စွဲများပါဝင်သည့် မှတ်တမ်းမှတ်ရာစာအုပ်ကြီးနှင့် ရတနာသိုက်မြေပုံညွှန်းကိုပါ ယူငင်လျက်ပေပင်မော်သချိုင်းမှ ခြေရာဖျောက်ကာထွက်သွားပါလေတော့သည်။

ထိုမှတစ်ဆင့် ရတနာသိုက်မြေပုံညွှန်းမှာ ခေတ်ကာလအဆက်ဆက် လူတစ်စုလက်များထဲမှ အဆင့်ဆင့်လက်ပြောင်းလက်လွှဲပြုလုပ်လာခဲ့ကြရင်းမှ တစ်ဝက်၊ တစ်ခြမ်း၊ တစ်စိတ်စိတ်ကွဲကာ နောက်ဆုံးမြေပုံညွှန်းမှာ လက်စလက်နပျောက်သွားပါလေတော့သည်။ သို့သော် ဗိုလ်သူရိန်၏မှတ်တမ်းစာအုပ်ကြီးကမူ အဆင့်ဆင့်လက်ပြောင်း၍ ထိန်းသိမ်းခဲ့ရာမှ ယခုနောက်ဆုံး သုဘရာဇာကြီးဦးလှဝလက်ထဲတွင် နိဂုံးချုပ်အဆုံးသတ်သွားခဲ့ပါလေတော့သည်။

နေရောင်က အားပျော့စပြုနေပါပြီ။

အိပ်တန်းပြန်ငှက်တချို့ ပေပင်ချောင်းတစ်ဖက်ဆီမှ နေလုံး



www.burmeseclassic.com

www.burmeseclassic.com



နီနီကြီးရှိရာသို့ မမီမကမ်းနှင့် ပျံသန်းလိုက်ပါနေကြသည်ကို သင်္ဘောဦးမှနေ၍ ဒေါက်တာမင်းခေါင် ငေးမောကြည့်နေမိသည်။ ရေးရေးပျပျမျှသာမြင်ရသည့် ပေပင်မော်တောညို့ညို့ဆီမှ ခေါင်းတစ်ရာသချိုင်းကြီးကို ဆည်းဆာ၏မြူနှင်းမှုန်များကြားတွင် ဝိုးတဝါးသာတွေ့မြင်နေရပါ၏။

BURMESE CLASSIC .com

ဒေါက်တာမင်းခေါင်၏အကြားအာရုံတွင်မူ ပေပင်မော်ကမ်းပါးထိပ်ရှိ လွမ်းစေတီငယ်မှ ဆည်းလည်းလှုပ်ခတ်သံလေးများကို ဆည်းဆာလေပြည်တွင် သဲ့သဲ့ညင်ညင်ကြားနေရသည်။ ဒေါက်တာမင်းခေါင်၏အပြန်ခရီးမှာတော့ ခေါင်းတစ်ရာသချိုင်းမှ ဗိုလ်သူရိန်၏နောက်ဆက်တွဲ မှတ်တမ်းစာအုပ်တစ်အုပ်သာ သူနှင့်အတူလိုက်ပါလာခဲ့သည်။ ပဥ္စလက်ဗျတ်ကျော်မှာမူ လောကီအကြွေး၊ သံသရာအကြွေးများကို အပြီးတိုင်ပေးဆပ်ရန်ဟူသော ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ ခေါင်းတစ်ရာသချိုင်းအနီးမှ ဘုန်းကြီးကျောင်းတစ်ကျောင်းအနီးတွင် ဦးပဥ္စင်းရဟန်းဘဝနှင့် သာသနာ့ဘောင်သို့ ကူးပြောင်းရောက်ရှိသွားခဲ့ပြီမဟုတ်ပါလား။

"ဦးဇင်းကို ဒီလိုမြင့်မြတ်တဲ့ဘဝမျိုးကို ကူးပြောင်းရောက်ရှိအောင် လမ်းပြကူညီပေးခဲ့တဲ့ ဒကာကြီးမင်းခေါင်ကို ကျေးဇူးတင်လို့မဆုံးပါဘူး၊ ရှုပ်ထွေးပူလောင်လှတဲ့ လောကီအရှုပ်ထုပ်





ကြီးထဲမှာနေရတာ မွန်းကျပ်နေပြီဒကာကြီး၊ နောက်ပြီးတော့လည်း ဦးဇင်းမှာ လောကီကြွေး၊ သံသရာကြွေးတွေလည်း ပေးဆပ်ရမှာ အများကြီးကျန်ပါသေးတယ်၊ အင်း...တစ်ဆက်တည်းပြောချင်တာက ဦးဇင်းရဲ့ဆန္ဒတွေပြည့်ဝအောင် အခုလိုဝေးလံဘီခေါင်တဲ့ပေပင်မော်ရွာက ခေါင်းတစ်ရာသချိုင်းကြီးအထိ အသက်နဲ့ရင်းပြီး လိုက်ပါဆောင်ရွက်ပေးခဲ့တဲ့ ဒကာကြီးရဲ့ကျေးဇူးကို ဦးဇင်းတစ်သက် ဘယ်တော့မှမေ့ပျောက်လို့ရတော့မှာမဟုတ်ပါဘူးဒကာကြီးရယ်"

သာမန်လူသားများ ဖြတ်တောက်ရန်လွန်စွာခဲယဉ်းလှသည့် လောဘ၊ မောဟ၊ ဒေါသတရားများကို စွန့်လွှတ်ဖြတ်တောက်ကာ သူ၏အဝိဇ္ဇာအမှောင်ဖုံးနေသည့် ဘဝဆိုးကြီးထဲမှ ရုန်းထွက်လွတ်မြောက်သွားပြီဖြစ်သည့် ဦးပဥ္စင်း ဦးပညာဇောတ တဖြစ်လဲ ပဥ္စလက်ဗျတ်ကျော်အား ဒေါက်တာမင်းခေါင်ရည်မှန်း၍ ဦးညွတ်ကန်တော့လိုက်ပါသည်။

တစ်ဆက်တည်းမှာပင် ပေပင်မော်ရွာကြီးမှ မျိုးချစ်ခေါင်းဆောင်ဗိုလ်တောက်ထိန်၊ သူ၏စစ်သည်ရဲမက်တစ်ရာကျော်နှင့် သူ၏နောက်မှ လူမသိသူမသိ တိတ်တဆိတ်တိုက်ပွဲဝင်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်သူရိန်နှင့် စစ်သည်ရဲမက်များအပါအဝင် ကျဆုံးသွားခဲ့ရရှာသော မျိုးချစ်ရဲမက်စစ်သည်များအားလည်း ဒေါက်တာမင်းခေါင်၏ရင်ထဲအသည်းထဲမှပင် လိုက်လှဲစွာဖြင့် ဦးညွှတ်အလေးပြုလိုက်မိပါတော့သည်။

"ပေါ်...ဘူ...ဘော်"

မကြာမီ သင်္ဘောကြီးက ဥသြမှုတ်သံတဘော်ဘော်နှင့်အတူ ပေပင်မော်ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သည်။ သင်္ဘောအနီးဝန်းကျင်တွင် ပျံသန်းလိုက်ပါလာကြသည့် ငှက်ငယ်အချို့တဖြည်းဖြည်းဝေး၍ ပြတ်၍ ကျန်ရစ်ခဲ့ပါချေ၏။ ထို့အတူ ဒေါက်တာမင်းခေါင်၏မျက်ဝန်းထဲတွင်လည်း လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်လောက်က ဗြိတိသျှသမိုင်းရေးဆရာများ ထိန်ချန်ထားရစ်ခဲ့သော ခေါင်းတစ်ရာသချိုင်းကြီးတည်ရှိရာ ပေပင်မော်ရွာကြီးသည်လည်း တဖြည်းဖြည်းတစ်စတစ်စ ဝေး၍ဝေး၍ဝေး၍ မှုန်ဝါးပျောက်ကွယ်သွားတော့မှ ဒေါက်တာမင်းခေါင် သက်ပြင်းမောကြီးကို ပင်ပန်းစွာမှုတ်ထုတ်လိုက်ရင်း မျက်စိအစုံကိုမှိတ်လိုက်ပါလေ၏။ သို့သော်...

သို့သော်...



BURMESE CLASSIC .com



ဒေါက်တာမင်းခေါင်၏ အမြင်အာရုံထဲမှာလည်းကောင်း၊ အကြားအာရုံထဲမှာလည်းကောင်း ပေပင်မော်ရွာမှ ခေါင်းတစ်ရာသချိုင်းနှင့် ပတ်သက်ဆက်နွယ်သည့် ဇာတိမာန်ကဗျာတစ်ပုဒ်နှင့် ဇာတိသွေးမော်ကွန်း ဥဒါန်းရင့်ကျူးထားသည့်စာတစ်ပိုဒ်ကို ပြန်လည်၍ မြင်ယောင်၊ ကြားယောင်လာမိပါတော့သည်။

တစ်မှုန့်မြေစာ
တစ်လှာပန်းပြောက်
တစ်ပေါက်နေခြည်
ရေကြည်ချမ်းမြ
တစ်စက်မျှလျှင်
ငါတို့လက်က
သင်းတို့ရသော်
မြန်မာ့သမိုင်း
ရာဇဝင်ရိုင်းလေမ့်...။

ဟုတ်ပါသည်။ မည်သို့ပင်ဖြစ်စေ အချိန်ကာလတွေ၊ ခေတ်တွေ၊ စနစ်တွေအလီလီပြောင်းခဲ့ပါသော်လည်း လွန်လေပြီးသောနှစ်ပေါင်းတစ်ရာ့နှစ်ဆယ်ခန့်က အင်္ဂလိပ်နယ်ချဲ့တို့၏ ကမ်းကုန်အောင်ရက်စက်မှုတို့ကို ပေပင်မော်ရွာသားတို့၏ရင်ထဲ၊



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲတွင် ဘယ်သောအခါမှ ပျောက်ပျက်သွားတော့မည် မဟုတ်ပါချေ။

ပေပင်ချောင်းသည့်...စီးဆင်းမြဲ။

ဝေန်မြစ်သည်လည်း...စီးဆင်းမြဲ။

ဤချောင်း၊ ဤမြစ်ရေအလျင်တို့သည် မြစ်ဝကျွန်းပေါ် ကာလတွင်စီးဆင်းနေသမျှကာလပတ်လုံး ပေပင်မော်ရွာသားတို့၏ဖာတိမာန် ခုခံရေးတိုက်ပွဲများနှင့် အသက်စွန့်ခဲ့ရသော မျိုးချစ်သူရဲကောင်းတို့၏ ခေါင်းတစ်ရာသချိုင်းသမိုင်းသည် အစဉ်ထာဝရထွန်းလင်းတောက်ပနေမည်သာ ဖြစ်ပါပေတော့သတည်း။

...ပြောနိုင်သော မနသိကာရ ...

သက်မင်းဂျူလိုင်

★ ခုနစ်မင်းကြယ်စာပေ ★

www.burmeseclassic.com